www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဤ 'အတွတ်ရေ' ကို ဦးသောင်း၊ ရွှေပင့်ကူစာပေ (၀၁၁၁၄)၊ ၅၂၅/ခ-(ဂ)ရပ်ကွက်၊ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်က ထုတ်ဝေ၍ ဒေါ်မျိုးစန္ဒာ၊ (၀၄၀ဂ၂) မိတ်ကောင်းပုံနှိပ်တိုက်၊ ၂၄၊ လိပ်ကန်လမ်း၊ ပုဇွန်တောင်၊ ရန်ကုန်မြို့တွင် ပုံနှိပ်သည်။

| | |
|---|---|
| ဒုတိယအကြိမ် | ၁၉၉၅ ဇွန်လ |
| စာမူခွင့်ပြုချက်အမှတ် | ၉၄၇/၉၄ (၁၂) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၁၅၄/၉၅ (၉) |
| ပန်းချီ | ဝေမွန်လင်း |
| တန်ဖိုး | ၅၀ ကျပ် |
| အုပ်ရေ | ၁,၀၀၀ |

ယောမင်းကြီးစာပေက ထုတ်ဝေသည်

၃၄၆/၁၉၊ အနောက်ရန်ကင်း၊ ရန်ကင်းစာတိုက်၊ ရန်ကုန်။

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

---

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
ရိုးသားကြိုးစား လုပ်အားဖြင့်နိုင်ငံတည်
ရပ်ရွာအေးချမ်းစေလို ဥပဒေရိုပ်ကိုခို

---

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော
တာဝန် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ချစ်လှစွာသော မကျည်းတန်

အတ္တဘ် စာရေးလိုက်ပါတယ်။ ဒီစာကို အတ္တတ်ရေးနေချိန်မှာ မေ့ဒ ဘယ်နေရာမှာ ရောက်နေမယ်လို့ ဆိုတာ အတ္တဘ် မသိဘူး။ ကိုကိုနိုင်ရဲ့ သတင်းကိုလဲ မေမေ့ စာရေး အကြောင်းကြားပေမင့် အတ္တတ်နေတဲ့နေရာက အင်မတန်ခေါင်ပြီး ခရီးလွန်နေတယ်။ သတင်းစာမရောက်၊ ပါသွားတဲ့ရေဒီယိုကလဲ ဓာတ်ခဲမရှိတော့လို့ မြို့နဲ့ရော၊ မေမေတို့နဲ့ရော လုံးဝ အဆက်အသွယ် ပြတ်နေတယ်။ ဒါကြောင့် မေ့ဒအဖို့ အင်မတန် အရေးအကြီးဆုံးအချိန်မှာ မေ့ဒရဲ့အပါးကို ပြေးမလာနိုင်တဲ့ အတ္တတ်ကို ခွင့်လွှတ်ဖို့တောင်းပန်ပါတယ်။ မေ့ဒ အတ္တဘ်ရဲ့ပတ်ဝန်းကျင်မှာ 'အတ္တတ်ဆိုတဲ့အကောင်ဟာ ဘယ်ခါမဆို အချိန်ကို မတွက်တတ်တဲ့သူ၊ အစစအရာရာ လက်နှေးတဲ့ သူရယ်လို့' နာမည်ကြီး လာခဲ့ရသူမို့ ဒီတစ်ခါလဲ ဒါလေးကို မေ့ဒမှာဖြင့် ဒုက္ခတွေ အနန္တရောက်ပြီး ဆောအထည် ရာမရနိုင်တဲ့ အချိန်မှာ မေ့ဒရဲ့ အပါးကို ပြေးလို့

www.burmeseclassic.com



မလာဘူးလို့ ထပ်မံပြီး အတွတ်ကိုအပြစ်တင်မှာစိုးလို့ ရှင်းပြရတာပါ။

ခုလဲ မေမေ့စာရလို့ ကိုကိုနိုင် ဆုံးတဲ့အကြောင်း သိတယ်ဆို၊ အတွတ် ခံစားရတဲ့ ဝေဒနာဟာ မွေး ထက်မပိုသော်လဲ မွေးရဲ့ခံစားရမှုထက်တော့ မလျော့ ဘူးဆိုတာ အတွတ် ပြောပြချင်ပါတယ်။ အတွတ်လဲ ပြေးလာမယ်လုပ်ပြန်တော့ မမေရဲ့ နောက်ထပ်စာ ထဲမှာ မွေး တောင်ကြီးကို ထွက်သွားတာ ရန်ကုန် မရောက်သေးဘူးတဲ့။ ပြီးတော့ တောင်ကြီး တစ် နေရာတည်းကို သွားတာ မဟုတ်ဘူးတဲ့။ ငွေရော၊ အဝတ်အစားရောအပြည့်အစုံယူပြီးထွက်သွားတာလို့ သိရတယ်။ အတွေးတို့ အမျိုးမျိုး တောင်းပန်လို့ တားလို့လဲမရဘူးတဲ့။ ဘယ်ကိုများ လျှောက်သွား သလဲ မွေးရယ်။

အတွတ် သိတယ်၊ ခေါင်းမာတဲ့ အတွတ်ချစ်တဲ့ မကျည်းတန်ဆိုတဲ့ မိန်းကလေး စရိုက်ကို အတွတ် သိပါတယ်။

မှတ်မိပါသေးတယ် မွေး၊ ဝါးခယ်မဘက်ကမ်း မှာရှိတဲ့ ကျောင်းကို ပြောင်းရတဲ့အချိန်မှာ မွေးတို့ ညီအစ်မတွေနဲ့ အတွတ် အတူတူ ကျောင်းတက်ခဲ့ ရတယ်၊ ရေစီးသန်လို့ မိုးသက်ထန်နေတဲ့ အချိန်မှာ လှေကို ကိုယ်တိုင် ပဲ့ကိုင်ပြီး မွေး မြစ်တစ်ဖက်ကို





ကူးတော့ အတွတ်ကဖြင့် စေတနာနဲ့ တစ်ဖက်ကမ်း မရောက်ခင် မြစ်လယ်ကောင်မှာ လူတွေ အပြည့် တင်ပြီးလှော်ရတာ လက်ပန်းကျမှာစိုးလို့ အတွတ် တစ်လှည့်လှော်ပါရစေဆိုပြီး လှော်တက်ကို တောင်း တော့ မွေးက ခေါင်းခါပြတယ်လေ။ တစ်ဖက်ကမ်း ရောက်အောင်လို့ တစ်ယောက်တည်းပဲ ကျုံးလှော် ခဲ့တယ်။ အမှန်တော့ အဲဒီတုန်းက ငယ်စိတ်နဲ့ အင် မတန် ခေါင်းမာတဲ့ ကောင်မလေးလို့ စိတ်ထဲက ခပ်ချဉ်ချဉ်ဖြစ်ခဲ့မိတယ်။ ဇွဲဆိုတဲ့အရည်အချင်း တစ် ရပ်ပါလားလို့ တန်ဖိုးမဖြတ်မိခဲ့ဘူး။

ခုလဲ မွေးကို ခေါင်းမာတယ်လို့ဆိုတာ မွေးကို အပြစ်ပြောတာမဟုတ်ပါဘူး မွေးရယ်။ အခုအချိန် မှာဖြင့် ကျန်းမာရေးလဲ မွေးမှာ ချို့တဲ့နေတယ်တဲ့။ ဘာပဲပြောပြော မွေး တစ်ဘဝ တစ်ကမ္ဘာလို့ထင်တဲ့ ကိုကိုနိုင်ရဲ့ရင်ခွင် မွေးအပေါ်မှာ မရှိတော့တဲ့နောက် စိတ်ဓာတ်လဲ ချောက်ချားနေမှာပဲ။ ဒီအချိန်အခါမှာ ရပ်တည်ရာမရ၊ ရောက်တတ်ရာရာ စိတ်လေလွင့်တိုင်း သွားနေဖို့မသင့်ဘူး။ ငယ်ငယ်ကတည်းက လှော် တက်ကို တစ်လှည့် ကိုင်ခွင့်ပေးပါလို့ တောင်းပန်တဲ့ အတွတ်ကို လှော်တက်ကမ်းပေးပြီး အတွတ်ရဲ့ ရင် ခွင်မှာ အပန်း တစ်လှည့် ဖြေပါဦး မွေးရယ်။ မကျည်းတန်လို့ ဒီစာရဲ့အစမှာ ခေါ်ခဲ့ထားသော့

www.burmeseclassic.com



တို့မျှားနှစ်ယောက် အတူမွေးဖွားလာတဲ့ ဝါးခယ်မ တစ်ဖက်ကမ်း သော်ကမြစ် ကမ်းခြေမှာ နေခဲ့တဲ့ အချိန်လေးကို သတိရစေချင်တဲ့သဘောပါ။ အတွက် ရန်မဖြစ်ချင်တော့ပါဘူး၊ မွေးစိတ်ဆိုးအောင် ငယ် ငယ်တုန်းကလို စချင်လို့ 'မကျည်းတန်'လို့ ခေါ်တာ မဟုတ်ပါဘူး။ တို့မွေးရပ်မြေကလေးကို အမြဲ တမ်း တပြီး ချစ်နေပါသေးတယ်ဆိုတဲ့ သဘောကို ဖော်ပြ ချင်လို့ပါ မွေး။

သတိရသေးသလား မွေး၊ ကိုကိုနိုင်ဆီက ပထမ ဆုံး စာရတော့လေ မွေးက အတွက် ဖတ်ကြည့်စမ်း ပါဆိုလို့ အတွက် ဖတ်ကြည့်ခဲ့တယ်လေ၊ စာက ဝတ္ထုတစ်ပုဒ်နီးနီးလောက် ရှည်တယ်။ စာဖတ်ရင်း နောင်တလဲရခဲ့တယ်။ ဩော်....ကိုကိုနိုင်ဟာ မွေးကို ရသင့်တယ်လို့ ခံစားလဲ ခံစားမိတယ်။ သူဟာ စစ် ဗိုလ်ပင်ဖြစ်သော်လဲ သူ့ရင်ထဲခံစားရချက်ကို အထိ အကျ ခုခေတ်စကားသုံးရရင် အရှိကို အရှိအတိုင်း တင်ပြရာမှာ ထိရောက်တယ်၊ အနုပညာမြောက်တယ် လို့ဆိုရမယ်။

မွေးရဲ့အချစ်ကိုရဖို့အတွက် သူ့စာကို ရေးပြရာမှာ လိမ်ကွက်တစ်ကွက်မှမပါဘူး။ နှလုံးသားမှာထိတွေ့ တဲ့အချစ်ကို ချယ်လှယ် တင်ပြတတ်ခြင်းဟာ ရည်း စားစာတစ်စောင်ရဲ့ တစ်ဖိုးတစ်ရပ်လို့ ဆိုရမှာပဲ။

ဒုတိယအကြိမ်



မွေးလိုမိန်းကလေးတစ်ယောက်ကို မေတ္တာစာ စတင် ကမ်းလှမ်းတဲ့အချိန်မှာ 'ကောင်းခြောက်ဆယ့် လေး ရပ်၊ သွေးထပ်ထပ်ရုပ်ညီ' ဆိုတဲ့ စကားလုံးတွေနဲ့ စ,လာရင်တော့ ဒီနေရာမှာ ကိုကိုနိုင် အောင်မြင်စွာ ဆုတ်ခွာရမှာပဲ။ ဘာကြောင့်လဲ ဆိုတော့ မွေးရဲ့ အရည်အချင်း သဘာဝ၊ အခြေခံကဗျာ၊ အလုပ်၊ သဘော ထား ကြီးခြင်းဆိုတဲ့ အခြေခံ ပင်ကို မွေးလာတဲ့ မိန်းကလေး တစ်ယောက်ရဲ့ အလှမှာ ရှက်ကြမ်း ရေကျိုလောက်ရှိတယ်။ ဒီလိုပင်ကိုဟန်နဲ့ အမျိုးသမီး ကို 'ကောင်းခြောက်ဆယ့် လေးရပ်' စကားလုံးနဲ့ အစချီပြီး ရည်းစားစာ သွားပေးရင် တွေးခေါ် တတ်တဲ့ မိန်းကလေးတိုင်းဟာ ဒီလူ ငါ့ကို ညာနေ တာပဲဆိုတာ သိပြီး ကိုကိုနိုင် နောက်ဆုတ်ရမှာပဲ။ အဲဒီတုန်းက စာဖတ်ရင်း ဩော်.... စစ်ဗိုလ် ဆိုတာ ပြတ်ပြတ်သားသား စစ်တိုက်တတ်တယ်ဆိုတာ တမ်ခု တည်းမဟုတ်ပါလား။ အနုပညာစိတ်နဲ့ မိမိရဲ့ စေ တနာ အချစ်ကို တင်ပြတတ်ပါလားလို့လဲ အတွက် ယူဆခဲ့ပါတယ်။

မွေး ကိုကိုနိုင်ဟာ စစ်သုံးစကားနဲ့ ပြောပြချင် သော်နဂိုဗျူဟာ နည်းမှာ မှန်ကိုမှန်တယ်။ တစ်ဖက် ကလဲ လူကြီးစုံရာနဲ့ မွေးရဲ့ အချစ်ကို လေးလေး စားစား အရေးထားပြီး မွေးရဲ့အုပ်ထိန်းသူ မေမေ ကို ချဉ်းကပ်ပုံမှာလဲ မှန်ခဲ့တယ်။

ယောမင်းကြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



မွေးရဲ့အချစ်ကို ရယူလိုပါကြောင်း တောင်းခံတဲ့နေရာမှာ အကြမ်းအတမ်း တစ်စက်မှ မပါဘူး။ စော်ကားခြင်း၊ ဗလက္ကာရ ဆိုတဲ့ သဘောလဲ မရှိခဲ့ဘူး။ ခပ်ရိုင်းရိုင်း အတွတ်ပြောရရင် ကိုကိုနိုင်က အတင်းသာ 'ဖက်နမ်းခဲ့'လို့ မလွဲမရှောင်သာနိုင်ဘဲ မိန်းကလေး တစ်ယောက် ဂုဏ်သိက္ခာကို အစော်ကားခံရလို့ မထူးတော့ပါဘူးဆိုတဲ့ အဖြစ်နဲ့ မွေးက ကိုကိုနိုင်ကို ယူခဲ့ရရင်လဲ မွေးတို့အိမ်ထောင်ရေးဟာ ဘယ်တော့မှ အောင်မြင်မှာမဟုတ်ဘူး။ ကသိကအောက်ကြီး ထာဝရဖြစ်နေမှာပဲ။ ဒါကိုလဲ အတွတ် သင်ခန်းစာ အများကြီး ရခဲ့ပါတယ်။

အတွတ် အခွင့်ကြုံလို့ ရေးပြပါရစေ။ ပေါက်မှာ ကရင်အမျိုးသမီး ကျောင်းဆရာမလေး တစ်ဦးနဲ့ တွေ့ခဲ့တယ်၊ သူက ပန်းတနော်ကတဲ့၊ ဒီပေါက်မြို့ နေရာကို အထက်တန်းပြဆရာမလေးအဖြစ် ခန့်ထားခံရလို့ ပြောင်းလာတာတဲ့၊ စကားစပ်မိစပ်ရာ ပြောကြရင်း သူက ပြောပြတယ်။

'လွန်ခဲ့တဲ့ ငါးနှစ်လောက်က သူတို့ နယ်မြေကို ရှမ်းသေနတ်ကိုင် တပ်ရင်း (၁) ရောက်လာခဲ့တယ်တဲ့။ ဟိုကမ်တော့ ရှမ်း (၁)ဆိုတာ လူသားတောင် စားရဲတယ်လို့ နာမည်ကြီးပြီး သူတို့ကို အပြစ်မဲ့သူ



ကရင်အမျိုးသားတွေ အနေနဲ့ အလွန် ကြောက်ခဲ့တယ်။ ထိတ်လန့်ခဲ့ကြတယ်တဲ့၊ ဘောင်းကျန်းသူတွေရှိသလို အေးချမ်းစွာ ကိုယ့်အမျိုးသား အချင်းချင်း တစ်မြေတည်း တစ်ရေတည်းသောက်ပြီး ငြိမ်းချမ်းစွာ နေချင်တဲ့ ကရင်အမျိုးသားတွေ ရှိပါတယ်တဲ့'

နောက်ပိုင်းမှာ ရှမ်း (၁)ရဲ့ ဆက်ဆံပုံဟာ ဘယ်လောက် သိမ်မွေ့လဲဆိုရင် ရဲဘော်တချို့ရဲ့ ဆက်ဆံပုံအမှား အနည်းအကျဉ်းရှိတာတောင် သူတို့ကို နယ်မြေလူထုက ခွင့်လွှတ်ပြီး သောင်းကျန်းသူ ရွေ့ရှားပုံ သတင်းအမှန်ကို ကရင်အမျိုးသားများ ကိုယ်တိုင်က သတင်းပို့ပေး၊ ကူပြီး ထောက်လှမ်းပေးတဲ့ အခြေအနေကို ရောက်သွားခဲ့ပါတယ်တဲ့။

ရှမ်း(၁)တပ်ရင်းမှာ အလှူကြီးပေးတော့ ရွာနီးချုပ်စပ်က ရွာသူရွာသားတွေကို အတင်းဆင့်ခေါ်ဖို့တောင် မလိုဘူး။ ဘာသာမရွေး ကရင်အမျိုးသား အမျိုးသမီးတွေ လာပြီးကူညီကြတာ ဝက်ဝက်ကွဲနေရာတဲ့၊ ကျွန်မတို့ကိုယ်တိုင် အလှူသွားရင်း စားကြသောက်ကြတော့ ဒီတပ်ရင်းက အရာရှိဇနီးတွေဟာ အရာရှိဇနီးတွေပါလား့လို့ကို မသိရအောင် သူတို့နဲ့ လက်ရည်တစ်ပြင်တည်း ပန်းတန်ဆေး၊ ထမင်းဟင်း လှည်းတာကအစ အတူတကွ လုပ်ကိုင်ကြတာနေ တွေ့ရတော့ ကျွန်မတို့လဲ သူတို့အပေါ် ချစ်ခင်ကြ သတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ အတွတ်က ဒီတုန်းက တပ်ရင်းမှူးဟာ ဘယ်သူလဲလို့မေးတော့ 'ဗိုလ်မှူးနိုင်' ဆိုတဲ့ သူတဲ့။'

ကဲ....မွေးရေ မင်းချစ်သူဟာ မိန်းမတစ်ယောက်အချစ်ကို တောင်းခံတဲ့ နေရာမှာတင် မဟုတ်ဘူး၊ နယ်မြေလူထုရဲ့ အချစ်ကိုတောင်းခံရာမှာလဲ သိမ်မွေ့သော ရိုးသားတဲ့နည်းနဲ့ စည်းရုံး သွားပါလားလို့ အတွတ် သင်ခန်းစာ ထပ်ရခဲ့တယ်။

တစ်ခါ သီပေါဘက်မှာ ဦးအိုက်ရွက် ဆိုတဲ့ ရှမ်းရဲဘော်ဟောင်းကြီးနဲ့ ဆုံခဲ့တယ်။ သူက ပြောပြတယ်၊ သူ ရှမ်း(၁)မှာ အမှုထမ်းစဉ်က ရှမ်း(၁)ဟာ မအူပင်အနီး ပန်းတပွတ်မှာ တပ်ရင်း စခန်းချထားတယ်။ သူဟာဖြင့် တပ်ရင်းမှူးအိမ်မှာ ခြံကိုပြုပြင်တဲ့ မာလီရဲဘော်ကြီးပေါ့၊ သူက စိုက်ပျိုးရေးကို ဝါသနာပါတယ်တဲ့၊ ဆန်ပြုဿနာတွေ အခက်အခဲ ကြုံတော့ ရဲဘော်တွေလဲ နယ်မြေလူထုနဲ့အတူ ကြုံခဲ့ပါတယ်တဲ့။ ဒီတော့ တပ်ရင်းမှူး ဇနီးဟာ သူ့ရှိသမျှဆန်ထဲက နှစ်ပြည်ကို ချန်ထားပြီး ကျန်သမျှ ဆန်ကို ဦးအိုက်ရွက်တို့ မိသားစုရယ်၊ ကလေးများတဲ့ ရှမ်းရဲဘော် နှစ်အိမ်ထောင်ရယ်ကို ဝေမျှခိုင်းလို့ ရွှေကျင်က ရှမ်းအမျိုးသမီး နန်းမြစိန်နဲ့အတူ သူ ဝေခဲ့ရတယ်တဲ့၊ နန်းမြစိန်လဲ အချိုးကျ ဆန်ဆေးပလုံးနဲ့ လေးလုံးရခဲ့တယ်တဲ့။

ပြီးတော့လဲ သင်္ကြန် ရောက်လို့ အတက်နေ့ကျတော့ ရှမ်းအမျိုးသားတို့ ထုံးစံအတိုင်း တပ်ရင်းမှူးဇနီးမောင်နှံကို ကန်တော့ပွဲကျင်းပပြီး ကန်တော့တဲ့အခါမှာ သူတို့လဲကန်တော့ပြီးရော တပ်ရင်းမှူးဇနီးက 'ကျွန်မကို ခွင့်လွှတ်ပါ၊ ရာထူးအဆင့် ကွာခြားပေမယ့်လို့ ရှမ်းအမျိုးသားများထဲမှာ တစ်နေ့ တစ်ရက် တစ်မနက် ကြီးသော သူများကို ကျွန်မ ပြန်လည် ကန်တော့ပါတယ် ဆိုပြီး ကန်တော့တယ်' သူကအစ ကန်တော့ခံရတဲ့ ရှမ်းရဲဘော်ကြီးများဟာ ကြက်သီးထသွားမိတယ်။ အခု ပင်စင်ရလို့ သီပေါမှာ ခြံစိုက်စားဖို့ တပ်ကသာထွက်ခဲ့ရော ဒီတပ်ရင်းမှာ နေခဲ့တဲ့အချိန်ကို သူ အမြဲပဲ သတိရနေတယ်တဲ့။ အတွတ်က မေးတယ်။ အဲဒီတုန်းက တပ်ရင်းမှူးဟာ ဘယ်သူလဲလို့မေးတော့ 'ဗိုလ်မှူးနိုင်တဲ့' အတွတ်ဖြင့် ဦးအိုက်ရွက် ကြက်သီးထသွားသလို ထသွားမိတယ်။ စားအတူတူ၊ သွားအတူတူ၊ နေအတူတူ၊ ထိုင်အတူတူ ဆိုတဲ့သဘောကို တရားတစ်လုံးမှ မဟောဘဲ ရှမ်းအမျိုးသားတွေ သိအောင် ရင်ထဲက ခံစားချက်နဲ့ လှုပ်ရှားပြသသွားတဲ့ ကိုကိုနိုင်ကြီးပါပဲ။

ဩော်....အဲဒီလို လူတစ်ယောက်ရဲ့ အချစ်ကို မြတ်နိုးစွာခံရတဲ့ မွေးဟာလဲ ဒီအချစ်ကို အင်မတန်တန်ဖိုးထားရှာမှာပဲလို့ အတွတ်တွေးမိတိုင်း မွေးကို သနားစိတ်ပိုခဲ့ပါတယ် မွေး။

www.burmeseclassic.com



တစ်ခါ အတွတ် ပေလီမှာ စခန်းမချခင်ကလေးပဲ၊ ဗိုလ်ကြီးဖေကြည် ဆိုတဲ့သူနဲ့ သံတွဲမြို့မှာ ခေတ္တ ဆုံရင်း ဗိုလ်မှူးနိုင်အကြောင်း စကားရောက်သွားတယ်။ သူက ပြောတယ်။ ဗိုလ်မှူးနိုင် အင်းမမှာ တပ်ခွဲမှူးလုပ်တော့ သူနဲ့အတူ တွဲလုပ်ခဲ့ရတယ်တဲ့၊ ရဲဘော်တွေ ဒု ဗိုလ်တွေနဲ့ သွားလေရာမပြတ် စစ်ဆင်ရေးမှာ အမြဲကပ်ပြီး သတိပေးတယ်။ အမျိုးသမီးတွေနဲ့ ရောက်ရာနေရာမှာ ဆက်ဆံရေးလဲ သတိပေးတော့၊ စိတ်ထဲက သိပ်ရှုပ်တဲ့ လူကြီးလို့ ထင်ခဲ့မိတယ်တဲ့၊ နောက်တော့ ဗိုလ်သင်တန်းမှာ ဗိုလ်မှူးနိုင်ကို ဗိုလ်မှူးဘဝနဲ့ ဆုံတော့ 'တို့သတိတစ်ချက်လွတ်ရင် တို့ရဲဘော်တစ်ယောက်ရဲ့ အသက်တစ်သက် လွတ်ရတယ်၊ ဒါကြောင့် 'အပ္ပမာဒေန၊ သမ္ပာဒေထ' လို့ ငါရွတ်ရွတ်ပြီး မင်းတို့နောက် ထက်ကြပ်မကွာလိုက်ရတာဟာ ငါ့ရဲဘော်တွေ အသက်အတွက်ပါပဲ၊ နေရာတိုင်း ဝင်ရှုပ်ချင်လို့ မဟုတ်ဘူးတဲ့၊ ဒီ 'အပ္ပမာဒေန သမ္ပာဒေထ' ဆိုတဲ့ စကားလုံးဟာလဲ ငါ့စကားလုံး မဟုတ်ပါဘူးကွယ်။ တို့မျှား ရှင်တော်ဘုရားရဲ့ စကားလုံးကို တို့တပ်မတော်ရဲ့ ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက တို့တပ်မတော်ရဲဘော်တွေရဲ့ နှလုံးသွားထဲရောက်အောင် တစ်ဆင့် ကမ်းခဲ့တဲ့ စကားလုံးတဲ့။



ဗိုလ်မှူးနိုင် ရုတ်တရက် ဆုံးသွားပြီလို့ ကြားလိုက်တော့ သူဟာ ဘယ်လိုတုန်လှုပ်သွားမှန်းတောင် မသိဘူးတဲ့၊ အခု သူဟာ တပ်မတော်မှာ ရာထူးတက်ပြီး တာဝန်ထမ်းဆောင် ရလေလေ၊ ဒီ 'အပ္ပမာဒေန၊ သမ္ပာဒေထ' ဆိုတဲ့ မမေ့မလျော့ မပေါ့ကြကုန်လင့်လို့ ဗိုလ်မှူးနိုင်ရွတ်တဲ့ စကားလုံးကို ကြားယောင်ပြီး သူ့အထင်လွဲခဲ့သမျှ လိုက်ပြီး တောင်းပန်ချင်တယ်တဲ့။

သူတို့တွေ အသီးသီးနဲ့ ဆုံခဲ့ရပြီးတော့ သူတို့ဆီက ဗိုလ်မှူးနိုင်အကြောင်း ကြားရလေလေ ဗိုလ်မှူးရဲ့ ချစ်သူ မွေးရဲ့ဝေဒနာကို ကြေကွဲစွာ ခံစားမိပါတယ် မွေး။

ဒါကြောင့်လဲ ရှည်ရှည်လျားလျား ဒီစာကို ရေးနိုင်လာတယ်။ ဘာကြောင့်လဲဆို အတွတ် နှလုံးသားမှာ ထိလာပြီလေ။

မွေး....ဒီစာကို ဖတ်ရချိန်မှာ အတွတ်သာ အနားမှာရှိရင် မွေး ဘာတွေပြန်ပြောမယ်ဆိုတာ အတွတ် သိပါတယ်မွေး။

'အတွတ်ထင်သလို မွေးမျက်လုံးတွေဟာ ကြွယ်မျှားလို မတောက်ပတော့ပါဘူး။ မြတ်နိုးလာခဲ့ရတဲ့ ခရီးလမ်းဒဏ်ကြောင့် ခန္ဓာကိုယ်ကြီးဟာ ထဲ

www.burmeseclassic.com



အဘွားအိုလို လျှော့ပါးပြီး အလှအပ မရှိတော့ပါဘူးလို့ ပြောမှာပါ။

ဒီနေရာမှာ အတွက်ထပ်ပြီး နည်းနည်းရှင်းပြပါရစေ၊ အရမ်းအတွက်အဆမရှိ မွေးထံက အချစ်ကိုတောင်းခံခြင်း မဟုတ်ပါ။ ဘယ်လိုဖြစ်ရပ်တွေနဲ့တွေ့ကြုံရမယ်ဆိုတဲ့ အခြေအနေအရပ်ရပ်ကို အကြိမ်ကြိမ် သုံးသပ်ပြီးမှ ဒီစာကို ရေးတာပါ။

ဘုရားလောင်းမျောက်မင်းဟာ ချောက်ထဲကျနေတဲ့ ပုဏ္ဏားကို ကယ်ခဲ့တဲ့ပုံပြင်ကို မွေးသိပြီးသားမို့ အတွက် အကျယ်ချဲ့မပြလိုပါဘူး။ ဒါပေမယ့် အတွက်ပြောပြချင်တာ တစ်ခုရှိတယ်။ ဘုရားလောင်းမျောက်မင်းဟာ ပုဏ္ဏားကို ကယ်တင်ရာမှာတောင် ချစ်လှချည်ရဲ့၊ သနားလှချည်ရဲ့ဆိုပြီး အရမ်းမကယ်ခဲ့ဘူး။ ကယ်တင်ရှင်ဖြစ်ချင်ဇောနဲ့ မျက်ကန်းလို မလုပ်ခဲ့ဘူးဆိုတာ မွေးသတိပြုမိသလား မသိဘူး၊ ပုဏ္ဏားကို ပခုံးပေါ်တင် တွင်းထဲကနေ ချောက်ကမ်းပါး အမြင့်ကို ခုန်တက်ရာမှာ မတော်တဆ ဝန်ကလေးပြီး ကမ်းပါးထိပ်မရောက်ခင် ပုဏ္ဏား ပခုံးပေါ်က ပြုတ်ကျပြီး လမ်းခုလတ်မှာ သေမှာစိုးလို့ ပုဏ္ဏားကိုယ်နဲ့ အလေးချိန်ညီတဲ့ ကျောက်တုံးကို ရှာရသေးတယ်။ သူ့ပခုံးပေါ် ကျောက်တုံးကိုတင်ပြီး အကြိမ်ကြိမ် အစမ်းခုန်ကြည့်ပြီး သေချာမှ စိတ်ချရမှ ပုဏ္ဏားကို ပခုံးပေါ်တင်ပြီး ချောက်ကမ်းပါးထိ ရောက်အောင် ပို့ပေးတယ်။



မွေးရေ၊ ဒီပုံပြင်ဇာတ်မှာ ဒီအခန်းဟာ အသက်ပါပဲ။ အရမ်းမျက်ကန်း ကယ်တင်ရှင်တွေကို သင်ခန်းစာ ပြလိုက်တာပါပဲ။

အတွက်ဟာ အလောင်းတော် မျောက်မင်းလိုပါရမီ မရင့်ကျက်သေးသော်လဲ အရမ်းမျက်ကန်း ကယ်တင်ရှင်ကြီးများ ဂိုဏ်းဝင် မဟုတ်ဘူးဆိုတာကို ပြောပြချင်လို့ပါ။ အချစ်ဆိုတဲ့စကားလုံးကို နာမည်ဖျက်ကြလွန်းလို့ပါ။

မိမိထားတဲ့ မေတ္တာအလေးချိန် ပမာဏ အတိုင်းအရှည် အလျောက် မျောက်မင်းရဲ့ ပခုံးပေါ်က ကျောက်တုံးကလဲ ကြီးမားရတယ်။ ထမ်းရတဲ့ဝန်ကလဲ လေးမှာပဲ။ ပုဏ္ဏားကို ကျုပ်ကယ်တင်ချင် လွန်းလို့ပါဗျာဆိုပြီး မဟာကယ်တင်ရှင် နာမည်ခံရုံနဲ့တော့ မရဘူး။ ကယ်တင်ချင်တဲ့ စေတနာအလျောက် ထမ်းရတဲ့ဝန်၊ အလေးဒဏ်ကို ခံရမယ်ဆိုတာ မကယ်ခင်ကတည်းက ဘုရားအလောင်း မျောက်မင်းကတော့ တွေးထားတယ်။

ပုဏ္ဏားကို ကယ်ပြီး ဝန်က လေးလွန်းတော့ မင်းဟာမင်း သေချင်သေလို့ မျောက်မင်းဟာ ကိုယ်လွတ်ရုန်းမပြေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လဲ အတွက် တွေးကြည့်တာပေါ့။ ပုဏ္ဏားတစ်ယောက် ကယ်ချင်တာတောင် သေချာအောင် ဒီပုဏ္ဏားအသက် လုံခြုံမှုရှိအောင် ကျောက်တုံးကျောပေါ်တင်ပြီး အကြိမ်ကြိမ် ခုန်ရတဲ့အကျင့်ကို ဒီတစ်ဘဝမှာ မျောက်မင်းဟာ ကျင့်ခဲ့ရတယ်။ ဝေနေယျသတ္တဝါကို ကယ်တင်ချင်တော့ ပါရမီဆိုတဲ့ အကျင့်ကို လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကျင့်ခဲ့ရတယ်ဆိုတာ မဆန်းပါဘူး။ လုပ်တာက နည်းနည်းရယ်၊ ကယ်တင်ချင်လွန်းလို့ပါဗျာဆိုတဲ့ အသားယူကွက် 'ငါ' ဆိုတဲ့ အကွက်တစ်ကွက်မှ ဘုရားရှင်ရဲ့ မဟာကရုဏာ မေတ္တာခန်းမှာ မပါခဲ့ပါဘူး မွေး၊ ထားရှိ အပ်သော ကရုဏာ အလျောက် ဖြည့်ဆည်းရမယ့်အလုပ်ဆိုတဲ့ ပါရမီဟာလဲ မသေးငယ်ခဲ့ပေဘူး။

ဒီနေရာမှာ မွေးကို ပုဏ္ဏားနဲ့ နှိုင်းတာ မဟုတ်ပါဘူး။

မွေးကို လက်ထပ်ပါရစေ လို့ တောင်းခံခြင်းရဲ့ နောက်ဆုံးပိုင်းမှာ ဖြည့်ဆည်းရမယ့် ခံစားရမယ့်သုခဒုက္ခကို အားလုံးတွက်ချက်ပြီးမှ ဒီစာကို အသည်းထဲ နှလုံးထဲက အလိုအလျောက် အန်ထုတ်လိုက်ခြင်းပါပဲ။

ဒါကြောင့် ကိုကိုနိုင်ရဲ့ စံချိန်မီ ဒီစာကို ရေးသားနိုင်လာတာပေါ့။





အတွက် စာရှည်ရှည် ရေးတတ်လာပြီ။ အသည်းနှလုံးက လှုပ်ရှားလာတတ်ပြီလေ။ နှလုံးသားက ပြောကြားတတ်မှလဲ ဒီစကားလုံးက အသက်ဝင်လာတာ။ အစကတော့ သိပ္ပံပညာရှင်ကြီး တွေ့တတ်ဖြစ်ချင်လိုက်ရတဲ့ သိပ္ပံပညာရှင်ကြီး၊ မျက်စိအောက်မှာ ပြူက်ပြူက်ထင်ထင် မြင်နေရတဲ့ သဘာဝအဖြစ်ကို မမြင်မိဘူး၊ မလေ့လာမိဘူး၊ မဆင်ခြင်မိဘူး၊ အဲဒါဟာ ဘာလဲဆိုတော့ ကိုယ် ဆရာဝန်လိုင်းကို စလိုက်ကတည်းက ဖားကလေးတွေခွဲရာကအစ လူကောင်ကြီး တစ်ကောင်လုံး ခွဲစိတ်ကုသလာခဲ့တယ်။ နှလုံးသားဆိုတာလေးတစ်ခု ခုန်လာမှ အလုပ်လုပ်လာမှ သတ္တဝါတွေ လှုပ်ရှား လာတတ်ပါလားဆိုတာ မျက်စိကပဲ ရုပ်သဘောနဲ့မြင်တယ်။ အဲဒီအကြောင်းကနေ ဆက်သွယ်လာတဲ့ အကျိုးတရားကို မဆင်ခြင်မိဘူး။

မမြင်နိုင်တဲ့ အချစ်ဆိုတာ ဒီနှလုံးသားထဲ ဝင်လာတော့မှ သတ္တဝါတို့ဟာ ဇောစိတ်မျိုးစုံနဲ့ လှုပ်ရှားလာကြတာကိုး။ နှလုံးသားအတုကို ဖန်ဆင်းပြီး စက်ကိရိယာအမျိုးမျိုးနဲ့တပ်ပြီး နှလုံးသားခုန်လာအောင် လုပ်ကြည့်၊ လှုပ်ရှားတော့ ပေါ်လာမယ်။ အဲဒီလူရဲ့ လှုပ်ရှားမှုဟာ ဘက်ထရီအားနဲ့ လှုပ်ရှားတဲ့ ဂျစ်ကားတစ်စီးနဲ့ မောင်းလို့ရတဲ့ အဖြစ်နဲ့ ဘာမှ မခြားနားတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒီစာပိုဒ်ရောက်တော့ မွေးက သရော်မယ်ဆိုတာ ကိုယ်သိပါတယ်။ ပါးစပ်ကလဲပြောမှာပဲ 'လက်ချီး ရေကြည့်ပါဦး အတွက်ရဲ့၊ မင်းသိလာလို့ ဆင်ခြင်မိတော့ မင်းအသက် လေးဆယ်ကျော်ပြီလို့' မွေး စိတ်ထဲက ပြောနေမှာပဲနော်။ ခုတော့ ဒီစကားလုံးတွေ ရွတ်ဖတ်လို့၊ ရေးပြလို့ နောက်ကျလှပါပကော အတွက်ရယ်လို့ ပြောမှာပဲ။

နောက်မကျသေးပါဘူးမွေး၊ အတွက် အခု ဘဝကို စတော့မယ်။ အနှစ်လေးဆယ်လုံးလုံး အသက်မပါသော စက်ရုပ်တစ်ခု လှုပ်ရှားမှုမျိုးနဲ့ ငတွက်တစ်ကောင် လှုပ်ရှားလာခဲ့သမျှ ခုမှ အသက်ဝင်လာပြီ။ ဘာဖြစ်သေးလဲ၊ ဘယ်သူတွေ ဘာပြောပြော အတွက်တော့ မွေးရှိတဲ့ဆီကို ပြေးလာမယ်။

ကိုကိုနိုင်ကို အသက် ပြန်သွင်းပေးနိုင်တဲ့ ပညာဆရာဝန် အတွက်မှာ မရှိပေမင့် မွေးရဲ့အသည်းနှလုံး ပြန်ခုန်လာအောင် စိုပြည်လာအောင် အတွက်မှာလေ ပညာရပ်တွေ တတ်ပါတယ်။

အတွက်ဆင်ခြင်မိတဲ့ အချစ်အကြောင်းကို ရေးပြ ပါရစေဦး မွေးရယ်၊ သည်းခံဖတ်ပါ။ တော်စတိုင်ဟာ သူ့ဝတ္ထုတစ်ပုဒ်ထဲမှာ အချစ်ရှိသောနေရာမှာ ဘုရားသခင် ရှိ၏တဲ့။ အချစ်ဆိုတဲ့ စကားလုံးကို အနောက်တိုင်းဆန်ဆန်နဲ့ ခပ်လုံးတည်း သုံးလိုက်တော့သာ 'အချစ်'လို့ ပြောရတာ။



တို့မျှား ရှင်တော်ဘုရား၊ ဂေါတမမြတ်စွာသခင်ဟာ မဟာကရုဏာကြီးစွာသောမေတ္တာကို သတ္တဝါများကို ထားတော်မူတယ်။ အဲဒီမေတ္တာတရား ထားနိုင်လောက်အောင် သူ့နှလုံးသားက ခိုင်မာလို့ပဲ။ သံသရာဒုက္ခကြောမှာ မျောနေတဲ့ သတ္တဝါအနန္တကို ကယ်တင်ဖို့ သူဟာ လေးသချေ်္ခနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့တယ်။

ကောင်းကင်မှာ ကြယ်ပွင့်တွေကို ရေလို့သာ ရမယ်။ မြတ်စွာဘုရားသခင်ရဲ့ မျက်လုံးတွေဟာ ဘဝအဆက်ဆက်လှူခဲ့တာ ကြယ်ပွင့်တွေထက် များမယ်၊ မရေမတွက်နိုင်ဘူး။

အနန္တစကြဝဠာမှာ သမုဒ္ဒရာ အစင်းစင်း ရှိကြတယ်။ အဲဒီသမုဒ္ဒရာရေထက် မြတ်စွာဘုရားသခင်ကိုယ်က သွေးတွေကို ဘဝအဆက်ဆက်မှာ လှူဒါန်းခဲ့တာဟာ ပိုလွန်ခဲ့တယ်။ စကြဝဠာ အနန္တမှာရှိတဲ့ ပထဝီမြေသား ကမ္ဘာလုံးတွေဟာ တို့ကမ္ဘာလုံးကြီးလိုပဲ။ သူ့အဆိုင်းနဲ့သူရှိတယ်။ အဲဒီကမ္ဘာလုံးက မြေသားထက်လဲ မြတ်စွာဘုရားသခင်ရဲ့ အသားတွေ လှူခဲ့တာဟာ များပါသေးတယ် မွေးရယ်။ ဘာကြောင့်ဒါလောက်ကြီးစွာသော အလှူကြီးတွေလှူပြီး ပါရမီဖြည့်ရလဲဆိုတော့ မြတ်စွာဘုရားသခင်ရဲ့ ကရုဏာတော်ကလဲ မဟာကရုဏာပေကိုး။ နှလုံးသားအပေး အပ်တဲ့ ကရုဏာ အကျယ်အပြော အရှိန် အစား

www.burmeseclassic.com



အလိုက် အနစ်နာခံခြင်း၊ စွန့်လွှတ်ခြင်းဆိုတဲ့ ပါရမီ အလုပ်ဟာလဲ အချိုးအစားလိုက်ပြီး ကွာခြားသွား ရတယ်။ (သိပ္ပံစကားနဲ့ဆိုတော့ စကားလုံး နည်း နည်းကြမ်းသွားတယ် မွေးရေ....)

ဆရာဝန်ဖာစ်ယောကဲ စကားလုံးနဲ့ သုံးရရင် အချစ်ဆိုတာ သိပ္ပံပညာလိုပါပဲ။ သိပ္ပံပညာဟာလဲ လက်ခံကျင့်သုံးတဲ့ သိပ္ပံပညာရှင်ရဲ့ နှလုံးသား အတိမ် အနက်အလျှောက် လူ့ဘောင်ကို အကျိုးပေးတဲ့ နေ ရာမှာ ကွာခြားသွားတယ်။

သိပ္ပံပညာရှင်က ယုတ်မာရက်စက်တဲ့ လူဆိုရင် သိပ္ပံပညာကို လူသားတွေ အသက်ရှည်ဖို့၊ သစ်ပင် ပန်းမန်တွေ ရှင်သန်စေဖို့ အသုံးချဖို့အစား လက် နက်တွေနဲ့ ရောဂါပိုးတွေကိုသာ ထုတ်လုပ် ဖန်တီး ပေးမှာပဲ။

သိပ္ပံပညာရှင်ရဲ့ နှလုံးသားက သိမ်မွေ့နူးညံ့တဲ့ ကရုဏာရှင် ဖြစ်ခဲ့ရင်လဲ သိပ္ပံပညာနဲ့ အနာဂတ် လူ့ဘောင်ကို သာယာ လှပအောင် ဖန်တီးသွား မှာပဲ။

အချစ်ဆိုတာလဲ မွေး၊ နာမည် ဖျက်သူတွေက ဖျက်နေတော့ 'အချစ်' ဆိုတဲ့ စကားလုံးဟာ နာမည် ပျက်နေတယ်။ စာရေးတာတောင် ဝေဖန်ရေးဆရာ စာရေးဆရာကြီးများက အချစ်ဝတ္ထုများကို မရေး သင့်တဲ့၊ ဘယ်လိုအချစ်မျိုးကို စာမဖွဲ့သင့်ဘူးရယ်လို့

ပြောကြဖို့ ကောင်းပါတယ်။ သူတို့က သုခမိန်ကြီး တွေဆိုတော့ အတွတ်လိုဆေးပညာသမားက သူတို့နဲ့ တော့ စကားနိုင်လု မပြောလိုပါဘူး။ တစ်ခုတော့ ပြောချင်တယ် မွေး၊ အချစ်သည် တောင်တန်းများ ပေါ်တွင်လည်းရှိ၏။ မြေပြင်တွင်လည်း ရှိ၏။

အချစ်သည် ဘုံနန်းပြာသာဒ် များတွင်လည်း ရှိ၏။ တဲငယ်တွင်လည်း ရှိ၏။

အချစ်သည် လယ်ကွင်းများထဲတွင်လည်း ရှိ၏။ စက်ရုံများထဲတွင်လည်းရှိ၏။

အချစ်သည် ပင်လယ်ပြင်တွင် လည်း ရှိ၏။ သဲကန္တာရထဲနှင့် အိုအေစစ်များထဲတွင်လည်း ရှိ၏။

လယ်သမားများ၏ နှလုံးသားထဲတွင်လည်းရှိ၏။ အလုပ်သမားများ၏ နှလုံးသားထဲမှာလည်း ရှိ၏။ လယ်သမားရဲ့ နှလုံးသားထဲမှာလေ အချစ်မရှိရင် စပါးနှံတွေ ဖွဲ့ပြာ ဖြစ်သွားနိုင်တယ်။ စက်ရုံအလုပ် သမား နှလုံးသားထဲမှာလေ အချစ်မရှိရင် စက်ရုံဟာ မီးခိုးတိတ်လို့ သွားနိုင်တယ်။

အချစ်ဆိုတဲ့ စကားလုံးကို အရမ်းသုံးမှုကြောင့် အချစ်လဲ နာမည်ပျက်ရရော။

အချစ်ကို ရာဂဆိုတဲ့ တပ်နှစ်သက်ခြင်း တဏှာနဲ့ ပေါင်းစပ်လိုက်တော့ အချစ်ရဲ့ အကျိုးသက်ရောက်မှု ဟာ ခုန အတွတ်ရေးပြတဲ့သိပ္ပံပညာလိုပေါ့။ ယုတ်မာ ညစ်ညမ်းတဲ့ တဏှာရာဂအနေနဲ့ မိမိတို့ လိုချင်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတည်းကိုသာ ကြည့်တတ်တဲ့ အာသာဆန္
(လောဘ)ဘက်ကို ပုံစံကူးပြောင်းပြီး လူ့ဘောင်ကို
ပျက်စီးသွားစေမှာပဲ။

အချစ်ကို ကရုဏာနဲ့ပေါင်းစပ်လိုက်တော့သာယာ
စိုပြည်တဲ့လူ့ဘောင်အလှကိုဖန်တီးနိုင်ပြန်ရော၊ ကိုယ်
တော့ ဘာပဲပြောပြော အတွတ် တစ်ကောင်ဟာ
အချစ်ရဲ့ သားကောင်ပါပဲ၊ အဲဒီ အချစ်ကြောင့်
သားတစ်ယောက် ရခဲ့တယ်။

အတွတ်ရဲ့ နှလုံးသား အချစ်ဆိုတဲ့ အနီးဖြူ
စင်စင် ပိတ်စနဲ့ ပိုက်ထွေးယုယ မွေးဖွားခဲ့လို့ တွတ်နီ
ဆိုတဲ့ သားလေးတစ်ယောက် ရခဲ့ပြီ။ တွတ်နီက
အိမ်စေမိန်းကလေးတစ်ယောက်နဲ့ ဖေတာခို လက်နက်
ကိုင် အမျိုးသားတစ်ယောက်က မွေးခဲ့တဲ့ ကလေး
ရယ်လို့ ပတ်ဝန်းကျင်က စွန့်ပစ်မှာစိုးလို့ အတွတ်
ကတော့ တွတ်နီကို အတွတ်ရင်ခွင်က မချခဲ့ဘူး။

ဘာဖြစ်လို့ အချစ်ပါရမီ ဒါလောက် ဖြည့်နေ
အတွတ်ရယ်လို့ မေးရင် ရှေးကြည့်စမ်းမွေး၊ အတွတ်
တို့သာ မိဘ အမေ့အနှစ်တွေနဲ့ အစဉ်အဆက် ချမ်း
သာခဲ့တယ်။ ကိုယ့်ပညာနဲ့ လူ့ဘောင် အတွက်
အကျိုးပြုခဲ့တယ်။ မွေးဟာလဲ ဘဝမှာ အလူးအလှိ
မ်ခဲ့ရတယ်ဆိုပေမင့် တို့များဆင်းရဲတာယ်ဆိုတာ တိုက်
ကြီး ပေါ်နေပြီး ကားကြီးတွေစီးပြီး ခံရားနေရ
စိတ်ဒုက္ခ ဝေဒနာပါ။ တခြားသူတွေမှာ ထမင်





တစ်လုတ်စားဖို့ အပူရှိန်ပြင်းစွာနဲ့ ခံစားကြရတဲ့ ဒုက္ခ
တွေမှိလား၊ အတွတ်တို့ အတိတ်ဘဝကဘာအကုသိုလ်
တွေပြုခဲ့မှန်း မသိဘူး။ သဲခံရေအိုးအောက်က ကာရွတ်
လို အေးအေးလေးနဲ့ တမြည့်မြည့် ဆွေးရတဲ့ဝဋ်တွေ
လေ၊ ဒါကြောင့် အဲဒီ သံသရာ ဝဋ်ဆင်းရဲက လွတ်ရ
ပါစေကြောင်း အချစ်ပါရမီဖြည့်ပြီး အခွင့်အလမ်း
ကြုံသမျှ နိုးစပ်ရာက ကူညီနေခြင်းပါပဲ မွေး။

အာရောဂျမှာတုန်းက ရန်ကုန် ပြန်ရောက်ရင်
အတွတ် သင့်တော်တဲ့ အမျိုးသမီး တစ်ယောက်
ယောက်နဲ့ လက်ထပ်ဖို့ မွေး ပြောခဲ့တယ်လေ။
မြလက်စွပ် တစ်ခုကိုလဲ မွေး လက်ဖွဲ့မယ်တဲ့။

အတွတ်ကလဲ မွေးနဲ့ ကိုကိုနိုင်ကို စိန်လက်စွပ်
တစ်ကွင်း လက်ဖွဲ့ခဲ့တယ်။ မွေးရဲ့ လက်ချောင်းပေါ်
မှာ အတွတ်ကိုယ်တိုင် စွပ်ပေးခဲ့တဲ့ စိန်လက်စွပ်ဟာ
ခုထိ အရောင်တဖိတ်ဖိတ် တောက်ပဆဲပဲမို့လား။

အာရောဂျမှာ မွေးအတွက်ကို လက်ဖွဲ့မယ်လို့
ပြောတဲ့ မြလက်စွပ်ကိုဖြင့် တခြား အမျိုးသမီး
တစ်ဦးတစ်ယောက်ရဲ့ လက်ပေါ်မှာ မတင်လိုပါ။
မွေးကိုယ်တိုင်ပဲ ဒီမြလက်စွပ်ကို မွေးလက်မှာ ဝတ်
ဆင်ဖို့ အခွင့်သာပါစေလို့ အတွတ် ဆုတောင်းပါ
တယ်။

အတွတ်ရဲ့ အချစ်ကို ဖွင့်ဟပြီး ပထမဆုံး ပြော
စဉ်က မွေးကပြောခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



'စုလည်း မဆင် နောက်ထုံးရှင်နှင့် မြင်လျှင်ပင် ကို ကြိုးပါလိုလည်း ကုသိုလ် ကြမ္မာ မမီပါခဲ့.......' လို့ ကဗျာလေးရွတ်ရင်း ဘယ်လိုပဲချစ်ချစ် ကုသိုလ် တို့ ကြမ္မာတို့ဆိုတာ ရှိသေးတယ်လို့ မွှေးပြောခဲ့သေး တယ်။

ခုတော့ ရှင်တေဇောသာရကို ခွင့်ပန်ပြီး အတွတ် တောင်းပန်မယ်။ ရခိုင်မြေပေါ်မှာ ရခိုင်မင်းသမီးကို မြင်တော့ ရှင်တေဇောသာရဟာ 'ရှင်သာရခိုင် တန် ဆောင်လော' ကဗျာကို ဖွဲ့နွဲ့ခဲ့လို့ ခုထက်တိုင်အတွတ် တို့မှာ အကြောင်းဆုံတိုင်း သူ့ကဗျာလေးကို အတွတ် တို့ ရွတ်ဆိုခဲ့ရတယ်။

'အရှင် တေဇောသာရ ဘုရား....အတွတ် ဆိုတဲ့ လူတစ်ယောက်ကိုဖြင့် သနားချစ်ခင်စွာ စေတနာ ထားပြီး စကားလုံး တစ်လုံးပြောင်းပြီး ရွတ်ဆိုခွင့် ပေးပါ....'လို့၊ အတွတ် ရွတ်ချင်တာကတော့လေ....

'စုလည်း မဆင် နောက်ထုံးရှင်နှင့် မြင်လျှင်ပင် ကြိုးပါလို၏။ ကုသိုလ်ကြမ္မာ မီကောင်းပါရဲ့.....'

ချမ်းမြေ့ရွှင်လန်းပါစေ

အတွ
(ခေတ္တ) ရခိုင်

## အခန်း (၁)

'မလေးတဲ့ မောင့်သူဇာ
မောပြေအောင် ဖန်ပြာခွက်နဲ့
ကျောက်စက်ရေ၊ ကြည်ကြည်လဲ့ကို
ပေးတိုက်ပါတဲ့။
အပြာကို တဏှာလို့ ရည်ညွှန်း....။
မလေးတဲ့ မောင့်သူဇာ
မောပြေအောင်
မြစိမ်းခွက်နဲ့
ကျောက်စက်ရေ ကြည်ကြည်လဲ့ကို
ပေးတိုက်ပါတဲ့။
မြလွှာကို မာတယ်လို့ ရည်ညွှန်း....။
မလေးတဲ့ မောင့်သူဇာ
မောပြေအောင် နှီးညိုခွက်နဲ့
ကျောက်စက်ရေ ကြည်ကြည်လဲ့ကို
ပေးလိုက်ပါတဲ့။
နှီးလွှာမှာ မရှည်ကြာလို့ ရည်ညွှန်း....။
ဖန်ပြာနဲ့လဲ မတန်ပါ၊ မြလွှာနဲ့လဲ မတန်ပါ။
နှီးညိုနဲ့လဲ လက်မကမ်း။
တွေးခက်တယ် ရေစင်စက်ကို
ဘယ်ခွက်နှင့်မှန်း'

●

www.burmeseclassic.com



**အတွတ်ရေ...**

'ကန်တော်မင်းကျောင်း၊ မေတ္တာလောင်းသော၊ ဘုန်းပေါင်းကျက်သရေ၊ ပရမေသီရိ၊ ကိတ္တိဂုဏဝန်း၊ ထန်းသည့်တေဇာ၊ အခြာလူ့ထိပ်၊ နှိပ်လျက်စိုးသော၊ ဝှန်ပြိုးရတနာ၊ ရွှေဂူဒါယကာ၊ မဟာဓမ္မရာဇ်' အဲဒီစာပိုဒ်ကလေးတွေ မွေးရေးတာမဟုတ်ပါဘူး။ ကန်တော်မင်းကျောင်း မေတ္တာစာရဲ့အစ စာပိုဒ်ပေါ့။ ကန်တော်မင်းကျောင်းဆရာတော်က သူ့မေတ္တာစာ ပေးလိုတဲ့၊ ဒကာတော်ရေမြွေရှင်ကို မေတ္တာရှေ့ထားပြီး ခေါ်တဲ့ အာလုပ်စကားပါပဲ။

မေတ္တာစာ ပုံစံတွေ မြန်မာစာပေသမိုင်းမှာ အသိးသိးရှိခဲ့တာတွေတော့ တက္ကသိုလ်မြန်မာစာဌာနကပါမောက္ခတွေကအစ နည်းပြဆရာတွေအဆုံး သူတို့အသိဆုံးပါပဲ။

မွေးကနေ အတွတ်ဆီကို ပြန်ရမယ့်ပြန်စာကတော့ ကန်တော်မင်းကျောင်း မေတ္တာစာပုံစံလဲမဟုတ်။ ဦးပုည မေတ္တာစာလိုလဲ သောက္ခက်တွေ၊ ဘဝကို သရော်တဲ့ပုံစံ၊ နာကြည်းဟန် ငေါ့တော့တော့ စကားလုံးလေးတွေနဲ့ရေးလို့လဲမဖြစ်။ ကျီးကန်ရှင်ကြီး မေတ္တာစာလို....

'ကျောက်ဖြူကိုလဲမနမ်းနဲ့၊ အောက်သူကိုလဲမစမ်းနဲ့' ဆိုတဲ့ဆုံးမစာဆန်ဆန်ရေးတဲ့ မေတ္တာစာပုံစံနဲ့လဲ ရေးလို့ မဖြစ်ဘူး။

[illegible]



တကယ်တော့ အတွတ်က မွေးကိုချစ်လို့ ရေးပေးတဲ့စာကို မွေးက ချစ်တယ် 'မချစ်ဘူး၊ လက်ထပ်နိုင်မယ် မထပ်နိုင်ဘူးဆိုတာကို ပြန်ရမယ့်စာပါပဲ။

ရှင်းရှင်း ခေတ်စကားနဲ့ပြောရရင် ရည်းစားစာပဲ။ ဒါပေမယ့် ဆယ်ကျော်သက်ကနေ အသက်နှစ်ဆယ် မတိုင်ခင်မိန်းကလေးနဲ့ ယောကျ်ားလေး ချစ်လို့ပေးတဲ့ ရည်းစားစာကလဲ ပုံစံတစ်မျိုးပဲ။ အဲဒီ အရွယ်တွေ ရေးကြတာက (Emotion) ဆိုတဲ့ ခံစားမှုဝေဒနာကစတဲ့ ရည်းစားစာဆိုတော့ ဘဝအကြောင်း သံသရာအကြောင်းတို့ ပါချင်မှ ပါပေလိမ့်မယ်။ ဆင်ခြင်တာတွေ စဉ်းစားတာတွေ ပါချင်မှပါမယ်။

'မေတ္တာစုမြဲ ချစ်၊ ချစ်တာ တစ်ခုတည်းပင်' ဆိုတဲ့တစ်မျိုးပဲ။

အသက်နှစ်ဆယ်ကျော်တော့ လူ့ဘဝဟာ ရင့်ကျက်ချိန်အစပျိုးလာလေတော့ ဘဝအကြောင်းကို နှီးနှောယ်လာပြီ။ ချစ်တာတစ်ခုတည်းသိတဲ့ ရည်းစားစာပုံစံမျိုး မဟုတ်ပြန်ဘူး။

မွေးကနေ အတွတ်ဆီကိုပြန်ရမယ့်စာကတော့ အသက်သုံးဆယ်ကျော်မှ ပြန်စာဆိုတော့ ရည်းစားစာက သီးသန့်ပုံစံဖြစ်နေမှာပဲ အတွတ်ရယ်။

ဘဝအကြောင်းရော သံသယရဲ့အကြောင်းရော၊ သံသရာအကြောင်းရော အစုံပါမှာပဲ။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



'အချစ်နဲ့မကင်းတဲ့ လောကီသားတွေဆိုတော့ အချစ်ဟာ အပြစ်မဟုတ်ဘူး။ ချစ်၍နှစ်ခြင်းသည်သာ အပြစ်လို့ မွေး ယူဆတယ် အတွတ်။

ချစ်လို့ နှစ်တော့မှ နှစ်ကြတော့တာကို၊ နှစ်အောင် ချစ် တာမျိုးတော့ ဘယ်သူ့နှလုံးသားမှာမှ မရှိစေချင်ပါဘူး လေ။

မွေးလေ အတွတ် ငယ်ငယ်ကခေါ်သလို မကျည်းတန်ဆို တဲ့ မိန်းမတစ်ယောက်ဟာ သူငယ်ငယ်က အကျည်းတန်ပါ တယ်။ ညီအစ်မလေးယောက်ထဲမှာတင် မဟုတ်ပါဘူး။ သူ့ သူငယ်ချင်း ကျောင်းသူတွေထဲမှာလဲ မွေးဟာ အကျည်း တန်တဲ့ ကောင်မလေးဆိုတာ အတွတ် အသိဆုံးပါပဲ။

ဒါပေမယ့်လည်း တခြားကျောင်းသူအလှတွေလိုပဲ ရည်း စားစာ အပေးခံရတာပဲ။

ငယ်ရွယ်သူတွေရဲ့ ဓမ္မတာ၊ ကိုယ့်ချစ်သူ အလှကို ဖွဲ့ရတဲ့ အဖွဲ့ဟန်က ပါရစမြဲကို။

'အသားရယ်ဖြူ လူပေမို့လား၊ အသားတော်ညိုပြာညက် ကယ် နန်းတော်ထက်ဖွား' ဆိုတဲ့ကဗျာကို မွေးကိုပေးတဲ့ စာ တွေထဲမှာ အများဆုံး သုံးလာတာကိုတွေ့တယ်။ အသားဖြူ ဟာ မြင်းတစ်ပြေး၊ အသားညိုဟာ ကွမ်းတစ်ယာညက် အကြည့်ခံတဲ့ အလှလို့လဲ စာဖွဲ့ကြတယ်။ အသားညိုချော သဘောကောင်းမို့ ပိုမိုချစ်ရပါတယ်ဆိုတဲ့အဖွဲ့တွေ ပါလာ တာပေါ့လေ။ ဘာကြောင့် ချစ်တယ်ပဲ ပြောပြော မိန်း ကလေးအနေနဲ့ ဘဝင်ကျစရာပေါ့ အတွတ်ရယ်။



ဒါပေမင့်လေ အတွတ် သိပြီးသားကို ထပ်ပြောရရင် မွေးရဲ့ဘဝကို ယခုအထိ ပုံစံအမျိုးမျိုး ပြောင်းလဲသွားစေတဲ့ ရည်းစားစာပိုင်ရှင် သုံးယောက်ကတော့ ကိုတင်အောင်ထွန်း (ခေါ်) ဖရက်ဒီရယ်၊ ကိုကိုနိုင်ရယ်၊ အတွတ်ရယ်ပဲ။

မွေးလေ မျက်နှာများသူ၊ ရည်းစားများသူ မဖြစ်ချင် တော့ များလဲမများခဲ့ဘူး။ များအောင်လဲ မနေခဲ့ဘူး။ တစ်ယောက်ဆို တစ်ယောက်မှပဲကွယ်ဆိုတဲ့ စိတ်နဲ့ ဂုဏ်ကို လဲ ထိန်းချုပ်ခဲ့တယ်။

ဖရက်ဒီဆီကို စာပြန်ခဲ့တော့လဲ 'ဖရက်ရေ လက်ထပ်တဲ့ သူနဲ့ ချစ်တဲ့သူဟာ မွေးရဲ့ဘဝမှာ တစ်ယောက်တည်းပဲ ဖြစ် စေချင်တယ်လို့' မွေး သူ့ဆီကို စာပြန်ခဲ့ဖူးတယ်။

မေမေက အတန်တန် မချစ်ပါနဲ့လို့ တားတဲ့ကြားက ဖရက်ဒီကို အသည်းနှလုံးပုံပြီး ချစ်ခဲ့မိတယ်။ ကိုယ်ကတော့ မပုံခဲ့ပါဘူး။

ဒါကြောင့်လဲ ကွဲရတဲ့အခါမှာ သမီးရည်းစားပင် ဖြစ် ပေမယ့် မွေး နှလုံးရောဂါ အဲဒီက စခဲ့တာပါ။ မွေး မလိမ် လိုပါဘူး။

ဒုတိယ စာကတော့ ကိုကိုနိုင်ဆီကစာ၊ သူ့စာရဲ့ အဖွဲ့အနွဲ့ ကို အတွတ်ကိုယ်တိုင် ဖတ်ခဲ့ဖူးပြီး သူ့စာကိုအတွတ်ကိုယ်တိုင် ဖတ်ပြီး မွေးကိုပဲ ကိုကိုနိုင်နဲ့ လက်ထပ်ဖို့ အတွတ်နားချခဲ့ တာ သတိရသေးလား။

www.burmeseclassic.com



နောက်ဆုံး စာကတော့ ကိုကိုနိုင် ဆုံးပြီးမှ အတွက်ဆီက ရတဲ့စာပဲ။ ဒီစာဟာ မွေးဘဝမှာ နောက်ဆုံး (Turning Point) အရေးအပါဆုံး၊ ဘဝ ခရီးတစ်ကွေ့မို့ မွေး သတိထားပြီး စာပြန်ရပါတယ် အတွက်။

ပန်းတွေ ဖွေးဖွေး ကြွေတဲ့လမ်းမှာ တစ်ယောက်လက် တစ်ယောက်တွဲပြီး စိတ်ကူးယဉ်ယဉ်နဲ့ လျှောက်ရမယ့်အရွယ်တွေလဲ မဟုတ်။

လေညင်းရဲ့ စောင်းသံအောက်မှာ သစ်ရွက်နုလေးတွေ ကဗျာသီဆိုနေတာကို နှစ်ယောက် မိန်းမောပြီး နားထောင်ရမယ့် အရွယ်တွေလဲ မဟုတ်တော့ဘူး။

အသည်းကြွေကွဲလို့ လေလွင့်ပြီး အတွက် တစ်ယောက် နစ်သွားရပြီကောလို့ မွေးကိုချစ်လို့ ဒီလိုအဖြေ (ရလဒ်) ကိုလဲ အတွက် မရစေချင်ဘူး၊ မရထိုက်တော့ဘူး။

ကျောချင်းကပ်ပြီး၊ တဖြေးဖြေးဝေး၊ တစ်ကမ္ဘာစီခြားသွားအောင် မစိမ်းပင် အချစ်မျိုးနဲ့လဲ မွေး အတွက်ကို မပစ်ခဲ့ရက်ပါဘူး။

ရွှေဝံ့မင်း အမြီးမျှော်သလို ခရီးတော်နီးရက်နဲ့ ဝေးခဲ့ရတဲ့ အတွက်ဆိုတဲ့ မင်းကျန်ရစ်ကို မွေး စေတနာ ကရုဏာ ရှေ့ထားပြီး ဒီစာကို ရေးလိုက်တယ်ဆိုတာကိုတော့ အတွက် သတိပြုစေချင်ပါတယ်ကွယ်။

အတွက်ရဲ့စာကို ချေးမချော မိုနာလက်က တစ်ဆင့်ရခဲ့ပါတယ်။ ရခဲ့ပြီးလို့လဲ အထပ်ထပ် မွေး ဖတ်ခဲ့ပြီးပါပြီ။





ပထမတော့ စာမပြန်ဘဲနေမလို့၊ အတွက် ရန်ကုန်ပြန်လာမယ့်အချိန်မှာ လူချင်းတွေ့ဆုံပြီး အခြေအနေ အရပ်ရပ်ကို ပြောပြမလို့ပါပဲ။

အတွက်ရဲ့ ချေးမချော မိုနာက အတွက်ရဲ့ စာကို ပေးရုံတင် မဟုတ်ဘူး၊ နောက်ဆက်တွဲပါ ဆက်ပြီး ပြောသွားလို့ ဒီစာကို ရေးဖြစ်အောင် ရေးရတယ် အတွက်။

မိုနာဟာ မိန်းမချောလေးပဲနော်။ ရုပ်တင် ချောရုံ မဟုတ်ဘူး စကားပြောလဲ ပြေပြစ်လိုက်တာ။ လူယောက်မ ခေါ်တာ မိုးကောင်းခေါ် အတွက်နဲ့ ဘာမှ မတော်ပါလား။ မိုနာကပြောတယ်၊ အန်ကယ်မိုးက မှာလိုက်တယ်တဲ့ 'မင်းတို့ အန်တီ မကျည်းတန်ဆီက ပြန်စာအပေါ်မှာ တည်ပြီး အန်ကယ့်ဘဝ ဆက်လက် လှုပ်ရှားရမှာမို့ ဒီပြန်စာမှာ အဖြေဆက်ဆက်ရေးပေးပါလို့' မှာလိုက်ပါတယ်တဲ့။ ခုတော့ အန်ကယ် မိုးဟာ ရခိုင်နယ်မြေမှာ ခရီးဆက်လက်သွားရင်း အန်တီရဲ့ ပြန်စာကို စောင့်နေမယ်တဲ့။ နွေဦးပေါက် တစ်ရာသီလုံး မေယုမြစ်ကို ဆန်တက်ပြီး စိုင်းဒန်းရေတံခွန်အထိ သွားမယ်တဲ့။ ဘူးသီးတောင်၊ မောင်တော၊ ဘော်သီ ဘဇားထိလဲ ရောက်မယ်တဲ့၊ မင်းကြီးရွာမှာ အခြေချပြီး အနီးအနား တစ်ဝိုက်ကို ခရီးဆန့်မယ်လို့ မိုနာက ပြောသွားတယ်။

မိုးဦးကျမှ ပေလီကို ပြန်နားလိမ့်မယ်တဲ့။ ဒါကြောင့်မို့ ပေလီကိုနားဖို့ ပြန်အလာမှာ အန်တီ့ စာကို အမောပြေ အန်ကယ်မိုး ဖတ်ရပါစေလို့ မိုနာ ဆုတောင်းပေးသွားတဲ့။



www.burmeseclassic.com

www.burmeseclassic.com



မိုနာလေ လှလှပပ သူ့နှုတ်ခမ်းလေးနဲ့ စကားလုံးလေး တွေကိုပြောပြီး အတွတ်စာကို မွေးလက်ထဲ ထည့်သွားပါ တယ်။

မွေးရဲ့ပြန်စာဟာ ရခိုင်မြေအနှံ့ ခရီးဆန့်ပြီး မောပန်း ငကြီး ပြန်လာတဲ့ အတွတ် အတွက် ဖန်ပြာခွက်နဲ့ ကျောက် စက်ရေ ဖြစ်ရမှာပေါ့နော်။ ဆရာဝန်အလုပ်ဟာ ကုသိုလ် လဲရ၊ ဝမ်းလဲဝမို့ စိတ်ထားတတ်ရင် အလွန် မြင့်မြတ်တဲ့ အလုပ်ပဲ။ အခု အတွတ် သွားမယ့်နေရာတွေဟာ ရခိုင်ပြည် နယ် မြောက်ပိုင်းမို့ မိုးရာသီဆိုရင် မိုးရေချိန်လက်မ ၁၀၀- ကျော် များပါတယ်။ ရှာမိရင် မိုးစွေလို့ မဆိုးပေဘူးပေါ့။ ယခုလို ဆောင်းဦးပေါက်နဲ့ နွေရာသီ တစ်ခုလုံး မြောက် ဘက်ပိုင်းကိုသွားတာ ကောင်းပါတယ်။ မိုးရာသီမှာ ပေလီ မှာ ပြန်နားတာလဲ ကောင်းပါတယ်။

မိုနာပြောတော့ ပေလီစခန်း နောက်က ဇီးဖြူကုန်းရွာ လေးမှာ အတွတ် အိမ်တစ်အိမ်ငှားပြီး ဆေးခန်းဖွင့်ထား တယ်ဆို၊ စိတ်ချမ်းမြေ့စရာပါပဲ။

ခုခေတ် တေးဆိုတဲ့ ကလေးမလေးတွေ အလိုအရဆိုရင် အတွတ်ဆိုတဲ့ ဆရာဝန်ကြီးအပါးမှာ မွေးဟာသူနာပြုဆရာမ လေးဖြစ်ရင် သိပ်ကောင်းမှာပေါ့နော်။

ဩော်....အကောင်းဘက်ကတွေးရင် အားလုံးအကောင်း ကြီးပဲပေါ့ အတွတ်ရယ်။ အားလုံး အကြောင်းတွေကိုလဲ အကောင်းပဲဖြစ်ပါစေလို့ မွေး ဆုတောင်းပါတယ်။





အတွတ်ဆိုတဲ့ ဆရာဝန်ကြီးရဲ့ တရားဝင် နာမည်ကိုကလဲ ဒေါက်တာ မိုးကောင်း ဆိုတော့ အကောင်း တွေတော့ စုပေါင်း နေတာပေါ့လေ။ တကယ်ကောင်း မကောင်းက တော့ ဘဝအကြောင်းပေါ်မှာ တည်လေရဲ့။ တို့များ နှစ် ယောက်ရဲ့ ဘဝအကြောင်းက တို့ရဲ့အနာဂတ်ကို ဖန်တီးမှာ ပေါ့။

မွေးရဲ့ နာမည်ကသာ ငယ်တုန်းက အတွတ် ခေါ်ခဲ့တာ 'မကျည်းတန်'တဲ့။ ပညတ်သွားရာ ဓာတ်သက် ပါတတ်တဲ့ သဘောအရဆိုရင် မွေးရဲ့ ဒုတိယအရွယ်နဲ့ တတိယအရွယ်မှာ မွေးဆိုတဲ့ နာမည်အတိုင်း ဘဝရဲ့ အဆုံးအထိ မွေးဘဝဟာ မွေးပါစေ၊ အေးပါစေလို့ ကိုယ့်ကိုယ်ကိုပဲ ဆုတောင်းရတယ် အတွတ်။

ဟုတ်တယ် အတွတ်၊ ကိုယ့်ကိုယ်ကိုပဲ ဆုတောင်းရတယ်။ ဘာဖြစ်လို့လဲဆိုတော့ မွေးအတွက် ဆုတောင်းမေတ္တာ ပို့သ ပေးမယ့် အရင်းနှီးဆုံးသူဟာ ဒီမြေပေါ်မှာ မရှိတော့ဘူး။ ဘဝအကြောင်းများ တယ်ကြောက်ဖို့ ကောင်းတယ်နော်။ အတွတ်လဲတစ်ယောက်တည်းပါပဲ။ ဒါပေမင့် ခုနေ အတွတ် သေရင်လေ သားကြီး ရစ်ချတ်ကအစ ငိုမယ့်လူတွေ တစ်ပုံ ကြီးနော်။ မွေးမှာတော့ သေရင်တောင် ငိုမယ့်လူ ရှိပါ့ မလား မသိဘူး။

စကားစပ်လို့ ရေးရဦးမယ်။ တစ်နေ့က သူငယ်ချင်း တစ်ယောက်နဲ့ ရောက်တတ်ရာရာ ပြောကြရင်းက မွေးက



www.burmeseclassic.com

www.burmeseclassic.com



အဲဒီစကားလုံးကို ပြောမိတယ်။ ဒီတော့ သူက ပြောတယ်။ 'မွေးကလဲကွယ်တဲ့ မင်းသေရင် ကျိတ်ငိုမယ့်သူတွေတစ်ပုံကြီး ပါတဲ့' ဪ....လူမျှားဟာ တယ်ပြီး ကိုယ့်ကိုယ်ကို ဘက်လိုက် တွေးတတ်တဲ့သဘော သိပ်ရှိတာပဲနော်။ သေပြီးတဲ့နောက် ဒီခန္ဓာကိုယ် အတ္တဘောက ဘာမှ ခံစားမှုမရှိတာတောင် ကိုယ့်နာမည်ကို ဖော်ထုတ်ဟစ်ကြွေးပြီး ငိုစေချင်တဲ့ ဆန္ဒရှိရသေးတယ်။ အတွတ် တစ်ယောက်တော့ ကျိတ်ပြီး ငိုတဲ့အထဲ ပါကောင်းပါရဲ့နော်။ စကားစပ်မိလို့သာ ရေးပြတာပါ။ မိရှေ့မွေးအတွက် ဘယ်သူ့မျက်လုံးကမှ မျက်ရည် တစ်စက် မကျစေချင်ပါဘူး။

ဝမ်းနဲ့မလွယ် သားမမယ်ဘူးတဲ့။ မိဘက သားအပေါ်ထားတဲ့ မေတ္တာဟာလဲ ဘယ်မေတ္တာနဲ့မှ မယှဉ်သာပါဘူး။ ဒီလိုပဲ သားသမီးလိမ္မာတော့လဲ မိဘအပေါ် တယုတယ ပြုစုတဲ့မေတ္တာဟာ ခံစားရတဲ့မိဘအဖို့ အင်မတန် ကြည်နူး နှစ်သိမ့်စရာ ကောင်းပါတယ်။

ဘဝအကြောင်း မကောင်းတဲ့ မွေးအဖို့တော့ ဝမ်းက လွယ်ပြီး သားတစ်ယောက်ကို အဖြစ်ရှိအောင် ကျကျနန မမွေးခဲ့နိုင်တဲ့ မိန်းမတစ်ယောက်ပေကိုး။ ဒီတော့ ဝမ်းနဲ့ လွယ်မွေးတဲ့ သားမျှားမိခင်တွေလို သားသမီးအစစ်ရဲ့ ချစ်မေတ္တာကို မွေး ခံစားခွင့် ဘယ်ရှိပါမလဲ။

ဒါအတွက် ဝမ်းနည်းစရာလားဆိုတော့လဲ မဟုတ်ပါဘူး အတွတ်။ ကိုယ့်ကိုယ်ကို ရှေ့တန်းတင်ပြီး သိပ်သနားနေရင်တော့ ၃၁-ဘုံမှာ သတ္တဝါဟူသမျှ သနားစရာကြီးပဲ



ဗုဒ္ဓရဲ့ အဘိဓမ္မာအရဆိုတော့ အတိတ်ကံ အကြောင်းရင်းက မွေးရဲ့ ပစ္စုပ္ပန်ဘဝ အကျိုးပေးကို ဖန်တီးလေတော့ ကြေကွဲဝမ်းနည်းစရာ မဟုတ်ပါဘူး။

သူငယ်ချင်း တစ်ယောက်က အကြံဉာဏ် ပေးတယ်။ ကြီးတဲ့အခါ လက်တိုလက်တောင်း ဆေးပေးမီးယူရအောင် မိန်းကလေး တစ်ယောက်ကို လူမှန်းမသိခင် အရွယ်ကစပြီး မွေးစားပါလားတဲ့။

သူ့အကြံဉာဏ်ကို မွေးက ပြုံးပြီး နားထောင်ခဲ့တယ်။ ဘာမှ အဖြေမပေးခဲ့ပါဘူး။ သူကလဲ ကောင်းစေလိုလို့ အကြံဉာဏ်ပေးတာပါပဲလေ။

ဘာဖြစ်လို့ မွေးပြုံးလဲဆိုတာတော့ အတွတ်တစ်ယောက်ကို ရေးပြရဦးမယ်။ ဝါးခယ်မက အသိတစ်ယောက်ရဲ့ ဈာပနကို မွေး သွားခဲ့တယ်။ သူ့အမည်က ဒေါ်ပြည့်ဝတဲ့။ ဝါးခယ်မသူပဲ။ ရန်ကုန်မှာ အနိစ္စရောက်တယ်။ အတွတ်နဲ့တော့ မရင်းနှီးပါဘူး၊ မွေးတို့နဲ့ ရင်းနှီးတယ်။ ဝါးခယ်မသူ ဝါးခယ်မသားတွေဟာ ရင်းရင်းနှီးနှီးပဲ စုဝေးလာကြပြီး ဒေါ်ပြည့်ဝ ဈာပနကို သင်္ဂြိုဟ်ကြတယ်။

မွေးက ထူးထူးခြားခြား လူစုလူဝေးကို ကြည့်မိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒေါ်ပြည့်ဝဟာ သမီး သုံးယောက်၊ သား နှစ်ယောက် မိခင်ပေါ့။ မွေးလို အထီးကျန် မိန်းမ တစ်ယောက် မဟုတ်ပါဘူး။ ဒေါ်ပြည့်ဝ ဆိုတဲ့အတိုင်း သားသမီး အပြည့်အဝပါပဲ။ သေတစ်ကံ ရှင်တစ်ကံ ဘဝ

www.burmeseclassic.com

www.burmeseclassic.com



ကံက ဖန်တီးလာတော့ အဲဒီ ဒေါ်ပြည့်ဝ ဈာပနမှာ သား အငယ်ဆုံးလေးက လွဲလို့ ဘယ်သူမှ သူတို့မိခင်ကို လာပြီး မသဂြိုဟ်ကြဘူး။ ပရိသတ်ဆိုတာက ဈာပန ပြာချပြီးတဲ့ နောက် အတင်းလေးတွေ ပြောကြပြီး ပြန်လာကြတာ ဈာပနအတင်းဖေပါ့လေ။

'ဒေါ်ပြည့်ဝဟာ အခုသေတဲ့အချိန်မှာ မပြည့်ဝ ရုံတင် မဟုတ်ဘူး၊ ဆေးရုံမှာ ရောဂါသည်းလို့ တင်ထားချိန် မှာတောင် ဘယ်သားသမီး တစ်ယောက်မှ လာမကြည့်ကြ ဘူးတဲ့'

တစ်ယောက်က ဝင်ပြောတယ်။ 'ဘယ်လာကြည့်မလဲ ကွာ၊ သေတဲ့ရောဂါရတာကိုက ဖဲဝိုင်းနာကွ၊ ဖဲချရင်း အညောင်းအမိ လွန်ပြီး စားရမှန်းမသိ၊ အိပ်ရမှန်းမသိ၊ မိုးလင်းအထိ ဖဲချလို့ရတဲ့ရောဂါ၊ ပြီးတော့လဲ သမီးတွေရဲ့ လက်ဝတ်လက်စားတွေ ပေါင်ပြီး ဖဲချတာ၊ ဒီမိန်းမ သေတာ ကောင်းသတဲ့'

မေးဖြင့် ကြက်သီးဖြန်းဖြန်းထသွားမိတယ်။ ကြားရတာ ကြောက်စရာ မကောင်းဘူးလား အတွတ်။

ဒီတော့ တစ်ယောက်က ဝင်ပြောပြန်တယ်။ 'ဟော့.... သမီးတွေရဲ့ လက်ဝတ်လက်စားပေါင်ပြီး ဖဲချလို့ ဒီမိန်းမ အပြစ်ရှိရင် သူ့ အပြစ် သူခံရမှာပေါ့တဲ့'

သူလင်မသေခင်က ဒီကလေး ငါးယောက်ကို ဝမ်းနဲ့ လွယ် မွေးခဲ့ရတဲ့ ဒီမိခင်ရဲ့ ကာယိက ဒုက္ခကိုပဲ ထောက် ထားဦး။ ဒီဘမီး ၃-ယောက်ဟာ မိခင်ရဲ့နောက်ဆုံးအချိန်



မှာတော့ လာရောက်ပြုစုသင့်တယ်။ လင်သေတော့ မုဆိုးမ ဘဝနဲ့ ဒီမိန်းမဟာ ကလေး ငါးယောက်ကို လူဖြစ်အောင် ဘယ်လို မွေးလာရတယ်ဆိုတာ ငါ အသိဆုံးပါကွာ။ ဟော့ နောက်ဆုံး ကုန်ကုန်ပြောမယ်။ ဖဲချရုံမကလို့ ပြည့်တန်ဆာပဲ ထပ်သွားသွား မိခင်ဟာ မိခင်ပဲ။ သေခါနီးအချိန် လာ ကြည့်တဲ့ သားသမီးတွေကို ငါတော့ ခွင့်မလွှတ်ဘူး'တဲ့။ ါက ယောက်ျားတွေရဲ့ အသံ။

အမျိုးသမီး တစ်ယောက်က ပြောပြန်တယ်။ 'မိခင် တစ်ယောက်ဟာ သားတစ်ယောက် မွေးမယ့် အခါကျရင် ဘယ်လို ငမ်းမနာဆေး စားထားထား ဆီးကင်းလောက် ချေးတစ်ပေါက် မကျဘဲ မမွေးဘူးမှတ်။ ဩော်....ခုတော့ တစ်လုံးဖိုးကျေအောင် ကျေးဇူးဆပ်ဖို့ နေနေသာသာ ချေးတစ်ပေါက်စာတောင် ကျေအောင် သားသမီးက ပြုစု ဘာမခံစားရပါဘူး၊ အသည်းနာစရာကောင်းလိုက်တာ'တဲ့။ ါက အသံတစ်သံ။

'ဟဲ့....ခုခေတ်မှာ ချေးတစ်ပေါက်စာ နို့တစ်လုံးစာ ကျေးဇူးပြန်ဆပ်ဖို့ တွေးမိတာ မျှော်လင့်မနေနဲ့၊ ခြေဖဝါး ခွဲမခံရရင်ဘဲ ဂိမ္ဘိသာရရောဂါမရရင်ဘဲ သားသမီး အရှင် ခင်တို့ကို ကျေးဇူးတင်ပါ'တဲ့။ နောက်ဆုံး အမျိုးသမီး တစ်ယောက်က ဝင်စွက်ပြောလိုက်တော့ ပရိသတ်က ဘယ်လို ခက်ခံ သဘောပေါက်သလဲ မသိ။ ဝါးခနဲ ရယ်လိုက်တယ်။ ဒါးလဲ အသာပဲသူတို့ အနားကခွာပြီး ကိုယ့်ကားရှိရာ ကိုယ် လျှောက်လာခဲ့မိတယ်။

www.burmeseclassic.com



အိမ်အပြန်ကားပေါ်မှာတွေးလာခဲ့မိတယ်။ လူတွေကလဲ သူတို့အမြင်နဲ့သူတို့ ကောက်ချက် ချတာရပေါ့လေ။ ဒေါ် ပြည့်ဝရဲ့ အတိုတ်ကံနဲ့ သားသမီးတွေရဲ့ လက်တွေ့ အဖြစ်က ဘာအစပ်အဟပ် မတည့်လေသလားမှ မသိ။ အကြောင်းရင်း မှန်ကို ငါ ဘာမှ မသိသေးဘဲ စိတ်မောမနေနဲ့ဦးလို့ ကိုယ့် အတွေးမျှင် ကိုယ်သတ်လိုက်ရတယ်။

တစ်ခု သင်ခန်းစာရတာကတော့ ဝမ်းရေ ငါးခါ ငါး ကြိမ်တိုင်တိုင် အစမ်းခံ အနာခံပြီး၊ သားသမီး ငါး ယောက်ကို ဝမ်းနဲ့လွယ်မွေးခဲ့ပေမယ့် ပြုစုခံလိုက်မှ ခံရတာ ပါလားလို့ သဘောပေါက်လာတယ်။ မိဘမှာတော့ ရင်နာ ရတာပေါ့။

ဝမ်းရေတစ်ခါမှ မစပ်ဘူးတဲ့၊ မွေး အတွတ်ပြုစုမယ့် သူ မရှိဘူးလို့ ဝမ်းနည်းစရာ မလိုဘူး၊ ရင်ကျိုးစရာလဲမလို ဘူးပေါ့။

သူငယ်ချင်းတွေ အကြံဉာဏ်ပေးသလို ကလေးမွေးစား ဖို့ဆိုတာက ဒီလိုမွေးစားရင် သူတို့ဆီက ပြုစုခံရမှာပဲလို့ မျှော်လင့်ထားရအောင်က ဒီမျှော်လင့်ချက်ကို ဘယ်သူက အာမခံထားမှာတဲ့လဲ။

ဒါကြောင့် မွေးဟာ ကလေးမွေးစားဖို့လဲ စိတ်မကူးဘူး အတွတ်၊ မိမဲ့ဖမဲ့တွေကို သနားမေတ္တာစိတ်နဲ့ ကူညီချင်ရင် လူ မှုဝန်ထမ်းဌာနကို ကိုယ်ဖိရင်ဖိ သွားကူရုံပဲ။

တရုတ်ကြီး ဝဘ်မွေးသလို 'မွေး' ပြီး 'စား'လိုတဲ့ ရည် ရွယ်ချက်နဲ့တော့ ကလေးမွေးစားတာ မကောင်းပေဘူး။





တစ်ယောက်ယောက်ဆီက အပြုအစု အချစ်ကို ရယူတောင်း ခံလိုတဲ့သဘောနဲ့ဖြင့် ဘာမှမလုပ်တာဘဲကောင်းတယ်။

'နေပါဦး မွေးရယ်၊ အတွတ်ရေးတဲ့စာက ရှင်းရှင်း ပြောရရင် ၄၀ ကျော် နှောင်းသက်ရဲ့ရည်းစားစာပါကွယ်။ ဒီရည်းစားစာကို မွေး ပြန်ရေးနေတာက ဒေါ်ပြည့်ဝ အကြောင်း မာတော၀ါဒ ဆုံးမစာကြီးလို့' စာဖတ်ရင်း အတွတ် အပြစ်မတင်နဲ့ဦး။ မွေး အကြောင်းရှိလို့ရေးတာ။

အရင့်အရင်က ၂၀ ကျော်အချစ်၊ အိပ်မက်ရိပ်အောက် မှာ လရောင်ကို ဆိမ်းလုပ်ပြီး ပန်းဝတ်လွှာဖြူကို စက္ကူ အဖြစ်ထားပြီး ရေးခဲ့တဲ့ ကိုကိုနိုင်တို့ အတွတ်တို့ရဲ့ ရည်း စားစာတွေကို တစ်ခါတည်းကို မဆုံးနိုင်တဲ့ စာရှည်ကြီး တွေကို မွေး ဖတ်ခဲ့ရပြီး၊ အခု မွေးက ရေးရတဲ့အလှည့်။ အတွတ်က ဖတ်ရမယ့်အလှည့်။ ဒါပဲနော် 'အလှည့်ကျတော့ ခံနိုင်ဘူးတဲ့' ဟဲ ဟဲ ဒီစကားလုံးလေးဟာ သိပ်ကောင်းတာပဲ ကွယ်။ မွေးတော့ သိပ်သဘောကျတာပဲ။ အလှည့်ဆိုတာ မြန်မာ့ လောကဓံ်ခေါ်တဲ့ စကားလုံးကလဲ ဘဝရဲ့ အဘိဓာန် မှာ ပါလာရတာပေါ့။ မိန်းမတစ်ယောက်လုံး ယူရမယ့် အချိန်မှာ ခံစားရမယ့် ဒုက္ခတွေကို အသာထားလိုက်ပါ။ မွေးရေးမယ့်ပြန်စာရှည်ရှည်ကိုပဲ သည်းခံပြီး ဖတ်နိုင်အောင် ကြိုးစားလိုက်ပါဦး အတွတ် လူပျိုကြီးရယ်။

ကိုယ့်အလှည့်ကျတော့မှ 'ချစ်သလား မချစ်ဘူးလား၊ လက်ထပ်မှာလား လက်မထပ်ဘူးလား၊ ဒီမေးခွန်း နှစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ကိုပဲ တို-ကျန်း-ရှင်း’ဖြေရမှာ။ တကတဲ ပြန်စာကိုက ဗာရ
ကသိချုံပြီး ယမုံနာသီတာ ရောဝတီရော ဂင်္ဂါရော’အတွ
လန္တိတ် အာတိတ်စက်ဝိုင်းက ရေခဲတောင်တွေပါမကျန် ဖွဲ့
ရေးလိုက်တာလို့ စာဖတ်ရင်း ဒေါ်မပွနဲ့၊ အလှည့်ကျတော့
မန္တနဲ့။

သူရေးတဲ့ရည်းစားစာကျတော့ ဗိုလ်ချုပ်ကြီးအောင်ဆန်း
ရဲ့ ‘အပ္ပမာဒေန သမ္ပာဒေထ’လဲ ပါတယ်။ သိပ္ပံပညာ
ရော၊ မျောက်မင်းရော၊ ပုဏ္ဏားရော ငါးရာ့ငါးဆယ်နိပါတ်
တော်တွေ ကုန်ပြီလား၊ ရေးထားလိုက်တာ ဒီရည်းစားစာ
ရေးပုံဟန်ကိုတော့ သဘောကျပါပြီ၊ အဒေါ်းစိတ်လဲ ဖတ်
ပါတယ်။ ပြက်ရယ်လဲ မပြုပါဘူး။ အတွတ်ကို လေးစားတ
သဘော အပြည့်ရှိလို့ တခမ်းတနား ဒီစာကို လေးလေ
စားစား ပြန်ရေးနေတယ်ဆိုတာတော့ အတွတ် သဘော
ပေါက်စေချင်ပါတယ်။

ဒီလိုဆို ချစ်တာကိုဖွဲ့တဲ့ အချစ်ဘွဲ့ကို စာပြန်ရာမှာမ
မဆိုင်တာတွေ ဘာလို့ ထည့်ရလဲလို့ အတွတ်က ဆိုမယ်။

ခုတလော စာပေပညာရှင်ကြီးတွေက မိန့်ခွန်းခြွေ
တယ်။ သူတို့အဆိုအမိန့်အရ သမိုင်းနောက်ခံ လှုပ်ရှား
မပါရင် ဘာစာမှ အသက်မဝင်ဘူးဆိုပဲ။ ဒီတော့လဲ အတွ
ကို စာရေးဆဲ အချိန်တွေမှာ ပတ်ဝန်းကျင် လှုပ်ရှားမှု
အနည်းအကျဉ်း ပါသွားရတာပါ။ ဒါကိုပဲ အချစ်
စာပြန်ရင် အချစ်ကြောင်းပဲရေး။ သမိုင်းတွေ အုန်းစိန်





ပါရင် အတွတ် မဖတ်ချင်ဘူးလို့ အချစ်အာဏာရှင်ကြီးက
ရွေ့ဒေါ်တော် မထလိုက်ပါနဲ့ဦး။ အချစ် အကြောင်းကြီးပဲ
သီးသန့်ရေးပါ့မယ် ကိုရွှေတွတ်ရယ်။

အဲဒီတော့လဲ ဘာဝအကြောင်းကို ဘာမှမသိ လေ့လာ
သုံးသပ်မှုမရှိတဲ့ အချစ်သက်သက်သာ နားလည်တဲ့ အချစ်
ရူးမ ‘မရွှေမွှေး’ရယ်လို့ မဝေဖန်လိုက်နဲ့ဦး။ အမယ်လေး
စာရေးရတာ မလွယ်လိုက်တာနော်။ တကယ်တော့ ခုချိန်မှာ
အချစ်နာ ကျနေချိန်ဆိုတော့ အတွတ်ရဲ့ မွှေး တစ်ယောက်
ချစ်အကြောင်းသာ ရေးရမယ်ဆိုရင် စစ်တောင်းမြစ်ကျူစက်ဏ
လိုလောက်အောင်သာ စက္ကူထုတ်ပေးပါ။ စိုင်းဒန်ရေတံခွန်
နားက စက္ကူစက်ကြီးလဲ ပြန်ဆောက်လိုက်ပါဦး။

အီဂျစ်နဲ့ အစ္စရေး အခရေးအခင်းပြေပြစ်ပြီး စူးအက်
တူးမြောင်းကြီးလဲ ဖွင့်ပါစေ။ ဒီတစ်ခါ မွှေးရဲ့ အချစ်ပြန်စာ
တွေရေးဖို့၊ မဟာအချစ်စာတမ်းတွေပြုစုဖို့ ပင်လယ်ကူး
သင်္ဘောကြီးတွေရယ်၊ မြေထဲပင်လယ်ဖြတ်ပြီး ဟော်လန်တို့
ပိုလန်တို့က စက္ကူချောတွေ အမြန်ဆုံး သယ်လာနိုင်ပါစေ။

မွှေး အချစ်ဘွဲ့တွေရေးပြပါ့မယ်။ အတွတ်သာ နိုင်အောင်
ဖတ်ပေနော်။ ပြီးတော့သာ လူကို အပြစ်မတင်နဲ့။ အချစ်သာ
သိတယ် ဘာဝကို မသိဘူးလို့။

သိသမျှအကုန်သိပေါ့ အတွတ်။ မသိချင်ယောင်ကိုဆောင်
နေရတယ်လေ။ မွှေးတို့နှစ်ယောက်ဟာ ဖူးစာကံမဆုံကြလို့
မပေါင်းနှမလိုပဲ ချစ်လာခဲ့ကြသူတွေ ဖြစ်ပေမင့် မွှေး



www.burmeseclassic.com

www.burmeseclassic.com



ကျင်လည်ခဲ့ရတဲ့ ဘဝ အသေးစိတ်ကို မွေးရဲ့ချစ်သူ ခင်ပွန်းသည်ကြီး ကိုကိုနိုင်တောင် အတွတ်လောက် မသိခဲ့ဘူးမို့လား။

ပြီးတော့ လက်ရှိ အမြင်မှာတော့ ယောက္ခမကြီးရဲ့ အမွေကို ခံစားရတဲ့ အမျိုးသမီးတစ်ယောက်။ ခင်ပွန်းသည်ကလဲ ဒု-ဗိုလ်မှူးကြီး ဘဝမှာ ကွယ်လွန်ခဲ့ရလေတော့ ခံစားပိုင်ခွင့် ပင်စင်လစာကို အပြည့်အဝ ခံစားနေရတဲ့သူဆိုတော့ ဘဝ အကြောင်း ဘာမှမသိနိုင်လောက်အောင် ပြည့်စုံနေတဲ့သူလို့ ခေါ်ရမှာပဲ။ ဒီခေတ်မှာတော့ မွေး အချမ်းသာဆုံး ပေါ့လေ။

ပေါ့တော့တော့နဲ့ လက်ဝဲဆန်ဆန်ရေးရရင်တော့ ဘုံခုနစ်ဆင့် မြေကြီးကို မမြင်ရတဲ့ အပေါ်ဆုံးထပ်မှာ မြသားကို လေသာပြတင်းမှာ ကာပြီး ရွှေမှုန့်စားမွေးတဲ့ ရတနာ့ကြေးမုံမင်းသမီးလေးပေါ့။

မြပေါင်းချောင်ကို ရိုက်ခွဲပြီး လောကကို ရဲရဲတောင် မကြည့်ရဲဘူး။ မြသားက မြက်ခြောက်ကို ရှန်းစိုစေတယ်မို့လား။ မြသား ပေါင်းချောင်ကို ရိုက်ခွဲလိုက်ရင် ကောက်ရိုးခြောက် အရိုးချောင်ကို မြင်ရဲရှုရဲတဲ့ အားတောင် မရှိဘူး။ ရိုးပြတ် ကောက်ရိုးကို လယ်တောင်သူ မီးအရှို့လိုက်မှာ တငွေ့ငွေ့ ထွက်ပေါ်လာတဲ့ လယ်မီးအနံ့ကို ရှူလိုက်မိရင်ပဲ ကတ္တီပါ ကြာရိပ်အလယ်မှာ မိန်းမောသွားတဲ့ ရတနာ့ကြေးမုံမင်းသမီးလေပဲ၊ တမင်ကိုလုပ်နေရတယ် မထူးဆန်းဘူးလား။





တကယ့် မိရွှေမွေး အစစ်ကတော့ ရင်းပြားမြစ်ကို သွေးသောက်ပြီး နန္ဒင်းမှုန့်ကိုစားပြီး မွေးလာခဲ့တဲ့ အကြမ်းဆုံးသူတစ်ယောက်ပါပဲ။ အတွတ် အသိဆုံးပါလေ။

ဘုံကြမ်းဘူ မိန္နမ်းဟာ ဘဝခရီး ခယောင်းတောကြီးကို ကောင်းကောင်းကြီး သိပေမယ့် တစ်ခါတစ်ရံ မသိချင်ယောင် ဆောင်နေရတာပဲ။

အခုတော့ ရတနာ့ကြေးမုံ မင်းသမီးလေးဟာ မဟာဆန်ဆန်ပဲ နေပါတယ်။ မတော်တဆ မြသားအတိပြီးတဲ့ လေသာပြတင်းကိုများ ဖွင့်လိုက်မိလို့ လေစိမ်းလာဟပ်သွားရင်း မေ့များ လဲသွားရင် ရခိုင်မြို့ကျေး တစ်နေရာက ဆရာဝန်ကြီး အတွတ် ပြေးလာခဲ့ပါနော်။ မေယုမြစ်ရေကို ဒန်ပြာခွက်နဲ့ သယ်ယူလာပြီး မွေးကိုယ်ပေါ်မှာ ဆွတ်ဖျန်းလိုက်ပါ။ အိပ်ပျော်နေသော မင်းသမီးလေး နိုးလာမှာပေါ့။ အတွတ်သိပြီး ဖြစ်ပေမယ့် ဒီပုံလေးကို ပြန်လေ့လာရအောင်။

သိုးဆောင်းတွေရဲ့ နတ်သမီးပုံပြင်တွေထဲမှာ ဒီမင်းသမီးလေး အကြောင်းဟာလဲ စိတ်ဝင်စားစရာ ကောင်းတယ်နော်။

ဒဏ္ဍာရီ၊ ပုံပြင်ဆိုပေမယ့် တစ်ယောက်နှင့် အများ၊ အများနဲ့တစ်ယောက် ဆက်စပ်နေပုံကို သရုပ်ဖော်လေးတော့ မသိမသာနဲ့ သဘာဝ ကျသွားပဲ။



www.burmeseclassic.com

www.burmeseclassic.com



'လက်ကို အပ်စူးရင်ဖြင့် ဒီမင်းသမီးကလေး အိပ်ပျော် သွားလိမ့်မယ်လို့ 'မင်းသမီးလေးရဲ့ ပုခက်တင် မင်္ဂလာပွဲမှာ နတ်သမီးတစ်ယောက်က အနိဋ္ဌာရုံ နိမိတ်ဖတ်ကြား သွားခဲ့တယ်။

'ခမည်းတော် မယ်တော်တွေဟာ သူတို့ သမီးတော်လေး မနိုးသောအိပ်ခြင်းနဲ့ အိပ်ပျော်သွားမှာစိုးလို့ အပ်ဆိုရင် မမြင်ဘူးအောင် သိမ်းဆည်းလိုက်ရတာ အမောပဲ။

'မင်းသမီးလေးရဲ့ အကုသိုလ်နဲ့ တိုင်း သူ ပြည် သား အကုသိုလ်က ကြုံရမယ့် ကိန်းဆိုက်လာတော့ အပ်တို့ တစ်ချောင်းတောင် မမြင်ရအောင် သိမ်းဆည်းထားရက မင်းသမီးလေးလက် အပ်စူးရတယ်။ အပ်စူးလို့ မင်းသမီး လေး အိပ်ပျော်သွားတာနဲ့ တစ်ပြိုင်နက် နန်းတော်ကြီး တစ်ခုလုံးနဲ့ တိုင်းပြည်ကြီးတစ်ခုလုံးဟာ လူသေတွေလို မလှုပ်မရှား အိပ်ပျော်သွားကြရတယ်'

ဒီနေရာမှာ ဗုဒ္ဓဘာသာ အတွေးအခေါ် ဆန်လိုက်တာ တိုင်းသူပြည်သား သတ္တဝါတွေရဲ့ အကုသိုလ်က ဖန်တီးလာ တော့ ကြုံကြံဖန်ဖန် သူတို့ခမျာများမှာ ဘာမှမလုပ်ရဘဲ ဒီမင်းသမီးလေးလက် အပ်စူးတာနဲ့ ဒီတိုင်းသူ ပြည်သား တွေမှာ အသက်ရှင်ရက် သေသူတွေလို ဖြစ်သွားကြရတယ် ကဲ... ကံ ကံ၏ အကျိုးတရား၊ အကြောင်းတရားများ အံ့ဩ စရာ မကောင်းပေဘူးလား။

ဒါကြောင့် မြတ်စွာဘုရားသခင်က ကံသာလျှင် မိမိဥစ္စာ ရှိသည်၊ ကံသာလျှင် အမွေခံရှိသည်၊ ကံသာလျှင် အကြောင်း





ရင်း ရှိသည်။ ကံသာလျှင် အဆွေအမျိုးရှိသည်။ ကံသာလျှင် ကိုးကွယ် လဲလျောင်းရာရှိ၏လို့ ဟောကြားတော်မူခဲ့တယ်။

အနောက်တိုင်းကလူတွေ ကံကိုမယုံဘူးလို့ မထင်နဲ့၊ သူတို့ ပညာရှင်တွေ စကားမှာလဲ (No Matter How Much One May Try One Can Not Muld Or Shan One's Destiney)

တစ်စုံတစ်ယောက်သောသူဟာ ဘယ်လိုပဲ ကြိုးစားပေ မယ့် မိမိရဲ့ဘဝ အတိတ်ကံ အကျိုးပေးကို ရှောင်လဲ သွေဖည် လို့လဲ မရပါဘူး။ အတင်းဖြစ်ရမယ်လို့လဲ ပြုပြင်လို့ မရပါ ဘူးတဲ့။

မြတ်စွာဘုရားသခင်က အတိတ်မှာရော ပစ္စုပ္ပန်မှာရော မိမိလုပ်သမျှ အလုပ်ကံရဲ့၊ ဆိုးမွေ ကောင်းမွေကို မိမိသာ လျှင် ခံရမယ်တဲ့။

အနောက်တိုင်းက အဘိမွေဆရာကြီးတွေကလဲ ဒီလိုပဲ ပြောတာပဲ။

(Men Are Defeated By Their Own Strength) မိမိပြုသမျှဒဏ် မိမိဘာသာပဲ ခံရမယ်တဲ့။

ဒီလိုဆို အတွက်ကမေးမယ်၊ တိုင်းသူပြည်သားတွေက ဘာမှမလုပ်ဘဲနဲ့ အချောင်သက်သက် ရွှေနန်းတော်ထက်ဖွား အဲဒီမင်းသမီးလက် အပ်စူးတာနဲ့ လူသေကြီးလို အိပ်ပျော် သွားကြရတယ်။ တိုင်းပြည်ကြီးကို တိုင်းပျက်ပြည်ပျက်ကြ နေတာပဲ။ ရွှေမြို့တော်အလယ်ကောင်တောင်မြက်တွေပေါက်

www.burmeseclassic.com



နန်းတော်တိုင် နှယ်ပတ်ရတဲ့အဖြစ် ရောက်ရသလားလို့ မေးမယ်။

ဒါကျတော့ အတိတ်ကံမှာ မင်းသမီးလေးနဲ့ တိုင်းသူပြည်သားနဲ့ အဆက်အစပ်ရှိခဲ့တာကို သာမန်မျက်စိနဲ့ မမြင်နိုင်ဘူး။ မြတ်စွာဘုရားသခင်ရဲ့ သဗ္ဗညုတ ဉာဏ်အရသာ ဖြစ်တယ်။ အတိတ်ကိုမြင်နိုင်တဲ့ မြတ်စွာဘုရားသာ ရှိရင်တော့ မင်းသမီးလေးနဲ့တိုင်းသူပြည်သား အတိတ်ကံ အဆက်အစပ် ဇာတ်ဟောင်းကို ဟောကြားနိုင်မှာပဲ။ ဒါမျိုးကြ သိပ္ပံပညာရှင်တွေ လိုက်လို့မမီပြန်ဘူး။

မင်းသမီးလေးမှာတော့ ဘုန်းရှိတဲ့သူ ဖြစ်တယ်။ ဒီတော့ သူ့ဘုန်းဟာလဲပဲ၊ သူ့တိုင်းပြည်နဲ့ အဆက်အစပ် ရှိနေမယ် ဆိုတာကတော့ မလွဲပါဘူး။ ဒါကြောင့် တစ်ယောက်သော အုပ်ချုပ်သူရဲ့ ဆိုးမှုကောင်းမှုဟာ အုပ်ချုပ်ခံ လူတန်းစား တိုင်းသူပြည်သား အပေါ်မှာ အရောင်ဟပ်နေသလို အုပ်ချုပ်ခံ လူတန်းစားဖြစ်တဲ့ တိုင်းသူပြည်သားရဲ့ လှုပ်ရှားမှု ကောင်းမှုဆိုးမှုဟာလဲ အုပ်ချုပ်သူအပေါ် အရောင်ပြန်ဟပ်မှာပဲ။

ဘာဘုန်းသမ္ဘာမှမရှိတဲ့ မွေးလိုမိန်းမတစ်ယောက်ရဲ့ လှုပ်ရှားမှုတောင်မှ ရှိုးမတောင်တန်းကြီး တစ်ခုလုံးခြားနေတဲ့ အတွတ်ရဲ့ အသည်းနှလုံးကို ကောင်းခြင်း မကောင်းခြင်းဆိုတဲ့ သောမနဿ၊ ဒေါမနဿ ဝေဒနာတွေ ဖြစ်ပွားရတယ် မဟုတ်လား အတွတ်၊ ဒါကြောင့် စိတ်ရဲ့ရောင်ပြန်ဟပ်မှု အဆက်

ဒုတိယအကြိမ်



အသွယ်တွေဟာ လက်နဲ့ကိုင်မပြနိုင်ပေမယ့် ကျိုးကြောင်းဆက်သွယ်မှု ရှိနေတာဟာ သိပ်အံ့သြဖို့ ကောင်းတာပဲ။

သိပ္ပံပညာ ထွန်းကားနေတဲ့ ဒီတစ်ခေတ်မှာ တချို့လူတွေရဲ့ အသုံးအနှုန်း စကားလုံး ကောက်ချက်လွဲမှုကြောင့် 'သိပ္ပံပညာ' ဆိုတဲ့ စကားလုံးဟာ အချောင် နာမည်ပျက်ရတော့မယ်ထင်ပါရဲ့။

တချို့ကလဲ သိပ္ပံပညာကို စကားသုံး အနေနဲ့တောင် သဘောမပေါက်ရဲ့လား မသိဘူး။ သိပ္ပံနည်းကျကျ သိပ္ပံနည်းကျကျဆိုတာကို နေရာတိုင်းမှာသုံးတယ်။ ပြီးတော့လဲ လက်ဆုပ်လက်ကိုင် ရုပ်ဝတ္ထုကို ကိုင်မပြနိုင်ရင် မယုံဘူးလို့လဲ ပြောတယ်။ အဲဒီလူတွေပဲ ဟိုဂိုဏ်းဒီဂိုဏ်း ဓာတ်လုံးတွေ လက်ဖွဲ့တွေ အစီအရင်နဲ့ ဂိုဏ်းတွေကို ပွဲအမျိုးစုံပြင်ပြီး ကိုးကွယ်နေကြတာတွေကို မွေးတို့ ရန်ကုန်မှာ အံ့သြစရာကောင်းလောက်အောင် တွေ့ရတယ် အတွတ်။

မျက်လုံးနဲ့မမြင်ရသော်လဲ လေလှိုင်းရဲ့ တုန်ခါအားကို လိုင်းချင်းညီအောင် ဖမ်းယူနိုင်လို့ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ရေဒီယိုဆက်သွယ်မှုတွေ ရခဲ့တာပေါ့။

ဒီတော့ မမြင်ရတဲ့စိတ်ဓာတ်အားဟာ ကမ္ဘာတစ်ခုကိုသာမက စကြဝဠာကိုပါ ပျံ့နှံ့ဆက်သွယ်မှု ရှိနေတာကို ဘာမှ သံသယရှိစရာ မလိုပါဘူး။

ကမ္ဘာသူ ကမ္ဘာသားတွေရဲ့ စိတ်ဓာတ် ပျက်ပြားလာရင် ကြောက်မက်ဖွယ်ကောင်းတဲ့ စစ်ဆိုတဲ့ ကပ်ဟာ ဆိုက်လာတတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အတွတ် တစ်ခါတလေကျ မတွေးမိဘူးလား။

'ပွန်ပီအိုင်မြို့၏ နောက်ဆုံးနေ့' ဝတ္ထုမှာရော၊ ရုပ်ရှင်မှာရောလေမကောင်းမှုအကုသိုလ်ကံမျိုးစုံကိုလူတွေဟာလုပ်လာလွန်းတော့ ဒီသတ္တဝါတွေရဲ့ အကုသိုလ်ကံစိတ်မာတ် အဟုန်ကြောင့် မီးတောင်ကြီး ပေါက်ကွဲပြီး ပြာပွင့်တွေအောက်မှာ ပွန်ပီအိုင်မြို့ကြီးလဲ ပျောက်ကွယ်သွားရတယ်။

အိပ်ပျော်နေတဲ့ မင်းသမီးကလေးအကြောင်း ရေးရာက ပွန်ပီအိုင်မြို့ကြီးရဲ့ နောက်ဆုံးနေ့ကို ရောက်သွားရပြန်ပြီ။

စာလက်ဆုံကျသွားရပြန်ပြီလို့ ဆိုရမယ်။ မွေးကို ခွင့်လွှတ်ပါ‌ အတွတ်ရယ်။ အင်မတန်သွေ့ခြောက်ပူပြင်းတဲ့နွေရက်တွေအောက်မှာပျင်းရိငြီးငွေ့စရာကမ္ဘာ့ဌာန်းကျောင်းလို အာရောဂျံဆေးကုဌာနမှာ အတွတ်နဲ့တွေ့တော့မှ မွေးလေ အားပြန်တက်လာတယ်။ စကားပြောဖော် ရလာတယ် ဆိုရမှာပေါ့။

ခုလဲ မွေးမှာ အထီးကျန် သိပ်ငြီးငွေ့တဲ့အခါ ခရီးဆန့်ချင်တယ်။ ဒါပေမယ့် အရင်က ခရီးသွားရတာ နယ်ကျယ်တယ်။ ခြေဆန့်ချင်သလောက် မြန်မာပြည်အနှံ့ ခြေဆန့်လို့ရခဲ့တယ်။ အတွတ်က မေးမယ်။ ခုရော သွားချင်ရာ ထသွားလိုက်ပါလား။ မွေးကို ဘယ်သူက ခြေချုပ် ထားသလဲလို့ မေးမယ်။

ဒီခန္ဓာကိုယ်ဟာ မွေးရဲ့အလိုကို မလိုက်လေတော့ မွေးတစ်ယောက်တည်း ခရီးသွားလို့ မတော်ဘူး။ အရင်က





တော့လဲ ကိုယ့်အပေါ်မှာ သွားလေရာ ကိုယ့်ချစ်သူနဲ့အတူ သွားကြလေတော့ အဖော်လဲရှိတယ်။

'ခုလဲ သင့်တော်တဲ့ မိတ်ဆွေ တစ်ယောက်နဲ့ သွားပါလားဗျာ'လို့ ဆိုစရာရှိမယ်။ ခုတလောမှာ မိန်းမချည်းပဲ သွားလို့လာလို့ မတင့်တယ်ဘူး၊ လုံခြုံမှု မရှိဘူးလို့ ဆိုရမယ် အတွတ်။ ကျန်းမာရေးကလဲ ခနော်ခနဲ့ ဆိုတော့ သူစိမ်းခရီးဖော်ကို ဒုက္ခမပေးချင်ဘူး။

ရဲဘော်ရဲဘက်လို ချစ်ခင်တဲ့ ယောကျ်ား မိတ်ဆွေတွေနဲ့ ခရီးထွက်ပါလားလို့ အတွတ်က ထပ်တွန်းစရာရှိတယ်။

အဲဒီတော့ မွေးက မေမေဆိုတတ်တဲ့ဒေးအိုးတေးဟောင်းလေးကို ပြန်ရွတ်ပြချင်တယ်။

'ဆင်တော်ရန် ကေသာဖီးရှင်လဲ
လင်မျှော်ပြန့်ပြီဒေါ်လို့
အများပြည်ရွာက ညည်းရှာကြ
အထီးကိုယ်ပင် စရော့သလား
သမီးကို ညီမကဲ့သို့
အများက မစာနာပါသတော်
ကြားရပါတဲ့ စကားလာ'

ဒီဒေးအိုးတေးဟောင်းလေးဟာ မြန်မာ့ ပတ်ဝန်းကျင်မှာ မြန်မာနဲ့လိုက်တဲ့ ကဗျာလေးပဲ။ အရွယ် မလွန်တတ်သေးတာ ချစ်သူကင်းမဲ့သွားသူ အမျိုးသမီးတစ်ယောက်ရဲ့နှုတ်ပိတ်ပုံ၊ မလွယ်ကူပုံကို သရုပ်သကန် ဖိဖိသသနဲ့ ဖော်ညွှန်းထားပဲ



www.burmeseclassic.com

www.burmeseclassic.com



အတွတ်။ ဒါကြောင့် ခရီးသွားရင်းလဲ စိတ်ဝမ်းကို ဖြေလို့မရလို့ ရင်ထဲရှိသမျှ ဘာရယ်လို့မဟုတ်ဘူး။ အတွတ်ဆီ စာရေးရင်း ဖွင့်ရေးတာတွေကို ခွင့်လွှတ်ခြင်းနဲ့ ဖတ်ပါနော်။ အိပ်ပျော်နေတဲ့ မင်းသမီးလေး ပုံပြင်ကနေ ပွန်ပီအိုင်မြို့ရဲ့ နောက်ဆုံးနေ့ရောက်အောင် ကပေါက်ချီ ကပေါက်ချာတွေ ရေးနေတယ်လို့ မထင်ပါနဲ့။ ဖတ်မယ့်သူကလဲ အတွတ် တစ်ယောက်တည်းရှိတယ်။ မွေးလေ ရင်ထဲမှာ ပေါ့သွားရင် အတွတ်ကို ကျေးဇူးတင်ရမှာပေါ့။

ခရီးသွားဖို့ကလဲ အကြောင်းကြောင်းတွေကြောင့်မလွယ်ကူဘူး။ ပြဿနာတစ်ခုခု ဖြစ်လာပြန်လဲ တီးတိုးဆွေးနွေးဖို့က သာပြီးမလွယ်တာပေါ့။ ကိုယ့်အထာ၊ ကိုယ့်သဘောကို နှီးနှောတိုင်ပင်ဖို့ အရင်းအနှီးဆုံးသူ ဆိုတာကလဲ ကိုယ်ချစ်သူသာဖြစ်တယ်။ သူသာလျှင် အပေးအယူ မျှမျှတတနဲ့ ပြောပြဆွေးနွေးလို့ရတယ် အတွတ်ရယ်။

တယ်ဆိုတဲ့ စာပါလားလို့ဆိုမယ်။ ဟုတ်တယ် အတွတ်။ မွေးရဲ့ လက်ခံချက်၊ ခံစားချက်၊ ယုံကြည်ချက်တွေကိုတင်ပြဆွေးနွေးရင်း ပွင့်ပွင့်လင်းလင်း ဖွင့်ဟပြောရမယ်။ ဒီတော့ ကိုကိုနိုင်က လက်ခံသင့်တာကိုလဲ သူထောက်ခံမယ်။ တစ်ဖက်စွန်း ရောက်နေရင်လဲ မွေးခံယူချက်ကို သစ္စာရှိစွာနဲ့ ပြင်မယ်။ မိဘ လိုလဲ လိုအပ်တာတွေရှိရင် ဖြည့်စွက်ဆုံးမမယ်။ တခြားသူတစ်ယောက်ကို ပြောပြဆွေးနွေးဖို့ကတော့ မလွယ်ကူ။ မကျ ခံယူချက်ချင်း မတူရင်၊ သစ္စာမရှိရင်၊ သဘောမပေါက်



ရင် 'အရွှေးမကြီး တစ်နေ့တစ်နေ့ ဘာတွေ ပြောနေလဲလို့' တောင် ထင်မယ်'

ကိုကိုနိုင် ပြောခဲ့တာတွေ မွေး ကြားယောင်နေတယ်။

'တပ်မတော်ကို ဝင်စ ဂျပန်ခေတ် ကတည်းကရော တပ်မတော်မရောက်ခင်ကရော ကိုကိုနိုင်မိန်းမပုံစံတွေ အမျိုးမျိုး တွေ့ခဲ့တာပေါ့။ မ ဆိုရင် မုန်းတယ်ဆိုပြီး မိန်းမမြင်ရင် မျက်လွှာချနေတဲ့လူစားမျိုး ကိုကိုနိုင် မဟုတ်ပါဘူး။ ချစ်လဲ ကြည့်တယ်၊ စိတ်ထဲကသဲပေါင်းကြည့်တယ်။ ဆဲဒ်မိန်းမတွေ ဆီကအတွေ့အထိနဲ့ကြည်နူးမှုတွေကတော့ရမှာ သေချာတယ် မွေးရယ်။ ဒါပေမယ့် အိမ်ထောင်ရေးမှာ ဒါလောက်နဲ့ မပြီးဘူး။ တကယ်တမ်း ကိုယ့်ရင်ထဲ ရှိတာတွေကို တင်ပြဆွေးနွေးတဲ့အခါမှာ ရဲဘော်ရဲဘက်လို သစ္စာရှိရှိနဲ့ ကိုကိုနိုင်ကို အမီလိုက်နိုင်တဲ့ မိန်းမမှ ရေရှည်ကြရင် ကိုကိုနိုင်နဲ့ ဖြစ်မှာဆိုတာကို တွေးမိတာနဲ့တစ်ပြိုင်နက် ငါယူသင့်တာ 'မွေး' ပဲဆိုပြီး အမိဌာန်ကို စိမ်ကိန်းတစ်ခုလိုလို သတ်မှတ်ပြီး မွေးကို ယူခဲ့တာတဲ့။

မွေးဘက်ကလဲ ဒီလိုပဲ ဖြစ်နေတယ် ဆိုတာကို ခုမှ ပိုသိတယ်။ ကိုကိုနိုင်မရှိမှ ပိုသိတာပေါ့။

ဒါကြောင့်လဲ တမြည့်မြည့်ဆွေးမိတယ် အတွတ်ရယ်။

အနောက်တိုင်းသူတွေလို ခန္ဓာကိုယ် အတွေ့ကိုသာ ရွေးခွဲရင်တော့ လွယ်ပါတယ်။ ကြီးကြီးကျယ်ကျယ် ညာမာဖြစ်ရ

www.burmeseclassic.com

www.burmeseclassic.com



ရင်လဲ မစ္စစ်ကနေဒီတို့ဆိုလဲ သမ္မတကြီး ဂျွန်ကနေဒီ ကွယ်လွန်သွားပြီးတဲ့နောက် အိုနာစစ်ဆိုတဲ့ သူဌေးတစ်ဦးကို လက်ထပ်လိုက်တာပဲ၊ မလိုချင်တော့လဲ ကွာပစ်လိုက်တာပဲ။

ကိုကိုနိုင်မဆုံးခင် သွားကြည့်တဲ့ ဟိုးလီးဝုဂ ရုပ်ရှင်တစ်ခုမှာ ဗိဗီယံ့လေး ဇာတ်လိုက်လုပ်တယ်လေ၊ **Roman Holiday of Mrs Stone** ဆိုတဲ့ရုပ်ရှင်ကားပေါ့။ မစ္စတာစတုံးဆိုတဲ့ သူဌေးကြီး သေသွားတယ်ဆို သူ့ဇနီး မစ္စစ်စတုံးဟာ ငြိုးငွေ့စရာကောင်းတဲ့ သူ့ဘဝကို ရောမမြို့ကိုသွားပြီး အကောင်ပေါက်စလေးတွေနဲ့ ဖြေဖျောက်တဲ့ ဇာတ်လမ်းပေါ့။ ဇာတ်လမ်းတွေ ဘာတွေကို မွေး ဘာမှမစေဖန်ချင်ပါဘူး။

မွေးတို့အဖို့လဲ လွယ်ပါတယ်၊ တကယ်တော့ လွယ်ပါတယ်။ ဘာကိုမှလဲ အကြောင်းပြစရာမလိုဘူး။ ဘယ်သူ့ကိုမှလဲ ထောက်ထားဖို့ သဲ့ားငယ်သမီးငယ် မျက်နှာရယ်လို့ မွေးမှာ မလိုပါဘူး။ ခုယူမလား ခုလင်တစ်ရာပဲယူယူ ဖြစ်ပါတယ် အတွက်ရယ်။ ရုပ်ရဲ့ပြေငြိမ်းဖို့ ရှာရ လွယ်သလောက် ဒီစိတ်ငြိမ်းဖို့က မလွယ်ဘူးနော်။ ရုပ်ပြေငြိမ်းမှု ဆိုတာကလဲ ဆန္ဒဆိုတဲ့စိတ်ရဲ့ တောင့်တမှုပဲ။

ဒါပေမယ့်....ဒါပေမယ့် မွေးလိုချင်တာက 'ကိုကိုနိုင်' အတွက် သဘောပေါက်ပြီလား။

ကိုကိုနိုင်လို့ပဲ အတွက်ကိုသာလက်ထပ်ရင် လွတ်လပ်စွာ ပြောပိုင်ခွင့် (**Freedom of Speech**) လွတ်လပ်စွာ တွေး





ခေါ်ခွင့် (**Freedom of thought**) လဲ ရနိုင်ပါတယ်လို့ အတွက်ကဆိုကောင်းဆိုမယ်။

ဒီတော့ မွေးကလဲ တစ်ခုပဲပြန်ပြောချင်တယ်။ အတွက်ကို ယုံပါတယ်။ ဒါပေမင့် အဲဒီအချိန်ကိုမရောက်ခင် အခု မွေးရေးပြတဲ့ စာလွှာတမ်း သို့မဟုတ် ပျို့မှာတမ်းရှည်ကိုပဲ သက်ခံဖတ်ရှုကြည့်ပါဦးနော်။ ဒါကိုပဲ စိတ်ရှည်ရှည် ဖတ်ပြီး မွေးဆိုတဲ့ မိန်းမတစ်ယောက်သဘောကို နားလည်မှုရှိရင် ငြင့် ရွှေပြည်ကြီး နိုးအောင်ဖန် ဆိုသလိုပဲ၊ ရွှေပြည်တော်မှာ နှစ်ယောက်လက်ချင်းဆိုဖို့ လှေကားတစ်ထစ် နိုးလာပြီ ဆိုရမှာပေါ့။

တစ်ခုတော့ရှိတယ် အတွက်ရယ်။ မွေးလေ စိတ်ထဲမှာ ဆင့်နေတယ်။ အိပ်ပျော်နေတဲ့ မင်းသမီးလေးပုံပြင်မှာ မင်းသမီးလေးလက်ကို အပ်စူးလို့ အိပ်ပျော်သွားတယ်နော်။

မွေးရဲ့အသည်းနှလုံးမှာလေ နောက်ထပ် မြားတစ်စင်း ပ်ပြီးစိုက်ရင်ဖြင့် မွေး ဘယ်တော့မှ နိုးလာတော့မယ် ဟုတ်တော့ဘူးလို့။

မွေးကလဲကွယ် ကလေးဆန်လိုက်တာလို့ အတွက်ဆိုချင်ဦး မွေးရင်ထဲမတော့ တစ်စုံတစ်ယောက်က တီးတိုးပြောနေသလိုပဲ၊ မင်းရဲ့အသည်းနှလုံးကို နောက်ထပ်မြားတစ်စင်း ထိတာကို ခံယူဖို့ မင်းမှာ အင်အားမရှိတော့ဘူးတဲ့။ မွေး ဇာတ်လမ်းမှာ မြားကအရင်စိုက်ပြီး ဒဏ်ရာနဲ့ မိန်းမဖြစ်သွားမှာလား။ ဒီတော့မှ အတွက်က ရေစင်လာချွန်းရမှာ

www.burmeseclassic.com



လား။ ဇာတ်ဆရာက ဇာတ်လမ်းကို ဘယ်လို ဆက်မယ်ဆို[illegible] တာ မွေးလဲ မသိပါလားနော်။

မွေးမှာ ဘုန်းသမ္ဘာမရှိလေတော့ မွေးရင်မှာ မြားတစ်[illegible] စင်း ထင်မံစိုက်ခန်း 'မြားစိုက်သောဇာတ်လမ်း' ဟာ တစ်[illegible] ဘိုင်းပြည်လုံးကို ထိခိုက်မယ် မဟုတ်ပေမင့် အတွတ် တစ်[illegible] ယောက် အတွတ် ပြဿနာတစ်ရပ်ဖြစ်လာမယ် ဆိုတာတော့[illegible] မွေး လက်ခံယုံကြည်ပါတယ်ကွယ်။

အသည်းကို မြားစိုက်တာဟာ ချစ်ခြင်းရဲ့ လက္ခဏာ[illegible] သဘောနဲ့ မြားနှတ်မောင် ပုံလေးတွေကို ရေးခြယ်ပြကြ[illegible] တယ်။

ဒါပေမင့် ဆဒ္ဒန်ဆင်မင်းကြီးရဲ့ အသည်းနှလုံးကို မြား[illegible] စိုက်ခန်းကတော့ ကမ္ဘာကြေသော်လဲ အမြဲဒါန်းတွင်ရစ်[illegible] ချစ်တဲ့ သူငယ်ချင်းဟောင်း စူဠသုဘဒ္ဒါရဲ့ မဟာ လက်[illegible] စားချေပွဲကြီးပါလားနော်။

ပွင့်ဖတ်နုနုံ ပန်းပွင့်လေးတွေကနေ အချစ်ဇာတ်လမ်းကို[illegible] စခဲ့တဲ့ ဆဒ္ဒန်ဆင်မင်းကြီးမှာ ဒီပန်းပွင့်လေးတွေကြောင့်[illegible] နှလုံးသားကို မြားနဲ့ ပစ်ခံရပြီး မလှမပ ဇာတ်သိမ်း[illegible] တယ်။

ပိုပြီး အသည်းနာစရာ ကောင်းတာက မဟာသုဘဒ္ဒါ[illegible] မိဖုယားကြီးမှာ သူ့ချစ်လင်ရဲ့ ရန်သူဟာ ကောင်းကင်[illegible] လာမယ်ထင်ပြီး မိုးပျံနိုင်တဲ့ ဆင်အပေါင်းနဲ့ ဟိမဝန္တာ[illegible] တောင်ဆန်းပေါ်ကို ပျံတက်ပြီး ရှာလိုက်ရတာ၊ မွေးရဲ့[illegible] ဒီဇာတ်လမ်းကိုဖတ်ပြီး ဒီနေရာရောက်ရင်....





'အထင်မလွဲနဲ့ မဟာသုဘဒ္ဒါ၊ သင့်ချစ်လင်နှလုံးသားကို [illegible]ပြီး အစွယ်ယူမယ့်သူဟာ ကောင်းကင်ကလဲမလာ၊ဟိမဝန္တာ[illegible]ာလဲမရှိ၊ ဆင်မင်းကြီးရဲ့ ဗိုက်အောက်ဟည့်တည့်မှာရှိတယ် [illegible]သို' အရပ်စကားနဲ့ပဲ အော်ဟစ် ပြောချင်တယ်။ ပွဲကြည့် [illegible]ရှိသတ်တို့ စာဖတ်တဲ့သူတို့ဆိုတာ ရေးပြသမျှဖတ် ကပြသမျှ [illegible]ကြည့်နဲ့ စေတနာ ဘယ်လိုညွှန်းပေမင့် ပါးစပ်က တစ်ခွန်း [illegible]ဆိုနိုင်တော့ လူဖြစ်ရှုံးတဲ့ဘဝပဲ။

မွေးရဲ့ ဇာတ်လမ်းမှာလဲပဲ တွေးရတယ် အတွတ်ရယ်။ [illegible]ြားပုံစံအမျိုးမျိုး ရှိပါတယ်လို့ ဘယ်လိုပဲဆိုဆို မြားဟာ [illegible]ားပဲ၊ အသည်းနှလုံးကို မြားစိုက်ပြီဆိုမှဖြင့် သွေးစိမ့်ယိုရ [illegible]တာမယ်။ အတွတ်ကဆိုမယ်၊ အဆိပ်လူးမြားမှ မဟုတ်ဘဲ [illegible]ရည်တွေလူးထားတဲ့မြားပါလို့ ဆိုကောင်းဆိုမယ်။

တရားဆန်ဆန်ရေးရရင် စေတနာမြားပဲဖြစ်စေ၊ တဏှာ[illegible] [illegible]ားပဲဖြစ်ပစေ၊ အချစ်ဆိုတဲ့မြားဟာ အသည်းနှလုံးကိုစိုက် [illegible]ရင် ကိလေသာဆိုတဲ့ အပူသောကကတော့ ရင်မှာ ပိုက် [illegible]ာမှာပဲ။ မြားစိုက်ခန်းမှာ ဆဒ္ဒန်ဆင်မင်းလို အင်အား [illegible]ောင့်တင်းတဲ့ ဆင်[illegible] ခံနိုင်ရည်ရှိတဲ့ဆင်မင်းကြီး၊ ရွှေ [illegible]တောင်ကြီးလို ပါရမီရှင်ကြီးတောင် မြေမှာ ဗုန်းဗုန်းကြီး [illegible]ရတယ်။

နဂိုက သွေးစိမ့်ယိုရောဂါနဲ့ ခပ်ယဲ့ယဲ့ မိရွှေမွေးအသည်း [illegible]လုံးကို ဘယ်ပုံစံနဲ့ ဘယ်မြားပဲလာလာ မွေးအစိုက်ခံရမယ့် [illegible]တွက် တွေးတောစရာတွေက များလှတယ် အတွတ်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



သူရဲဘောနည်းတယ် သတ္တိကြောင်တယ်ဆိုလဲ ခံရမှာပဲ။ ဒါပေမင့် စေ့စေ့တွေးစမ်းပါဦး၊ အရပ်သဘောပဲတွေးပါ။ အဘိဓမ္မာတွေ တရားသဘောတွေနဲ့ မတွေးပါနဲ့လေ။

ရှိးရှိးတွေးတောင် သုဝဏ္ဏသာမ၊ စန္ဒကိန္နရီ၊ ဆဒ္ဒန်ဆင် မင်းစတဲ့ ဇာတ်လမ်းတွေမှာ အသည်းနှလုံးကို မြားစိုက်ခန်း တွေဟာဖြင့် ဇာတ်ပေါင်းခန်းမှာ သစ္စာတရားနဲ့ အေးချမ်း စွာ အဆုံးသတ်လေသတည်း ဆိုပေမင့် နှလုံးသားက သွေး ယိုတဲ့ဒဏ်ရာနဲ့ မြေမှာလူးကြရတာချည်းပဲ။

ဒီတော့ဖြင့် မွေးဖြစ်နေတဲ့ သံသယ ကျိန်စာကြီးကို ယုတ္တိမရှိပါဘူးလို့ အတွက် ပြောမယ့်အစား အချစ်မြား မစူးဘဲ သွေးထွက်သံယိုမရှိဘဲ အတွက်နဲ့ မွေး ဇာတ်လမ်း ပေါင်းရရင် ပိုလို့ မကောင်းပေဘူးလား။ ဇာတ်လမ်း ဟောင်းသော်လဲ 'ကောင်းသောဇာတ်ပေါင်းခန်း' ဖြစ်ချင် လို့ အချိန်ယူရေးတဲ့ မွေးရဲ့စာကို ခွင့်လွှတ်ခြင်းနဲ့ ဖတ်ပါ မွေး တောင်းပန်ရတာပါ။

အတွက်စာထဲမှာ ကိုကိုနိုင် ဆုံးတယ်ဆိုတဲ့သတင်း ကြား ကြားခြင်း အတွက်လာချင်ပေ ချီးဟွန်နေလို့ မလာနိုင် ဘူးလို့ ပါတယ်။ အတွက်ဟာ မွေးအတွက် အလွန်လိုလား အပ်ဆုံး အချိန်တိုင်း မွေးအပါးမှာ မရှိတာတွေ မွေးဆီ ပြေးမလာနိုင်တာတွေဟာ စင်စစ် တကယ်တွေးကြည့်တော့ လဲ မွေးငယ်ငယ်က ရွတ်ပြဖူးတဲ့ ရှင်တေဇောသာရရဲ့ကဗျာ လိုပဲ။





'စုလည်းမဆင်၊ နောက်ထုံးရှင်နှင့်
မြင်လျှင်ပင်ကို၊ ကြွိုးပါလိုလည်း
ကုသိုလ်ကြမ္မာ၊ မမီပါခဲ့'

ကုသိုလ်ကြမ္မာကလဲ နှစ်ယောက်ဆုံစည်းဖို့မလွယ် ကြံဖန် လွဲကြရတာထင်ပါရဲ့၊ အတွက်ကို မွေး အစဉ် ခွင့်လွှတ်ပါ တယ်ကွယ်။ ဆရာဝန်တစ်ယောက်ဘဝနဲ့ တပ်မတော်သား တစ်ယောက်ဘဝဟာ အတူတူပါပဲ၊ ကိုယ့်ချစ်သူကို အား ငယ်နေမှာလားဆိုတဲ့ စိုးရိမ်စိတ်နဲ့ ပတ်လည်ဝိုင်းနေတဲ့လူနာ အများကို ပစ်ထားပြီး ဆရာဝန်တစ်ယောက်ဟာပြေးလာလို့ မဖြစ်ပေဘူး။ တပ်မတော်သားတစ်ယောက်မှာလဲ ချစ်သူကို ဦးစားပေးပြီး စစ်မြေပြင်က ပြန်ပြေးလာတယ်၊ စစ်မြေကို မထွက်ဘူးဆိုတာ သူတို့အဘိဓာန်မှာ မရှိဘူးလေ။

ဒါကြောင့် ကိုကိုနိုင် ကွယ်လွန်ချိန်မှာ အတွက် တစ် ယောက် ပြေးမလာတာကို မွေး ခွင့်လွှတ်ပါတယ်။

မွေးမှာတော့ ရာသီချိန်ပြည့် ရင်နာရသူပါ။ စပါးစေ့ လေးတွေ အိပ်ပျော်ရာက နိုးကြတဲ့ မိုးအစ ရောက်ရင်လဲ မြကောက်ပင် ပတ်လည်ဝိုင်းတဲ့ ဝါးခယ်မ မွေးဌာနကို လွမ်းအားနဲ့ တမ်းတရသူပါ။

ဪ....ဆရာ မင်းသုဝဏ်လိုသာ ကာရန်ကို ရင်မှာပိုက် ပြီး မွေးလာတဲ့သူ ဆိုရင်ဖြင့်....



www.burmeseclassic.com

www.burmeseclassic.com

'ရွှေခြံဂါမ၊ ကျွန်ဌာနကို
လွမ်းအားနှင့် ဆွေးမိပေ၊
မထွေးနိုင်၊ မအံ့နိုင်
ကြက်ဆောင်းသို့ တိုင်သောအခါ'

ဆိုတဲ့ ကဗျာများကို မွေး စပ်မိမှာပဲ။

အတွတ် လန်ဒန်ကနေ ရေးတဲ့စာထဲမှာ ပါတယ်မို့လား ကဗျာလေးတစ်ပုဒ်။

'နတ်တော်ဆန်း၍၊ လျှံထွန်းရောင်ဝါ
သူရိယာလျှင်၊ အဝါမှူး၊ အဖြူအနီ
စုံစီခြယ်လှင်၊ ပြင်ထပ်တွင်၍
နေဝင်မြင်သည်၊ ဝရွှေပြည်ကား
ဆီးရည်ပတ်ချုပ်၊ မှိုင်းအုပ်ပျပျ
ပုညတောင်ဆီ၊ ရီလျက်မလင်း
မဝင်းအုံ့မှိုင်း၊ စစ်ကိုင်းတစ်ဖက်
သန်လျက်ပေါ်ထွန်း၊ ကျွန်းများတံခွန်
နန်းဗိမာန်မှာ လေသွန်ပြည့်လှည်းလိမ့်တကား'

ရှင်ထွေးနာရသိန်ရဲ့ မွေးရပ်မြေ အင်းဝကို တမ်းတတဲ့ ကဗျာ၊ စစ်သုံ့ပန်းကြီးရဲ့ မွေးရပ်မြေကို လွမ်းတဲ့ကဗျာဟာ အင်းဝရွှေပြည်ရဲ့ ချိန်ဆည်းဆာကို အဖွဲ့မှာ လှပလိုက်တာ နော်....။





မွေးမှာတော့ အသည်းနှလုံး ကြားမှာ မွေးရပ်မြေကို သတိရတဲ့စိတ်ဟာ စပါးစေ့လေးတွေနဲ့အတူ အိပ်ရာကများ နိုးလာသလားလို့ အားတက်စိတ်နဲ့ တရေးနိုးမိတယ်။

မတ်လကို ရောက်ပြန်တော့ နှစ်စိတ် အတွတ်ရေ။

ပတ်ကြားအက်နေတဲ့ မြေဝတ်လွှာမို့ ယာလယ်မှာ စပါးစေ့လေးတွေဟာ ပြန်ပြီး အိပ်ပျော်သွားကြပြီ။

ရွှေရောင် ကောက်ပင်ရိုးခြောက်တွေလဲ လယ်တောင်သူရဲ့ မီးမှာ ဘဝပြောင်းသွားကြတယ်။ တစ်ချိန်က အဝါရယ်၊ အစိမ်းရယ်၊ အနီရယ် သုံးရောင်ခြယ် အလံမှာ အလယ်က တူသဇင်နဲ့ ဒီအလံတော်ကို အဲဒီလယ်ပြင်တောမှာ မားမား မော်မတ်နဲ့ ရှပ်နီညိုတွေကို ဝတ်ထားတဲ့ လက်ရုံးတပ်မတော်သားကြီးတွေက ကိုင်ဆောင်လို့ သူတို့ နောက်မှာက လယ်တောင်သူတွေနဲ့ လယ်ဒေတာသူတွေဟာ ရှပ်နီညိုတပ်သားကြီးတွေရဲ့ ခေါင်းဆောင်မှု နောက်မှာ အားနဲ့မာန်နဲ့ တိုက်ပွဲဆင်ပြင်သဏ္ဍာန့် ချီဘက်သွားပုံတွေဟာ အရှေ့ဦးရဲ့ ပန်းချီကားချပ်ပဲ။

မြန်မာရာဇဝင်သမိုင်းရဲ့ အနုပညာပြတိုက်မှာ ဒီပန်းချီကားချပ်ဟာ ဘယ်တော့မှ မပျောက်ရမယ့်ကားတစ်ချပ်ပါ။

အဲဒီဟော့လဲ ရှပ်နီညိုဝတ်ထားတဲ့ တပ်သားတွေရဲ့ ရိုးတိုးရှိုပ်တိပ် မသဲကွဲတဲ့ ပုံသဏ္ဍာန်တွေကြားမှာတစ်စိတ်တစ်ဒေသပါဝင်ခဲ့တဲ့ ကိုကိုတို့ကို ပြန်လည်သတိရတော့ မျက်ရည်စတွေနဲ့ ကောက်ရိုးပြတ်တွေကို ဖျန်းဆွတ် အသက်သွင်းပြီး လယ်တောပြင်ရဲ့ ပုံပြင်အဟောင်းကို ပြန်ပြောချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဩော်….ကောက်ရိုးပြွတ်တွေသာ အသက်ရှိရင် လယ်မြေပေါ်က ဒဏ္ဍာရီတွေကို သူတို့သားမြေး စပါးစေ့လေးတွေကို အိပ်မပျော်ခင် ပြောလိုက်ကြမှာ သောသော ညံနေမှာပဲ။

ဟော….အခု အဲဒီ ရှပ်နီတပ်သားကြီးတွေက အရင်းခံ မွေးဖွားလာတဲ့ တပ်မတော်ကြီး။ ဒီတပ်မတော်ရဲ့ သားတစ်ယောက်ဖြစ်တဲ့ ကိုကိုနိုင်ကို မွေး လက်ထပ်လာခဲ့မိပြန်တော့ မတ်လရဲ့ ပုံပြင်ဟာ ထပ်ပြီးဆက်လာခဲ့ရပြန်တာပေါ့။

တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း သူကိုယ်တိုင် ဦးစီးခေါင်းဆောင်ပြီး အခြေခံဥပဒေကို ရေးဆွဲခဲ့စဉ်က ရွေးချယ်ခဲ့တဲ့ အလံတော်ကြီးဟာ မွေးတို့အိမ် ခြံဝန်းမှာ တပ်မတော်နေ့ရောက်ရင် တလွင့်လွင့်နဲ့ အလံတိုင်အောက်မှာ မွေးတစ်ယောက်တည်းပဲ တပ်မတော်ကိုဦးတည်ပြီး ဗိုလ်ချုပ်ကြီး အောင်ဆန်းကအစ ကိုကိုနိုင် အလယ် တပ်မတော်ရဲဘော်သားလေးတွေအဆုံး မေတ္တာပို့ ဆုတောင်းရတယ်။ အဲဒီအချိန်မှာလေ၊ လေမှာလွင့်နေတဲ့ အလံတော်အဖျားလိုပဲ မွေးအသည်းနှလုံးတွေဟာ တဖျပ်ဖျပ် လှုပ်ရှားရတယ် အတွက်။

ဩော်…အလံတော်ကြီးသာ အသက်ရှိရင်လဲ ပြောမြမယ့် ပုံပြင်ဟောင်းတွေက လဟာပြင်မှာ အသံလွင့်သလို နေမှာပဲ။

အဝေးမှာ စစ်ချီသီချင်းတွေ သီဆိုပြီး တပ်မတော်နေ့ အခမ်းအနားကို ချီတက်သွားကြတဲ့ ရဲဘော်တွေအသံကြား





ရတော့ သူသာရှိရင်ဆိုတဲ့ မွေးလေ အတွေးနဲ့ မတ်လ ၂၇ ရက် ရောက်ရင် ရပ်တည်ရာ မရနိုင်ဘူး အတွတ်ရယ်။

အဲဒီသမိုင်းအစစ်ရဲ့ကဗျာကို ဘယ်စာဆို ရေးဖွဲ့ပါ့မလဲ။ မွေးလေ ကာရန်မနိုင် ကလောင်ကို မပိုင်လို့ပေါ့။ မွေး ကဗျာဆရာဖြစ်ချင်တယ်။ ကာရန်အကျိုးအပဲ့နဲ့လဲ ကိုယ့်တပ်မတော်သမိုင်းကို မော်ကွန်းကဗျာအဖြစ် မဖွဲ့ချင်ဘူး။

မတ်လရဲ့ နွေပြင်တောမှာ စိတ်မောကို ဖြေပေမယ့်လဲ မပြေနိုင်ဘူး အတွတ်။

ကိုကိုတို့ကို အလွမ်း၊ လင်ကို အလွမ်းနဲ့ ဘုံကြမ်းသူ ခခယောင်းတောမှာ မောလှပါပေါ့။

ဒီလယ်တောကိုမှီပြီး တည်ပြီး၊ မိုးအစနဲ့ နွေအလယ်မှာ မွေး ခံစားရတဲ့အဖြစ်ကို အတွတ်ကို ရေးပြရတာပါ။

မွေးစာအငမှာ ရေးပြသလို အတွတ်လဲ ရခိုင်မြေအနှံ့ ခြေဆန့်ရင်းက ငပလီကို ပြန်အနားမှာ မွေးရဲ့ပြန်စာကို ဖတ်ရရင် ဖန်ပြာခွက်နဲ့ ကျောက်စက်ရေ သောက်ရသလို အမောပြေချင်တယ်မို့လား။

မွေးရဲ့ဘဝလမ်းမှာလဲ ဆက်လက်ခရီးသွားရရင် လက်ရှိခရီးလမ်းရဲ့ နှမ်းနယ်တဲ့ဒဏ်ကို ဖြေနိုင်မယ့် ကျောက်စက်ရေကို သောက်ရမှ အမောပြေမယ် အတွတ်ရေ၊ ဘယ်ဘာ ပေါက်လား။ ဒါမှ နောက်အိမ်ထောင်ပြုရခြင်းရဲ့ အကျိုးကို ခံစားရမှာ။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်စက်ရေကိုလဲ 'ဖန်ပြာခွက်' နဲ့ ထည့်မယ်ဆိုရင် 'အပြာ'ရဲ့သဘောကို ခုခေတ်မှာ အဓိပ္ပာယ် ဖွင့်ကြတာက 'တဏှာ'ဆိုတဲ့ ကာမဂုဏ်သဘောတဲ့။

ဒီတော့လဲ ဒီကျောက်စက်ရေကို ဖန်'ပြာ' ခွက်နဲ့ ထည့်ရင် ရေရဲ့မူရင်း အအေးခံ မေတ္တာဓာတ်သဘောကို ပျောက်သွားမှာလဲ စိုးမိတယ်။

'မြစိမ်းခွက်'နဲ့ ထည့်တဲ့ရေ ဆိုပြန်တော့လဲ အစိမ်းရောင်ဟာ အေးမြခြင်းကို ကိုယ်စားပြုတယ်ဆိုပေမယ့် မြသားဟာ အရောင်သာအေးပြီး အရင်းခံဓာတ်သဘောက မာကျောလေတော့ မေတ္တာရေစင်ကို 'မြစိမ်းခွက်'နဲ့လဲ မထည့်စေချင်ဘူး။

တစ်ပြည်ထောင်နဲ့ တစ်ပြည်ထောင် ခေါင်းဆောင်အချင်းချင်း ချစ်ကြည်ရေးဖလှယ်ပွဲမှာ ဖန်ခွက်ချင်းတော့ပြီး အဖျော်ယမကာသောက်ပြီးတော့ ချစ်ကြည်ရေး ရှည်ကြာစေကြောင်း ဆုမွန်တောင်းကြတယ်။

မွေးနေ့အတွက် မေတ္တာခြင်း ဖလှယ်ကြမယ့် အရေးမှာ မေတ္တာရေစင်ကို ဘယ်ခွက်နဲ့ထည့်ပါမလဲဆိုတဲ့ ခွက်အရောင်အမျိုးအစားကို ပထမ ရွေးချယ်ကြဦးစို့ အတွက်ရယ်။

၆



## အခန်း (၂)

ပဏ္ဏာဦးပေမို့
တစ်ရံစာလက်ဝတ်ထူးကိုတဲ့
မောင့်သက်မှူး ဆင်စေချင်။

ပြိုးပြက်ရောင် ရွှေလှော်သစ်ရယ်နဲ့
မောင့်ဘဏ္ဍာ ရှိရံဆင့်တော့ကာ
တင့်ပါလိမ့် ရွှေရှုပ်သွင်
သံလွင်က တျှာ-တျော-တျော။

ရပ်ကြီးသူ ယဉ်မလေ့ပါကွယ့်
တစ်သက်တာ နဝင်မြှေမယ်ထင့်
တစ်သက်မှာ အစဉ်အေးမယ်ပ
လေးခင့်မနော။

* * *



www.burmeseclassic.com

www.burmeseclassic.com



အတွတ်ရေ....

မတ်လရဲ့နွေဦးပေါက် အိပ်မက်ခန်းမှာ စပါးစေ့လေးတွေတော့ မပါတော့ဘူး။ မြေမဆန်တဲ့ ကောင်းကင်ဘုံသူတွေ နေရာယူလာကြပြီ။

ရွက်ကြွေတောလို့လဲ မပြောနိုင်တဲ့ သစ်ညိုကိုင်းတွေပေါ်မှာ မြူလွှာခြုံတဲ့ နွေဦးပျော်မင်းသမီးလေးတွေ ရောက်လာပြန်တော့ တပေါင်းရဲ့အလှဟာ ပြန်လည် ဆန်းသစ်လာဦးတော့မှာပါပဲ။

တစ်ခါက မတ်လ တမာနံ့သင်းတဲ့ အာရောဂျံဆေးကုစခန်းမှာ အတွတ်နဲ့မွေး ပြန်လည်တွေ့ခဲ့ကြတယ်။ အဲဒီမတ်လမှာပဲ မွေးလေ ကိုကိုနိုင်ကို ခွဲလာခဲ့ရတယ်။

ဩြော်.... တစ်ဦးကိုတွေ့ဖို့ တစ်ဦးကို ခွဲလာရတာပါပဲနော်။ အာရောဂျံမှာ မွေးနေခဲ့စဉ်တုန်းက မွေးရဲ့ ပြုမူလှုပ်ရှားပုံတွေဟာ အတွတ်အတွက် စိတ်ထိခိုက်လှုပ်ရှားစရာတွေတော်တော်များများ ဖြစ်နေလိမ့်မယ်ဆိုတာ မွေး ခုမှ တစိမ့်စိမ့်တွေးမိတယ်။

တို့များနှစ်ယောက် မြန်မာပြည်ကိုပြန်ဖို့ ထွက်လာကြတော့ မဒရပ်မှာ ခေတ္တနားကြသေးတယ်လေ။

မွေးရဲ့ အဲဒီတုန်းကအပြုအမူဟာ တော်တော်ကလေးဆန်တယ်၊ တော်တော်ရူးသေးတယ်ဆိုရမှာပဲ။ မဒရပ်ရဲ့ ပင်လယ်ကမ်းခြေသဲပြင်မှာ ကိုကိုနိုင်ကို သတိရလွန်းလို့ 'ကိုကိုနိုင်' ဆိုတဲ့စာလုံးကိုတောင် ရေးခဲ့မိတယ်။ အဲဒီတုန်းက မွေးအနားမှာရှိနေတဲ့ အတွတ်ခံစားရမှု ဝေဒနာအတွက် မွေး စာနာမိပါတယ် အတွတ်ရယ်။ မွေးလေ ဘာမှမသိဘဲ လုပ်နေတာတွေဟာ တစ်ဦးအတွက် စော်ကားသလိုဖြစ်နေတာပဲနော်။ သိရက်နဲ့ ကျူးလွန်မိတာ မဟုတ်လို့ အတွတ် မွေးကို ခွင့်လွှတ်နိုင်ပါလိမ့်မယ်။

သဲပေါ်မှာ စာရေးတယ်ဆိုလို့ မွေး တစ်ခုသတိရမိတယ် အတွတ်။

လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ထောင့်ငါးရာ(၂၅၀၀)ကျော်က မွေးလို အချစ်ရူးမတစ်ယောက် ရှိခဲ့ဖူးတယ်၊ သူ့နာမည်က ပဋာစာရီတဲ့။

လင်ရော သားသမီးရော မိဘရော ပစ္စည်းတွေရော ရှုတ်ချက် ပျက်စီးသွားရတော့ ချစ်သောသူများနဲ့ ကွေကွင်းရခြင်း ဒုက္ခချက်ကို မရှုမလှခံရတဲ့ နေရာမှာ လောကဘွဲ့ထူးတွေအနေနဲ့ အချစ်ရူး ပဋာစာရီလို့ တေဒဂ်ပေးသင့်တယ်။

သွက်သွက်ခါရူးတဲ့ ပဋာစာရီဟာ နောက်ဆုံး ဘုရားသခင်ရဲ့ ကျောင်းတော်ရာရောက်မှ တည်ငြိမ်အေးချမ်းပြီး သည်ရာမှီရာ ရခဲ့တယ်။

အဲဒီအချိန်တုန်းက နောက်ဆုံး ပဋာစာရီရဲ့ ကျွတ်တမ်းဝင်ခန်းလေးဟာ စိတ်ဝင်စားစရာကောင်းတယ်။

သူဟာ သူတရားအားထုတ်နေတဲ့ ကမ္မဋ္ဌာန်းဆောင်ရွေ့ ညအိပ်ရာဝင်ခါနီး ရေအိုးထဲက ရေခပ်ပြီး သူ့ခြေကို ဆေးသတဲ့။

www.burmeseclassic.com



ခြေဆေးတဲ့ရေတွေဟာ ခြေဖမိုးပေါ်က စီးသွန်ပြီး သဲပြင်ပေါ်ကျသွားကြတယ်။ သဲထဲမှာ ရေစီးကြောင်းတွေ စိမ့်ယိုပျောက်ကွယ်သွားတာကို မြင်ရတဲ့ ပဋ္ဌာစာရီဟာ ရေစက်တွေ ကွယ်ပျောက် ချုပ်ငြိမ်းသွားပုံကို မြင်တာနဲ့ မမြဲတဲ့ အနိစ္စသဘောကို ဆင်ခြင်မိတယ်။ အဲဒီညမှာ ပဋ္ဌာစာရီဟာ သူ့ခန္ဓာကိုယ်လှုပ်ရှားမှုကို အသေးစိတ်ရှုမှတ်ပြီး အိပ်မလို့ ဆီမီးတိုင် ကိုလဲ ငြိမ်းသတ်လိုက်ရော၊ တစ်ခါတည်း သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်ကို ဆိုက်သွားတယ်။

ဘဝပေါ်ရမီကံကလဲကောင်း၊ တရားပြသူကလဲ မြတ်စွာဘုရားသခင်ကိုယ်တော်တိုင်ဆိုတော့ ဆရာကောင်းနဲ့ တွေ့ရတဲ့ ပဋ္ဌာစာရီရဲ့ ရှုမှတ်မှုဝီရိယအားကလဲ စေ့စပ်သေချာလေတော့ ပဋ္ဌာစာရီ တရားတွေ့သွားပုံကို မွေး အားကျလိုက်တာ။ ဟာရားစာထဲကစာကို ကူးရေးပြတာ တကယ် တစ်မဂ် တစ်ဖိုလ် ဆိုက်ဖို့ ဘယ်လို ကျင့်ရတယ်ဆိုတာ မွေး ဘာမှ မသိသေးဘူး။

မွေးတို့မှာနော် သဲပေါ် ရေစီးကြောင်းလေး ကျတာတောင် မဟုတ်ဘူး။ အိန္ဒိယဆိုတဲ့ မဟာသမုဒ္ဒရာက လှိုင်းလုံးကြီးတွေက သဲပြင်ပေါ် မွေး ရေးခဲ့တဲ့ ကိုကိုနိုင် ဆိုတဲ့ စာလုံးပေါ် လွှမ်းလိုက်တာတောင် ဘာတရားမှလဲ မရှုမှတ် မဆင်ခြင်မိဘူး။ ကိုကိုနိုင်ဆိုတဲ့ လူတစ်ကိုယ်လုံး ပျောက်သွားတော့လဲ တွေ့နိုးတွေ့နိုးနဲ့ပဲ ရှာနေမိတာပဲ။





တစ်နေ့တော့ဖြင့် နည်းမှန်လမ်းမှန်ကို ပြနိုင်တဲ့ ဆရာကောင်း တွေနဲ့တွေ့ခဲ့ရင် မွေး ရင်ထဲက အပူမီး ငြိမ်းကောင်းပါရဲ့။

စိတ်ထဲကတော့ တစ်ခု သိနေတယ် အတွက်။ မြတ်စွာဘုရား မပွင့်မီကရော ပွင့်ပြီးမှရော သတ္တဝါ မျိုးစုံဟာ လောဘ၊ ဒေါသ၊ မောဟ မီးတွေရဲ့ လောင်ကျွမ်းမှုကို ခံနေရမှာပဲ၊ ဒီလောင်ကျွမ်းမှုဒဏ်ကို ခံရတဲ့အခါမှာ စာဖတ်ရုံ၊ ဆင်ခြင်ရုံ၊ ဥပုသ်စောင့်ရုံ၊ ဒါနပြုရုံနဲ့တော့ မပြီးသေးဘူး ဆိုတာတော့ မွေး သိနေတယ်။

ဘာကြောင့်လဲဆိုတော့ ဒါန၊ သီလ၊ ဘာဝနာ ရယ်လို့ ဆိုထားတယ်။ မွေးတို့ဟာ ကျပ်ကျပ်တည်းတည်း သိပ်ဆင်းရဲခဲ့သူတွေ မဟုတ်တော့ ဒါနကိုလဲ အထိုက်အလျောက် ပြုခဲ့ကြပြီ၊ သီလဆိုတာလဲ သီတင်းနေ့တိုင်း တောသူတွေဆိုတော့ တောက ရွာကျောင်းကို သွားပြီး မွေးတို့ သီလ ဆောက်တည်ခဲ့တာ အတွက် အသိပဲ။

အဲ....နောက်ဆုံး ဘာဝနာဆိုတာ မွေး သဘောမပေါက်သေးဘူး။ စာဖတ်ရုံနဲ့တော့ဘာဝနာဆိုတာပွားများခြင်းတဲ့။ ဒီတော့ ဘယ်လိုပွားများရမယ်ဆိုတဲ့ လက်တွေ့ အားထုတ်တဲ့ အပိုင်းတော့ ရှိရမယ် အတွက်။ ဒါကို မွေး ရှာနေတယ်။

လောလောဆယ် ရန်ကုန်မှာလေ အတွက် သိတဲ့အတိုင်း မွေးပတ်ဝန်းကျင်က စစ်ဗိုလ်ကတော်တွေ၊တခြားအရပ်သာ

www.burmeseclassic.com



အရာရှိကတော်တွေ၊ မိန်းမပဲ့စားမျိုးစုံနဲ့ လိုင်စင် ကုမ္ပဏီပျက် သူဌေး တစ်ပတ်ရစ်တွေပေါ့။

သူတို့ပတ်ဝန်းကျင်၊ သူတို့လောက စိတ်ရှုပ်လို့ ရန်ကုန် ဆင်ခြေဖုံးသွားလဲ တောပြေး ပတ်ဝန်းကျင် လက်လုပ် လက်စား ပတ်ဝန်းကျင်ပေါ့။

သူတို့တွေ ဘာတွေလုပ်နေလဲဆိုတော့ စီးပွားပူ၊ အချစ်ပူ၊ ရာထူးပူတွေပေါ့လေ။ အဲဒီ အပူသမားတွေဟာ ပွဲတွေ ပေး ပေးပြီး ဘုန်းကြီးဆရာ၊ လူဆရာ၊ ဂိုဏ်းဆရာတွေနဲ့ လိုက်နေ ကြတာပဲ။

ကုန်ကုန်ပြောမယ်။ သားလုပ်တဲ့သူ မက်ထရစ် မအောင် တာကို ငွေငါးရာနဲ့ ပွဲပေးပြီး အောင်အောင် လုပ်ခိုင်းနေ တာကို တွေ့ရတယ်။

ဘာဝနာ သဘောမှာလဲ တချို့ အားထုတ်ပုံတွေဟာ ပုဂံခေတ် အရည်းကြီး ဆန်ဆန်ရယ်။ ရေငုပ်၊ မီးလှုံ၊ တုံးခုံ၊ ဇယ်ခတ် ဆိုတာတွေလုပ်ပြီး ကိုယ့်ကိုယ်ကို ညှဉ်းပန်းနှိပ်စက် နည်းတွေနဲ့ ကိလေသာ ငြိမ်းအောင် လုပ်နေသလိုပဲ တွေ့ရ တယ်။

မွေးက ဒီဘက်ကျတော့ ခေတ်ဆန်နေပြန်ရော။ သိပ္ပံ ပညာ ရှုထောင့်နဲ့ကြည့်ရင် လုံးဝ သဘာဝ မကျဘူး။

ဒီတော့ သိပ္ပံပညာ ပေတံနဲ့တိုင်းလဲ စမ်းသပ်စစ်ဆေးခံ နိုင်ရမယ့် အားလုံးသော အပူတို့ငြိမ်းရာ တရားကတော့ တကယ် ရှိဦးမှာပဲ။ မွေး ဒါကိုတော့ လိုက်ရှာနေဆဲပဲ အတွက်။





ဟော....အတွတ်ဆီ စာရေးနေတုန်း အတွတ်ရဲ့ ချေ[illegible] ကြီး မိုနာ ရောက်လာပြန်ပြီ။

သူ့မျက်နှာလေးဟာ အရင်လိုပဲ ချောမွေ့လှပနေသေး ပဲ။ ဒါပေမယ့် သူ့ကိုယ်မှာတော့ (မာတာနီတီကုတ်) ဖုံးအင်္ကျီလေး ဝတ်လို့၊ [illegible] ခုချိန်ဆို အတွတ်ကြီး ယောက် ဘာဘာလို့ အခေါ်ခံရတော့မယ်။ မြေး ချီရတော့ နေ့ဘ်။

သူလေ မွေးကို ကန့်ကွက်ရန် ပေ့ ပေ့ ပိုက်ပိုက် နှုတ်ဆက်ရုံ မဟုတ်ဘူး။ မွေးရဲ့ နဖူးကို ညင်ညင်သာသာ နမ်းလိုက် ားတယ်။ သူ့ လှုပ်ရှားမှုတွေဟာ သိမ်မွေ့နေတယ်။ သူ့ ်လုံးလေးတွေကလဲ တစ်စုံတစ်ရာ ပြောချင်နေသလိုပဲ။

'မိုနာလေ....အန့်တီနဲ့ အချိန့်ယူစကားပြောဖို့ အေးအေး းဆေး လာခဲ့တာ' တဲ့။

'အေးပါကွယ် အန့်တီကလဲ အားပါတယ်၊ ခုချိန်မှာ န့်တီလို ချမ်းသာတဲ့လူ ဘယ်သူမှ မရှိဘူး' လို့ ပြောလိုက် ယ်။

မိုနာ့ မျက်နှာဟာ ယဲ့ယဲ့လေး ပြုံးလိုက်တယ်။ လှိုက်လှိုက် လှဲ ပြုံးနည်းမျိုး မဟုတ်ဘူး။

'ဟုတ်တာပေါ့နော်၊ မိုနာလေ အန့်တီကို မြင်ရတာ ပ်စိတ်အေးချမ်းတာပဲ၊ အန့်တီနေတာထိုင်တာတစ်ယောက် ည်း ဆိုပေမယ့် ဇခြောက်ခြောက်သွေ့သွေ့ ငြီး[illegible] နည်းမျိုး မဟုတ်ဘူးနော်။ မိုနာတောင် ဒီအိမ်[illegible]ကြီးထဲကို

www.burmeseclassic.com



ဝင်လိုက်လို့ ဒီအိမ်ရိပ်ခိုလိုက်ရင် ငြိမ်သက်ချမ်းမြေ့တဲ့ အရသ တစ်မျိုးကို ခံစားရတယ်။ ဟိုဒင်းလေ....မိုနာ ရှင်းအော တော့ မပြောတတ်ဘူး။ တချို့အိမ်ကြီးတွေသေ လှ ခမ်းနား တောက်ပနေပေမယ့် သူတို့အိမ် အရှိန်က ပူလော လောင်ကြီး၊ အန်တီ သဘောပေါက်လား၊ မိုနာ ဆိုချင်တာ

မွေးက ခေါင်းညိတ်ပြလိုက်တယ်။

'ခြံဝင်းကလဲ ရှမ်းပြည်နယ် တောင်ပေါ်မြို့လေးတွေလိုပဲ ထင်းရှူးပင်တွေ တန်းနန်းနဲ့၊ အန်တီ့ခြံမြေကလဲ တောင်ကုန်း လေးတွေ အဆင့်ဆင့်နဲ့ မိုနာက မွေးရဲ့ ခြံမြေကို ချီးကျူးခန်း လုပ်နေလို့ မွေးက ပြောသေးတယ်။ 'ဩော်....ပေးတဲ့လူက အေးချမ်းတဲ့မေတ္တာနဲ့ပေးအပ်ခဲ့တာကို မိုနာရယ်၊ သူ့ရဲ့ သဒ္ဓါ တရားရိပ်ရောင်တွေဟာ ဒီအိမ်ကြီးမှာ လွှမ်းမိုးကျန်ရစ်တာ ကိုး။ မေတ္တာတရားနဲ့ စခဲ့တဲ့ဇာတ်လမ်းဟာ မေတ္တာနဲ့ဆုံးမှာ ပေါ့။ မင်းရဲ့ယောက္ခမ အန်ကယ်မိုးကောင်းကိုမေးကြည့်ရင် အန်တီရဲ့ချစ်သူ ကိုကိုနိုင်နဲ့ သူ့မိဘတွေရဲ့ စေတနာသဒ္ဓါတရား ကို မိုနာသိမှာပေါ့' လို့ မွေးက ပြောလိုက်တယ်။ 'ဦးလေး နိုင်ကြီးကိုလဲ မိုနာ တွေ့ဖူးချင်လိုက်တာ။ ဒါပေမယ့်လ အန်တီရယ်၊ အန်ကယ်မိုးကောင်းရဲ့ စေတနာတရားဟာလ ဦးလေးနိုင်ကို မကျော်ရင်သာ နေရမယ်။ မလျော့ဘူး ဆိုတာကိုတော့ မိုနာ အာမခံပါတယ်'တဲ့။

'တယ်တော်တဲ့မိုနာလေး၊ သူ့ယောက္ခမ ကက်က ရွှေ လိုက်ကောင်းလိုက်တာ'

မွေးက ဒီလိုပြောတော့ မိုနာရယ် လှိုက်လှိုက်လှဲလှဲ ပြုံး က်တယ်။ 'တကယ်တော့ အန်တီဟာ တကယ်ကံကောင်းတဲ့ း မပါ။ ယောကျ်ားတွေရဲ့ အချစ်စစ် အချစ်မှန်ကို တော်ရုံ း မ လက်ခံရရှိဖို့ မလွယ်ဘူး။ မိုနာ့သူငယ်ချင်း ရီတာ ရင် ချောလိုက်တာ မပြောနဲ့၊ သူလေ မိုနာ သွားလည် င်း မျက်ရည်ဝဲဝဲနဲ့ သူ့ယောကျ်ားအကြောင်း ပြောနေ တာပဲ။ တစ်ခါတလေလဲ ရှိုက်ကြီးတငင် ငိုတာပဲ၊ သူ ါလောက် လှရက်သားနဲ့ သူ့ယောကျ်ားအချစ်ကို မပိုင် းတဲ့။ မိုနာလေ အဲဒီတော့ တစ်ခု တွေးမိတယ်။ အလှနဲ့ ချစ်ဟာ ဆက်စပ်နေသလား၊ မနေဘူးလား'

မွေးကို အချစ်ပါရဂူကြနေတာပဲ။ မိုနာက လေးလေး ည်နက် မေးနေတယ်။ မွေးမဖြေခင် မိုနာက သူ့စကား ဆက်ပြောတယ်။

'ရီတာဟာ တစ်ခါတလေ ကြောင်နေသလား အောက် ရတယ်၊ တခြား အရာရှိကတော်တွေလိုပဲ ပွဲတွေပေး၊ ဆေးဖယောင်းတိုင်တွေ ထွန်းမလို့တဲ့။ ဒါနဲ့ မိုနာ တစ်ခုတော့ ပြောခဲ့တယ်။ တကယ့်အချစ်မှာ ပီယဆေးနဲ့ ဆေးဖယောင်း င် မလိုပါဘူးလို့'

'အေးပါကွယ် မိုနာရယ်။ မိုနာလဲ အိမ်ထောင်သည် စ်ယောက်ပါပဲ၊ အိမ်ထောင်ရေးမှာ အချစ်နဲ့ လက်ထပ် င်းကိုနှိုင်းခြားပြီး နားလည်လောက်ပါပြီ'

www.burmeseclassic.com



မွှေးက မိုနာ့ကို ဒါပဲ ပြောလိုက်တယ်။ မိုနာဟာ မွှေးရဲ့ စကားကိုကြားရင် မျက်လုံးလေးပြူးပြီး ပခုံးလေး တွ[illegible] လိုက်တယ်။

'မဆင်နဲ့ အန်တီမွှေး၊ ကံအလွှာ ပါသေးတယ်နော်[illegible] အန်တီဟာ ကံကိုကောင်းပါတယ်'

'အင်းလေ၊ ဆိုပါတော့ ဘဝတစ်ခု တစ်ခုမှာ တစ်ကွက်[illegible] ကောင်းတော့ ပါဦးမှပေါ့'

'အဲဒါနဲ့ပဲ မိုနာသိချင်တာက အန်ကယ်မိုးကောင်းဆ[illegible] ရေးနေတဲ့စာက ခုထိ မဆုံးသေးဘူးလားတဲ့။ သူက မေး[illegible] တယ်' မွှေးက ခေါင်းခါပြလိုက်တာပေါ့။

'အန်ကယ်က ရေးလိုက်တဲ့ စာကိုကလဲ အရှည်ကြီးနော်[illegible] မိုနာလေ'

သူဟာ သက်ပြင်းကို ဖြည်းဖြည်းလေး ရှိုက်ပြီး စကား[illegible] တစ်လုံးချင်း စိတ်ပါလက်ပါ ဆက်ပြောတယ်။ သူ့မျက်လုံး[illegible] တွေဟာ မွှေးရဲ့ခြံဝန်းဘက်ဆီကို ငေးမျှော်ကြည့်ရင်း စဉ်းစဉ်းစားစား ပြောနေတယ်၊ ရုပ်ရှင်မင်းသမီးလေး[illegible] စကားပြောနေသလိုပဲ။

'ပေလီမှာတုန်းက အန်ကယ်မိုးကောင်းစာကို ဖတ်ပြီး[illegible] မိုနာစိတ်ဓာတ်တွေ ပြောင်းခဲ့တာပဲ။ ကိုယ့်ယောက္ခမဦး[illegible] ကိုယ်ပြောတာ မဟုတ်ပါဘူး အန်တီရယ်။ မိုနာ စာဖတ် ဝါသနာပါတယ်၊ အချစ်ဝတ္ထုတွေ ဖတ်တယ်၊ အင်္ဂလိပ်လို ရော၊ မြန်မာလိုရောလေ၊ ခုဆို တစ်ခါတစ်ခါ တွေးမိတယ်[illegible]





ရိုက်ဒါဟက်ဂဒ်ကြီးဟာ 'ရှီ'ဆိုတဲ့ ဝတ္ထုရေးတယ်မို့လား၊ ဆရာကြီး ရွှေဥဒေါင်းက ဘာသာပြန်တယ်လေ။ ဒီဝတ္ထုမှာ ဘုရင်မကြီးဟာ သူ့ချစ်သူကို စောင့်လိုက်တာနော်၊ လောကီဆေးဝါး အစီရင်တွေနဲ့ သူ့ကိုယ်ကိုလဲ မအိုအောင် လုပ်ပြီး နေတယ်။ သူ ပေါင်းသင်းခဲ့ဖူးတဲ့ သူ့ချစ်သူ ရုပ်အလောင်းကိုလဲ မပုပ်မသိုးအောင် ဆေးဝါးစီရင်ပြီး ထားလိုက်တာနော်။ ဒီဘုရင်မ အချစ်ဟာ ရှည်ကြာလိုက်တာ။ 'ရှီ' ဝတ္ထုကို တခမ်းတနား ရေးသင့်ပါတယ်။ မိုနာသာ ဝတ္ထုရေးဆရာဆိုရင် အန်ကယ်မိုးကောင်း အကြောင်းကို 'ဟီ' (He) ဆိုပြီး ဝတ္ထုတစ်ပုဒ်ရေးမယ်'

မိုနာစကားဆုံးတော့ မွှေးက ပြုံးတယ်။ 'မပြုံးပါနဲ့ အန်တီရယ်'တဲ့။

'အို....လေးလေးစားစားပြုံးတဲ့ အပြုံးပါ'လို့ မွှေးက ပြန်ပြောရတယ်။

'လေးစားရင်လဲ စာကိုဆက်ပြီးရေးပါ။ စာရဲ့ နိဂုံးကလဲ မိုနာ့မျှော်လင့်သလို ဖြစ်ပါစေလို့ ဆုတောင်းပါတယ်'

'ခုန မိုနာပြောသလိုပေါ့။ ကံအလွှာလဲ ပါသေးတယ်လေ'

'ဟုတ်တယ်၊ ဟုတ်တယ်' ဆိုပြီး မျက်ရည်တွေ ဝဲနေတဲ့ မျက်လုံးနဲ့ မွှေး လက်နှစ်ဖက်ကို ဆုပ်လိုက်တယ်။ ပြီးတော့ သူဆက်ပြီး စကားပြောတယ်။

'မိုနာလဲ မိုနာ့ပတ်ဝန်းကျင်မှာ အထော[illegible]တယ်၊ ကိုယ့်အလှ ကိုယ်သိပါတယ်။ မိုနာ တစ်ခု[illegible]နေမိ

တယ်။ အန်ကယ့်စာကို ပေလီမှာဖတ်မိတော့ အန်တီတို့ အကြောင်းတွေလဲ သိတယ်၊ စပ်စုတယ်ပဲဆိုဆို အန်တီတို့ ငယ်ငယ် ကျောင်းနေစဉ် တစ်ခေတ်က သူတွေထဲမှာ အန်တီ မွေးတို့အကြောင်းတွေ သိတဲ့သူတွေလဲ မိုနာ လိုက်စုံမိမ်း တယ်။ အန်တီကို အန်ကယ်မိုးကောင်းဟာ မကျည်းတန်လို့ ခေါ်လောက်အောင် တကယ်လဲ အကျည်းတန်တယ်တဲ့။ အရွယ်ရောက်လာတော့ ကြည့်ပျော်ရှုပျော် ရှက်ကြမ်းရေကျို တော့ လှလာတာပဲတဲ့၊ လင်းတလောက်တော့ ငှက်တိုင်းလှ ဆိုတဲ့ အလှမျိုးတဲ့။ မိုနာ ဒီလိုပြောတာကို အန်တီ စိတ်မဆိုး ပါနဲ့နော်။ သူများက ပြောပြတာကို အရင်းအတိုင်း ပြော ပြရတာပါ’

‘အို...ဘာစိတ်ဆိုးစရာရှိလဲ မိုနာ၊ အန်တီမွေး ကိုယ့် ကိုယ်ကို သိပါတယ်’

မိုနာဟာ တောင်းပန်တဲ့ မျက်လုံးလေးနဲ့ကြည့်ပြီး သူ့ စကားသူ ဆက်ပြောတယ်။

‘ဒါပေမယ့် မိုနာ၊ ရှင်းရှင်းနဲ့ တဲ့တိုး မေးချင်တာက မိုနာရဲ့အလှ တစ်ဝက်လောက်မရှိတဲ့ အန်တီဟာ ဘာကြောင့် အန်ကယ်မိုးကောင်းရဲ့ တစ်ဖက်သတ်အချစ်၊ ရှည်ပင် ရှည်ကြ ပေမယ်လို့ မလျော့၊ မပျက်ပြယ်တဲ့အချစ်ကို ခုထိ ခံယူနိုင် သလဲ၊ နံပါတ် (၂) ဦးလေးနိုင်လို လူ တစ် ယောက်ရဲ့ လေးလေးစားစား မြတ်မြတ်နိုးနိုး အချစ်ကိုလဲ ဦးလေးနိုင်

သေသည်အထိ ဘာကြောင့် ရယူနိုင်ခဲ့သလဲဟင်.... အန်တီ မွေး၊ မိုနာကို ရှင်းရှင်းလေးဖြေစမ်းပါ အန်တီရယ်၊ မိုနာ လေ....မိုနာ သိချင်တယ်’

သူဟာ အတော် တုန်တုန်ယင်ယင် လှုပ်လှုပ်ရှားရှားနဲ့ ဒီမေးခွန်းကို မေးနေတယ်။ ပြီးတော့ သူ့မျက်လုံးက ဘာ ကြောင့်မျက်ရည်ဝဲနေလဲ မသိဘူး။

‘ဖြေစမ်းပါ အန်တီရယ်’တဲ့ ထပ်မေးပြန်တယ်။ မွေးလဲ သက်ပြင်းကြီး ချလိုက်မိတယ်။

‘ဒီမေးခွန်းကို အန်တီမွေး မဖြေတတ်ဘူး၊ တကယ့်ကို မဖြေတတ်လို့ပါ မိုနာရယ်၊ မင်းထို့ရဲ့ ဦးလေးနိုင်ကတော့ ရှိတော့ဘူး၊ ဒီတော့ ကာယကံရှင်ကျန်သေးတဲ့ အထွတ် တစ်ယောက်ကို မေးကြည့်ပါလား၊ အဲဒီတော့ အကြောင်း ရင်းမှန်ကို သိမှာပေါ့၊ သူတို့ယောကျာ်းတွေ အချစ်ဟာလဲ ဆန်းကြယ်ပါတယ် မိုနာရယ်၊ သိနိုင်ခက်ခဲလှတဲ့အကြောင်း ထဲမှာ ယောကျာ်းတို့ရဲ့ အချစ်အပေါ်ထားရှိတဲ့ သဘောဟာ အသိခက်တဲ့ အကြောင်းတစ်ကြောင်းပါပဲ’

မွေးလဲလေ ဝမ်းနည်းစရာအကြောင်း မဟုတ်ပေမယ့် တုန်တုန်ယင်ယင်နဲ့ သူ့မေးခွန်းကို ဖြေမိတယ်။ ပြီးတော့ မွေးက ဆက်ပြောလိုက်တယ်။

‘တိုက်ဆိုင်တဲ့ အကြောင်းသဘောလေးတွေရှိလို့ ဖြစ်မှာ ပါ မိုနာရယ်၊ ငယ်ငယ်က ကျောင်းသားဘဝနဲ့ ကလေး စကားပြောရရင် အတွက်ကို သူတို့ယောကျာ်းလေးသူငယ်

www.burmeseclassic.com



ချင်းချင်း ပြောချင်ပြောကြမှာပေါ့၊ 'အဲဒီမွေးဆိုတဲ့သူငယ်
ကို မင်းသား တစ်ဖက်သတ် အချစ်နဲ့ သံသရာဆုံးအော
စောင့်နေ၊ တို့များ အလကားလာပေးတောင် မယူဘူးလ
ပြောချင်ပြောမှာပေါ့'

မွေးလဲ သူ့မေးခွန်းက လွယ်မလို့နဲ့ အဲဖြေရခက်တော
စွတ်ရွတ်ပြီးဖြေလိုက်တယ်။ ဘာကြောင့်များ မိုနာဟာ အဲ
အချိန်မှာ အဲဒီမေးခွန်းတွေ လာမေးနေလဲ မသိဘူး။

'အို...အဲဒီလို မွေးဆိုတဲ့ မိန်းမကို အလကား လာပေး
တောင် မယူချင်ပါဘူးလို့ ပြောတဲ့လူလဲ ရှိချင်ရှိမှာပဲ၊ ထာ
လိုက်ပါလေ သူတို့က မိုနာ့မေးခွန်းနဲ့မဆိုင်ဘူး'

မိုနာဟာ သွက်သွက်လက်လက် ဆရာမကြီးတစ်ယော
လက်ချာပေးနည်းဟန်နဲ့ သူ့စကားကို ဆက်ပြောပြန်တယ်

'ယောကျ်ားတွေဟာတဲ့ (Sexual Feeling) ခေါ
အလှအပ အပိန်အဖောင်း အထိအတွေ့တွေ ရှိရင်လဲ ဒီမိန်း
ကို တမ်းတမ်းစွဲ သိပ်ချစ်တတ်ကြတာပဲတဲ့၊ အန်တီမှာ
မိုနာ သိသလောက် အဲဒီဟန်ပန် အမူအရာ အိုလေ...အပိ
အဖောင်းတွေလဲ မရှိဘူး'

မိုနာဟာ ရှူးများနေသလား မသိပါဘူး အတွက်ရယ်
နှိုက်နှိုက်ချွတ်ချွတ်ကို အချိန်ယူပြီးပြောနေတယ်။ ပြီးတော
သူ တစ်ခါဆက်ပြောပြန်သေးတယ်။

'မိုနာ ခုဆက်ပြောမယ့် အကြောင်းကိုလဲ အန်တီ
သည်းခံပြီး ဆက်နားထောင်ပါ၊ စိတ်လဲ မထိခိုက်ပါနဲ့၊ စိ
လဲ မဆိုးပါနဲ့'





မွေးက ခေါင်းညိတ်ပြလိုက်တယ်။

'အန်တီ့ရဲ့ ကျောင်းနေစဉ်က ချစ်ဦးသူ ဦးတင်အောင်
ထွန်း (ဖရက်ဒီဘလှလေ)၊ အဲဒီအကြောင်းကိုလဲ မိုနာ လိုက်
စပ်စုတာပဲ၊ အန်ကယ်မိုးရယ်၊ အဲဒီ ဦးတင်အောင်ထွန်း
ရယ်၊ မိုနာ့ရဲ့ ဒက်ဒီရယ်၊ ဦးလေးနိုင်တို့ဟာ တက္ကသိုလ်ကို
တစ်ခေတ်တည်းရောက်ကြသူတွေတဲ့၊ ဒက်ဒီနဲ့ ဦးတင်အောင်
ထွန်းနဲ့လဲ ရင်းနှီးတာပဲတဲ့၊ တက္ကသိုလ်ဆိုတာကတော့ တယ်
မထူးလှပါဘူးလေ၊ သူ့တစ်ခေတ်နဲ့သူ့ဇာတ်လမ်းနဲ့ပါပဲ၊ အဲဒီ
ဦးတင်အောင်ထွန်းဟာ အန်တီအေမီနဲ့ လက်ထပ်ပြီး သား
တစ်ယောက်တည်းပဲ မွေးတယ်၊ ဒက်ဒီနဲ့ တစ်ခါကတွေ့တယ်
တဲ့၊ အဲဒီအန်တီအေမီဟာ တကယ် လှတာပဲတဲ့၊ မိဘတွေ
ဘာတွေ ဘာမှ အရှုပ်အထွေးမပါ,ပါဘူး၊ အဲဒီလူကြီးက
အန်တီအေမီကို ချစ်လို့ကိုယူလိုက်တာ၊ အဲဒါလေ အဲဒါ....
ဟိုတစ်လောက ဒက်ဒီနဲ့တွေ့တယ်၊ သူ့အရက်တွေ သိပ်သောက်
တာပဲတဲ့'

'မိုနာကလဲကွယ်၊ စပ်စပ်စုစု ဘာတွေလျှောက်ပြောနေ
တာလဲ၊ အတိတ်ကို အတိတ်မှာပဲ ထားခဲ့ပါရစေတော့မိုနာ
ရယ်၊ အန်တီမွေးလေ သူတို့အကြောင်းတွေကို ဘာမှ ဝေလဲ
မဝေဖန်လိုဘူး၊ အဖြစ်လဲ မတင်လိုဘူး၊ သိလဲ မသိချင်ဘူး၊
ဒီလိုအဖြစ်တွေဟာ မဆန်းပါဘူး'

'အို...မိုနာ့အဖို့ ဆန်းနေတယ်၊ ဆန်းနေရမှာပဲ၊ မိုနာ့ရဲ့
ပထမမေးခွန်းကို အန်တီမွေးဖြေတုန်းက အချစ်နဲ့ အိမ်



www.burmeseclassic.com

www.burmeseclassic.com



ထောင်ရေးဟာ တခြားစီလို့ ပြောခဲ့တယ်၊ မိုနာ ခုပြောချင်တာက အချစ်နဲ့ အိမ်ထောင်ရေး မဟုတ်ဘူး၊ 'အချစ်နဲ့ အလှ' အလှဆိုတဲ့ သဘောတစ်ရပ်ဟာ ဘာဖြစ်လို့ အချစ်ကို ကြာရှည်အောင် မထိန်းနိုင်ရတာလဲ ဟင်'

'အမယ်ဇ်လေး....မောလိုက်တာ မိုနာရယ်' မွှေးလေ သူ့စကား နားထောင်ရင်း တကယ်လဲ ပင့်သက်ချပြီး မောသွားတာပဲ။ ဖြေစရာစကားကိုလဲ တကယ်ပဲ စဉ်းစားလို့ မရပါဘူး။ ဒီတော့ တခြားစကားတစ်ခုကို ပြောင်းလဲပြီး သူ့ကို မေးခွန်းပြန်ထုတ်လိုက်ရတယ်။

'အန်တီမွှေးဟာ မိုနာထင်သလို မဟုတ်ပါဘူး၊ ကိုကိုနိုင်နဲ့ အတွတ်ကသာ အန်တီကို လေးလေးစားစား ချစ်တာပါ၊ ကဲလေ.... ခုနပြောတဲ့ ဦးတင်အောင်ထွန်းက ဘာလို့ အေမိနဲ့ တက္ကသိုလ်က မိန်းကလေးတွေကိုတွေ့တော့ အန်တီမွှေးကို အမေ့ကြီးမေ့သွားရတာလဲ၊ သူ့အချစ်ကို အန်တီမွှေး ဘာကြောင့်မရသလဲ၊ အန်တီမွှေးမှာ အစွမ်းရှိတယ်ဆိုရင် သူ တခြားမိန်းကလေးတွေကို တက္ကသိုလ်ရောက်လို့ တွေ့လဲ အန်တီမွှေးအပေါ်မှာ သစ္စာရှိနေရမယ်၊ မိဘတွေ အသိုက်အဝန်းတွေက ဗိုင်းဖျက်တောင် ကိုယ့်ချစ်သူ ကိုယ်ယူရဲတဲ့သတ္တိ ရှိရမှာပေါ့၊ အန်တီမွှေးဆိုလိုတာက အန်တီမှာ သာမန် တခြားမိန်းမတွေလိုပဲ အရည်အသွေး ရှိတာပါ၊ တခြား ဘာမှမပိုပါဘူး၊ တချို့ အန်တီတို့ တစ်ခေတ်ရော စစ်မဖြစ်ခင် တစ်ခေတ်ကရော တက္ကသိုလ်မှာ ရည်းစားကို





ရာထောင်ထားပြီး ထဘီလဲသလိုကို တစ်ယောက်ပြီး တစ်ယောက် ထားနိုင်အောင် ချစ်သူပေါတဲ့ အစွမ်းရှိတဲ့ မိန်းမတွေ အပြည့်'

'အို....အန်တီသိရက်နဲ့ စကားကို လွှဲမဖြေပါနဲ့၊ အဲဒါတွေက အပျော်ရည်းစားများတဲ့ မိန်းမတွေပါ၊ မိုနာ သိရသလောက် အန်တီ မျက်နှာလဲမများဘူး၊ အန်တီ ငယ်ငယ်က ချစ်ခဲ့တာ ဦးတင်အောင်တွန်းတစ်ယောက်ပဲ၊ ဦးလေးနိုင်က မိဘပေးစားလို့ ယူခဲ့တာ၊ အန်ကယ် မိုးကောင်းက အန်တီမွှေးကို တစ်ဖက်သတ်ချစ်နေတဲ့သူ၊ ပြီးတော့လဲလေ အန်တီ ပြောနိုင်လား၊ ဦးတင်အောင်ထွန်းဟာ သူ့အကျင့်ကြောင့် ဖောက်လို့သာ ဖောက်သွားရော အန်တီမွှေးကို မေ့သွားပြီလို့ ထင်သလား'

'ဟား....ဟား....ဟား....ဟား'

မွှေးရယ်သံဟာ တိတ်ဆိတ်နေတဲ့ မွှေးတို့ အိမ်ကြီးကို ပဲ့တင်ထပ်သွားတာပဲ။ မွှေး သရော်လိုက်မှန်း မိုနာသိတယ်။ သူ့အကြောင်းကို ဒီတင်ပဲရပ်ပါလို့ အန်တီမွှေး မိုနာကိုပြောခဲ့တယ်မို့လား။ အဆက်အစပ်မရှိတဲ့ နှစ်ဘဝမှာ တစ်ယောက်ရဲ့ လှုပ်ရှားမှုဟာ တစ်ယောက်ကို ဘယ်တော့မှ အရှိန်မဟပ်ဘူး၊ အဆက်အစပ်ရှိလာရင်တော့ ကဲ.... ရိုးမတောင်တန်းကြီး ခြားနေတဲ့ အတွတ်က ဒီမှာ မွှေးဖြစ်သမျှ ဘာဖြစ်ဖြစ် သူ့ကို ဂယက်ရိုက်နေတာပဲ၊ အရှိန်ဟပ်နေတာပဲလို့ မွှေးထဆက်ပြော လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'အန်တီမွှေး ဖြေတာနဲ့ မိုနာမေးတာနဲ့ နည်းနည်းတော့ လွဲနေတယ်၊ ဘာလွဲနေလဲဆိုတာလဲ မိုနာ စဉ်းစားဦးမယ်' မိုနာဟာ တကယ်ပဲ ခဏ စကားရပ်ပြီး စဉ်းစားနေတယ်။ ပြီးတော့ ဆက်ပြောတယ်။

'ထပ်ပြီး မတွန့်ပါနဲ့ဆိုပေမယ့် မိုနာ နည်းနည်းလေးတော့ တွန့်ပါရစေ၊ အန်တီမွှေးက ဘယ်သူနဲ့မှလဲ အဆက်အစပ်မရှိ၊ အဲဒီနန်းတော်ကြီးလို အိမ်ကြီးမှာ ပင်တိုင်စံလုပ်နေတော့ ဘယ်သူ့အကြောင်းမှ ဘာမှမသိတာကိုး၊ မိုနာတို့ကတော့ သိတယ်၊ သုတေသနကို လိုက်လုပ်နေကာ၊ အဲဒီဦးတင်အောင်ထွန်းဟာ အရက်ကို မူးနေအောင်သောက်ပြီး သိပ်မူးလာရင် 'မွှေး' ရေလို့ ကုန်းအော်တာပဲတဲ့၊ ကဲလေ.... ဒီတော့ သူ့အသည်းထောင့်တစ်နေရာမှာတော့ အန်တီမွှေးဟာ ကျန်စွဲနေတာပဲ'

'ဟောတော့'

'မဟောတော့နဲ့'

'မဟုတ်ပါဘူး မိုနာရယ်၊ အသေးစိတ် လွန်းလှချည်လား၊ အန်တီမွှေး ဒီစကားကို ယုံလဲမယုံဘူး၊ ဖြစ်လဲမဖြစ်နိုင်ဘူး'

'အသေးစိတ်သမှ သိပ်ပြီးစိတ်ဘာပေါ့၊ မိုနာက အလွှတ်စုံထောက်လိုပဲ၊ အချစ်ကို သုတေသနလုပ်ပြီး အန်တီမွှေးတို့ခေတ်လမ်းကို အသေးစိတ်ကို စုံထောက်နေဘာ၊ ကဲ....ရှင်း



လား၊ ဒါကြောင့် ကာယကံရှင် အန်တီမွှေး မသိတာတွေ မိုနာသိတာပဲ၊ မိုနာတို့ဘဝကလေ ကြက်သွန်ပြုဿနာလဲ ရှိဘူး၊ ငရုတ်သီးပြဿနာလဲမရှိဘူး၊ ဘာတော်လှန်ရေးမှ မရှိဘူး၊ ဂျပန်ခေတ် ဆင်းရဲခြင်းမျိုးဆိုတာလဲ မိုနာတို့ အိပ်မက်တောင် မမက်ဘူး၊ ကျောင်းနေလဲ ဒက်ဒီတို့မာမီတို့ လိုလေသေးမရှိထားတယ်၊ ကားလဲ ကြိုက်တာစီးရတယ်၊ တစ်ဖက်က ဝမ်းစာရှာပြီး ကျောင်းတက်ရတာတွေ ကိုယ့်ဝမ်းစာဇဘာင်မဟုတ် မိဘတွေ သားချင်းတွေ အတွက်လဲ အန်တီမွှေးလို တာဝန်ယူစရာမရှိခဲ့ဘူး၊ ဒါကြောင့်လဲ အနုရူပါရောဂါစွဲပြီး ဒီပိုက်တစ်လုံးစောစောရတာပေါ့'

ကဲ....ဘုရားသခင်မ,ပါ။ မွှေးစိတ်ထဲက ဘုရားတောင်တတယ်။ သူပြောပုံဟာ စကားလုံးလဲဆန်း သွက်လဲ သွက်တယ်၊ စေ့လဲစေ့စပ်တယ်၊ မွှေးတော့ ငြိမ်ငြိမ်ပဲ ဆက်နားထောင်နေရာက သူတို့ခေတ်မှာတော့ သူတို့ကို ဆရာတင်တော့မှာကိုး။ နည်းနည်းပါးပါးပဲ သူ့စကားကို ဝင်ထောက်မိတယ်။

'အနုရူပါရောဂါဆိုတာက ဘာရောဂါလဲ'

'မရှိတာကို မသိတဲ့ရောဂါလေ၊ အန်တီမွှေးကလဲ သိရက်နဲ့ မသိချင်ယောင်ဆောင်မနေပါနဲ့'

'မိုနာပြောသလိုပဲ၊ နန်းတော်ထဲမှာ ပင်တိုင်စံခင်းသင်းနေတော့ မွှေးက (Out of date) ဖြစ်နေပြီ၊ မိုနာတို့ခေတ်ကလဲ စကားလုံးတွေက ဆန်းတယ်မို့လား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်လေ၊ မိုနာတို့ခေတ်မှာ လူ့ မလိုင်ဆိုတဲ့အတန်း အစားတစ်ရပ်မှာ သူတို့သားသမီးတွေဟာ မရှိတာကို မသိ တဲ့ အနုရုဒ္ဓါရောဂါ တကယ်စွဲကပ်နေတာပဲ၊ အဝတ်ဆိုလဲ ဘယ်တိုင်းပြည်ကထွက်တာ ဝတ်မလဲ၊ လှိုင်းကြီး လှိုင်းလေး ဆိုတာတွေ ခေတ်တောင် မမီတော့ဘူး၊ မိုနာတို့ အသိုက် အဝန်းမှာတော့ လက်ဆွဲရေဒီယိုလောက်များဆို ဟို အန်တီ မွေးတို့ ငယ်ငယ်တုန်းတစ်ခေတ်က အိုးပုတ် တစ်လုံးပြီးတစ် လုံး ရိုက်ခွဲပြီး မလိုချင်လို့ လွှတ်ပစ်နိုင်ကြသလိုကို လွှတ်ပစ် နိုင်တယ်'

'ယုံပါတယ်၊ ယုံပါတယ်'

'ချောကလက်ဆိုလဲ (ပြူးရာချောကလက်) (Pure Chocolate) အစင်၊ စထရော်ဘယ်ရီသီးတွေ ပေါချိန်ဆို နွားမကထွက်တဲ့ပြည်တွင်းဖြစ် နွားနို့တို့ ကျောက်တိုင်တံဆိပ် အပေါစားနို့ဆီနဲ့ မိုနာတို့မသောက်၊ အရင် အန်တီမွေးတို့ ငယ်ငယ်က နိုင်ငံခြားကလာတဲ့ နက်စ်လေကထုတ်တဲ့ မလိုင် ဘူးလေးတွေလေ....အဲဒါနဲ့မှ မိုနာတို့သောက်တာ၊ မိုနာဟာ ကြွားပြောနေတာမဟုတ်ပါဘူး၊ သူ့ဟာသူ ပြောပြနေတာ ပါ'

'အေးပါကွယ်....မင်းတို့ကံကောင်းတာပေါ့၊ အန်တီမွေး တို့မှာတော့ သူဌေးမကြီး ဇိမ်ရှိတယ်ဆိုတာတောင် ပပက နို့ဆီ တစ်လတစ်ဘူးထုတ်ပေးတာကို စောင့်ပြီးထုတ်သောက် ရတယ်၊ ခုတော့ နွားနို့နဲ့ ကော်ဖီဖျော်ရတယ်'



'အဲဒါတွေကို မိုနာပြောရတာက ဒီလိုပါလေ၊ အန်တီ မွေးကို ရှင်းပြစရာရှိလို့၊ အဲဒီလို မိုနာနဲ့ မိုနာတို့ ပတ်ဝန်း ကျင်က ဖြစ်နေတယ်၊ မိဘတွေကိုလဲ ဒါတွေ ဘယ်ကရလဲလို့ မေးတောင် မမေးဘူး၊ အဲဒီတော့လဲ အနုရုဒ္ဓါရောဂါကစွဲ နေတော့တာပေါ့၊ ကိုယ့်အုပ်စုနဲ့ကိုယ် ခုမှ အမေရိကန်ဇိမ်တိုင်း ပြည်ကြီး ကျနေတာပဲ၊ ပါတီ အလှည့်နဲ့လုပ်ပြီး မိုနာတို့ အခန်းတီးမှုတ်နေတာပဲ၊ ထမင်း ဘယ်ကဖြစ်တယ်ဆိုတာကို မသိဘူးဆိုတဲ့ စကားလုံးကိုပဲ ဂုဏ်ယူပြောနေမိကြတယ်၊ ရစ် ချတ်တို့ တော်မီတို့ ဘဝကလဲ ဒီလိုပဲ၊ အဲဒီမှာ တွေ့ကြရာက ရှေ့ရေးလဲမရှိ နောက်ရေးလဲမတွေး ချစ်စရာရှိ ချစ်ပစ်လိုက် တာပဲ၊ မုန်းစရာရှိလဲ မုန်းပစ်လိုက်တာပဲ၊ တစ်ထိုင်တည်းကို အချစ်နဲ့ အမုန်းကို ဆုံးဖြတ်လိုက်တာပဲ၊ ရစ်ချတ်ကိုယူတော့ တော်မော်လီတို့ကို မခံချင်လို့ မင်းတို့ဝိုင်းဝိုင်းလည်ကြိုက်နေတဲ့ ရစ်ချတ်ကို ငါယူပြမယ်ဆိုပြီး ယူပြတာပဲ အန်တီမွေး'

မိုနာဟာ စကားစကိုခဏရပ်ပြီး သက်ပြင်းချလိုက်တယ်။ ပြီးတော့မှ ဆက်ပြောတယ်။

'အဲ....ပေလီမှာ အန်ကယ်မိုးကောင်း စာဖတ်ပြီးမှ မိုနာ တို့ဟာ ဘုရား ဘုရား....သူတို့ခေတ်မှာမှ တကယ့်သုံးနှစ်သုံးမိုး ကြင်တာတွေ အချစ်ကို လေးလေးနက်နက် နေရာထားတာ တွေ တကယ်ပါလားလို့ စဉ်းစားမိတယ်။ အန်တီရေ၊ အဲဒီ တော့မှ ဒက်ဒီပြောတာ စဉ်းစားမိတယ်'

'မင်းတို့ဒက်ဒီက ဘာပြောပြလို့လဲ' မွေးက မေးလိုက် တယ်။



www.burmeseclassic.com

www.burmeseclassic.com





'ဒက်ဒီကလေ နယ်ကနေလာတဲ့အခါ မိုနာကို ပြောပြဖူးတယ်။ ဒီစကားဟာတဲ့ မိခင်က သမီးကိုပြောပြရမယ့်စကားတဲ့။ ဒါပေမယ့် မင်းရဲ့မာမီကလဲ သမီးနဲ့တွေ့ချိန်နည်းလွန်းပါတယ်တဲ့။ ဖေ့တွလဲ သူ့ပတ်ဝန်းကျင်က သမီးတို့သာသာရယ်တဲ့။ ဒက်ဒီပြောချင်တာက သမီးဟာ အရွယ်ရောက်လာပြီဆိုတော့ တစ်နေ့နေ့ အချစ်ကိစ္စ ပေါ်လာမှာပဲ။ ဒါဟာ ဓမ္မတာမို့ ဒက်ဒီတို့ တားမြစ်စရာ မရှိဘူး။ တစ်ခုပဲ အိမ်ထောင်ရေးဟာ မိန်းကလေးတွေအတွက် အရေးကြီးလို့ မိန်းကလေးတစ်ယောက်ရဲ့ အချစ်ဟာ ဆင်းရဲဆင်းရဲ ချမ်းသာချမ်းသာ အင်မတန် တန်ဖိုး ရှိပါတယ်။ ခြသေ့်ဆီဟာ သိဂီရွှေခွက်နဲ့ပဲ တန်တာမို့ သမီးတို့ မိန်းကလေးတွေဟာ ကိုယ့်အချစ်ကို တန်ဖိုးထားပါကွယ်တဲ့။ ရွှေခွက်ဆိုတဲ့စကားကို ဒက်ဒီ ဒီနေရာမှာ ချမ်းသာတာတို့ ဂုဏ်တို့ဆိုတာတွေကို မဆိုလိုဘူး။ အရည်အသွေး အရည်အချင်းကို ဆိုတာတဲ့' မွေးက ခေါင်းတညိတ်ညိတ် နားထောင်ရာက ဦးဝင်းတင်စိတ်ကို ချီးကျူးမိတယ်။ ဖခင်ပေမယ့်လို့ ခေတ်မီပေသားပဲနော်။ မိုနာကလေ လက်ခုပ်လက်ဝါး တီးပြီး ခပ်ဟာစ်ဟာစ်လေး ရယ်ရာက ဆက်ပြောပြန်တယ်။

'တကယ့် သူ့သမီး မိုနာကတော့လေ ဘာမှလဲ မတွေးပါဘူး။ အချစ်ဆိုတာ ပျော်စရာကြီးပါလားဟေ့ဆိုပြီး ချင်ချင်တူးတူး မူးပြီးရောဆိုတဲ့ မိုနာတို့ ပတ်ဝန်းကျင်ဝါသနာအတိုင်း အချစ်ကို ထန်းရည်၊ ဘရန်ဒီ၊ ဘီယာ၊ ရမ်လို့ သဘောထားပြီး အန်းမူတ်ခွက်၊ နှီးခွက်၊ ကြုံတဲ့ခွက်နဲ့ကို သောက်ပစ်ကြတာပဲ အေးရော၊ တကယ်တော့ အန်တီမွေး ကြောက်စရာကြီးနော် ကြောက်စရာကြီး။ မိုနာကံကောင်းပေလို့ ကြောက်စရာ အိပ်မက်ဆိုးကြီးတွေကို မမက်ခဲ့ရတာ။ နို့မို့ရင် မိုနာလေ ပေါ်လီလို ဗိုက်တစ်လုံးနဲ့ ကျန်မှာ'

'ဘုရား' မွေးက သူ့စကားကို ဘုရားတ နားထောင်မိတယ်။

'ဘုရားမ,တန္တဲ့ အန်တီမွေး ကြောက်စရာ အိပ်မက်ဆိုးတွေ အကြောင်းကို မကြားချင်နဲ့တော့ မိုနာ စကားပြောတာလဲ ရှည်လှပြီ အကျဉ်းချုံးတော့မယ်။ ကံကောင်းလို့ ရစ်ချတ်နဲ့ တွေ့ရတာပေါ့၊ ဘွားဘွားကြီးတို့ကလဲ ချမ်းသာတယ်၊စာနာတတ်တယ်။ အန်ကယ်မိုးကောင်းကလဲ သူတော်ကောင်းကြီး၊မိုနာတို့ နှစ်ယောက်လုပ်ပုံက ပညာသင်ချိန်မှာ အိမ်ထောင်ပြုမိတယ်။။ ခုတော့ မိုနာ စာမေးပွဲဆက်ဖြေတယ်။ မိုနာကတော့ ပြီးတဲ့နှစ်က စာမေးပွဲအောင်ပြီး တက္ကသိုလ် ဆက်သွားရတယ်။ ရစ်ချတ်ကတော့ ကောလိပ်စော်မနံပါဘူး။ အစကတည်းက မိုနာတို့အပ်စု မိုနာတို့ပတ်ဝန်းကျင်ဟာ အချစ်ကို ယစ်မူးစေတတ်တဲ့ သေအရက်လို သဘောထားပြီး ကြုံရာခွက်နဲ့ သောက်တတ်ကြလေတော့ မိုနာတို့ အချစ်တွေကလဲ အန်ကယ်မိုးကောင်းတို့ တစ်ခေတ်က အချစ်လို ရေစိမ်ခံ တာရှည်ခံ မဟုတ်တာ ဘယ်ထူးဆန်းတော့မလဲ။ နှစ်ဖက်မိဘသာ အခံမကောင်းရင် မိုနာတို့





www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရေးဟာ ကြောက်စရာပဲ။ မိုနာ ဘယ်ဆိုးလို့လဲ အတွက်ရယ်။ သူ့ကိုယ်ကိုရော သူ့ပတ်ဝန်းကျင်ကိုရော အဝိဇ္ဇာ မပါဘဲ ဘက်မလိုက် ပြန်လှေလာနိုင်တာ ချီးမွမ်းစရာပဲ။

'မိုနာ ပြောခဲ့တဲ့စကားတွေထဲမှာ အန်တီမွေး စိတ်ထိခိုက်စရာတွေပါတယ်ဆိုရင်လဲ မိုနာ့ကို ခွင့်လွှတ်ပါ။ တချို့ မေးခွန်းတွေအတွက် အန်တီမွေးဖြေတာ မပြေလည်သေးဘူး။ နောက်မှ အေးအေးဆေးဆေး လာတွေ့ဦးမယ်။ တစ်ခုက ရစ်ချတ်ရဲ့ မာမီရှိလာဆီကိုနောက်တစ်ပတ်တနင်္ဂနွေ မိုနာတို့ သွားစရာကိစ္စရှိလို့ အန်တီမွေးလဲ စိတ်ပြေ လက်ပျောက် လိုက်ခဲ့ပါနော်'

'ရှိလာ အခု ဘယ်မှာလဲ'

'အင်းတကော်နားမှာလေ။ဘွားဘွားဒေါ်သောင်းစိန်က သူ့မြေတစ်ကွက်ကို ပေးထားလို့ ခြံလဲလုပ် မွေးမြူရေးလဲ လုပ်တယ်' မွေးလဲ ခေါင်းညိတ်ပြလိုက်တယ်။ မိုနာလေ မိခင်လောင်းဖြစ်နေတဲ့ မိုနာဟာ စကားတွေစုံအောင် ပြောပြီး သွက်သွက်လက်လက်ကလေးပဲ ထပြန်သွားတယ်။

ဩော်....သူပြောပြသွားလိုက်တာတွေဟာ စုံစေ့နေတာပဲနော်။ သူ တစ်ကြိမ်လာလည်လိုက်တာ မွေးအတွက် တံခါးလေးတစ်ချပ်ကို အသာဖွင့်ပြီး ဘဝရဲ့ ရှုကွက်တစ်ကွက်ကို တစ်ကြိမ်ကြည့်လိုက်မိသလိုပဲ။

ဟိုတစ်နေ့နေ့ဆီက မိုနာတို့ ရစ်ချတ်တို့လိုပဲ ဘဝတစ်ကွေ့လေးမှာ အတွက်ရယ်၊ ကိုကိုနိုင်ရယ်၊ ဖရက်ရယ်၊ မွေးရယ်





တွေ့ဆုံပြီး တစ်ဇာတ်ထုပ်ခင်းလာလိုက်ကြတာနော်။ အတွက်ရေ တို့များ ခု ဘိုးဘိုး ဘွားဘွား ဇာတ်လမ်း ခင်းရတော့ မယ်။

ဘဝရယ်၊ အချစ်ရယ်၊ အလှရယ် ဘဝကစလို့ အချစ်ဖြစ်ရတာလား၊ အချစ်ဖြစ်လို့ ဘဝကို စကြတာလား။

ဘဝဆိုတာ အချစ်လား၊ ဘဝရဲ့ အလှကရော အချစ်လား။ သူတို့ရဲ့ တစ်ခေတ်မှာ အချစ်ကို ဘဝရဲ့ အလှတစ်ပါး လေးလေးမြတ်မြတ် ပူဇော်ပုံမရဘူး။

ဘဝရဲ့ ယဇ်ပလ္လင်မှာ အချစ်ကို ယဇ်နတ် ပူဇော်သလို ဇော်ပြီး အချစ်သားကောင်ရဲ့ လည်လိုးပြီး ထွက်လာတဲ့ သွေးကို မြိန်ရေ ရှက်ရေ သောက်ကြပေတာကိုး။ ဒီတော့လဲ အချစ်မှာ အလှကိုရှာမတွေ့တာဟာ သူတို့အတွက် မထူးဆန်း ပါဘူး။

အချစ်မှာ အလှရှိတယ်။ ရှာတတ် ဖွေတတ် တွေ့မြင်တတ် တဲ့ သူတွေအတွက် အချစ်ရဲ့ မွန်မြတ်ချမ်းမြေ့ခြင်းအလှကို တွေ့ထိခံစားနိုင်တာပါပဲ။

ဘဝက ယဇ်ပလ္လင်ပဲ၊ သတ္တဝါဟူသမျှ ယဇ်ပလ္လင်ပေါ် တက်ကြရတာပဲ။ ဘဝဟာ သတ္တဝါတို့ ဆုံရာဖြစ်ပြီး ယဇ် နတ်သမီးရဲ့ စီမံသမျှ ခံကြရတယ်။ တကျာရှင်မ ယဇ်နတ်သမီး မှာ အချစ်ကို ပူဇော်ပသခြင်းမပြုဘဲ ဗုဒ္ဓဟောပင်ရင်းရဲ့ လွင်မှာ အချစ်ကိုပူဇော်တော့လဲ အလှဆိုတဲ့ အေးမြတဲ့ သိုလ် ချမ်းငြိမ်ခြင်း၊ ချမ်းမြေ့ခြင်းကို ရတတ်ပေတော့ပဲ နော်၊ အတွက်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



မိုနာ့ရဲ့စကားကို မွေး နားထောင်ရာကဖြစ်လာတဲ့ မွေးရဲ့ စိတ်အစဉ်ခံယူချက် တင်ပြတာပါနော်။

ဒီတော့ မွေး ဒီနေရာမှာ အတွတ်ကိုပြောချင်တာက....

(၁) တို့မျိုးနွယ်ယောက်ရဲ့ အသက်ဟာ ၄၀ ကျော်ပြီမို့ မိုနာတို့အသက် ၂၀ ကျော်မတိုင်မီ အတွေးလို ခံယူချက်နဲ့ လက်ထပ်ခြင်းအပေါ် စဉ်းစားလို့မရဘူး။

(၂) အချစ်ကို မူးယစ်စေတတ်တဲ့ သေအရက်လိုသဘော ထားပြီး ချင်ချင်တူးတူး မူးပြီးရောဆိုပြီး ကြုံရာခွက်နဲ့ သောက်လို့လဲ မတင့်တယ်ဘူး။

(၃) သေခြင်းနဲ့ချစ်ခြင်းဟာ ဘဝမှာ မလွဲမသွေသတ္တဝါ တိုင်း တွေ့ကြရမယ်။ ဒီတော့ ဇနက္ကမင်းသားရဲ့ သေခြင်း အပေါ်သဘောကို မွေး အတွတ်ကိုပြောပြပါရစေ။ ဇနက္က မင်းသားဟာ ပင်လယ်မှာကူးခပ်ရင်း မဏိမေခလာ နတ် သမီးနဲ့တွေ့တယ်။ ဇာတ်ကြောင်းရှည်ကိုတော့ မလှန်တော့ ဘူး။ မဏိမေခလာနတ်သမီးကို ဇနက္ကမင်းသားက ပြော တယ်။ နတ်သမီး ဘဝတစ်ခုမှာ သတ္တဝါတွေဟာ သေခြင်း နဲ့ အဆုံးသတ်ကြရတယ်။ သို့သော် သေရတာခြင်း အတူ အပြစ်ကင်းလွတ်အောင်သေဖို့ အရေးကြီးပါတယ်။ ငါ အတူပါတဲ့ သင်္ဘောသားငါးရာဟာ ငါးလိပ်မကန်းတွေ အစာဖြစ်ပြီး သေသွားကြပြီ။ ငါသာ ဇွဲမရှိဘဲ ဟိုလူတွေ အတူ သေသွားရင် ပြည်ထောင်အချင်းချင်း မင်းတို့ကကြား ရင် ဒီမင်းသားဟာ ခွန်အားဗလရှိပါရက်နဲ့ ကြိုးစားပြီး မကူးခပ်ဘူး။ ဇွဲမရှိလို့ သူလိုငါလိုသေရတယ်လို့ သေခြင်း ပေါ်မှာတောင် သူတကာတွေ ကဲ့ရဲ့ပြစ်တင်ခံရပြီးသေရမယ် နတ်သမီး။ ခု ငါ့ခွန်အား ငါ့ဇွဲကို အားကိုးပြီး လင်းရင်တိုင် အဖျားက ခုန်ချလို့ ငါးလိပ်တွေဘေးကလဲ လွတ်ခဲ့ပြီ။ ဇွဲနဲ့ ကူးလို့နေရတဲ့ အသက်ရှည်ရတဲ့ဘဝလေးမှာ မှန်မြတ်တဲ့သီလ ကို ငါစောင့်ထိန်းလို့ သေလဲ ရဲရဲသေရဲပြီ။ ပြီးတော့ အသက် မသေတောင် သူတကာမမြင်ဖူးတဲ့ အသင်နတ်သမီးကို ငါ မျက်ဝါးထင်ထင် မြင်ရဖူးပြီ။ သေချင်လဲ သေပေစေ ငါ သေရကျိုးနပ်ပြီ။ သင်နတ်သမီးထင်သလို သေခါနီးဆဲဆဲ ကြောက်အားလန့်အားနဲ့ သွေးရူးသွေးတန်းနဲ့ ကူးခပ်နေ တယ် မထင်နဲ့။ သင်နတ်သမီး ကယ်လိုမှကယ်၊ မကယ်လိုလဲ နေနိုင်တယ်တဲ့။

'မရွှေမွေးရယ် ကျွန်တော်မျိုး အတွတ်က ခင်ဗျားဆီ မျောက်မင်းရော ပုဏ္ဏားရော ရေးပြတာနဲ့ ခင်ဗျားက တကတဲ ဇနက္ကဇာတ်တော် ချီလာပြန်ပြီလားလို့ ဆက်မဖတ်ဘဲမနေနဲ့ ဦးနော်။

မွေးဆိုလိုတာက ဘဝမှာ သေခြင်းကိုလဲ အပြစ်ကင်းစွာ သေခြင်းဖြစ်သလို ချစ်ခြင်းမှာလဲ အပြစ်ကင်းစွာ ချစ်ရ ခြင်း မွေးနဲ့ အတွတ်ကြားမှာ ဖြစ်စေချင်ပါတယ်။ ရိုးရိုး ရေးရရင် အသက် ၄၀ ကျော်မှ ဘာစိတ်ရူးထပြီး နှံကြေ ဆဲလဲ မသိပါဘူးလို့ ချစ်ခြင်းအပေါ်မှာ သူများ ကဲ့ရဲ့ပြစ် တင်ရှုတ်ချခြင်း မဖြစ်စေလိုဘူး အတွတ်ရယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါလောက် အေးမြချမ်းငြိမ် ပြည့်စုံနေပါရက်နဲ့ စိတ်ကို တစ်ချက်မထိန်းနိုင်လို့ ဇွဲမရှိလို့ တဏှာရေပြင်မှာ မွေ့တစ်ယောက် စုံးစုံးနစ်သေရတဲ့ အဖြစ်ကို မရောက်ချင်ဘူး ကယ်တင်ရှင်ကြီးရယ်။

ဦးမေခလာကြီးရဲ့ ကယ်တင်ချင်တဲ့ စေတနာအပြည့်အဝကို မွေးလေးစားပါတယ်။ သို့သော် ကယ်လိုမှလဲ ကယ်ပါ။ မွေးဟာ အပြောကျယ်တဲ့ အချစ်သမုဒ္ဒရာမှာ ကြောက်အားလန့်အားနဲ့ ကူးနေတဲ့ မုဆိုးမ သတ္တိနည်းသူတစ်ယောက်ရယ်လို့တော့ ထင်မှတ် မမှားစေလိုဘူး၊ သွေးရူး သွေးတန်းနဲ့ တဏှာရူး ရူးနေတာ မဟုတ်ပါဘူး။

ဘဝဆိုတာကို ဂျော်မက်ထရီနည်းနဲ့ပြောရရင် နေ+ဝတ်စား+အချစ် =ဘဝ နေတတ်ခြင်း၊ ဝတ်တတ်ခြင်း၊ စားတတ်ခြင်း၊ ချစ်ခြင်းများကို သင့်တင့်လျောက်ပတ်စွာ လုပ်တတ်သွားသည်နှင့်အမျှ ဘဝဟာလဲ သင့်တင့်သွားတတ်ပါတယ်။

လင်ရှိတုန်းက ရွှေထီး ဆောင်းခဲ့ရသူမို့ ခုလဲ ရွှေထီးဆောင်းရမှ ကျေနပ်နိုင်မှာပဲလို့ ရွှေထီးကို မရမနေ လိုက်ရှာနေလဲ ရွှေထီးရှာဒုက္ခကို ကိုယ့်ဘာသာကိုယ်ခံ ဘယ်သူကမှ သနားမှာမဟုတ်ပေဘူး။

ချစ်ခြင်းမှာလဲ ချစ်သူပျောက် ရှာပုံတော်ဇာတ်လမ်းကို အပြောကောင်းလို့ နားထောင်နေလဲ ကိုယ့်ဇာတ်လမ်း ကိုယ်သာလွမ်းတာ ဆယ်သူကမှ တစ်ပတ်ကကျော်ရင် ပိုပြီးနား





မထောင်ချင်ကြဘူး။ ကိုယ့်လိုပဲ သူတကာလဲ ချစ်တဲ့သူနဲ့ ကွေကွင်းတဲ့ဒုက္ခကို ခံစားကြရတာပဲ။ ကိုယ့်ထက်တောင် သူတကာတွေဇာတ်လမ်းက ပိုပြီးဆန်းကြပေဦးမယ်။

အချစ်ပျောက်လို့ အချစ်ကိုရှာလဲ နောက်ထပ် ရှာတဲ့အချစ်သစ်ဟာဖြင့် မပျောက်တော့ပါဘူးလို့ ဘယ်သူကအာမခံဝန်ချက် ပေးမှာလဲ အတွတ်ရယ်။

ဒီတော့လဲ ဇနက္ကမင်းသားကို ပြန်သွန်းရဦးမယ်။ ဖုန်မှုန်တွေလူးနေတဲ့ သတို့သမီးငယ်လေးဟာ သီဝလီဒေဝီလိုမိဖုရားခေါင်ကြီးကို ဘဝသင်ခန်းစာ ပေးခဲ့တယ်နော်။

သတို့သမီးငယ်ဟာ လက်ကောက်တစ်ဖက်တည်းဝတ်ပြီးဇယ်ခုတ်တယ်။ ဘာဖြစ်လို့လဲဆိုတာကို ဇနက္ကမင်းကြီးကမေးတော့ 'အရှင့်သား လက်ကောက်အများဝတ်ပြီးတော့ဇယ်ခုတ်ရင် အသံ တချွင်ချွင်မြည်ပြီး နားငြီးလို့ တစ်ဖက်တည်းပဲ ဝတ်တာပါ' လို့ ဖြေခဲ့တယ်။ ဇနက္ကမင်းကြီးကသီဝလီဒေဝီကို ဒီသတို့သမီးငယ်ကိုပြပြီး တရားချတာပဲ။

လောကမှာ တစ်ဦးချင်း နေခြင်းလောက် ငြိမ်းချမ်းတဲ့အရသာ မရှိပါလား ဆိုတာကို သိပါရက်နဲ့ လက်ကောက်တစ်ရံဝတ်ချင်ရင် အသံ တချွင်ချွင်မြည်တဲ့ နားငြီးဒုက္ခကိုကိုယ့်ဘာသာပဲ ခံမှာမို့ လက်ကောက်တစ်ရံ ဝတ်သင့်လေသလားဆိုတာ အချိန်ယူစဉ်းစားရဦးမယ် အတွတ်ရယ်။

●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ဝတ်ရုံလွှာ တိမ်မင်ခိုးနဲ့၊ ညဥ့်ယံကိုသဘင်ပျိုးလို့၊ မုတ်သုံကြိုး စောင်းသံလွင်၊ မိုးနတ်လုလင်၊ ပုလဲမှုန် ဒီလမ်းကား လာလိမ့်မယ်ထင်အမှန်းနဲ့၊ ညသူဇာဝတ်မှုန်ကျင်းလို့၊ လှခင်ကိုပြင်။

အို…သခင့်မိုးနတ်ရှင်၊ ဘယ်သွင်နဲ့ ဘယ်လိုလှမ်း။
ပန်းလွှာငုံ ရွှေရည်ညွှက်ကို နန်းဆက်ရုံလား။
အို…သခင့်မိုးနတ်ရှင်၊ ဘယ်သွင်နဲ့ ဘယ်လိုလှမ်း၊
မြပျိုးပင် ပါးကွက်စိမ်းကို
တို့မလို ဆိတ်လိမ့်နိုးနဲ့
မျှော်ကိုးသူ ခန်းသာရိပ်မှာ၊ သည်းထိတ်ထိတ်မှန်း။
အို…သခင့်မိုးနတ်ရှင်၊ ဘယ်သွင်နဲ့ ဘယ်လိုလှမ်း၊
ဝက်ပါ ချစ်သူပွဲမှာ
မဟာဆန် ကြာယံကပေလား၊
ကြေးနီမှုန် ဝတ်ပုဆိုးနဲ့
တတ်မျိုးစုံ သဘင်ကွက်က၊ လျှို့ဝှက်ပုံဆန်း။
အို…သခင့်မိုးနတ်ရှင်၊ သင့်မှာတော့ သဘင်ထူး၊
ပျော်ကြူးပါနဲ့၊ ယစ်မူးသူရာရှင်ရဲ့၊
သန်းရွှေစင် ရတက်ပွားအောင်၊
စိန်မြားတံ ထိန်ထိန်လက်လို့၊
ပုဆိန်ဆင် တောင်ရှည်ကွက်ရယ်နဲ့၊
ညဥ့်ရုံဖော် အခြေပျက်တယ်၊ သိုင်းကွက်ကကြမ်း။

* * *



### အတွတ်ရေ….

မိုနာရဲ့ဖိတ်ခေါ်ချက်ကြောင့် မွေး အင်းတကော်ဘက်ကို ခရီးထွက်ခဲ့တယ်။ ကိုကိုနိုင် ဆုံးပြီးမှ ရန်ကုန် မြို့ပြင်ကို ဒီတစ်ခါ ခရီးစထွက်ခြင်းပဲ။

စွဲလမ်းတဲ့စိတ်ဟာ အတော် ခက်တယ်နော်။ မွေးလေ မှော်ဘီဘက်ကိုလဲ မသွားရဲဘူး။ မှော်ဘီဘက်ကို သွားရင် သူ ကိုလ်သင်တန်းကျောင်းမှာ အမှုထမ်းစဉ်က အတူနေခဲ့ရတဲ့ ညောင်ညိုပင်ကြီးရဲ့ အောက်က အိမ်လေးက ချစ်သူနှစ်ယောက်အတူ နေသွားတဲ့ ပုံပြင်ကို ပြောပေလိမ့်မယ်။

သူတကာ မကြားပေမယ့် မွေး ကြားတယ်။ အတွတ်ရဲ့ မြလွှာခင်းတဲ့ မြက်ခင်းအဆုံးမှာ ဝါးရုံတောကို မေးတင်နေတဲ့ နေလုံးကြီး ပတ္တမြားမောင်က မွေးကိုမေးတော့မှာပဲ။

'မွေး တစ်ယောက်တည်းလားလို့' မေးရင် မွေးဘယ်လိုဖြေရမှာလဲ။

အင်းတကော်ဘက်ကို ခရီးထွက်ရင်လဲ သူ အမှုထမ်းခဲ့တဲ့ ခြေမြန်တပ်ရင်း (၁၀၁) တပ်စခန်းကို မွေး ဖြတ်ပြီးသွားရမယ်။ ဒီတော့လဲ အတိတ်ကို အတိတ်မှာပဲ ထားခဲ့ရစ်အောင် မဖြတ်နိုင်တဲ့စိတ်က အတိတ်ကအရိပ်တွေကို အသက်သွင်းတော့မယ်။

မွေးလေ….အင်းတကော်ကို ဖြတ်လို့မသွားရဲဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ရှဲလာရဲ့ စိုက်ခင်းက (၁၀၁) ခြေမြန်တပ်ရင်းကို မရောက်ခင်လေးမှာဘဲ ရှိတယ်။ သူလာမယ့်အကြောင်း မိုနာ ကြိုတင် အကြောင်းကြားထားတယ် ထင်တယ်။

ရှဲလာဟာ မွေးမသိတဲ့ အမျိုးသမီးတစ်ယောက်နဲ့ ရစ်ချတ်လိုအရွယ် လူငယ်တစ်ယောက်နဲ့အတူ ဆီးကြိုကြတယ်။

သူတို့မျက်နှာလေးတွေက ပြုံးပြုံးရွှင်ရွှင် ကြည်ကြည်လင်လင်ပဲ။

'မာမီရှဲလာ၊ ဒီကအန်တီကလေ မိုနာ ခဏခဏ ပြောနေတဲ့ အန်တီမွေး ဆိုတာပေါ့' တဲ့။

မိုနာကပဲ သွက်သွက်လက်လက် မိတ်ဆက်ပေးပါတယ်။

'ရှဲလာလဲ အန်တီမွေးနဲ့ ဆရာဝန်ကြီးက တစ်မြို့တည်းသားချင်း ဝါးခယ်မမှာ အတူနေလာခဲ့သူ၊ ခြံနီးနားချင်းတွေ သိပ်ခင်မင်တယ်ဆိုလို့ နာမည်ကြားကတည်းက တွေ့ချင်နေတာပါ' ရှဲလာက ဖော်ဖော်ရွေရွေ ပြန်ပြောတယ်။

'ဟုတ်ပါတယ်၊ ရစ်ချတ်တို့ လက်ထပ်တုန်းကလဲ မွေးက ကျန်းမာရေးမကောင်းလို့ လူထူထူကို ရှောင်နေရလို့ ရှဲလာတို့ ဆွေမျိုးစုံနဲ့ မဆုံမိတာ၊ ဝါးခယ်မမှာတုန်းကတော့ ဒေါ်ဒေါ် ဒေါ်သောင်းစိန်နဲ့က သားအမိလိုပါပဲ၊ သော်ကဘက်ကမ်းမှာ အိမ်ချင်းကပ်နေတာပဲ'

'အန်တီမွေး၊ ရှဲလာ့အိမ်လေးမှာ ကြိုက်သလို လွတ်လွတ်လပ်လပ်နေ၊ ဒီက ရှဲလာ့ရဲ့ယောက်မ နော်ထူးဖော၊ ဒါက သူ့သား စောဝေဘဲလ်၊ ရစ်ချတ်နဲ့တော့ ရင်းနှီးကြပါတယ်၊ ခက်သားလား အန်တီမွေးရဲ့၊ မုဆိုးမ ဆိုပေမယ့် ရှဲလာ





အရွယ်က ငယ်သေးတော့ အလုပ်လုပ်စားရတာ မလွယ်ဘူး၊ အဲဒါနဲ့ စောဝေဘဲလ်တို့ မိသားစုကို ခေါ်ထားရတာ၊ အလုပ်သမားကို အုပ်ချုပ်ရတဲ့ပြဿနာက မလွယ်ဘူးလေ'

ရှဲလာက သူ့ဘဝကို အတိုချုံး ပြောရင်း သူ့အိမ်လေး အောက်ထပ်ကို ခေါ်သွားတယ်။

စောဝေဘဲလ်နဲ့ ရစ်ချတ်ဟာ တစ်ယောက်ပခုံး တစ်ယောက်ဖက်ပြီး နောက်ကလိုက်လာကြတယ်။

'စောဝေဘဲလ်ကလေ ခြံထဲမှာလဲ ကူတယ်၊ ပဲခူးကနေ ၁၀ တန်းကိုဝင်ဖြေတာ ကျူရှင်မယူဘဲနဲ့ ဂုဏ်ထူးတောင် ချိတ်တယ်၊ သူက ခု တက္ကသိုလ်မှာ စာဆက်သင်နေတယ်' မွေးကို စောဝေဘဲလ်နဲ့မိုနာ မိတ်ဆက်ပေးပုံက ရစ်ချတ်ကို နောင်တရစေမယ့် စကားလုံးကိုသုံးလိုက်တယ် အတွတ်ရဲ့။

ရစ်ချတ်နဲ့ စောဝေဘဲလ်ကတော့ မွေးတို့ကို ခွင့်ပန်ပြီး စိုက်ခင်းနဲ့ ကြက်ခြံတွေဘက်ကို ထွက်သွားတယ်။

သူ့ခြံကစိုက်ခင်းထက် နွားနဲ့ကြက်ကို ဦးစားပေး မွေးတော့ စောဝေဘဲလ်လို တူသားမျိုးနဲ့ သိပ်အဖော်ရတာပေါ့။

'အန်တီမွေး မုန့်ပျားသလက်ကို ကြက်ဥနဲ့ လုပ်ထားတယ်၊ နွားနို့စစ်စစ်လဲ ကော်ဖီအစားသောက်ပေါ့၊ မနက်စာကိုနေမြင့်မှစား'

စောဝေဘဲလ် အမေကလဲ သူလုပ်ထားတဲ့မုန့်နဲ့ ဧည့်ခံတယ်လေ။ ဝါးခယ်မနဲ့ ဝေးကတည်းက မုန့်ပျားသလက်နဲ့လဲ ဝေးနေတော့ ခုတစ်ခါစားရတာ သိပ်အရသာရှိသလို



www.burmeseclassic.com

www.burmeseclassic.com



ပဲ အတွက်ရယ်။ တစ်နေ့နေ့တော့ဝါးခယ်မ မုန့်ပျားသလက်တို့ မုန့်ဟင်းခါးတို့ကို အတွက်နဲ့အတူ ပြန်စားကြဦးစို့ရဲ့။ မုန့်ပျားသလက် ပူပူနွေးနွေးကို နှမ်းဆီရွှဲရွှဲလေးနဲ့ တို့စားရတော့လဲ မွေး အတွက်ကို သတိရပါတယ်။

မိုနာဟာ စားသောက်ပြီး တစ်ထောက်လောက်နားပြီးတော့မှ သူလာရင်း အကြောင်းကို စပြောတော့တာကိုး။ ပထမတော့ မွေးလေ မိုနာစကားကို စိတ်မဝင်စားမိဘူး။ ရှဲလာရဲ့အိမ်လေးနဲ့ ကြည်နူးစရာကောင်းတဲ့ စိုက်ခင်းလေးဆီကိုပဲ စိတ်ရောက်နေတယ်၊ မွေးဘဝက တော်သေးတာပေါ့နော်အတွက်ရယ်။ ရှဲလာဆိုရင် မုဆိုးမဆိုတဲ့ သူ့ဘဝလေးကို သူများအစော်ကားး၊ အတင်းပြောလွတ်အောင် တစ်ဖက်ကကာကွယ်ရင်း သူ့ဘဝလမ်းလေး သူလျှောက်သွားပုံဟာ ချီးကျူးစရာပဲ။ စောဝေဘဲလ်တို့ မိသားစုဟာ သူ့အတွက်အကာအကွယ်လဲရ၊ လုပ်ငန်းမှာလဲ အဖော် ဖြစ်တာပေါ့နော်။

မိန်းမဆိုတာ အပျိုကြီးပဲလုပ်နေနေ၊ တစ်ခုလပ်ပဲဖြစ်ဖြစ်၊ မုဆိုးမပဲဖြစ်ဖြစ် အုပ်ထိန်းခြင်းက ကင်း၍ မတင့်တယ်ဆိုတာ သိပ်မှန်တာပဲနော်။ ကိုယ့်ထမင်း ကိုယ်စားနေတယ်ဆိုပေမယ့် သူတစ်ပါး လက်ညှိုးထိုးကင်းအောင် နေရဘာ။ အရှေ့တိုင်းသူ မုဆိုးမတွေရဲ့ ဂုဏ်ရှိတစ်မျိုးပဲ။

မွေး အတွေးထဲနစ်နေရာက မိုနာရဲ့ ငိုသံပါ အသံလေးက မွေးအတွေးကို ရပ်သွားတယ်။ သူပြောနေတဲ့ စကားလုံးတွေကလဲ မဆိုးဘူး အတွက်ရေ။





‘ရစ်ချတ်ကို မိုနာ ချစ်လို့ပဲ လက်ထပ်ခဲ့တာပါပဲ၊ ခုထိတော့ ဘဝမှာ ဘာမှ ကသိကအောက် မဖြစ်သေးပါဘူး မာမီရှဲလာ၊ ဒါပေမယ့် တစ်နေ့ ဖြစ်စရာလမ်းတွေ အများကြီးရှိလာတယ် ဆိုတာကတော့ မိုနာ လက်ထပ်ပြီးမှ တွေးမိလာတယ်၊ ရစ်ချတ် နောင်ရေးအတွက် မိုနာတွေးမိပြီး ပြင်ဆင်သင့်တာ ပြင်ဆင်ရအောင် အန်တီမွေးကို အဖော်ခေါ်ပြီး မာမီရှဲလာဆီ လာခဲ့တာပဲ၊ သူ့အကြောင်းကို တိုင်ပင်ဖို့လာတာလို့ ရစ်ချတ်ကိုယ်တိုင် မသိပါဘူး၊ အန်တီမွေးလဲမသိပါဘူး၊ အန်တီမွေးပါ ရစ်ချတ်ကိစ္စကို ဝင်ပြီးစဉ်းစားပေးပါ၊ အခြေအနေမှန်ကို တကယ်သိပြီး တကယ် သည်းခံချိန်ဆနိုင်တာက ရစ်ချတ်အပေါ်မှာ သူ့မိခင်ရင်း မာမီရှဲလာပဲ ရှိတယ်’

မိုနာဟာ မျက်ရည်သုတ်ပြီး မိန်းမကြီး တစ်ယောက်လိုပဲ သူ့စကားကို သူဆက်ပြောတယ်။

‘မိုနာ ဒီလိုပြောတာကို အန်တီမွေးတို့ မာမီရှဲလာတို့က ထင်မယ်၊ သူ့ဘွားတွားတွေကို တိုင်ပါလား၊ သူ့အဘွားတွေကရော မချစ်ဘူးလား၊ သည်းမခံဘူးလားလို့ မေးစရာရှိတယ်၊ မချစ်လို့ သည်းမခံလို့မဟုတ်ပါဘူး၊ အချစ်ကပိုလွန်းလို့ သည်းခံကြတာလဲ လွန်လွန်းလို့ မိုနာ တမင်ပဲ အန်တီမွေးပါခေါ်လာပြီး မာမီရှဲလာကို လာတွေ့ရတာပါ’

မိုနာ့စကားကိုကြားတော့ ရှဲလာကပြုံးတယ်။ သူ ဘာကြောင့်ပြုံးရတယ်ဆိုတာလဲ မွေး ရိပ်မိပါတယ်။ မိုနာကတော့ ယောက္ခမဖြစ်သူကို သူ့စကား သူဆက်ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဘွားအေတွေရဲ့ အချစ်ဟာ မြေးအပေါ် ချစ်လွန်းတော့ ဘက်လိုက်တဲ့အချစ်ဖြစ်သွားတယ်၊ ဘယ်အချစ်ဖြစ်ဖြစ် ဘက်လိုက်ရင် မျက်ကန်းအချစ် ဖြစ်သွားတတ်တာပဲ၊ မျက်ကန်းအချစ်ဟာ ချစ်တဲ့သူကိုရော အချစ်ခံရတဲ့သူကိုရော ဘယ်တော့မှ ကောင်းကျိုးမပေးဘူး၊ ဘက်လိုက်ရတာကို မကောင်းပါဘူးလို့ ပြန်ပြောရတာက အဘွားတွေ လူကြီးတွေဖြစ်နေတော့ မိုနာ့ရဲ့အဆိုးဖြစ်မယ်၊ ဒါပေမယ့် နောက်ဆုံး ပျက်စီးခြင်းငါးပါး တိုင်ရမှာက မာမီ သားရစ်ချတ်။ ရစ်ချတ်ရဲ့ဆိုးမွေကောင်းမွေကို ခံရမှာက မိုနာနဲ့ ဟောဒီ ပိုက်ထဲက ကလေး'

မိုနာဟာ တိတိလင်းလင်း ပြတ်ပြတ်သားသား တတွတ်တွတ်နဲ့ ပြောနေတယ်။ သူ့စကားတွေဟာ ငယ်ရွယ်သူစကားပေမယ့် အမှန်ချည်းပဲ အတွတ်ရယ်။ ရှဲလာက ငြိမ်ငြိမ်သက်သက်နားထောင်ရက ဝင်ထောက်လိုက်တယ်။

'မိုနာတို့ လက်ထပ်ပြီးစက မိုနာ့ မိဘတွေအိမ်နားမှာ နေတာကောင်းသားပဲ၊ သူလဲ ကျိုးနွံသွားတာပေါ့၊ မိုနာ ဘာဖြစ်လို့ ဘွားဘွားတို့အိမ် ပြောင်းဆင်းရတာလဲ' တဲ့။

'ဟုတ်တယ်....မာမီ ရှဲလာ၊ ဒီမေးခွန်းကို မေးသင့်တယ်၊ မိုနာလေ အကြောင်းနှစ်ကြောင်းကြောင့် သူ့နောက်လိုက်ပြီးသွားတာ၊ တကယ်တော့ မိဘ အရိပ် မိဘအိမ်ထက် စိတ်ချမ်းသာတာ ဘယ်မှာရှိမလဲ၊ မာမီတို့အိမ်မှာ မိုနာ ဘယ်





လောက် ဇိမ်ကျကျ နေနိုင်လဲဆိုတာ မာမီ ရှဲလာ အသိပါပဲ။

'ဟုတ်ပါတယ်'

မွေးဆွေ ရှဲလာပါ သူ့စကားကို ဝင်ထောက်လိုက်တယ်။

'မိုနာလေ အန်ကယ် မိုးကောင်းကို ဘယ်လို ကျေးဇူးတင်မှန်း မသိဘူး'

မိုနာရဲ့ စကားလမ်းကြောင်း ပြောင်းသွားလို့ စိတ်မျှားကယောက်ကယက် ဖြစ်သွားလားလို့ မွေး အံ့သြသွားတယ်။ နောက်မှ သူ့စကားက လမ်းကြောင်း ပြောင်းပေမယ့် အစီအစဉ် မှန်ပါတယ်။ ယောက္ခမကြီး အတွတ်ကို ချီးကျူးလိုက်ရတာလဲ အမောပဲ အတွတ်ရေ။ သူ့စကားလုံးလေးတွေကို ဆက်ဖတ်ပါဦးနော်။

'ဘာဖြစ်လို့ မိုနာ ရစ်ချတ်ရဲ့ ဖေဖေကို ကျေးဇူးတင်သလဲဆိုတော့ ရစ်ချတ်ရဲ့ဖေဖေ အန်ကယ် မိုးကောင်းက အန့်တီမွေးဆီ ပေးတဲ့စာ ဖတ်ပြီးကတည်းက မိုနာ့ ဘဝဟာလေ ဆွဲယူပြောင်းလိုက်သလိုပဲ၊ အတွေးအခေါ်ရော အနေအထိုင်ရော ပြောင်းသွားတယ်။ ငါ ရစ်ချတ်ကို တကယ် ချစ်ရင် ငါ သက်သောင့်သက်သာ ချမ်းသာရာကို မကြည့်ရဘူး၊ ချစ်သူရဲ့ အကျိုးနဲ့ ချစ်သူ စိတ်ချမ်းသာဖို့ကို ကြည့်ရမယ်၊ ငါ့အချစ်ကလဲ ဘက်လိုက်တဲ့အချစ်မဖြစ်စေရဘူးလို့ ဆုံးဖြတ်

www.burmeseclassic.com



ထားတယ်။ ဒီလိုစိတ်ထားတတ်လာတာ အန်ကယ်မိုးရဲ့ စာ ကြောင့်ပေါ့'

ရှဲလာနဲ့မွေးလဲ သူ့စကား တဖြည်းဖြည်း လိပ်ပတ်လည် လာလို့ ခေါင်းတညိတ်ညိတ်နဲ့ နားထောင်နေမိကြတယ်။

'မာမီတို့အိမ်မှာ ဆက်မနေချင်တဲ့ ပထမ အကြောင်းက မိုနာ ရစ်ချတ်ကို ယူကတည်းက ဒက်ဒီနဲ့ အသိုက်အဝန်းတွေ ကြောင့်သာကို၊ မာမီက သဘောတူတာ မဟုတ်ဘူး၊ ဒက်ဒီ ကတော့ သမီးအပေါ် စိတ်ရှည်တယ်။

'ကိုယ်ချစ်သူနဲ့ ပေါင်းရပြီပဲကွယ်၊ သမီးဆန္ဒ ပြည့်ပြီ မို့လားတဲ့၊ ဒီတော့ သမီးလေး နောင်ရေးအတွက်မို့ စာ ဆက်သင်ပါဆိုပြီး သူ့ကိုရော မိုနာကိုရော မက်ထရစ် အောင် အောင် ကျောင်းဆက်ထားတယ်၊ ကဲ မိုနာက ဒီဗိုက်တပြုပြုနဲ့ စာကြိုးစားလိုက်တာ (ဒီ)တောင် ချိတ်သေးတယ်၊ သူမှာ တော့ အောင်တောင် မအောင်ဘူး'

မိုနာ ပြောတာတွေဟာ အမှန်ချည်း ဖြစ်နေတော့ ရှဲလာလဲ ခေါင်းတညိတ်ညိတ် လုပ်နေပုံရတယ်။

'သူ့အဖြစ်က အဲဒီလိုဖြစ်နေတော့ မာမီအဖို့ ပြောစရာ အကွက်ဖြစ်လာတာပေါ့၊ ဒီကောင်ဟာ အဖြစ်ရှိတဲ့အကောင် မဟုတ်ဘူးဆိုတာ သိပြီလား၊ ဘွားအေတွေအရှိန် အဖေ ဆီရာဝန်အရှိန်နဲ့ အရောင်တောက်နေတဲ့ ရွှေတောင်ပေါ်ကို နားတဲ့ ကျီးကန်း ဖြစ်နေတယ်တဲ့၊ ကိုယ့်စွမ်းကိုယ်စ ဘယ် တော့မှ ထွက်မယ့်ကောင် မဟုတ်ဘူး၊ ဒါတင် မဟုတ်ဘူး၊



မာမီ့ စကားလုံးတွေက မိဘကိုပါ ခိုက်လာရော အတွက်ရဲ့ သားအရင်းမှမဟုတ်ဘဲ၊ မိမစစ် ဖမစစ်သား ဘာညာနဲ့ ဆိုလာတော့ မာမီကသာ မိုနာကိုကျိတ်ပြီး ကြိမ်းပေမယ့် ကြာတော့ သူပါ ကြားလာတာပေါ့။ မိဘကိုပါ ထိလာ တော့လဲ သူနာကြည်းလာတာပေါ့'

'အေးလေ...ဒါကတော့ သားသမီးမကောင်း မိဘ ခေါင်းပေါ့၊ ရစ်ချတ် လုပ်ပုံကလဲ မဟုတ်ဘဲကို'

ရှဲလာရဲ့ စကားက မိခင်ကောင်း တစ်ယောက် ပြော ...င့်တဲ့ စကားလုံးပါပဲ။

'ပညာဆက်မသင်ချင် ဒီဂရီမရချင်နေ်တဲ့၊ အလုပ် တစ်ခု ...ကို ဖင်သေသေနဲ့ ခါးချိုးလုပ်ပါလားတဲ့ မာမီက ပြော ...ယ်၊ မိုနာလဲ သူ့ကို ထိုးတိုးပြောပါတယ်၊ ဒါပေမယ့် ...ဘူး၊ မာမီရှဲလာ...သူလေ ကားတစ်စီးနဲ့ပဲ လူပျိုတုန်း ...လို မော်လီတို့ တော်မီတို့ အုပ်စုနဲ့ပဲ ပျော်ချင်နေတာပဲ၊ ချစ် ...ရာ မိုနာ တစ်ယောက်လုံး ရှိနေပြီပဲ၊ ဘာလို့ သူက အဲဒီ ...မော်လီတို့ဆီ ပျော်တော်ကြူးချင်ရတာလဲ'

ငိုသံလေးနဲ့ မိုနာ ပြောသံကြားတော့မှ မွေး စဉ်းစားမိ ...တယ်၊ သတိရလာတယ်၊ မွေးတို့အိမ် မိုနာ လာလည် ...းက သူ့မေးခွန်းလေးတွေလေ၊ မိန်းမတစ်ယောက်ဟာ ...ရက်နဲ့ ယောကျ်ား တစ်ယောက်ရဲ့ အချစ်ကိုဘာ ...ကြောင့် မပိုင်သလဲဆိုတဲ့ သူ့မေးခွန်းလေးကို ပြန်ပြီး ...းယောင်လာတယ်။ ဪ...ယော်လေးတဲ့ မိုနာ အဝမှာ

www.burmeseclassic.com



မရင့်ကျက်သေးတဲ့ မိုနာ၊ ခြေဖဝါးနုနုနဲ့ ဘဝလမ်းကို စပြီး
လှမ်းရတဲ့အခါ သိလာပြီပေါ့နော်။ သူတို့ကိုသာ အစောကြီးက
မိဘတွေက အသက် ၂၀-မကျော်ခင် အိမ်ထောင်ရေးတို့
အချစ်ရေးတို့ မစဉ်းစားပါနဲ့လို့ဆိုရင် မာမီတို့ရော ဒက်ဒီ
တို့ရော မချစ်ခဲ့ဘူးလား၊ အချစ်မရှိခဲ့ဘူးလားနဲ့ စကား
တန် အိုးတွေလေ။ နှုတ်လုံထိုးမှာ အတွက် ရဲ့ သိလား။
လူငယ်တွေကို ပြင်မရ ထိန်းမရအောင် ငါးပါးမှောက် ဖြစ်
သွားမှာစိုးလို့သာ ဘဝ အပူမမိအောင် ကြိုတင်ပြီး မိဘတွေ
အုပ်ထိန်းသူတွေက သတိပေးရတာ ဒန်အိုးပူလောက်ဆိုရင်
တော့ ကိုင်ကြည့်လို့ လွှတ်ပေးလိုက်တာပဲ ကောင်းတယ်။
ဒါမှလဲ သူတို့အဖြေ သူတို့ ဘဝထဲမှာ ရှာတတ်လာမှာ။ ဘဝ
ထဲကရတဲ့ သင်ခန်းစာကမှ သူတို့အဖို့ လေးလေးနက်နက်
ယုံကြည်မှာ။ တရားဟောနေလို့တော့ သူတို့က မကြုံဖူးတော့
မယုံဘူး အတွက်ရေ။

မွေး ဘာဖြစ်လို့ အဲဒီလို ရေးရလဲဆိုရင် အတူးသဖြင့်
မွေးတို့ မိန်းမတွေပေါ့။ မိရွှေမွေးက ကိုယ်တွေ့လေ။

မေမေက သမီး အသက် ၂၀ မကျော်ခင်မှာ ဘဝဟာ
မရင့်ကျက်သေးတာမို့၊ အချစ်အကြောင်းကိုစဉ်းစားတာမှာ
စောပါသေးတယ်လို့ ဖရက်ကို မချစ်ဖို့ မေမေ တားတုန်းက
မျှား မေမေ့ကို ပွါးစပ်ကသာ ပြန်မပြောရဲတာ စိတ်ထဲက
တော့ ပြန်ပြီး ချေပမိတယ်။ ဖရက်လိုရိုးသားတဲ့လူ၊ စိတ်ထား
တည်ငြိမ်တဲ့လူ၊ အေးအေးချမ်းချမ်းရှိတဲ့လူ မရှိတော့ဘူးလို့
ထင်ခဲ့မိတယ်။

ခုတော့ အရှုံးလိုပဲနော်၊ သူငယ်ငယ်တုန်းကတော့ ငါ့ကို
တကယ် ချစ်တာပါပဲလေ၊ တက္ကသိုလ်ရောက်မှ အပေါင်း
အသင်းစုံပြီး အင်းလျားကန်ရေငွေ့ကလဲ ဟတ်ကန်ထဲက
လူသားကို မျိုတတ်တဲ့ နဂါးမရဲ့ အငွေ့သင့်ပြီး ငါ့ကို အမေ့
ကြီး မေ့တာပဲရယ်လို့ ကိုယ့်ချစ်သူကိုသာပဲ ခွင့်လွှတ်အတွေးနဲ့
တွေးမိတယ်။

တကယ်ဆိုတော့ တစ်ဖက်က အေမိမှာ ဘာအပြစ်မှ မရှိ
ဘူး။ မေမေသာ အမြော်အမြင်မကြီးခဲ့ရင် ဖရက် ခုလို
အရက်ကြိုက်ပုံ အပျော်ကြူးပုံနဲ့ မွေးက အရက်ကြောက်ပုံနဲ့
စစ်လမ်းစီပဲနော်။

မွေးသူငယ်ချင်းတွေက မင်းနဲ့ ဖရက်ခွဲခွာရခြင်းဟာ မွေး
အတွက် ကံကောင်းခြင်း၊ ကောင်းသော ခွဲခွာရခြင်းတဲ့။
ရိုက်ရက်အခြေခံ ဆွေမျိုးစုနဲ့ တော်လှန်ရေး သမား
အခြေခံ ဆွေမျိုးစုက ထွက်လာတဲ့ မင်းတို့နှစ်ယောက်
အိမ်ထောင်ရေးဟာ ဘယ်တော့မှသာယာမှာ မဟုတ်ဘူးတဲ့။
ဒီ သမီးရည်းစားဘဝက ညောင်ညိုပင်စခန်းမရောက်ခင်
ခွဲ လမ်းခွဲရတာ ကံကောင်းလေခြင်းလို့ မွေးရဲ့ သူငယ်ချင်း
စုစုက ဝေဖန်ကြတယ်လေ။ အဲ့မှန်တော့လဲ အတွက်ရေ
ရဲ့ကပြောတဲ့ ပုံပြင်မှ ဒဏ္ဍာရီလိုလိုနဲ့ တကယ့် ဇာတ်လမ်း
ဖြစ်သွားနော်။ မိုနာလဲလေ သူ့အသိတရားလေးက သူ့ကို
ပြန်မလာတော့ မိုနာ လိမ္မာလာလိုက်တာနော်။ ရှုံလာလဲ
ရှုံသား ရစ်ချုတ်ဟာ အလုပ်မလုပ်တာတင် မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

အခပျော်ကြူးတတ် ဇိမ်ခံတတ်တာကိုပါ သိတော့ အတော်
စိတ်မကောင်းဖြစ်သွားတယ် ထင်တယ်။ ရှဲလာ ပြောပြပုံကလဲ
စိတ်ဝင်စားစရာပဲ။

'မိုနာ သမီးရယ် မင်္ဂပါနဲ့ဒေတာ့ကွယ်။ လူတွေဟာ ခက်
တယ်နော်။ ဆင်းရဲလွန်းတော့လဲ စိတ်ဓာတ်ကျပြီး ပျက်စီး
လွယ်တယ်။ သားကျပေတော့လဲ ဘဝမှာ ဆင်းရဲတာဆိုတာ
မကြုံခသေးတော့ လေချင်တော်ချင်တယ်။ သူ့ဘဝက 'စံ' ခန်း
ကြီးပဲ ကိုတဲ့။ သားအဖနှစ်ယောက်ကို မတွေ့လိုက်တာနော်
မာမီရှဲလာ့ရဲ့ ယောကျာ်းဟာလေ မြန်မာအမျိုးသားစစ်စစ်
ရှဲလာတို့ ကျောင်းသူတွေဟာ သူ့အစ်မ ဆရာမကြီးဆီမှာ
စာသင်ရင်း သူနဲ့ရင်းနှီးခဲ့ရတာ၊ဩော်....သူ့ဘဝကျတော့
'စွန့်' ခန်းချည်းပဲနော်။ သူ့တစ်သက်တာကို ရှဲလာ တော
ကြည့်တိုင်း 'စွန့်' စားရတာရယ်။ စွန့်လွှတ်ရတာရယ် ဒီနှစ်ခု
ရှိတယ်။ သူ့ယုံကြည်ချက်ကို အလျှော့မပေးဘဲ နောက်ဆုံး
အသက်ကိုတောင် စွန့်သွားရတာပဲ' လို့ ရှဲလာက ပြောတယ်

'ဟုတ်တယ်ဒလ မာမီရှဲလာသားရဲ့ ဘဝကတော့ စွန့်
ခန်းကို အိပ်မက်တောင် မမက်ဖူးဘူး' ဇိမ်နဲ့စံရတဲ့ အခ
ချည်းပဲမို့လား၊ ဒါကြောင့် ရစ်ချတ်ကို အနုရှုဒ္ဒါဓျော
ဖွဲ့နေတာလို့ မိုနာပြောတာ။ မိုနာက တစ်ခါတလေ သူ့
ခြောက်တဲ့အနေနဲ့ ခွဲသွားတော့မယ်ပြောရင် သူ့ဘွား
ဒေါ်စိန်စိက ငါ့မြေး အစက ဘယ်လိုအစားလဲဆိုတာ မို
မသိဘူးလားတဲ့။ ကဲ...ဘော်ဒါအုပ်လုပ်လာပြီး၊





ကောင်းတယ်ဆိုပေမယ့် သူ့မြေးနဲ့ကျလာတော့ ဘက်လိုက်
ပြီးတော့ကိုတွေးတတ်တာပဲ၊ဒါကြောင့် သူ့မြေးအကြောင်း
ကောင်းကောင်းသိအောင် သူတို့ရဲ့မြေး မြေကြီးနဲ့ကွာပြီး
အောက်ခြေလွတ်နေတာကို သိရအောင်လို့ ဘွားဘွားတို့
အိမ်ကို မိုနာ တမင်ပြောင်းပြီး လိုက်လာတာ။

ဒုတိယအချက်ကတော့ မိုနာက မြေးချွေးမ၊ သူ့မြေး
ဖြုန်းသမျှ သူ့အဘွားအေတွေက ပိုက်ဆံပေးရတော့မယ်။
ခဏခဏ လက်ဝါးဖြန့်တောင်းရင် မြေးကိုတော့ သဒ္ဓါ
တာပေါ့။ မြေးချွေးမအပေါ်ကျတော့ ကြာရင် အဘွား
ကြီးတွေ ကြည်ဖြူမှာ မဟုတ်ဘူး။ ဒီတော့မှ မိုနာ့အပြစ်ကို
စာနာတတ်လာမယ်။ မိုနာသုံးဖို့လိုလာတိုင်း ရစ်ချတ်က
တောင်းတော့မယ်၊ မိုနာကို ဘွားဘွားတို့က ကြာလို့မကြည်
ဖြူလာရင် 'ဘွားဘွားတို့မြေး၊ ဝင်ငွေရှိအောင် သူ့ကို
အလုပ်လုပ်ခိုင်းပေါ့လို့' မိုနာပြောကွက်ရအောင်လို့ တမင်ကို
သူ့အဘွားဘွားတွေအိမ် ပြောင်းလာတာ။ ဒက်ဒီတို့ မာမီတို့နဲ့
ဆိုရင်ဖေ ရစ်ချတ်က မိုနာကိုပဲ မင်းဒက်ဒီတို့က ကျွေးဖို့
မသဒ္ဒါဘူးလား၊ ဓာတ်ဆီဖိုး တောင်းပေးနဲ့ ကားတစ်အီး
လိုမ့်ရင် ရွှေနဲ့စက်ရမယတ် ဓာတ်ဆီဈေး တက်နေတာလဲ
သူမသိဘူး။ ဒီလို အကြောင်းကြောင်းတွေကြောင့် မိုနာ
ဘွားဘွားတို့အိမ် ပြောင်းနေတာ၊ ဘွားဘွားတို့အိမ်မှာဆို
ရင် မာမီရှဲလာရော နှစ်ဖက်ညှပ်ထိန်းရင် ရစ်ချတ်ဘဝ
မျှော်လင့်စရာ အများကြီးရှိသေးတယ် မာမီ'



www.burmeseclassic.com

www.burmeseclassic.com

မိုနာလဲ စကားအဆုံးသတ်ရောပြောတဲ့လူတော့ မသိဘူး။ မွှေးနဲ့ ရှဲလာနဲ့ မောလိုက်တာ အတွတ်ရယ် သက်ပြင်းပြိုင်တူ ချလိုက်မိကြတယ်။ မိန်းမတွေဟာ တကယ်တော့ သနားစရာ ကောင်းပါတယ် အတွတ်ရယ်၊ သမီးရည်းစားဘဝမှာသာ သူတို့မှာ ဖူးဖူးမှုတ်ခံရပေမယ့် လက်ထပ်ပြီးတယ်ဆို မိုက်တဲ့ မိန်းမပဲဖြစ်ဖြစ် လိမ္မာတဲ့ မိန်းမပဲဖြစ်ဖြစ် လင့်ရဲ့ရွှေရေး သားသမီးရွှေရေး နောက်ရေး တွေးတောပူပန် ပြင်ဆင်ရ တာဟာ သဘာဝတာဝန်ပဲနော်။

'သူတို့ မိန်းမတွေဘက်ကချည်း ရွှေနေ လိုက်တယ်" လက်ထပ်ပြီးမှ လင်ကို နွားလိုခိုင်းစားလို့ ထဘီရဲ့ကျွန်ဖြစ်ရတဲ့ ယောကျ်ားတွေကိုရော ထည့်မပြောဘူးလားလို့ အတွတ်က ပြန်မေးချင်မှာပဲ။ မှန်ပါတယ်လေ ဘယ်လိုပဲ ဆိုးဆိုး တေတေ မိန်းမမှန်ရင် အာဝေနိုက ငါးပါးက မလွတ်တာ ကို မွှေး ပြောပြတာပါ။

အဲဒီနေ့က မွှေးလေ ချွေးမနဲ့ယောက္ခမ သားကြီးရစ်ချတ် ပြဿနာကို ဘယ်လိုဖြေရှင်းမလဲ ရှဲလာ ဘယ်လိုကိုင်တွယ် မလဲဆိုတာ စဉ်းစားရင်းနဲ့ အတွတ်တို့ မွှေးတို့ ငယ်ငယ် ရစ်ချတ်တို့အရွယ်က ကြုံခဲ့တဲ့အဖြစ်တွေကို တွေးမိတယ် အတွတ်။ အာရှလူငယ်ခေတ်ကို ပြောတာနော်။

အဲဒီတုန်းက တို့များ ၁၄–၅နှစ် အရွယ်ပဲ ရှိသေးတယ် နော်။ အတွတ်က တစ်ဦးတည်းသားမို့ အမျှားနဲ့ စုပေါင်း လှုပ်ရှားတတ်တဲ့ မွှေးတို့အုပ်စုထဲ မပါခဲ့ပေမယ့် အတွတ်





မွှေးဖွားလာတဲ့ သော်ကရွာ မြေပြင်ကိုက ဝါးခယ်မမြို့နဲ့ မြစ်တစ်မြစ်သာ ခြားတယ်။ လယ်မြေကွက်တွေ ပတ်လည် ိုင်းပြီး လွှတောင်တွေ သမ္မန်ဆောက်တဲ့ လူတွေကလဲ သော်ကရွာကနေ ရွာသစ်၊ ထော်ကနွတ် တရုတ်တန်းအထိ ှိတယ်၊ ဆန်စက်တွေကလဲရှိတော့ လယ်သမားတွေ အလုပ် သမားတွေ ဘဝနဲ့ မစိမ်းတဲ့အပြင် သူတို့ လှုပ်ရှားမှုတွေမှာ တွတ်တစ်ယောက် မပါခဲ့ပေမယ့် သူတို့ဘဝတွေနဲ့ အတွတ် စဟာ သီးခြား ကင်းလွတ်မနေဘူး။ အတွတ်ရဲ့ မေမေ လဲ သားလေးကို ရွှေလိုဥထားတယ် ဆိုပေမယ့် သူ့စိတ် တ်ဟာ သူ့ပတ်ဝန်းကျင်နဲ့ လက်ရေတစ်ပြင်တည်းဖြစ်နေ တော့ ယားကို ပညာအဆုံးတိုင်ပေးပြီး ဆရာဝန် ဖြစ်ပြန် တော့လဲ တချို့မိခင်တွေလို သားဆရာဝန်ကို မြို့က တစ် ပါး မခွာစေဘဲ ပိုက်ဆံမရှာခိုင်းဘူး။ တောင်ပေါ်ကျေး က်တွေကို သွားချင်တဲ့ စိတ်မာတ်ရှိအောင် သူ့သားကို ယ်ငယ်ကတည်းက ပုံသွင်းပေးထားတာ အတွတ် မေမေ ါသောင်းစိန်ရဲ့ စိတ်ဓာတ်မွန်မြတ်မှုနဲ့ လိမ္မာကျွမ်းကျင်မှု ပါ။

မွှေးတို့ကျတော့လဲ သူငယ်ချင်း ကျောင်းသူ အသိုက် ဝန်းတွေနဲ့ အမျှားနဲ့ဆိုင်ရာ အဆောက်အဦတွေရော ဘာ ာရေး သာသနာရေးဆိုင်ရာ ဇရပ် တန်ဆောင်း လူသွား ်းပေါ်က အမှိုက်သရိုက်ကအစ နွားချေး ခွေးချေး ြီးသန့်ရှင်းခဲ့တာတွေ နွေချိန်ရောက်လို့ ရေမလုံလောက် ကျောင်းကန်တွေကို ရေခတ်သယ်ပေးတဲ့ အလှူ့တွေ


www.burmeseclassic.com

ဟာ အများနဲ့ စုပေါင်းလှုပ်ရှားပြီး အများအတွက် လု
ပေးတတ်တဲ့ စိတ်ဓာတ်အမွေ ပါလာတာပေါ့ အတွက်ရှယ်
အာရှ လူငယ်အစည်းအရုံးရဲ့ စည်းရုံးမှုနဲ့ ဒီပင်ကို မြေ
ရေခံ စိတ်ဓာတ်ပေါင်းလိုက်တော့ တို့မျှား လူငယ်တစ်ခေ
က စိတ်ချမ်းသာစရာကြီးနော်။

ခုတောင်မှ အဲဒီစိတ်ဓာတ်က ဘယ်လောက် လွှမ်းမိုးနေ
သလဲဆို လမ်းပေါ်မှာ အများသုံး စကြံပေါ်မှာ ဘုရား
ကျောင်းဝန်းဝရိုဏ်ထဲမှာ ခွေးချေးပုံတွေလဲကျုံးပစ်ချင်တယ်
အမှိုက်သရိုက်တွေလဲ စုပုံလှည်းခါပြီး မီးရှို့ပေးခြင်း၊ မြက်
ပင်တွေ ရှည်နေတာမြင်လဲ မြက်ခုတ်ဓားနဲ့ ခုတ်ထွင်ရှင်းလင်း
ပေးချင်နေတယ်။

အသည်းယားတာ တစ်ခုရှိသေးတယ်။ တက္ကသိုလ်ပင်
ဝန်းကျင်နဲ့ ဗိုလ်ချုပ်ဈေးထဲရောက်ရင် တချို့ ကျောင်းသူ
တွေ အမျိုးသမီးတွေ မျက်နှာကို အဝတ်စ ရေဆွတ်သုတ်
ပေးချင်တယ် သိလား အတွက်။ မွေးတို့ငယ်ငယ်ကလဲ မိန်းက
တွေ အလှပြင်တယ်။ နှုတ်ခမ်းနီဆိုး ပါးနီဆိုးရုံပဲ။ ခု
မိန်းကလေးတွေကျတော့ သက်တန့်ရောင်နဲ့အပြိုင် မျက်နှာ
ပေါ် သက်တန့် ရေဆင်းသောက်နေလေရဲ့၊ ရောင်ခြည်တော်
ခုနစ်ပါး ထွက်နေတယ်။ မျက်ခုံးနဲ့ အပေါ် မျက်ခမ်းလွှာ
ကြားမှာကို အရောင်ဘယ်နှစ်မျိုးလဲ မသိဘူး။ သူတို့ မျက်
တောင် တစ်ခါခတ်ရင် မွေး လန့်လန့်ပြီးသွားတယ်။ နှုတ်
ခမ်းကိုလဲ အဖြူရောင်ဆိုးသတဲ့။ အနောက်နိုင်ငံ ရုပ်ရှင်





ကားထဲက သွေးစုပ်တစ္ဆေ ဇာတ်လိုက် မျက်နှာလိုပဲ မြင်ရ
တာ ကျောထဲ စိမ့်စိမ့်သွားတယ်။ ထစ်ခါ ဆံပင်ကလဲ ဖား
လျားဆိုတော့ မွေးရင်ထဲမှာ သူတို့ဆံပင်တွေကို ကြိုးနဲ့ချည်
ပေးချင်သလိုလို ကျစ်ဆံမြီးပဲ ကျစ်ပေးချင်သလိုလို နောက်
တွဲဆံထုံးကို ကျစ်ကျစ်ပါအောင် ထုံးပေးလိုက်ချင်တာ လက်
ယားနေတာပဲ။

ယောကျ်ားလေးတွေ မြင်တော့လဲ ခါးကပုဆိုးက ချက်
မြှုတ်လုလု ဝတ်လို့ အောက်မှာက ခြေမျက်စိ ဖုံးလို့၊ မွေး
တို့ငယ်ငယ်က မိန်းကလေးတောင် ထဘီဖျားဟာ ခြေမျက်
စိပေါ်မှာ။ လုပ်စရာရှိလဲ လက်မောင်းပေါ် အင်္ကျီလက်ပင့်
တင်ပြီး အားရပါးရ အလုပ်လုပ်ခဲ့ရသူတွေဆိုတော့ အမယ်
လေး သူတို့ရှပ်အင်္ကျီလက်ရှည်တွေကိုလဲ ခေါက်တင်ပေးချင်
တယ်၊ ပုဆိုးလဲ ယောကျ်ားပီပီ ခြေသလုံးတစ်ပတ်ရစ်ဆွဲပြီး
တင်းတင်းရင်းရင်း ဝတ်စေချင်တယ်။ ခေါင်းက ဆံရှည်တွေ
ကိုလဲ ဗိုလ်အောင်ကျော်ဆံတောက်လို ခေါင်းတုံးဆံတောက်
သာ ညှပ်ပေးချင်လောက်အောင် အသည်းယား လက်ယား
နေမိတယ်။ ခုတော့လေ မွေး လမ်းလျှောက်ရင် တရား
မဒပါက်ဘဲနဲ့ စကျုံးနွှေချသွားမိတယ်။

လက်ရှိ ရစ်ချထ်တို့ လူငယ် တစ်ခေတ်က မွေးတို့ အတွက်
တို့ လူငယ်တစ်ခေတ်နဲ့ ကွာခြားတဲ့ခြင်း။

မွေးလေ တစ်ခုစဉ်းစားမိတာက တို့ဟာ အာရှလူငယ်
အစည်းအရုံး စိတ်ဓာတ်ကို အမွေခံပြီး ခုပစ္စုပ္ပန်ကို ဦးစီး

www.burmeseclassic.com



နေကြတဲ့ အသိုက်အဝန်း တစ်ခု အဖြစ် ရောက်နေတယ်မို့လား။

တို့များအလှည့်ကျတော့ တို့သားသမီးတွေကို အာရှလူငယ်ခေတ် စိတ်ဓာတ် လွတ်လပ်ရေးတိုက်ပွဲဝင်နေဆဲ စိတ်ဓာတ် သွင်းမပေးဘဲ တို့များမုန်းတီးပါတယ်ဆိုတဲ့ ဗျူရိုကရက် သားသမီးတွေပုံစံရောက်အောင် တို့များ လုပ်ပေးနေမိတယ်။ သူတို့လူငယ်သဘာဝ ကျူးလွန်မှုတွေကိုလဲ မသိမသာ အကာအကွယ်ပေးနေကြမိတယ်။ အဲဒါဟာ ဘာဖြစ်လို့လဲဆိုတာ အဝိဇ္ဇာမပါဘဲ ကိုယ့်အဖြစ်၊ ကိုယ့်အချစ်တွေကို ဆန်းစစ်ကြည့်သင့်တယ်နော် အတွတ်ရယ်။

မွေးရင်ထဲရှိသမျှ လင်မယား အချစ်ကိစ္စတင်မဟုတ်ဘူး၊ ပတ်ဝန်းကျင် အရှိန်ဟပ်သမျှကို တီးတိုးဆွေးနွေးစရာ ကိုကိုနိုင်ကြီး မရှိတော့လို့ အတွတ်စာထဲ ထည့်ထည့် ရေးတာကို ခွင့်လွှတ်ပါဦးလို့ ဒုတိယမွှိထပ်မံတောင်းပန်ပါတယ် အတွတ်ရယ်။

ရှဲလာနဲ့ မိုနာ ဆွေးနွေးကြတဲ့စကားတွေထဲက ‘စံ’နဲ့ ‘စွန့်’ အကြောင်း မွေးက ဆက်တွေးမိပြန်တယ်။ တစ်ယောက်ဘည်းပဲ နေရတာများတော့ အတွေးဟာ မွေးအတွက် အဖော်ဖြစ်နေတယ်။ မွေးရှဲခံယူချက် တွေးခေါ်မှုတွေဟာ တခြားသူအတွက် စိတ်ဝင်စားစရာ မဖြစ်သော်လဲ အတွတ်အတွက်တော့ စိတ်ဝင်စားကောင်း ဝင်စားပါလိမ့်မယ်။ ပွဲဝင်ခင် အပြင်ကကျင်းပဆိုသလိုပဲ။ အကာယ်၍များ မွေး





သည် အတွတ်စာကို လက်ခံစဉ်းစားသည်ရှိသော်၊ မွေးဆိုတဲ့ မိန်းမတစ်ယောက်ကို ငါသည် ရွေးဆင်ရန်လည်း မလိုပါ။ စိန်ဆင်ရန်လည်း မလိုပါဟု မှတ်ပေတော့။ ခြံမြေတိုက်တာလဲ မလိုပေဘူး။ ကားဆိုလဲ ဖဝါးတော်နုနု သွေးခြည်ဥနေသူမဟုတ်လို့ မြေတလင်းမှာ ခါးစည်းပြီး ခရီးကြမ်းနှင်တတ်တဲ့အကျင့်ကို ချစ်တဲ့သူကိုကိုနိုင်က သူ့ရဲဘော် တစ်ယောက်လို ပုံစံသွင်းခဲ့သူမို့ မလိုပေဘူး အတွတ်ရေ။

အဲ....ခုလိုသာ မွေးရှဲခံယူချက် တွေးခေါ် ယူဆချက်တွေကိုဖြင့် တင်ပြဆွေးနွေးတဲ့အခါမှာ ချစ်တဲ့သူကိုကိုနိုင်ကြီးလိုပဲ လွတ်လပ်စွာ တင်ပြခွင့်၊ ဆွေးနွေးခွင့်ပေးရင်လေ မွေး ကျေနပ်ပြီ။ စကြဝဠာမင်းရှဲ မိဖုရားစည်းစိမ်ကို ပေးပါမယ်။ ကမ္ဘာတွင်မက လေးကျွန်းလုံးကို စကြာယာဉ်နဲ့ လှည့်လည်သွားလာခွင့် ပေးမယ်ဆိုသော် စကြဝဠာမင်းကြီး အတွတ်ပြောမယ့် စကားကိုသာ ဘောင်းတော်ညိတ် စိတ်တော်သိ၊ အင်းလိုက်ရမယ်ဆိုရင်တော့ ခုကတည်းကနောက်ဆုတ်လိုက်ပါ အတွတ်ရယ်။ နှစ်ကိုယ်စံ ကြံတိုင်းဖေး ရွှေပြည်တော် မျှော်တိုင်း ဝေးကြရပေမယ်။

မွေးဟာ နဂိုက ကံ-ကံ၏ အကျိုးတရား အကြောင်းတရားကို ယုံခဲ့သူမို့ ခုန 'စံ'နဲ့ 'စွန့်' အကြောင်းကို ဆက်တွေးတဲ့အခါမှာ ဘဝကံအကြောင်းဟာ အများကြီး အခြေခံတယ်နော်။ ရုရှားက ရုပ်ရှင်ဇာတ်လမ်းတစ်ခုရှဲ အမည်က (The fate of a man)လူတစ်ယောက်ရှဲကံကြမ္မာတဲ့။

www.burmeseclassic.com



ဒီအမည်တပ်ပုံသောက်တော့ လက်ရှိ ရုရှားပြည်ကြီးမှာကို ကံကို ယုံကြည်ခြင်း ရှိတယ်လို့ မွေး ယူဆတယ်။ လက်ဝဲ နို့သက်စွဲခံတချို့ လူတန်းစားတစ်စုဟာ ကံဆိုသည်မှာမရှိလို့ ဘာကြောင့် ဟစ်အော် ကြွေးကြော်ကြပါလိမ့်။

ဘဝအတိတ်ကံ ခံစားဖို့ဇာတာ ပါမလာသူတွေကျတော့ ငယ်ငယ်ကတည်းက အများ အတွက်ရော၊ ကိုယ့်ကိုယ်ကို အတွက်ရော သေသည်အထိ ကြိုးပမ်းဆောင်ရွက်ကြပေမယ့် သူတို့ဘဝမှာ စံစားတဲ့အလှည့် တစ်ခါဖူးမျှ မကြုံရ ရှာပေဘူး။

မြန်မာတစ်ပြည်လုံးနဲ့ ခြုံပြီးတော့ မပြောလိုဘူး။ မွေးရဲ့ ပတ်ဝန်းကျင် ကွက်ကွက်လေးမှာတောင် ဘယ်တုန်းကမှ အများအတွက် မကြိုးပမ်းခဲ့သူတွေဟာ အခု မျက်မှောက် လောလောဆယ်ဆယ် သဘင်ပွဲမှာ ပန်းမွေ့ရာ ရွှေကော်ဇော နဲ့ စံစားကြရတဲ့ အခန်းမှာချည်းပဲ ဝင်ကနေကြရတာကို တွေ့ရတာပဲနော်။

အဲဒီလို ဗျူရိုကရက် အဆက်အနွယ်တွေကပဲ ဒုတိယတန်း လို နေရာတိုင်းမှာ နေရာ ယူနေလေတော့ တော်လှန်ရေး အမွေခံ လူတန်းစားတစ်စုရဲ့ ခေါင်းဆောင်မှု နောက်မှာ တက်ညီလက်ညီ လိုက်ပါနိုင်ခြင်း မရှိတာဟာ ဘာပဲဖြစ်ဖြစ် အောင်မြင်ခြင်း ပန်းတိုင်ကို သွားတဲ့နေရာမှာ အားအရှိန် လျော့ပါးသွားစေတာပဲ။



ပြီးတော့လဲ စွန့်ရတဲ့အခန်းကပါခဲ့ဖူးတဲ့ လူစုဟာ ဝါဒ …ားဖြင့် ခံယူချက် ကွဲပြားပေမယ့် ငါတို့လုပ်သမျှဟာ တိုင်း …ည်အတွက်ပဲဆိုတဲ့ ဦးတည်ချက်မှာတော့ အားလုံး တစ် …ဘောတည်းပဲ။ အဲဒီ ကြီးမြတ်တဲ့ သဘောထားက ဘယ် …တ်မဆို စံစားရတဲ့ အခန်းရောပါရတဲ့ လူမျိုးကိုမြင်တော့ … သဘောထားကြီးစွာ ခွင့်လွှတ်နိုင်ကြတယ်။

ခွင့်သာ မလွှတ်နိုင်ရင်တော့ မြင်သစ် တော်လှန်ရေးလို …ယ်သူက ပဒေသရာဇ်အမျိုး၊ ဘယ်ဝါက ကေရာဇ်အဆက်နဲ့ …က်သာ သတ်ရရင်တော့ ပြီးရော....ပြီးရော။

တစ်ခုလဲ မွေးက စဉ်းစားမြန်တယ်။ ဗျူရိုကရက်မျိုးရိုး …ဆက် အဆက်အနွယ်တွေဟာ....

'တို့များဟာဖြစ်ရင် တော်လှန်ရေးသမားတစ်စုရဲ့ အနှစ် …ခံ စွန့်လွှတ် တိုက်ပွဲဝင်ခဲ့ကြတာတွေကြောင့် တို့လူစုဟာ …ားခန်းကချည်းပဲ။ ပန်းမွေ့ရာပေါ်က တစ်ချက် မရွေ့ …ရပေမယ်လို့ အမြဲသတိရှိပြီး ကိုယ့်တိုင်းပြည်အတွက် ခါး …ည်းပြီး ရုန်းကန်ရမယ့်နေရာမှာ ပါဝင်ကြရင် တိုင်းပြည်ရဲ့ …နာဂတ်ကံကြမ္မာဟာ သိပ်ကောင်းမှာပဲနော်။

ခုတော့ ကားရယ်၊ မယားရယ်၊ ကုလားထိုင် အတွက် …ယ်ပဲ၊ ဦးတည်ချက်ကလွဲလို့ တာဝန်ယူရဲစိတ် ကိုယ်လုပ်တဲ့ …ပ်ငန်းတွေမှာ အဝိဇ္ဇာမပါဘဲ ပြန်လည်သုံးသပ်ရဲတဲ့ စိတ် …တွေ လျော့ပါး လျော့ရဲလာတာပဲ မြင်ရတော့ မွေးရင်ထဲ …ာ မပျော်ဘူး၊ မသက်သာဘူး။

www.burmeseclassic.com

www.burmeseclassic.com



မွှေး ကိုကိုနိုင်နဲ့ လက်မထပ်ခင်က သတင်းစာတိုက် တစ်တိုက်မှာ အချိန်ပိုင်းနဲ့ အလုပ် လုပ်ခဲ့ဖူးတာ အတွက် သတိရမိမှာပဲ။ အဲဒီတုန်းက မွှေးတို့တိုက်က အယ်ဒီတာကြီးက 'လူကို ပြန်လည်ထူထောင်ခြင်း' ဆိုပြီး အခန်းဆက်ဆောင်းပါး ရှည် ရေးဖူးတယ်။ စစ်ပြီးခေတ် ပြန်လည်ထူထောင်ရေးတပ်တွေ ဖွဲ့သလို၊ စစ်ကြောင့် ပျက်စီးဆုတ်ယုတ်သွားတဲ့ စိတ်ဓာတ်ကိုလဲ ပြန်လည်ထူထောင်ဖို့ သူရေးတာတွေသိပ်ကောင်းတာပဲ။ ဒီဆောင်းပါးတွေများ ပြန်ရှာတွေ့ရင် မျက်မှောက်ခေတ်နဲ့ သိပ်တိုက်ဆိုင်မှာ။

ရစ်ချတ်အကြောင်း ရေးရင်းက သဝေထိုးသွားပြန်ပြီ ခက်တယ် အတွက်၊ အတွက် သိတဲ့အတိုင်း ရစ်ချတ်တို့လို သူငယ်လေးတွေဟာ ခေတ်ရဲ့ရေစီးကြောင်းမှာ နေရာယူလာကြတော့မှာမို့ မွှေးလေ ဆက်စပ်တွေးမိတာပါ။

တစ်ခုကလဲ မွှေးစားတယ်ပဲပြောပြော ဘာပြောပြော အတွက်ရဲ့သားဟာ မွှေးရဲ့သားလိုပဲ။ ကဲ....အခု ရှဲလာနဲ့မိုနာ ရစ်ချတ် ပြဿနာကို တင်ပြဆွေးနွေးလာတော့ မွှေးလဲ မနေ သာပေဘူး၊ စိတ်ဝင်စားလာရပြန်ရော။

မိုနာ တင်ပြချက်ကို ရှဲလာ ဘယ်လို ဆက်စဉ်းစားမလဲ သူ့သားကို ဘယ်လို ကိုင်တွယ်မလဲဆိုတာ မွှေးက ပွဲကြည့် ပရိသတ်အနေနဲ့ ကြည့်နေမိတယ်။ ရှဲလာက ပင့်သက်ကလေး ချပြီး ပြောပြတယ်။





'ခုထိ မိုနာလုပ်သမျှ အားလုံးမှန်ပါတယ်၊ ရစ်ချတ်ကို ပြန်လည်အဖတ်ဆယ်ဖို့ မာမီမှာ တာဝန်အရှိဆုံးပေါ့ သမီးလေးရယ်တဲ့၊ ဆရာဝန်ကြီးကအစ ဘွားဘွားကြီး ဘွားဘွား ငယ်တို့မှာ ဘာအပြစ်မှမရှိပါဘူးလို့'

ရှဲလာကပြောတယ်။ ပြီးတော့ သူ့ခြံထဲ တစ်နေကုန် အေးအေးဆေးဆေး စားသောက် အပန်းဖြေနေဖို့ပြောတယ်။

ရှဲလာ မီးဖိုဆောင်ဘက် ထွက်သွားတော့ မိုနာလဲ သူ့ယောက္ခမကို ကူညီဖို့ လိုက်သွားတယ်။

အိမ်လေးက နှစ်ထပ် တလိုင်းအိမ် ခြေတံရှည်ရှည်နဲ့ အောက်ထပ်မှာ ဧည့်ခန်း၊ ထမင်းစားခန်းနဲ့ မီးဖိုရှိတယ်။ ကုလားထိုင် စားပွဲတွေရဲ့ဘေးက ကွပ်ပျစ်ပေါ်မှာ ဖျာချော ခင်းပြီး ခေါင်းအုံးပါ ချပေးထားတယ်လေ။ ဧည့်သည်တွေ စိတ်လွတ်လက်လွတ် နားနားနေနေ နေဖို့ပေါ့။ သားကြီး ရစ်ချတ်နဲ့ ဖေဝေဘဲလ် တို့ကတော့ စိုက်ခင်းတွေနဲ့ ကြက်ခြံတွေဘက်က ပြန်မရောက်လာကြသေးဘူး။

မွှေးလဲ ကွပ်ပျစ်ပေါ်က ဖျာချောပေါ်မှာ ကျောဆန့်ရင်း ဆက်တွေးနေမိတယ်။ ဘယ်သူသေသေ ငတေမာ ပြီးရောဆိုတဲ့ စိတ်က တစ်ပိုင်း။ ဘယ်သူတရားပျက်ပျက်၊ ကိုယ်မပျက်စေရဘူးဆိုတဲ့စိတ်က တစ်ပိုင်း။ ဒီခံယူချက် သဘောတရားနှစ်ခုဟာ ခေတ်တစ်ခုမှာ အားပြိုင်နေတယ်။

တချို့ကျတော့လဲ သဘောကြီးပျက်ရာ ဆန်ရေပလုံးနဲ့ ဆယ်လဲ အပိုပါပဲ၊ နွမ်းတစ်လုံးနဲ့ဆီမဖြစ်ပါဘူးဆိုပြီး ပြည်



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘာဏ္ဍာမကလို့ ဘယ်သူ့ဘဏ္ဍာဖြစ်ဖြစ် ပစ်စလက်ခတ်လုပ်ပစ်ကြတာပဲ၊ ဘာဝန်ယူရမယ့် နေရာမှာလဲ သူများတွေတောင် ရှေ့သာခိုနေတာပဲ၊ ငါလဲခိုမှာပဲ၊ ဘာထူးလဲဆိုပြီး လုပ်ငန်းခွင်မှာ စိတ်မဝင်စားလာကြတော့ဘူး။ တစ်ယောက်က တစ်ရာ ဒီစိတ်တွေကူးစက်လာရင် တိုင်းပြည် မခက်ပေဘူးလား။

ဘာကြောင့် ဒီစိတ်တွေ ကူးစက်လာရသလဲလို့ ဆိုင်ရာတာဝန်ခံတွေကလဲ အသေးစိတ် ရင်းမြစ်ထိ မတွေးခေါ်မလေ့လာကြဘူး။

ဘယ်သူ့တရားပျက်ပျက် ငါမပျက်စေရဘူးဆိုတဲ့ စိတ်နဲ့နေ့စဉ် ထမင်းတစ်လုတ် စားတာကိုတောင် သမ္မာအာဇီဝနဲ့ကောင်းစွာ ကြိုးပမ်းအားထုတ်ပြီး ရှာဖွေတဲ့ ထမင်းလုတ်ဟုတ်ပါ့ရဲ့လားလို့ စိစစ်ပြီးစားတဲ့ လူဦးရေက တစ်နေ့တခြား နည်းပါးလာတယ်။

ခေတ်ဆိုတဲ့ မြင်းမိုရ်တောင်ကြီးဟာ လေးဖက်လေးတန်က အကျင့်ပျက်ခြင်း၊ လောဘ၊ ဒေါသ၊ မောဟ လေတွေတိုက်ခတ်လာတာနဲ့အမျှ တအိအိ ပြိုတော့မယ် အတွက်ရဲ့။

မြင်းမိုရ်တောင်ကြီးပြိုတော့မယ်လို့ မွေးရဲ့ အော်သံကြားလေတော့ မြေပြိုပြီဆိုပြီး အိပ်ရာမှ အိပ်မှုန်စုံမွှား ထပြေးတဲ့ယုန်သူငယ်ရဲ့ အော်သံလို အထင်သေးရင်လဲ အတွက် ဂရုမစိုက်နဲ့ပေါ့။





အမှန်တော့ မြင်းမိုရ်တောင်ဟာ တအိအိ ပြိုလာပြီ။ ဒီမြင်းမိုရ်တောင်ဟာ လေးကျွန်းလုံးနဲ့ ဆိုင်တဲ့ မြင်းမိုရ်။ မွေးရဲ့ခံယူချက်ကတော့ အချိန်မနှောင်းခင်မှာ လေးကျွန်းသားအားလုံး လက်ဖဝါးကိုယ်စီနဲ့ တက်ညီလက်ညီ ကာကြရင် လေးဖက်လေးတန်က လေရဲ့ဒဏ်ကို ကာကွယ်နိုင်မှာ အမှန်ပါ။

ငါနဲ့မဆိုင် ငါ့လက်တစ်ဖဝါးမပါတာနဲ့ မြင်းမိုရ်တောင်အဖို့ အကျိုးပိုမထူးပါဘူးလို့ လက်ဖဝါးတစ်ခုစီ ပြန်ရုပ်ထားရင် လစ်လပ်တဲ့နေရာက လေတိုးပေါက်တွေ များလာပြီး မြင်းမိုရ်တောင်ကြီး ပြိုလိမ့်မယ်။

ယုန်သူငယ်ရဲ့ အိပ်မက် မဟုတ်ပေဘူး။

မြင်းမိုရ်တောင်ကြီးပြိုရင် နေမင်းကြီးလဲပျောက်၊ လမင်းကြီးလဲကွယ်၊ လေးကျွန်းလုံးလဲ သမုဒ္ဒရာမှာ စုံးစုံးနစ်လိမ့်မယ်။

နေရယ်၊ လရယ်၊ နက္ခတ်တာရာ တွေရယ်ဟာ ယုဂန္ဓိုရ်တောင်ထွတ်များကို ဗဟိုပြု သွားလာ လှည့်ပတ်နေရတာမို့ စဉ်သဖြင့် စကြဝဠာတစ်ခုလုံးဟာ အဆက်အစပ် ရှိနေကြတယ်ဆိုတာ အားလုံးသတိပြုမိစေချင်တယ်။

ဒါကြောင့် မွေးရင်ထဲ အတွက်ကမှတစ်ဆင့် သံယောဇဉ်ရှိသယ်လဲဖြစ် မတွယ်လဲဖြစ်တဲ့ ရစ်ချုတ်တို့လိုလူငယ်တွေ ခေတ်ရဲ့ ပြဿနာကို ဆက်လက်တွေးနေမိတာ အတွက်။

www.burmeseclassic.com



မွေးက စိတ်ကူးကောင်းနေတုန်း ဝူးခနဲ ကားတစ်စီး ထိုးဆိုက်သံကို အိမ်ရှေ့ဘက်ကကြားရလို့ မွေးခေါင်းထောင် ကြည့်မိတယ်။ မီးဖိုခန်းဘက်က ထမင်းချက်နေတဲ့ ရှဲလာနဲ့ မိုနာလဲ မွေးရဲ့အပါးကို ရောက်လာကြတယ်။

ကားက မာစီဒီး အမျိုးအစားပါပဲ။ ကားထဲမှာတော့ ချောချောခန့်ခန့် အမျိုးသမီးကြီး တစ်ယောက်နဲ့ လူငယ် တစ်ယောက် ရှေ့ဘက်က စီးလာတယ်။ လူငယ်ဟာ သူကိုယ်တိုင် ကားကို မောင်းလာတယ်။ နောက်ဘက်က လူတွေ မဆင်းခင် လူငယ်ဟာ ကားတံခါးကိုဖွင့်ပြီးဆင်းလာတယ်။ နေကာမျက်မှန် အနက်ကိုလဲ ချွတ်လိုက်ရော 'ကိုကိုနိုင်'လို့ မွေးလေ ရုတ်တရက် အော်ခေါ်လိုက်မိတယ်။ မွေးအနားက ရှဲလာတို့အုပ်စုကလဲ မွေးကို တအံ့တဩ ကြည့်နေကြတယ်။ ကားပေါ်က ဆင်းလာတဲ့လူစုကလဲ မွေးကို အံ့အားကြီးသင့် ကြည့်နေကြတယ်။

မွေးရဲ့လှုပ်ရှားပုံတွေဟာ သတိလက်လွတ်သူလို ဖြစ်သွား တော့တာပဲ။ ကိုယ့်ကိုယ်ကိုတောင် ကိုယ်ဘာလုပ်မိလဲ မသိ ဘူး။ သတိရတော့မှ မွေး ဘာလုပ်မိလဲဆိုတာကို သိတယ်။

ကားပေါ်ကဆင်းလာတဲ့ ကားမောင်းသူ သူငယ်လေး အနား မွေးရောက်နေတော့တယ်။ မွေးလေ သူ့ပခုံးကို ကိုင် ပြီး ပါးစပ်ကလဲ 'ကိုကိုနိုင်....ကိုကိုနိုင်'လို့ မပြတ်ကိုအော် နေမိတော့တယ်။

သူငယ်လေးက အရပ်ပိုမြင့်ပြီး အသားဖြူတာကလွဲလို့ ကိုကိုနိုင်မှ ကိုကိုနိုင်ပါပဲ။





'သည်းခံပါ အန်တီ၊ ကျွန်တော် ကိုကိုနိုင်မဟုတ်ပါဘူး' တဲ့။ သူငယ်လေးရဲ့ ပြန်ပြောသံလဲကြားရော သူ့ပခုံးပေါ် မျက်နှာအပ်ပြီး ငိုချမိတယ်။ လူလဲ ဒူးပါညွတ်ပြီး ပျော့ကျ သွားတာပဲ။

သူငယ်လေးဟာ တယုတယနဲ့ မွေးကို ကိုင်ထားတယ်။ မိုနာနဲ့ ရှဲလာက တွဲခေါ်ပြီး ဧည့်ခန်းက ကုလားထိုင်မှာ ပြန်ထိုင်ဖို့ ခေါ်လာကြတယ်။ မွေးလေ ဣန္ဒြေကိုတောင် ထိန်းနိုင်တဲ့ အဖြစ်ကြောင့် ရှက်သွားမိတယ်။

'ညီမရယ် သတိထားပါ။ မမ ဒီကိစ္စတွေကို အစအဆုံး ရှင်းပြပါ့မယ်' ဆိုတဲ့ အသံကြားတော့မှ မွေးလဲစိတ်ထိန်းပြီး လက်ကိုင်ပဝါနဲ့ မျက်ရည်စတွေသုတ်ပြီး ခေါင်းမော့ကြည့် တယ်။

မွေးသာ ငိုနေတာမဟုတ်ဘူး။ သူငယ်လေး အပါးမှာ ထိုင်နေတဲ့ သူ့ကိုယ်သူ 'မမ'လို့ပြောတဲ့ အမျိုးသမီးကြီးကလဲ မျက်ရည်စတွေနဲ့ မွေးကိုကြည့်နေပြီး စကားဆက်ပြောနေ တယ်။ သူ့အသံကလဲ တုန်တုန်ယင်ယင်နဲ့ပဲ။

'မမက ဒီခြံမြေရဲ့ ဟိုဘက်ကခြံကိုဝယ်လိုက်တဲ့ ဒေါ်ခင် မပါ။ ဒီရှဲလာကလဲ မမကို ဒီခြံဝယ်ထားသူ အဖြစ်နဲ့သာ သိတာပါကွယ်။

'မမတို့ အကြောင်း ဇာတ်မြစ်ကို ဘာမှ မသိသေးဘူး။ ဒီနေ့ ဒီကသားကြီးကိုလဲ ဝယ်ထားတဲ့ ခြံကိုပြရင်း အစား အသောက်တွေ ချက်ပြုတ်ယူလာခဲ့ပြီး ဒီမှာစားမယ်လို့ ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာတာ၊ ကံအကြောင်း တိုက်ဆိုင်ချင်တော့ ညီမနဲ့လာတွေ့ရတာပဲနော်။ ညီမကဘယ်သူလဲ’ မွှေးက လည်ချောင်းမှာ တစ်ဆို့ပြီး ဘာမှမဖြေနိုင်ခင်ဘဲ မိုနာက သွက်သွက် လက်လက် ပြောပြတယ်။

‘ဒီက အန်တီမွှေးက ကွယ်လွန်သူ ဒု-ဗိုလ်မှူးကြီး မောင်မောင်နိုင်ရဲ့ ဇနီးပါ’ မိုနာရဲ့ဖြေသံလဲကြားရော ဒေါ်ခင်မမက ပါးစပ်အဟောင်းသားနဲ့ ကြက်သေ သေသွားတယ်။ ပင့်သက်ကြီးရှူပြီး သူလဲ ခဏတော့ စကားမပြောနိုင်ဘူး။ ပြီးတော့မှ ဝဲလာတဲ့မျက်ရည်တွေသုတ်ပြီး အေးအေးချမ်းချမ်း စကား စပြောတယ်။ ဒီတစ်ခါတော့ သူ့အသံဟာ တည်ငြိမ်ပါတယ်။

‘ဪ....လက်စသတ်တော့ မွှေး....မွှေး၊ မောင်မောင်နိုင်ရဲ့ မွှေးကို။ မမ အခုပြောမယ့် စကားတွေကို မွှေးရော၊ သားကြီးမြင့်လွင်နိုင်ရော သည်းခံပြီး နားထောင်ပါ’တဲ့။ ဒေါ်ခင်မမက စကားပလ္လင်ခံပြီး ဆက်ပြောတယ်။

‘ကိုကိုနိုင်’လို့ ဟစ်ခေါ်ပြီး လူမှားလဲ မှားစရာပါပဲ မွှေး။ ဒီက သားကြီးမြင့်လွင်နိုင်ဟာ မောင်မောင်နိုင်ရဲ့သားပါ’

မွှေးလေ ဒီတော့လဲ အရှူးမကြီးကျနေတာပဲ၊ သူ့ယောက်ျားလေးရဲ့လက်ကို လှမ်းပြီး တအားဆုပ်ကိုင်မိတယ်။

‘သားကြီး....သားကြီးနာမည်က မြင့်လွင်နိုင်တဲ့လား’

သူ့ခမျာလဲ ဘယ်လောက် စိတ်လှုပ်ရှားနေသလဲဆိုတာ မွှေးရဲ့မေးခွန်းကို ခေါင်းညိတ်ပြီးတော့ပဲ ဖြေနိုင်တယ်။





သူ့မျက်လုံးနဲ့ လည်ချောင်းရဲ့လှုပ်ရှားပုံက သူ့ရင်တွင်းက မထွေးနိုင်၊ မအန်နိုင် ခံစားရချက်ကို ဖော်ပြနေသလိုပဲ။

‘မမ ဆက်ပြောပါရစေဦး၊ သားကြီး မြင့်လွင်နိုင်ရဲ့ အမေ တင်မမက ဒီက မမရဲ့ ညီမပါ။ မမတို့ဟာ မြန်မာအမျိုးသမီး အစစ်တွေပါ။ မမတို့က မိုးညှင်းသူ ဇာတိတွေပါ။ သိပေါစော်ဘွားရဲ့ ဘဏ္ဍာထိန်းနဲ့ မမလက်ဆက်ပြီး သိပေါမှာ အခြေချတယ်။ မမမှာ လက်ဖက်၊ လိမ္မော်ခြံနဲ့ သစ်သော့သီးခြံတွေ ရှိပါတယ်။ ညီမဖြစ်တဲ့ တင်မမကို ပြင်ဦးလွင်မှာ ပိုးဇာပင်နဲ့ မက်မွန်သီးခြံကိုလုပ်ဖို့ မြေဝယ်ပေးထားပါတယ်။ တင်မမက ကွန့်ဗင့်ကျောင်းထွက် ခေတ်လဲ ဆန်တယ်၊ ချောလဲချော၊ ဖြူလဲဖြူ၊ဆိုရှယ်လဲ ကျတယ်ဆိုရမယ်။ ဟိုတုန်းက ဗိုလ်သင်တန်းက အခု ပြင်ဦးလွင်မှာရှိတယ်။ ပြင်ဦးလွင်ဟာ စစ်ဗိုလ်မြို့တော်ပေါ့၊ ညီမမွှေး အသိပါပဲ။ ဘာမှ တင်မမအဖို့ ပူစရာ ပင်စရာမရှိဘူး။ သူက ခပ်ပျော်ပျော်ပဲ။ စန္ဒရားတစ်လုံးနဲ့ ဆိုမယ်၊တီးမယ်၊ ကမယ်၊ ပျင်းရင် ကားတစ်စီးနဲ့ ပြင်ဦးလွင်၊ လားရှိုး၊ သိပေါကို သူကြိုက်တဲ့ စစ်ဗိုလ်တွေနဲ့တွဲပြီး ခရီးထွက်တတ်တယ်။ အဲဒီအချိန်မှာ ဒီကညီမရဲ့ခင်ပွန်း မောင်မောင်နိုင်နဲ့ သွားရင်းလာရင်း ရင်းနှီးတွေ့ဆုံပြီး သူတို့နှစ်ယောက်ဟာ သားကြီး မြင့်လွင်နိုင် မွှေးတဲ့အဖြစ်ထိ ရောက်ခဲ့ရတယ်’ မွှေး နားထောင်ရင်း ဒေါ်ခင်မမစကား ဒီနေရာရောက်တော့ လှုပ်ရှားနေတဲ့စိတ်တွေ အတော်ငြိမ်သက်သွားပြီ အထွတ်ရယ်၊

www.burmeseclassic.com



ဘာဖြစ်လို့လဲဆိုတော့ ကျန်ဇာတ်လမ်းရဲ့ ဂယက်ရိုက်ခတ်မှုကို အာရောဂျက ပြန်လာတဲ့နေ့က မွှေး ခံစားခံရပြီးပြီ မို့လား။ ဒေါ်ခင်မမကတော့ ဆက်ပြောတယ်။

'မောင်မောင်နိုင်ဟာကိုယ်လွတ်မရုန်းရှာပါဘူး။ ဒီနေရာမှာ မမ အမှန်အတိုင်း ဝန်ခံပါရစေ၊ မောင်မောင်နိုင်သာ လူလွတ်ဆိုခဲ့ရင် မမလေ တင်မမနဲ့ တစ်ခါတည်း ပေးစားပါတယ်။ မမတို့လို လူကြီးမျက်စိမှာတော့ မောင်မောင်နိုင်လို လူတစ်ယောက်ကို ဘယ်လိုလုပ်ပြီး လက်လွတ်ခံချင်မလဲ၊ ကိုယ့်လင်သားရဲ့ အရည်အချင်းကို မွှေးသိခဲ့ပြီးမို့ မမ ထပ်မံချီးကျူးဖို့ မလိုတော့ပါဘူး'

မွှေးက ခေါင်းညိတ်ပြလိုက်တယ်။ ဒေါ်ခင်မမဟာ တော်တော် စကားပြောကောင်းတဲ့ အမျိုးသမီးပဲ အတွက်ရယ်။

'သားကြီး မြင့်လွင်နိုင်ကို မွှေးပြီးတယ်ဆိုရင်ပဲ ဒီ ဇာတ်လမ်းကို အကောင်းဆုံးဖြစ်အောင် မမဝင်ပြီး စီမံခဲ့တာပဲ။ လူကြီးတစ်ယောက်ပီပီ တင်မမကို အုပ်ထိန်းသူ အစ်မတစ်ယောက်အနေနဲ့ မမ စီမံခဲ့တာပါ။ သားကြီး မြင့်လွင်နိုင်ကို မောင်မောင်နိုင်ဟာ အလွန်ချစ်သလို ညီမကြီးမွှေးကိုလဲ မောင်မောင်နိုင် ဘယ်လိုမြတ်နိုးတယ် ချစ်တယ်ဆိုတာ မမသိတယ်'

မြင့်လွင်နိုင်ဟာ ဒီစကားရောက်တော့ သက်ပြင်းရှိုက်ရှာတယ် အတွက်ရယ်။ သူ့ကံကြမ္မာကလဲ ဖန်တီးပုံ တစ်မျိုးပဲနော်။





မမတို့အိမ်လာပြီး လည်ပတ်တဲ့အခါဆို 'စန္ဒရားပဲ တီးတာပဲ၊ သူဆိုလေ့ ဆိုတတ်ရှိတဲ့ သီချင်းကတော့ မန်းတောင်လက်ယာနဲ့ မလှရွှေရဲ့ မိုးဒေဝါပဲ။ သူ့အသံဝါကြီးနဲ့ အဆိုထဲပိုင် အတီးလဲကောင်းတဲ့သူပဲ၊ ခေတ်ပေါ်သီချင်းထဲကဆို ကိုမင်းသူရဲ့ ပုံပမာလေ အဲဒီသီချင်း သူသိပ်ကြိုက်တယ်။ အို....သူ့ကိုလေ၊ တစ်ခါတုန်းက ဝိုင်းပြီးသောကြတဲ့ စစ်ဗိုလ်အငယ်ချင်းတွေတောင် မောင်မောင်နိုင့်မျှား ပုံပမာသီချင်းကို ဆိုပြီး တီးရင် အသံတိတ်သွားပြီး သူ့ရဲ့ဂီတရဲ့ လွှမ်းမိုးမှုကို ခံသွားကြရတာပဲ။ မမကိုယ်တိုင် နားထောင်ခဲ့ရတာကိုး။ အဲဒါ သိလား မွှေး၊ ညီမကြီးမွှေးကို သူချစ်လွန်းလို့ သီချင်းဆုံးတဲ့အခါ စန္ဒရားခုံက ထလာရင် သူပြောလေ့ပြောထရှိတဲ့စကားက တစ်ညလဲ့တာကို ရက်ပေါင်း ခုနစ်ရာအားလို့ မပြီးဘူးဆိုတာ ကျွန်တော် ယုံတယ်ဗျို့၊ ကျွန်တော့်မှာတော့ ချစ်ဇနီးကြီးနဲ့ မရွှေမွှေးနဲ့ ခွဲခဲ့ရတာ တစ်ညဘယ်ကမလဲဗျာ၊ ပြန်တွေ့ရမယ့်အချိန်ကို လက်ချိုးရေနေရတာတဲ့။

မွှေးလေ မျက်ရည်တွေ ပေါက်ပေါက် ကျလာတယ်။ မွှေးမှာတော့ ခုထိလဲ ရေဒီယိုက ပုံပမာသီချင်း ကိုမင်းသူဆိုသံကြားရင် မွှေးဆောက်တည်ရာမရ ဖြစ်ခဲ့ရတာကိုး အတွက်ရယ်။ ဒေါ်ခင်မမဟာ ပုံပြောကောင်းဆရာမကြီးလို ဆေါ်လာပြန်တယ်။

'ဒီတော့လဲ ညီမကြီးမွှေးက မေးစရာရှိတယ်။ မွှေးကိုလဲ ချစ်တယ်ဆိုသေးရဲ့ မမညီမ တင်မမနဲ့ ကိုကိုနိုင် ဘယ်လိုဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရတာလဲလို့ ပြောမယ်။ ဒီစကားကို 'မမပြောတဲ့အခါမှာ သားကြီး မြင့်လွင်နိုင်ဟာ သည်းခံပြီး နားထောင်နေ၁်။ မင်းဖေဖေ မောင်မောင်နိုင်ကို စွာတဲ့ အဖေတူသားကြီးမို့ စိတ်ခ၁တ်ကြံနိုင်ပြီးဖြစ်တယ်လို့ကြီးကြီးခင်ယုဆပြီး ဒီစကားကို သားကြီးရှေ့မှာ ကြီးကြီးပြောတာ သားကြီး ခွင့်လွှတ်နေ၁်'

သူ့တူတော်မောင်ဘက် လှည့်ပြီး ဒီစကားကို ပြောလိုက်တော့ မြင့်လွင်နိုင်ဟာ ခေါင်းကိုး ဖြည်းဖြည်းလေး ညိတ်ပြတယ်။

'မမရဲ့ညီမ တင်မမဟာ ရုပ်ချောပြီး ဆိုရှယ်ကျသလို အလှမာန်လဲရှိတယ်။ သူ့ရှိတဲ့ အလှမာန်က တစ် မျိုး ပါ ကြောက်စရာကောင်းတဲ့ ညဉ်ဆိုးနဲ့ ယှဉ်နေတယ်။ မမဟာ ညီမကို ဒီညဉ်မျိုး မထားသင့်ဘူးလို့ ဆုံးမပေမယ့် တင်မမဟာ မရခဲ့ဘူး။ ယောကျ်ားတစ်ယောက်ဟာ တည်ကြည်တယ် တခြားမိန်းမတစ်ယောက်ကို မြတ်မြတ်နိုးနိုး ချစ်တယ်ဆိုရင် 'ဒီလူက ရဟန္တာစျာန်ပျံမို့ ခံနိုင်မှာလား' ဆိုတဲ့ သဘောနဲ့ တစ်ခါတည်း သူ့အလှ အတွေ့အထိကို အစွမ်း ထုတ်ပြီး ရအောင်ဆွဲတတ်တယ်၊ လက်တည့်စမ်းတတ်တယ်။ တော်တော်များများ မိန်းမတွေမှာ ဒီအကျင့်ရှိကြတတ်တယ်။ မောင်မောင်နိုင်ရဲ့ အဖြစ်ကလဲ ဒီအချိန်မှာ အထီးကျန် ဖြစ်နေချိန်ဆိုတော့ ကိလေသာ ကုန်ခန်းတဲ့ ရဟန္တာလဲ မဟုတ် ရှာတော့ တင့်မမ ညှတ်ကွင်းက မလွတ်ဖြစ်သွားရတယ်။ မောင်မောင်နိုင်ကို ညီမကြီး ခွင့်လွှတ်ပါ'





'မွေးတို့ ဒီပြဿနာကို အပြေအလည် နားလည်မှုရခဲ့ပြီးမို့ ခုတော့ မွေးရင်ထဲမှာ ကိုကိုနိုင်ကို ဆယ်ပြန်မက ခွင့်လွှတ်နိုင်ပါတယ် မမရယ်၊ အိန္ဒိယက ပြန်လာစ သိသိချင်းတော့ မွေး အာဃာတ်တုန်လှုပ်ချောက်ချားပါတယ်'

မွေးဟာ ဒေါ်ခင်မမစကားကို ဖြတ်ပြီး ဝင်ပြောလိုက်တယ်။

'မှန်ပါတယ်၊ ညီမကြီးကို မမြင်ခဲ့ရဖူးသော်လဲ မွေးရဲ့ ခံစားချက်ကို မမ မိန်းမချင်းမို့ ကိုယ်ချင်းစာလို့ ဒီဇာတ်လမ်းကို အခုပြေပြစ်ဆုံးဖြစ်အောင် စီစဉ်ခဲ့တာပါ၊ တင်မမကိုလဲ မမ ကောင်းကောင်းဆုံးမတယ်၊ သိရက်နဲ့ကျူးလွန်တဲ့ အပြစ်မို့ မမ သူ့အပေါ် ခွင့်မလွှတ်နိုင်ခဲ့ဘူး၊ မောင်မောင်နိုင်ကတော့ သူတို့နှစ်ယောက်ရဲ့ တစ်ဒင်္ဂပဟာန် 'စိတ်မထိန်းနိုင်မှုကို အပြစ်မဲ့သူ သူ့သား မခံရစေဘူးဆိုပြီး သူ့သားကြီး မြင့်လွင်နိုင်အတွက် အစစ လိုလေသေးမရှိ စီမံခဲ့ပါတယ်မွေး၊ တင်မမဟာ မမရင်ခွင်မှာ ဒီသားကြီးကိုအပ်ပြီး မိုးညှင်းကို ပြန်တယ်၊မိုးညှင်းမှာ ခရစ်ယာန် သာသနာပြု အဆုတ်နာကုဆေးရုံက လက်ထောက်ဆရာဝန် ဒေါက်တာ ရော်နဲလ်နဲ့ လက်ထပ်ပြီး အနောက်တိုင်းဓလေ့ကို ပျော်တဲ့သူမိပီ ရော်နဲလ် အပြန်မှာ တစ်ခါတည်းလိုက်သွားပါတယ်၊ မမလဲ သူ့သားအကြီးကို ရင်ခွင်ပိုက်ပြီး သီပေါမှာနေခဲ့တယ်၊ သားကြီး ဘီအက်စ်(စိုက်ပျိုးရေး) ဒီဂရီရတဲ့အထိ မောင်မောင်နိုင်ပေးခဲ့တဲ့ငွေကြေးနဲ့ပဲ မမ ပညာသင်ပေးခဲ့တယ် သားကြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုလဲ တင်မမပိုင်တဲ့ ပြင်ဦးလွင်ခြံတွေကို မမ လွှဲပေးခဲ့တယ်၊ လခစားလဲမလုပ်စေချင်လို့ပဲ၊ မမကတော့ စီးပွားရေးသမားပီပီ စီးပွားရေးအကွက်ပဲ မြင်တယ်လေ၊ ဒီတော့ ရန်ကုန်မြို့ကြီးဟာ ငတ်နေတဲ့ မြို့ကြီးလိုပဲ၊ စားသောက်ကုန်တွေကို မတန်တဆပေးပြီး မဝတဝစားနေရသလိုပဲ၊ မမ ထားရှိတဲ့ စီးပွားရေးအမြင်က ဝိသမလောဘ ဖောက်ပြန်ပြီး သူတကာ အငတ်ထားပြီး လည့်ပင်းညှစ်ချင်တဲ့ နိုင်ငံခြားသား ခနရှင်ရဲ့ စီးပွားရေးအမြင်မျိုး မဟုတ်ပါဘူး၊ သားကြီးလဲ သမ္မာအာဇီဝဖြစ်အောင် ကိုယ်ထူးကိုယ်ချွန်စိတ်လဲဖြစ်တယ်၊ သားကြီးလို လူငယ်တွေစုပေါင်းပြီး ဒီစိတ်တွေ ဝင်လာရင် အများလဲ ဝလင်အောင်စားရ ကိုယ်လဲဝမ်းဝ ဆိုပြီး မမ ဒီရန်ကုန်နဲ့ အနီးဆုံးမှာ မြေဝယ်တယ်၊ ဟင်းသီးဟင်းရွက် စိုက်ခင်းလုပ်မယ်၊ မွေးမြူရေးလဲ လုပ်မယ်၊ သားကြီးဟာ သိပ်ဝါသနာပါတယ် မွေး၊ မမ ရှင်းရှင်းပြောရရင် မြင့်လွင်နိုင်တို့ဟာ တစ်သက်လုံး ဒီလိုနေသွားကြမှာမဟုတ်ဘူး၊ အချိန်တန်တော့ သဘာဝအတိုင်း ကိုယ့်အိုးကိုယ့်အိမ်နဲ့ နေချင်လာကြမှာ၊ အုပ်ထိန်းသူအနေနဲ့ ဒါတွေက စီမံပေးရမှာ မမ တာဝန်ရှိတယ်လေ၊ ရှမ်းပြည်မှာ စိုက်ခင်းတွေ အောင်မြင်ပေမယ့် ရန်ကုန်အရောက် ခရီးလမ်း သယ်ရပို့ရ ယာဉ်ရထားကြောင့် စားသောက်ကုန်တွေဟာ အဆမတန် ဈေးနှုန်းကြီးမြင့်သွားရတာ တကယ်လုပ်တဲ့လူတွေ အသိပဲ၊ ဒါကြောင့်.မမ အင်းတကော်မှာ မြေဝယ်လိုက်တာ၊ ခုတော့ ကောင်းသော်မြေဝယ်ခြင်း ဖြစ်သွားလို့ မမ ဝမ်းသာလိုက်





တာ ညီမကြီးရယ်၊ မောင်မောင်နိုင်ရဲ့ အဆက်အနွယ်တွေနဲ့ ပြန်လည်တွေ့ဆုံရတဲ့ ဇာတ်ပေါင်းခန်းမို့ ညီမကြီးရော သားကြီးရော ဝမ်းသာစမ်းပါနော်’

တကတဲ...တကတဲ အသံရော ဟန်ရော ရွှန်းရွှန်းဝေဝေ ဒေါ်ခင်မမ စကားပြောကောင်းလိုက်ပုံက အတွေ့တ်ရေမိုဘီကင်မရာလေးနဲ့ ရုပ်ရှင်ရိုက်ယူထားဖို့တောင် ကောင်းသေးတော့။ စောစောပိုင်းက ဆွေးမြည့်သူတွေရဲ့ ဇာတ်လမ်းဟောင်းက လွှမ်းမိုးနေတဲ့ ရှုလာရဲ့ ညှော်ခန်းဆောင်လေးဟာ တစ်မုဟုတ်ချင်း ဒေါ်ခင်မမရဲ့ ပေါက္ခရဝဿ မိုးအောက်မှာ ရွှန်းစိုစိမ်းလန်း စိုပြည်သွားတော့တာပဲ။ မွေးရဲ့ စိတ်ကိုလဲ တည်တည်ငြိမ်ငြိမ်နဲ့ စကားပြောနိုင်အောင် ထိန်းလို့ရသွားတယ်။

‘မမကျေးဇူး အများကြီး ကြီးမားပါတယ် မမ၊ မွေးအနေနဲ့ မမရဲ့ညီမ တင်မမအပေါ် အပြစ်မယူနိုင်ဘဲ ကျေးဇူးတောင် တင်ရပါဦးမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုကိုနိုင်အင်မတန် မြတ်နိုးတောင့်တတဲ့ သားရတနာကို မမရဲ့ညီမ တင်မမက ကိုကိုနိုင်ကို ပေးခဲ့လို့ပါပဲ၊ မွေးဟာ ဒီအစွမ်းအစ မရှိခဲ့လို့ မွေးရဲ့ကိုယ်စား အစွမ်းအစရှိသူက ကိုယ့်ချစ်သူ လိုအင်ဆန္ဒကိုဖြည့်ခဲ့ရင် မွေးကျေနပ်ရမယ်၊ ဝမ်းသာရမယ်၊ ဒါမှလဲ မွေးဟာ ကိုကိုနိုင်ကို တကယ်ချစ်ရာရောက်မယ်ဆိုတာ နောက်ပိုင်းမှာ မွေး သဘောကောင်းကောင်းပေါက်လာပါတယ် မမရယ်’ မွေး ကိုယ့်ကိုယ်ကို ဒါလောက် သိပ်

www.burmeseclassic.com

www.burmeseclassic.com



သိပ်သည်းသည်း စကားပြောနိုင်မယ်၊ မထင်မိဘူး။ စိတ်ပါပဲနော်။ ရင်ထဲက လှိုက်လှိုက်လှဲလှဲ စေတနာ ပါလာတော့ စကားပြောလို့ ကောင်းလာတယ်။ မေွး ဒေါ်ခင်မမကို ကျေးဇူးတင်ကြောင်း ပြောပြီး သားကြီး မြင့်လွင်နိုင်ဘက်ကို လှည့်ပြောမိတယ်။

'သားကြီးကိုလဲ အန်တီမွေး ပြောစရာတစ်ခုရှိပါတယ်၊ အန်တီဟာ အတော်ကံကောင်းတဲ့ မိန်းမတစ်ယောက်ပါ၊ မင်းဖေဖေ ကိုကိုနိုင်ဟာ (ကုဒလေးစကားပြောတယ် မထင်နဲ့နော်) အန်တီ့ကို ချစ်လဲချစ်တယ်၊ မြတ်လဲ မြတ်နိုးတယ်၊ သူဟာ ပန်းပွင့်တစ်ပွင့်ကိုကြည့်သလို အပင်က မခူးရက်ဘဲ ဒီပန်းရဲ့အလှကို ကြည့်နေတာပဲ၊ ပန်းရဲ့အလှ ရှည်ကြာဖို့လဲ မပြတ်ပြုစုပေးနေတာပါ၊ ချစ်သူ တစ်ယောက် အပေါ်မှာ ယောကျ်ားတစ်ယောက်ရဲ့ ကြည်ကြည်နူးနူး ကြည့်နည်းမျိုးစုံကို အန်တီ အကြည့်ခံခဲ့ရတယ်။ သူ့မျက်လုံးရဲ့ အရောင်ဟန်ပန်ဟာ သူ့ရင်တွင်းအချစ်ရဲ့ နက်ရှိုင်းပုံကို အမြဲ ဖော်ပြနေတယ်။

ဒါပေမယ့် အန်တီပြောချင်တာက သားရဲ့မေမေ ဒပ်ဖလင်ဆေးရုံမှာ သားကြီး မွေးတဲ့အကြောင်း သတင်းကောင်းပါးလိုက်လို့ အန်တီက ကိုကိုနိုင့်မိန်းမ သားလေးမွေးတယ်လို့ ပြောလိုက်တဲ့အချိန် တစ်ခဏမှာ မင်းဖေဖေရဲ့ မျက်လုံးအကြည်ခတ်ရဲ့ တောက်ပရွှန်းလက်ပြီး ပီတိဖြာသွားဟန်မျိုး၊ အန်တီမွေးလေ သူနဲ့ ပေါင်းသင်းလာတဲ့ သက်တမ်းမှာ တစ်ခါမှ မတွေ့ခဲ့ဘူး'





မွေးရဲ့စကား ဒီနေရာရောက်တော့ မြင့် လွင် နိုင် ရယ် မျက်ရည်တွေကို ဝိုင်းလာတာပဲ အတွတ်ရယ်။

'အန်တီမွေး ဆိုလိုချင်တာက သားကိုချစ်တဲ့ မင်းဖေဖေ ကိုကိုနိုင်ရဲ့ မေတ္တာအတိုင်းအတာ အတိမ်အနက်ကို သားကြီး ခုလောက်ဆို မှန်းဆနိုင်ပါတယ်' လို့ ပြောပြရတယ်။

'ကျွန်တော် သဘောပေါက်ပါတယ်၊ နားလည်ပါတယ် အန်တီမွေးရယ်၊ ဖေဖေနဲ့ ကျွန်တော် မတွေ့နိုင် မဆုံနိုင် ဖြစ်ရတဲ့ အဖြစ်တွေကတော့ ကျွန်တော့် ကံကြမ္မာလဲပါတယ်။ မေမေရဲ့ မလိမ္မာမှုတွေလဲ ပါပါတယ်။ ဖေဖေ့ အပေါ် ကျွန်တော်အများကြီး ခွင့်လွှတ်ပါတယ်'တဲ့။

'အန်တီ အပေါ်မှာလဲ တို့သားအဖနှစ်ယောက် အသက်ရှင်ရက်နဲ့ မတွေ့နိုင်အောင် ကြားက ကာဆီးထားတယ်လို့ သားကြီး မထင်ပါနဲ့နော်၊ သားကြီး ပြဿနာပေါ်လာတဲ့ တစ်ပြိုင်နက် အန်တီဟာ ဘယ်လောက်ထိ စွန့်လွှတ်တယ်ဆိုတာ ပြောပါရစေ။ လက်ရှိနေတဲ့အိမ်ကြီးမှာ သားကြီးတို့ သားအမိကို ခေါ်တင်ပြီးနေရစ်ပါတော့လို့ သားဖေဖေ ကို အန်တီမွေး ပြောခဲ့ပါတယ်။ ဟောဒီ မိုနာတို့ ရစ်ချတ်တို့ ဖေဖေ ဒေါက်တာမိုးကောင်းရွှေမှာပဲ' အတွတ်ရေ။ အတွတ်ရဲ့ မွေး သက်သေထူ ပြောမိတယ်။

'သားယုံပါတယ် အန်တီမွေးရယ်။ ခုလဲ မြင့်မြင့်ရှင်း ခင်ငတ်နေတဲ့ သားအဖို့ အန်တီမွေးကို မိခင်အရင်းလိုပဲ ချစ်လဲချစ် သနားလဲ သနားမိတယ်။ ကျွန်တော့် မေမေ

www.burmeseclassic.com



ဒေါ်တင်မမ အပေါ်မှာလဲ အန်တီမေ့ွးတို့ရဲ့ မေတ္တာ လှမ်း ကြောင်း အထစ်အငေါ့ဖြစ်စေအောင် ဖန်တီးခဲ့သူမို့ ခွင့် လွှတ်ဖို့ ထပ်ပြီး တောင်းပန်ပါတယ်။

'ဒီအတွက် အန်တီမွေးစိတ်ဖြေနိုင်ပါတယ်။ အန်တီမွေးရဲ့ ဘဝကံကြမ္မာကိုက အချစ်ရှဲပတ်သက်လာရင် လူဆိုးမပါဘဲ ဇာတ်လမ်းကိုက ကြေကွဲစရာမို့ အန်တီမွေး ဘယ်သူ့ကိုမှ အပြစ်မတင်ပါဘူး။ ဘဝဝဋ်ကြွေးတွေ ကျေအောင်လို့ အန်တီမှာ အစီအစဉ် ရှိပါတယ်၊ ကဲ....ဒေါ်ခင်မမရော သားကြီးရော ရှဲလာတို့ မိသားစုရော နောက်တနင်္ဂနွေမှာ မွေးရဲ့အိမ်မှာဆုံကြဖို့ မနက်စာပါကျွေးချင်လို့ စောစောလာ ခဲ့ကြပါ'လို့ ဖိတ်ခေါ်ရင်း 'ချစ်သူတို့ပဲ့' ဆုံစည်းရာ ဇာတ် လမ်းကို ခေတ္တ အနားပေးလိုက်ရတယ်။ အတွတ်သာ ရှိရင်လဲ ဝမ်းသာမှာ အမှန်ပဲနော်။ သွားတုန်းကတော့ အတွတ်ရဲ့ သားကြီး ရစ်ချတ် ပြဿနာကို ပြေလည်အောင် သူ့မိခင်ရင်း ရှဲလာနဲ့ တိုင်ပင်ဆွေးနွေးဖို့ သွားကြတာ မွေးတို့ရဲ့ ကြေကွဲဆွေးမြည့်စရာ ဇာတ်လမ်းပါ တစ်ပါတည်း ကောင်းသော ဇာတ်ပေါင်းခန်းအဖြစ် ကြုံလာရတယ်။

ရွှေလျှောက်ပြီး ကောင်းတဲ့ စခန်းတွေပဲ ဖြစ်လာမယ့် နိမိတ်လို့ မွေး ယူဆမိပါတယ် အတွတ်ရယ်။ ကောင်းတယ် ဆိုရာမှာလဲ လောကီရဲ့ကောင်းခြင်း၊ လောကုတ္တရာရဲ့ ကောင်း ခြင်း နှစ်မျိုး ရှိတယ်လေ။ ဒီနေရာမှာ ဒီစာကို ရေးရင်း ရှင်မဟာရဋ္ဌသာရရဲ့ ကဗျာတစ်ပိုဒ်ကို မွေး သတိရမိတယ်။





'ပိုမလင်းပြာ၊ တွန်သံသာနှင့်
ဆပ်ပြာခမ်းတွင်၊ တွေ့ကြိမ်မြင်သော်
စုံလင့်ဖိုမ၊ နိမိတ်ပြ၍၊ ဉာဏကဝိ
ပဏ္ဍိတာစစ်၊ ငါတည်းဖြစ်မည်၊ အနှစ်သာရ
သုံးပုံမျှ၍၊ အစ အလယ် အဆုံးဝယ်၌
မိပ္ပာယ်ကျွမ်းသိ၊ မှတ်နိုးသားမိလျက်'

သူက ရွှေစက်တော် ခရီးလမ်းမှာ ချိုးလင်းပြာဖိုမရဲ့တွန်သံ ကို ဆပ်ပြာစမ်းချောင်းလေးကို ဖြတ်အသွားမှာ ကြားတော့ သူသာ အဏယ်၍ ယခုအတိုင်း သက်နှုံးဝတ်နဲ့ စာပေ ပရိ ယတ္တိ ဆက်လက်ဆည်းပူးသွားရင်လဲ ပိဋကတ်သုံးပုံကို အစ အလယ် အဆုံး သိမြင်နှံ့စပ် ကျွမ်းကျင်တဲ့ ပညာရှင်ပဏ္ဍိတ အစစ် ငါဖြစ်လိမ့်မယ်လို့အားဟက်ဖွယ်နိမိတ်ကို သူကောက် ယူခဲ့တယ်။

တစ်ခါ ချိုးဖိုချိုးမ တစ်ဦးကတိုင် တစ်ဦးကဖောက်နဲ့ ငှက်နှစ်ပါးသွား မှိုင်ထနဲ့ တေးတျာ ကျူးနေတာကို မြင် တော့လဲ....

'ဇာတိလိုက်လျော်၊ ချိုးနှစ်ဖော်မူ
ရှင်ပျော်အမြဲ။ မကွဲတူကွ၊ နေသည် ဆ,သော်
ကာဇမလူ့ဘောင်၊ မရှောင်နိုင်ချေ
ညာကြေကျော်စော၊ သဘောစင်စစ်
ရှင်၏ဖြစ်မှု၊ တစ်ဆစ်လူ့ခွင်၊ ဝင်လဦးမည်
ချစ်ကြည်မျိုးနွယ်၊ ဥစ္စာကြွယ်သည်

www.burmeseclassic.com



လူဝယ်လူကောင်း၊ အကြောင်းရိုးစည်း
ဖြစ်မည်တည်း’ဟု၊ စနည်းနိမိတ်၊ ချိုး၏ဟိတ်ကို

တိတ်တိတ်မှတ်ယူ၊ နှလုံးမူလျက်၊ မပူမဆာ၊ ရေသီတာသို့ အကယ်၍သာ ကာမဘုံသားတို့ ပျော်စရာ လူ့ဘောင်ကို သူဟာ ရှင်ပဒ္ဒင်းအဖြစ် ဆက်မနေဘဲ ဝင်ရောက်ခဲ့ရင်လဲ ချစ်ကျွမ်းသူနဲ့ အတူယှဉ်တွဲပြီး လူကောင်းသူကောင်း အိမ် ထောင် ရှင်ကောင်းတစ်ယောက် ဖြစ်ပေလိမ့်မယ်လို့ ချိုး စုံတွဲရဲ့ နိမိတ်ကို ဒီလိုပဲကောက်ယူခဲ့တယ် အတွတ်ရယ်။ ဩ ဒီတုန်းအခါက ရှင်မဟာရဋ္ဌသာရစာဆိုအရှင်မြတ်ဟာ ငယ် ရွယ်သေးသူ ရဟန်းဝတ်ပီပီ၊ ဘဝဆည်းဆာမှာ သူ့ခံစား ချက်ကို တိတိလင်းလင်းပဲ ဖော်ပြရှာတယ်။

ဆည်းဆာဆိုတာ နံနက်ဆည်းဆာ၊ ညနေဆည်းဆာ ရယ်လို့ ရှိလေတော့ ရှင်မြတ်စာဆိုရဲ့ ဆည်းဆာချိန်မှာဖြ အကောင်းဘက် နိမိတ်ချည်းပဲမို့ နံနက်ဆည်းဆာလို့ ခေါ် သင့်တယ်။

ရဟန်းဘဝ အရှည်ဆက်နေသွားလဲ ပညာပြည့်စုံ ပိဋကတ် သုံးပုံ မွေနှောက်နိုင်တဲ့ ပညာရှင် ရဟန်းအဖြစ် ရောက်နိုင် မယ်။

လူ့ဘုံခန်းဝါကို ဝင်ရောက်ရင်လဲ အောင်မြင်တဲ့လူသား တစ်ယောက် အနေနဲ့ သူ့ဘဝ ခရီးလမ်းမှာ ချစ်သူနဲ့ အ လှမ်းနိုင်မယ်ပေါ့။ (ဒါဟာ မွေးရဲ့ ယူဆချက်ပါနော် ကဗျာဆိုတာ မူလစာဆိုရှင် အသက်ထင်ရှား မရှိလေတော





သူ့ရဲ့ ကဗျာဆိုလိုချက်ကို နောက်လူတွေ ကောက်ချက်ချ ရာမှာ မူကွဲရှိတတ်တာမို့ သုခမိန်တွေရဲ့ ယူဆချက်နဲ့တော့ မွေး အထင်ဟာ လွဲချင်လွဲနေမှာပေါ့။

အခုလဲ မွေး ဆိုလိုချင်တာကတော့ ရှဲလာတို့ အိမ်မှာ မြင့်လွင်နိုင်တို့ မိသားစု အတွတ်ရဲ့သားကြီးနဲ့ ချွေးမမိသားစု တွေ့ဆုံပွဲဟာ ဝက်ပါတော်ချော်မြေစခန်းမှာ ဝေဿန္တရာဆွေမျိုး တို့ တွေ့ဆုံပွဲလို ကောင်းသောဆုံရခြင်းဖြစ်တယ်လို့ မွေး ယူဆ မိတာပါ။

အတွတ်နဲ့မွေးရဲ့ အချစ်ဆည်းဆာဟာလဲ နံနက်ဆည်းဆာ ဖြစ်လိမ့်မယ်။ ဘဝရဲ့ အရှဏ်ဦး လင်းရောင်သစ် အစပျိုးရာ ဖြစ်ပေလိမ့်မယ်။

အဲဒီအခါမှာ ရှာမယ့်ချစ်၍ရှာသော ပေါက္ခရဝဿမိုး ဟာလဲ တဏှာရေစင်နဲ့ စွတ်စိုလိုသော သူကိုလဲ စွတ်စေစိုစေ အေးမြစေပေါ့။ ကရုဏာမိုးရေစင်နဲ့စွတ်စေလိုသောသူကိုလဲ စွတ်စေ စိုစေ အေးမြစေပေါ့။ မွေး ဆုတောင်းလေး ကောင်းတယ်မို့လား အတွတ်ရယ်။

ဆုတောင်းရတယ် အတွတ်၊ အချစ်နဲ့မိုးဟာ အစိုးမရဘူး အတူတူပဲ။

မိုးနတ်သားလာတော့မယ်လို့ မုတ်သုံစောင်းကြိုးကို ရိုက် နိုးသံကြားရင်ပဲ မိုးနတ်ရှင် လာမယ်ထင်တဲ့လမ်းကို ပုလဲမှုန် ခင်းပြီး သူ့ချစ်သူတွေက ကြိုကြရတယ်။

ညမှာပွင့်တဲ့ ညမွှေးပန်းငုံလေးတွေလဲ မိုးစက်မိုးမှုန်တို့ရဲ့ နှုတ်ဆက်အနမ်းနဲ့ ပွင့်ရမှာလားလို့ မျှော်ရတယ်။

www.burmeseclassic.com



တောသူ ပျိုးပင်ပျို့တွေကလဲ ပါးကွက်စိမ်းနဲ့ပါးပြင်ကို မွန်နွှံသာသပြီး သူတို့ချစ်သူ တောလမ်းကမျှား လာလေမလားလို့ မျှော်ရတယ်။

တိမ်မင်းခိုရောင် ချိတ်ပုဆိုးကိုမဝတ်ဘဲ ကြေးနီရောင်မှုန်းထားတဲ့ ဝတ်လဲတော်နဲ့ ဝက်ပါတောင်ယံမှာ ဝေဿန္တရာမင်းကြီးနဲ့ မဟာနွယ်တို့ တွေ့စဉ်တုန်းက ရွှာတဲ့ဟန်နဲ့မျှား လာလေမလားလို့လဲ မျှော်မိတယ်။လာမယ့်လာတော့ပုလဲမှုန်ခင်း ရာဇမတ်ကာထားတဲ့ လမ်းကလဲမလာ။

စောင်းသံကလဲ ဂီတသံမလွင်၊အသည်းကွဲမတတ်ထစ်ချုန်းပြီးတစ်မိုးလုံးချောက်ချားလို့ မြေလွှာတောင် တုန်ဆင်းသွားတာပဲ။

လျှပ်ပန်းနွယ်တွေကလဲ ညရဲ့ကောင်းကင် မိုးပန်းအသွင်ကိုမဆောင်ဘဲ ချစ်သူတွေရဲ့ နှလုံးသားကိုခွင်းမယ့် စိန့်မြှားတံတွေကို ပစ်လွှင့်လိုက်တာ တထိန်ထိန် တလက်လက်ပဲ။ မိုးရှိန်ကလဲ ပုဆိန်ပေါက် ရွာချလိုက်တော့ သူပြုမှ နုရမယ့် ပန်းဝတ်လွှာတွေလဲ အလှပျက်လို့။ ချစ်လွန်းလှပါတယ်ဆို့တဲ့ လယ်တောသူ ပါးကွက်စိမ်း သထားတဲ့ လယ်မြေတွေလဲ ကစဥ့်ကရဲ ရေ ဖွေးဖွေး လျှံလို့၊ သီးနှံတွေ ပျက်ရတော့တယ်။

ဦးမင်းကျော်ဟန် သိုင်းကွက်နှင်းပြီး သူရာမောင်က သန်းခေါင်ကို ညလယ်မှတ်၊ အရပ်ကိုမှလဲအားမနာဘူး၊ သူသင်သလို သူ့ကပွဲသဘင်ကို အကျင်းအပ ကောင်းလိုက်တာလေ၊ သူ့မှာတော့ အပျော်ကြူးတဲ့ သဘင်ထူးကြီးပေါ့။ သန်းခေါင်ယံ သူ့ရဲ့ကောင်းကြီးပေါ့။ မြေလွှာမှာ ခေါင်းငုံ့ခံရတဲ့ အားနွဲ့သူ ပန်းလှ္ခင်ငုံတို့မှာတော့ အနမ်းအကြမ်းသာရလေတော့ ညဥ့်ရှုံတော် အလှခင်းပျက်ရတယ် အတွက်ရယ်။

အချစ်ဆိုတာလဲ မျှော်လင့်သလိုဖြစ်မလာဘဲ ညဥ့်ရှုံတော် အခြေပျက်ရှုံလေးပဲ ဆိုရင်တော့ ရင်ကျိုးရချည်ရဲ့။







www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

ပုဏ္ဏမိ၏....
ရင်သွေးသူဇာ၊ ဆင်းလာသောည၊
ကုမုဒြာ၊ မင်းကုမ္မာနှင့်၊ ကန်သာမြဝယ်၊
ဖွံ့နွဲ့သွယ်နှော၊ တေးသီပြောစဉ်။

မှုန်မှုန်ငွေနှင်း....
ဖြန့်သွင်းပြေပြေ၊ ဆောင်းလေချိုတယော
နှောလေသည့်၊ မြဂယက်ငွေစည်းသံ၊
ညဥ့်ယံ၏ ချစ်သူပွဲသည်
ကြည်စွသာစွ တင့်မောစွ။

ငွေချိဇာပြင်....
အလှဆုံးဆင်၍၊ ယခင်လပြည့်
ကြုံခဲ့နေလို့၊ ရင်ငွေခိုချင် ဘော်ငွေစင်၊
ကေရီ လာပြန်ချေပြီကော။

ဩော်....ပြောရခက်ခက်
ဆောင်းရက်လေလည်း၊ ပလွေမနှော၊
မြဂယက် စည်းမခတ်၊ ညဥ့်ငှက်ပင်
အသံဆိတ်၊ တောလုံးတိတ်၊ ရိပ်လုံးငြိမ်၊
လှစ်အိမ်တွင်၊ ယမန်နေ့ည၊ မင်းယက္ခ





မုန်တိုင်း၊ လှိုင်းကြီးထ၍၊ ချစ်ကြင်သူ
လပကြာ၊ သူ့လက်ပါကြောင်းကို၊
မပြောလို ဆိုမသိ၊ ညဥ့်ရိပ်ရှည်သည်၊
မကြည်ရှိက်မော လွမ်းသံနှော။

ရှင်ကြည်ချမ်းမြေ့....
တေးဆိုတွေခဲ့၊ ဘယ်ဓါမေ့သည်
'နောက်ဆုံးနေ့ရက်' သိခက်နောက်ကျ
ဖြစ်ရသခင်၊ ကြိုတင်သိမှု
'သုံးရွေ ဇမ္ဗူတွင်၊ မယ်ခူး၍လှူခဲ့ပ'
ချစ်သူရွှေတုံး၊ ပျောက်ဆုံးပုံဆန်း
ကြမ်းလှသည့် ဒဏ္ဍာရီ၊ တဖြစ်ဖြစ်
ဆိုမြည်၍၊ သီကရီ သူ့နှန်းကို
တစ်လှမ်းချင်း ကြွခြေပေါ့။

တစ်တောလုံးရင်မ....
တသသသည်၊ ညယံသဘင်စဲ
လွမ်းသူတို့ပွဲ။

* * *



www.burmeseclassic.com

www.burmeseclassic.com



**အတွက်ရေ....**

အင်းတကော်မှာတွေ့ဆုံခဲ့တဲ့ ဆွေစုမျိုးစုကို မွေးရဲ့အိမ်မှာ ပြန်လည်တွေ့ဆုံဖို့ ဖိတ်တဲ့နေ့အကြောင်းကို ရေးပြရဦးမယ်။

ငါးနှစ်လုံးလုံး ရွှေတံခါးကြီး ပိတ်ပြီး တိတ်တိတ် ဆိတ်ဆိတ်နေရာက ဒီနေ့ဟာဖြင့် ရွှေတံခါးကြီးဖွင့်သောနေ့ ပါပဲ။

ဒေါ်ခင်မမရယ်၊ ကိုကိုနိုင်ရဲ့သားကြီး မြင့်လွင်နိုင်ရယ်၊ ရစ်ချတ်တို့ ဇနီးမောင်နှံနဲ့ ရှုလာတို့ သမီးယောက်မ လာကြ တယ်။ ဇောဝေဘဲလ်ကတော့ ကိစ္စတစ်ခုရှိလို့ ပဲခူးဘက်ကို သွားလို့ မလိုက်နိုင်တဲ့အကြောင်း မှာလိုက်တယ်။

မွေးလေ သိုက်သိုက်ဝန်းဝန်း ဒီလိုပြန်လည်တွေ့ဆုံရတော့ မွေးရဲ့အိမ်ကြီးဟာ သက်ဝင် လှုပ်ရှားလာသလိုပါပဲ။ဆွေ ဆွေမျိုးတို့ ပြန်လည်တွေ့ဆုံပွဲဟာ စိတ်ချမ်းမြေ့စရာ ကောင်း လိုက်တာနော်။ ဒါကြောင့်လဲ ဝက်ပါတောင်လို နက်ရှိုင်းတဲ့ တောကြီးခေါင်ခေါင်မှာတောင် ကြေးနီရောင် ပေါက်ရ ဝဿမိုး ရွာချပေးရပေတယ်။ အားလုံးပဲ ဒီအိမ်ကြီးမှာ ပျော်ရွှင်ချမ်းမြေ့စွာ ပြန်လည်တွေ့ဆုံရရင် ဘယ်လောက် ကောင်းမလဲနော်။ ထမင်းကို မွေး ချက်ပြုတ်ကျွေးမွေးတဲ့ နံနက်စာ စားသောက်အပြီး ညှိခန်းမှာ ညှိသည်တွေနဲ့ အတူ မွေးထိုင်နေတုန်း ဆင်ဝင်အောက်မှာ ကားတစ်စီး ထိုးရပ်လိုက်တယ်။ ကားပေါ်က ဆင်းလာသူကတော့ ဝတ်လုံတော်ရ ဦးရဲဒင် ဖြစ်တယ်။ ကြိုတင် စီစဉ်ထားတဲ့





မွေးကလွဲလို့ ဦးရဲဒင် လာခြင်း အကြောင်းကို သူတို့ မသိ ကြဘူး။

ဦးရဲဒင် ညှိခန်းမှာ ဝင်ထိုင်တော့မှ မွေးအားလုံးကို ရှင်းလင်းပြောပြလိုက်တယ်။

'ဝတ်လုံတော်ရ ဦးရဲဒင်ကတော့ ကျွန်မနဲ့ ပိုင်ဆိုင်တဲ့ ငွေဆည်းရေးရာနဲ့ ပတ်သက်ပြီး ဥပဒေကြောင်းနဲ့ ဆောင်ရွက် ပေးရတဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါတယ်။ အခု အားလုံး အကြီးစုံရာနဲ့ ဝတ်လုံတော်ရ ဦးရဲဒင်ရှေ့မှာ မြင့်လွင်နိုင်ဟာ ကိုကိုနိုင်နဲ့ မွေးတို့ရဲ့ တရားဝင် တစ်ဦးတည်းသော သား ဖြစ် ကျွန်မ အတိအလင်း ပြောကြားလိုပါတယ်။ အမွေ ား အမွေခံတစ်ဦးတည်းသော သားဖြစ်ကြောင်းကိုလဲ ချုပ်စာတမ်း တရားဝင် လက်မှတ်ရေးထိုးဖို့ ဦးရဲဒင်က ားလုံး ပြင်ဆင်လာခဲ့ပြီးပါပြီ၊ ကဲ....ဦးရဲဒင်က တရားဝင် ချုပ် စာတမ်းတွေကို ဆက်လက်လုပ်ပါ'

မွေးက ကြိုတင်လုပ်ခိုင်းထားတာမို့ အားလုံးစာချုပ်က ဲ အဆင်သင့်ပါပဲ။ အသိသက်သေအဖြစ် ဒေါ်ခင်မမနဲ့ ာက လက်မှတ်ရေးထိုးကြတယ်။ မွေးနဲ့ မြင့်လွင်နိုင်လဲ ချုပ်ကို လက်မှတ်ရေးထိုးပြီး ရီဂျစ်စတာ မှတ်ပုံတင်ဖို့ ရဲဒင်လက်ကို ပြန်အပ်လိုက်တယ်။

ဦးရဲဒင်ပြန်သွားတော့ ဒေါ်ခင်မမဟာ မွေးရဲ့လက်ကို ပ်ကိုင်ပြီး မျက်ရည်တွေတွေ ကျရှာတယ်။

'မွေးရယ်၊ မမထင်တာထက် မွေးဟာ သဘောထား းပါတယ်။ စိတ်ဓာတ်မြင့်မားပါတယ်၊ လောကမှာ



www.burmeseclassic.com

www.burmeseclassic.com



အပြန်အလှန် သဘောတရားတွေ ရှိပါတယ်။ ဘာသဘော တရားလဲဆိုတော့ မေတ္တာဆိုတဲ့ တရားပေါ့။ မမ ဆိုလိုချင် တာကို ထပ်ရှင်းပါရစေ။ မွေးကတော့ သက်တမ်းအတူနေ ရင် မွေးသာ အရင်သေမှာမို့ ကိုကိုနိုင်နဲ့ မွေးပိုင်သမျှ ကျန် ရစ်တဲ့ အမွေပစ္စည်းဟူသမျှ မြင့်လွင်နိုင် ခံစားပါစေဆိုတဲ့ စေတနာနဲ့ ဒီစာချုပ်ကို ချုပ်ဆိုတာ၊ မမသိပ်ပြီး ကျေးဇူး တင်ပါတယ်။ မမ အပြန်အလှန် မေတ္တာရှေ့ထားပြီး မွေး အပေါ် ပြန်ပြီး ပြုပါရစေ၊ ကံတစ်ပါးပါးဖြတ်လို့ မြင့်လွင် နိုင်ဟာ မွေးအရင် ဆုံးပါးသွားတောင် မမညီမ တင်မမ ပိုင်ဟူသမျှ မြင့်လွင်နိုင်ကို အပြီးအပြတ် ပေးထားသမျှ မွေး သာ ခံစားခွင့်ရှိဖို့လဲ မမ တရားဝင် စာချုပ်ချုပ်ပေးပါ့ မယ်’ တဲ့။

‘အများကြီး ကျေးဇူးတင်ပါတယ် မမ။ ဒီလောကမှာ ကျေးဇူးတရား သိတတ်ဖို့နဲ့ မေတ္တာတရား ခေါင်းပါးလို့ အမျိုးမျိုးဒုက္ခရောက် ကပ်ကြီးသုံးပါးဆိုက်ပြီး သဲကန္တာရ လို ပူပြင်းတဲ့ လောကကြီး ဖြစ်နေပါတယ်။ ဒီနေ့ ဒီအချိန် မှာ အိုအေစစ်လို အေးမြတဲ့နေရာကတော့ မွေးရဲ့အိမ်ပါပဲ’ လို့ မွေးက ပြောလိုက်တယ်လေ။

သူတို့ကြိုက်သလို မွေးရဲ့အိမ်ကြီးမှာ လွတ်လွတ်လပ်လပ် အပန်းဖြေကြဖို့ ပြောပြီး၊ မွေး အိမ်အပေါ်ထပ်ကို တက်ခဲ့ တယ်။

ဘုရားခန်းနဲ့ကပ်လျက် ခန်းမဆောင်ကြီးထဲကို မွေးဝင်ခဲ့ မိတယ်၊ အဲဒီအခန်းကိုလေ မွေးတို့ ဆွေစဉ်မျိုးဆက် သမိုင်း





ဝင် အခန်းလို မွေး ပြင်ဆင်ထားတယ်။ ခေါင်းရင်းဘက် အခန်းရဲ့နံရံမှာ ကိုကိုနိုင်ရဲ့ ဖေဖေ မေမေ ဓာတ်ပုံရယ်၊ မွေးရဲ့ ဖေဖေ မေမေ ဓာတ်ပုံရယ်၊ ချိတ်ထားတယ်၊ ညာဘက် နံရံ မှာတော့ ဝိုလ်ချုပ်အောင်ဆန်းရဲ့ပုံရယ်၊ ကွယ်လွန်သွားပြီး ဖြစ်တဲ့ မွေးရဲ့ ကိုကိုနှစ်ယောက်ပုံနဲ့ ကိုကိုနိုင်ဓာတ်ပုံကို မွေး ချိတ်ထားတယ်။

ဘယ်ဘက် နံရံမှာတော့ မမရဲ့ နွဲ့နွဲ့လေးနဲ့ အေးချမ်းစွာ ပြုံးနေတဲ့ အပြုံးရှင်ရဲ့ ဓာတ်ပုံလေးကို ဆွဲချိတ်ထားတယ်။

တစ်ခါတုန်းက အာရောဂျံက ပြန်လာတဲ့နေ့ ကြုံလာတဲ့ အဖြစ်တွေကြောင့် စိတ်ထိခိုက်ရသမျှ ကမာရွတ်အိမ်လေးကို ပြေးသွားပြီး၊ မေမေ့ဓာတ်ပုံရှေ့မှာ တိုင်တည် ရေရွတ် တမ်း တမိတယ် အဲ့တွတ်။

ခုလဲ ကိုကိုနိုင်ဓာတ်ပုံရှေ့က နှင်းဆီပန်းတွေ ဝေနေတဲ့ ခုံလေးပေါ်မှာ ဖယောင်းတိုင် တစ်တိုင်ထွန်းပြီး ကိုကိုနိုင် ကို ဦးချရတယ်။

‘ကိုကိုနိုင် မွေးလေ အတတ်နိုင်ဆုံး မယားကောင်းပီသ အောင် ကြိုးစားခဲ့ပေမယ့် မွေးဟာ တစ်ခါတစ်ခါ သမီး ကောင်း တစ်ယောက်သာ ဖြစ်ခဲ့တယ်။ မယားကောင်း တစ်ယောက် မဟုတ်ပါဘူး၊ ကိုယ့်လင်ကို ကာလရှည်လျား စွာ ပစ်ခွာထားပြီး နေတတ်သူမို့ ကိုကိုနိုင်နဲ့တင်မမ ဖြစ်ခဲ့တဲ့ ကိစ္စမှာ မွေးရဲ့အမှား အများကြီးပါပါတယ်။ ဒီနေ့ဘာဖြင့် မွေးရဲ့ အမှားကို ရာဇဝင်ကြွေးဆပ်တဲ့အနေနဲ့ အချစ်ကြွေး

www.burmeseclassic.com



ဆပ်တဲ့အနေနဲ့ ကိုကိုနိုင်ရဲ့သားကြီး မြင့်လွင်နိုင်ကို မွေးတရားဝင်သားအဖြစ် စာချုပ်စာတမ်းနဲ့ မွေးလိုက်ပါပြီ။ မွေးကို ခွင့်လွှတ်ပါ၊ ကိုကိုနိုင်' မွေးလေ သူ့ခုတ်ပုံ့ရှေ့မှာ အစ်ယောက်တည်း စကားလုံးတွေကို ရွတ်ဆိုတိုင်တည်မိတယ်။

အတွက်ရယ်၊ ဝတ္ထုရေးဆရာတွေလေ သူတို့မွေးတဲ့ ဇာတ်ကောင်၊ ဇာတ်ဆောင်၊ ဇာတ်လိုက်တွေကို ခြောက်ပြစ်ကင်း သဲလဲစင် ဖြစ်စေချင်လွန်းလို့ စေတနာ ဘက်လိုက်ပြီး ရေးကြလို့ လူစစ်နဲ့မတူဘဲ တချို့ စာရေးဆရာတွေရဲ့ ဇာတ်ကောင်တွေဟာ လူအတုတွေ ဖြစ်ခဲ့ရတယ်။

မွေးလဲလေ ဘဝမှာ သမီးကောင်းလဲ ဖြစ်ချင်တယ်၊ မယားကောင်းလဲဖြစ်ချင်တယ်၊ ဆွေစုမျိုးစုံရဲ့ မှီရာတည်ရာ ဖြစ်ချစ်လိုက်တာ အမော။ စာရေးဆရာတွေ ဖန်ဆင်းတဲ့ ခြောက်ပြစ်ကင်း သဲလဲစင် ဇာတ်လိုက်မင်းသမီးလေး မွေးရဲ့ ဘဝဝတ္ထုမှာ ဖြစ်ချင်တယ်၊ ဖြစ်နိုင်အောင်လဲ ကြိုးစားခဲ့ပါတယ်။

လူဟာလူပဲမို့မွေးရဲ့ မပြည့်မစုံ ဟာကွက်တွေကို တမလွန်က ကိုကိုနိုင်ဟာ ခွင့်လွှတ်နိုင်ကောင်းပါရဲ့နော်။ တစ်ခါတလေတော့လဲ လူဟာ လူပုံစံမမီ ဘယ်လိုပဲကြိုးစားပေမယ့် ဖြစ်ချင်မှဖြစ်တယ်ဆိုတာ မွေးရဲ့ကိုယ်က မွေးကို တရားပြပေးသွားပဲ။ ဒီနေရာမှာ မွေးဟာ ကိုယ့်ကိုယ်ကို ပြန်လည်စိစစ်မိတယ်။ စိတ်စေတနာရင်းဆိုတာ အပေါ်ယံ စိစစ်ကြည့်ရင်





အဖြေတစ်မျိုးထွက်ပြီး သေသေချာချာစေ့ငကြည့်မှ အဝိဇ္ဇာ မပါဘဲ ဘက်မလိုက်ဘဲကြည့်ရင် အဖြေတစ်မျိုး ထွက်တတ်တယ်။

ကိုကိုနိုင်ဟာ တင်မမနဲ့ သားတစ်ယောက် ရခဲ့တယ်၊ ဒီသားကို ရတယ်လို့ သိသိချင်း မွေးဟာ ကိုကိုနိုင်နဲ့ တင်မမတို့ သားအမိကို ဒီအိမ်ကြီးကိုပါလွှဲခဲ့ပြီး ကိုကိုနိုင့်အပါးက ထွက်ခွာသွားဖို့ စီစဉ်ခဲ့တာ အတွက်အသိပဲ။

ရှတ်တရက်တော့ ဒီအပြုအမူဟာ သဘောထားကြီးခြင်း ခွင့်လွှတ်ခြင်းလို့ မွေးကိုမွေး ထင်ခဲ့မိတယ်။ ယူဆမိတယ်။

စင်စစ် သေသေချာချာ လေ့လာကြည့်ရင် စိတ်နာကြည်းလွန်းလို့ ကိုကိုနိုင်ကို စွန့်ခွာပြီးအဝေးကိုထွက်ခွာသွားချင်တဲ့ မွေးရဲ့ အတွင်းစိတ်ကို မွေးရဲ့ နှလုံးသားထောင့် တစ်နေရာမှာ တွေ့ရတယ်။

ကိုကိုနိုင်အဖို့ ဒီသားလေးကို သူချစ်တာ အမှန်ပဲ။ သူ အချစ်ဆုံး ရတနာ၊ အပြစ်ကင်းတဲ့ ကျောက်မျက်ရွဲနဲ့လဲ တူပါတယ်၊ ဒါပေမယ့် ဒီကျောက်မျက်ရတနာက ခိုးယူလို့ ရခဲ့တာမျိုး ခိုးရာပါပစ္စည်းလိုဖြစ်နေတယ်၊ ခိုးရာပါပစ္စည်းများ လူရှေ့မှာ ထုတ်သုံးဖို့ ကာယကံရှင်တွေဟာ ကိုယ့်စိတ်ကိုယ်မလုံ ဖြစ်တတ်တယ်၊ အထူးသဖြင့် သူချစ်မြတ်နိုးတဲ့ မွေးရှေ့မှာ ဒီပစ္စည်း ထုတ်ပြီးဆင်ယင်မိရင် မွေး စိတ်ထိခိုက်မှာ စိုးတယ်၊ မွေး ဂုဏ်သရေကိုလဲ ထိခိုက်မှာစိုးတဲ့ ကိုကိုနိုင်ဟာ သူချစ်တဲ့ သားကို ဖခင်တို့ ဝတ္တရား ရှိတဲ့အတိုင်း သူ့ရဲ့ ပစ္စည်းနဲ့ တိတ်တဆိတ်ပဲ စောင့်ရှောက်ပြုစုခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို စစ်မှုထမ်းတွေ ထုံးစံအတိုင်း မြင့်လွင်နိုင်ကို သူ့သားရင်းအဖြစ် (Part 1 (2) Order) ထုတ်ခဲ့ပြီး အခိုင်အမာ အမွေခံအဖြစ် လုပ်ခဲ့ရင် မွေး ဘာတတ်နိုင်မှာလဲ နော်။ သူ ကွယ်လွန်တဲ့အခါ သူ့ခံစားခွင့်ကို သူ့သား တစ်ယောက်အနေနဲ့ မြင့်လွင်နိုင် အလိုအလျောက် ခံစားရ မှာပဲ။

ဩော်....ကိုကိုနိုင်....ကိုကိုနိုင်။ မွေးအပေါ်မှာ တရားဝင် သဘောရော (ဥပဒေခန်းသဘော ဆိုရမှာပေါ့) သဘောမှာ စိတ်ထိခိုက်အောင် ဂုဏ်သရေထိပါးအောင် ဘာမှ မလုပ် ပါဘူး။

ဒါလောက် ချစ်မြတ်နိုးပါတဲ့ လင်သား တစ်ယောက် မွေး တကယ် ချစ်ခင်မြတ်နိုးရိုးမှန်ရင် သူ ကွယ်လွန်တဲ့အခါ သူချစ်ခင်မြတ်နိုးသူကို ဆက်လက်စောင့်ရှောက်ရမယ်။ မွေး လေ အဲဒီတော့မှ မွေးရဲ့ ချတ်ယွင်းချက်ကို ပြန်လည်သတိ ဆင်ခြင်မိပြီး မြင့်လွင်နိုင်ကို သူ့ဖေဖေ ကိုကိုနိုင်ဆီက မွေး ရသမျှ၊ ခံစားရသမျှ မွေးနဲ့ ညီတူညီမျှ ခံစားပိုင်ခွင့်တွေက ခွဲပေးလိုက်တာပါပဲ အတွတ်ရယ်။

မွေး သေတော့လဲ မြင့်လွင်နိုင်ဟာ ဒီတရားဝင်စာချုပ် အရ အားလုံး ခံစားပိုင်ခွင့် ရှိသွားတာပေါ့နော်။

လင်ကိုချစ်လှပါတယ်ဆိုပြီး လင်သေဆုံးတော့မှ ကိုကိုနိုင် ခေတ်ပုံပြ၊ လင်ရဲ့ အလောင်း ရှေ့တန်းတင်ပြီး မွေး စီးပွား ရှာရင် မွေးရဲ့ကိုယ်ကျိုးပဲ ရှာရာဖြစ်တယ်။ တစ်ခါတလေ ဖြစ်တတ်တယ်လေ။ ကွယ်လွန်သူ စိတ်တိုင်းကျ လုပ်ပါတယ်





သူ့ရည်ရွယ်ချက်အတိုင်း လုပ်ပါတယ် ပြောပေမယ့် ကိုယ့် အတွက် အမြတ်ထုတ်သလို ဖြစ်နေတယ်။ ကိုယ် လုပ်ပုံကိုင်ပုံ ဟာ ကွယ်လွန်သူရဲ့ မြတ်နိုးချစ်ခင်သူတွေ အပေါ်မှာ တကယ် အကျိုးသက်ရောက်တယ်၊ မသက်ရောက်ဘူးဆိုတာ သေသေ ချာချာ လေ့လာသင့်တယ်နော်။ မသက်ရောက်ရင် ကိုယ့်ရဲ့ လုပ်ပုံလုပ်နည်းကို ပြင်ရမယ်။ တရားသေသဘော မထား သင့်ဘူးပေါ့။

ဩော်....လူဆိုတာ ခက်ပါလား။ လုံးလုံးကို မသိလို့ မှားနေတာကို ပြင်ရတာက လွယ်သေးတယ်။

မသိဖြစ်နေတာကို သိတယ် မှန်တယ်လို့ ကိုယ့်ကိုယ်ကို ပြန်ထင်နေတာက သိပ်ဆိုးတာပဲနော်၊ မိစ္ဆာပတိပတ္တိ၊ အဝိဇ္ဇာလို့ စာတွေထဲက ညွှန်းတယ်။

မှောင်တကာ့ မှောင်မှာ ကာမမှောင် အမိုက်ဆုံးလို့ ပညာရှိတွေ ပြောပေမယ့် မွေးထင်တာကတော့ ကာမ မှောင်က ကိုယ် ဒီမှောင်ကိုကြိုက်လို့ လိုက်စားရင် ကိုယ်ပဲ ခံရမယ်။

မသိဖြစ်နေတာကို သိတယ် ငါမှန်တယ်လို့ ကိုယ့်ကိုယ်ကို ပြန်ထင်ပြီး ဇွတ်တိုးလုပ်၊ သူတစ်ပါးက မှားနေပါတယ်လို့ ပြော လက်မခံ၊ နည်းနည်းမှ အပြင်မခံ၊ အဝေဖန် မခံနိုင်တဲ့ အဖြစ်ဟာ ကိုယ့်ပတ်ဝန်းကျင် တစ်ခုလုံးကိုပါ စုံးစုံးနစ် ဒုက္ခရောက်စေတာပဲနော်။

အတွတ်ရယ် ခုတော့လေ မွေး တစ်ယောက်တည်း နေရလေလေအတွေးကြွယ်လေလေ။ ဒါပေမယ့် ဒီ အတွေး



www.burmeseclassic.com

www.burmeseclassic.com



တွေထဲမှာ ငါ သက်ရှင်စဉ် လုပ်ခဲ့သမျှ မှန်သလိုလိုနဲ့ မှားခဲ့တာတွေ ကိုယ်လုပ်ပုံ ပွင့်လင်းသလိုလိုနဲ့ သူတစ်ပါးကို မေတ္တာရိပ်နှိပ်စက်သလို ဖြစ်နေတာတွေကို ပြန်လည်သတိရ ဆင်ခြင်ပြီး ပြင်ဆင်နေရတယ်။

ကိုကိုနိုင်ရဲ့ အပေါ်မှာ ချစ်ကြွေးအနေနဲ့ ပေးဆပ်ရမယ့် တာဝန်တစ်ခု ကျန်သေးတယ်။ ဒီကိစ္စကို အတွတ်ရယ် မွေးရယ် ကိုကိုနိုင်ရယ်ပဲ သိခဲ့ရတယ်။

ငွေရေး ကြေးရေး ဆွေကိစ္စ မျိုးကိစ္စတွေကြောင့် လင်မယား တစ်ခါမှ ပဋိပက္ခ မဖြစ်ခဲ့ကြဘူးနော်။ ဒါပေမယ့် မွေး ဟိုတစ်နေ့ကိုတော့ တွေးမိတိုင်း စိတ်မကောင်းခဲ့ဘူး။

မိတ္ထီလာနဲ့မလှိုင်ကြားမှာ အဆုတ်နာကုဆေးရုံဆောက်ဖို့ ဝေဒနာရှင် အဟောင်းတွေ စုပေါင်းပြီး ကြိုးစားတုန်းကလေ အတွတ်က ကူညီဖို့အသွား မွေးက ဒီအလုပ်မှာပဲ မွေးဇောက်ချ ဆောင်ရွက်တော့မယ်ဆိုပြီး အတွတ်နဲ့အတူ ထွက်ခွာသွားတဲ့နေ့ မွေးအိမ်ပေါ်က ဆင်းသွားတဲ့နေ့ သံဆူး တံခါးဝကနေ လက်ပြပြီး စိတ်မြန်လက်မြန် လုပ်တတ်တဲ့ ချစ်ဇနီးကို« သဘောထားကြီးစွာနဲ့ ကိုကိုနိုင်ကြီးတစ်ယောက် ငေးကြည့်ပြီး ကျန်ရစ်တဲ့ ဒီနေ့ပဲနော်။

ဒီတုန်းက သူသည်းခံပြီး မွေးကို လူမသိ သူမသိစေ အိမ်ပေါ်ရောက်အောင် ပြန်ချော့ခေါ်ခဲ့တယ်။ သူသာ သိခဲ့ရင် မွေးနဲ့အတွတ်ကို အဲဒီကတည်းက ပတ်ဝန်းကျင်က သမုတ်ခံရမှာ။





ဘက်မလိုက် အဝိဇ္ဇာမပါဘဲ၊ မွေး အဲဒီနေ့က လုပ်ကိုင်ခဲ့ပုံကို ပြန်လည်သုံးသပ်မိတယ်။ အတွတ်နဲ့အတူ အဆုတ်နာရောဂါ ကာကွယ်ကုသရေးလုပ်ငန်းကို လုပ်မယ်ဆိုပြီး၊ ဒီအိမ်ကြီးပေါ်က ဆင်းသွားတာက နောက်မှ ရည်ရွယ်ချက်ဖြစ်တယ်။ ဆင်းသွားခြင်းရဲ့ မူလအခြေခံအကြောင်းက ကိုကိုနိုင်ကို စိတ်ကောက်တာ စိတ်ဆိုးတာ ပါတယ်လို့ဆိုတာ အဖြေထွက်လာတယ်၊ မဟုတ်ဘူးလားအတွတ်။

ကိုကိုနိုင်ရဲ့ နောက်မိန်းမ ဒပ်ဖရှင်ဆေးရုံမှာ သားလေးမွေးတဲ့အကြောင်း သိပြီးပြီးချင်း ဒီကိစ္စကို မွေး ဘယ်လိုသဘောထားလဲ၊ ဘယ်လိုစဉ်းစားသလဲ၊ ဆုံးဖြတ်သလဲလို့ ကိုကိုနိုင် သိချင်လို့ အဖြေတောင်းခဲ့တယ်။ မွေးလဲ သုံးရက်လုံးလုံး စဉ်းစားပြီးမှ အဖြေပေးခဲ့တယ်။ အဖြေပေးပြီး သုံးရက်မြောက်နေ့မှာ အတွတ် မိတ္ထီလာအသွား မွေးဟာ အတွတ်နဲ့အတူ ကိုကိုနိုင်ရဲ့ အိမ်ကြီးက ထွက်ခွာလာတယ်။ တကယ်တော့ နာကြည်းလို့ပဲ ထွက်သွားသွား အဆုတ်နာကာကွယ်ရေးလုပ်ငန်းကို ကူညီဖို့ပဲ ထွက်သွားသွား မွေးတစ်ယောက်တည်း သွားဖို့ကောင်းတယ်။ ခုတော့ မွေးကိုလဲ အတွတ်က ချစ်ပါရစေ၊ လက်ထပ်ပါရစေလို့ ခွင့်ပန်ထားတာကို သိပြီးဖြစ်လျက်နဲ့ ကိုကိုနိုင်ရဲ့အိမ်က မွေးထွက်ခွာသွားပုံ သွားနည်းဟာ (နည်းဗျူဟာ စကားလုံးနဲ့ သုံးရတာသော)မမှန်ခဲ့ဘူးနော်။ ထွက်ခွာသွားခြင်းရဲ့ ရည်ရွယ်ချက်ကောင်းသော်လည်း ထွက်ခွာသွားပုံ သွားနည်း မမှန်ဘူးလို့ဆိုရမယ်နော်။

www.burmeseclassic.com

www.burmeseclassic.com



ဪ....မွေး....မွေး၊ တစ်ခါတလေတော့လဲ ဇွတ်ထင်တာတွေ စွတ်တင်ပြီး လုပ်ခဲ့မိတယ်။ အဲဒီအပြစ်အတွက်တော့ မွေး အချစ်ကြွေးဆပ်တဲ့အနေနဲ့ တစ်ခုစဉ်းစားမိတယ်။

အစိုးရအနေနဲ့ရော၊ အဆုတ်နာ ဝေဒနာရှင်အဟောင်း အသင်းအနေနဲ့ရော ပူးပေါင်းဆောင်ရွက်ရာမှာ အကြောင်းကြောင်းတွေကြောင့် မိတ္ထီလာနဲ့မလှိုင်ကြားမှာတော့ ဆေးရုံ အသစ်ဆောက်ဖို့ကိစ္စ မလုပ်ဖြစ်တော့ဘူး။ မိတ္ထီလာဆေးရုံဝင်းထဲမှာတော့ သီးသန့် အဆုတ်နာကု ဆေးရုံဖြစ်မြောက်သွားပြီ။

နောက်ဆုံး ဆရာဝန်တွေ အယူအဆအရ အဆုတ်နာဟာ ရာသီဥတုအပေါ် မတည်တော့ဘူးတဲ့။ ဒါကြောင့် ရန်ကုန်မြို့နဲ့ နီးနီး အောင်ဆန်းမြို့မှာ တိုးချဲ့ အဆုတ်နာကု ဆေးရုံတစ်ရုံ ဆောက်ပြီးပြီ၊ ဒါကတော့ အတွတ်အသိပဲ။ အခု စိတ္တဇဆေးရုံနောက်မှာ အောင်ဆန်းမြို့က ဆေးရုံထက် ပိုမိုကျယ်ပြန့်တဲ့ (အာရောဂျံ) လို အဆုတ်နာကုဆေးရုံ တစ်ခု ဆောက်လုပ်ဖို့ အစိုးရမှာ ရည်ရွယ်ချက်ရှိတယ်။ အဲဒီကိစ္စမှာတော့ မွေးလေ ကိုယ်ဖိရင်ဖိ စွမ်းအားရှိသမျှ အကူအညီပေးဖို့ ဆုံးဖြတ်ထားတယ် အတွတ်ရယ်။ အဲဒီနည်းနဲ့ မွေး ကျူးလွန်ခဲ့တဲ့ အပြစ်ရဲ့တန်ဖိုးကို ပေးဆပ်ရမှာပဲ၊ ဝတ္ထုထဲက ဇာတ်ကောင်တွေလို စင်းလုံးချော မဖြစ်နိုင်တာ အတွတ်တော့ ပူပန်ငိုကြွေးနေလို့ မဖြစ်တော့ဘူး။ အတတ်နိုင်ဆုံး အကောင်းဆုံးဇာတ်ဖို့ လုပ်နည်းလုပ်ဟန့် မှန်ကန်ဖို့ ငါ့ဘက်က





'တာ'မပေါက်အောင် ကြိုးစားရမှာဆိုတဲ့ သဘောနဲ့ မွေး ကြိုးစား ဆောင်ရွက်တာပဲ အတွတ်ရယ်။

ခေတ်ပုံထားတဲ့အခန်းက မွေး ပြန်လဲထွက်လာရော၊ အိမ်အောက်ထပ်က စန္ဒရားသံနဲ့အတူ သီချင်းဆိုသံကြားရတယ်။

'ချစ်သမျှကို မြင်မှိုင်ရှေ့တောင်'
လုံးသွို့လေ၊ လေးဆူဒီပါ၊ သီတာရေမြေ
ဆုံးစေတော့လေ'

မွေးလေ လှေကားထိပ်ကနေ တစ်ထစ်ချင်း လှမ်းပြီး ဖြည်းဖြည်းဆင်းလာခဲ့တယ်။ စန္ဒရားကို မြင်သာတဲ့နေရာကနေ ရပ်ပြီးတော့ ကြည့်နေမိတယ်။ မြင့်လွင်နိုင်ရယ်၊ သူကိုယ်တိုင်ဆို သူကိုယ်တိုင်တီးနေတယ်။ သူ့အသံဝါကြီးဟာ အခန်းမကြီးတစ်ခုလုံးကို လွှမ်းမိုးနေတယ်။ သူ့အပေါ်မှာတော့ အတွတ်သားကြီး ရစ်ချတ်က စည်းလိုက်နေတယ်။

၅- နှစ်တိုင်တိုင် ဂီတသံ ဆိတ်သုဉ်းနေတဲ့ အိမ်ကြီးဟာ အသက်ဝင် ပြန်လည် လှုပ်ရှား လာသလိုပဲ။ မျက်စိထဲမှာ မြင့်လွင်နိုင် ပျောက်သွားပြီး၊ စန္ဒရားတီးနေသူဟာကိုကိုနိုင် ဖြစ်နေတော့တယ်။ ဘေးက စည်းတီးနေသူက မွေးလေ....။

'ဟိုရွှေးလေ ရာဇဂြိုဟ်ပြည်လို
စည်ဗဟိုတော်က ဟိန်းတာမို့....
ဘေးရန်ခပ်သိမ်းလေးတွေတို့....

www.burmeseclassic.com



ငြိမ်းလေငြိမ်းလေပါလို့၊ ကြာတံဆိပ်နှင့်
ဗျာဒိတ်တော်လာ၊ မိန့်ခွန်းလေ
ခွန်းလေ ချိုမြသာ၊ ယဉ်ရောပတ်ကာ
ဝိုင်းသည်၊ တိုင်းလေ ဌာနီရွှေပြည်ရွှေဘုံနန်း....
ပုံမခဝးဘု....ရောက်လုပါပြီ
မြတ် နောင်ညီ၊သာကီနေသို့တွန်း....'

နောက်ဆုံးတွေ့ရတဲ့နေ့၊ ခွဲခွာရတော့မယ့်နေ့၊ နောက်တစ်ပတ်မှာ အဆုံးသတ် ခွဲခွာရတော့မယ်လို့ လုံးဝမသိတဲ့ ချစ်သူနှစ်ယောက် ဒီနေရာမှာ အနိစ္စတွေ၊ ဒုက္ခတွေ၊ အနတ္တတွေဆိုတာကို လုံးဝသတိမပြု သတိမရှိလိုက်ဘူးနော်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဂီတချာန် စင်စားနေမိတယ်။ ကြည်နူးမိတယ်။ သူ့ရဲ့ စန္ဒရားခလုတ်သံကလက်သွက်လိုက်တာ။

'မွေး- ကိုကိုနိုင် ရွှေအပတ်မှာ ဆေးရုံက ဆင်းရမယ်။ ကိုကိုနိုင်မှာလေ ဘာရောဂါမှမရှိပါဘူး။ ခုစနေမှာ စန္ဒရားလက်ပျက်သွားမှာမို့လို့ အိမ်ဓာဏပြန်လာတာတဲ့၊ မွေး စည်းလိုက်ပေးပါဦး'တဲ့။ ဩော်....နောက်ဆုံး သူ ဒီအိမ်ကြီးက ထွက်ခွာရခြင်းရယ်လို့၊ သူသာသိရင်ဖြင့် အဲဒီနေ့မှာ ကိုကိုနိုင် ဆေးရုံကိုမပြန်တော့နိုင်လေလို့ တားလိုက်မိမှာပါပဲ အတွေ့ရယ်။

အိုလေ....အဲဒီနေ့အကြောင်းရယ်၊ စစ်ဆေးရုံမှာ မွေးရက်စိအောက်က ရွှတ်တရက် လဲကျသွားတဲ့ ဩဂုတ်လ ၂၂ ရက်နေ့ အကြောင်းရယ်။

စက်တင်ဘာလ ၅ ရက်နေ့ အကြောင်းရယ်ကို မွေး ပြန်ရေးချင်တော့ဘူး။ ပြန်ရေးရင် အနာဆွေးက ပြန်ပေါ်လာမှာမို့ပါ။

ချစ်ခြင်းငယ်ပြိုင်....
မြစ်မင်းပိုင် အဏ္ဏဝါက....ပြန်တစ်ရက်....
ယှဉ်းစေဝသုန်....ငွေဝန်းသော်တာယုန်သို့၊
ကမ္ဘာကုန်ကျယ်သရွှေငယ်မှာ....
ဘယ်မေ့လိမ့်မလဲ.......

မြင့်လွင်နိုင်ရဲ့ သဖြန်ဆုံးတော့မှ မွေး မြင်ခင်းအစစ်ကိုမြင်တော့တယ်။ မွေး လှေကားတစ်ထစ်ချင်း သက်မ့်ရှပ်လို တဖြည်းဖြည်းဆင်းလာတာ။ အောက်ဆုံး လှေကားထစ်ကိုရောက်မှ သတိရှိလာတော့တယ်။

မြင့်လွင်နိုင်ရယ် စန္ဒရားခုံကထလာပြီး မွေးရှေ့တည့်တည့် ရပ်တယ်။ မွေးရဲ့ပခုံးကို အသာကိုင်ပြီး ပါးပေါ်က မျက်ရည်စတွေကို တယုတယသုတ်ပေးတယ်။

'မေမေ စိတ်ထိခိုက်နေမလား၊ မငိုနဲ့တဲ့။ အို....ကျွန်တော်သွားတယ်၊ အန်တီမွေး၊ ကျွန်တော်....ကျွန်တော် မေမေ့ကိုခေါ် ချင်လွန်းလို့ပါ'တဲ့။



www.burmeseclassic.com

www.burmeseclassic.com



'ခေါ်ပါ သားရယ်၊ မင်းဖေဖေ ကိုကိုနိုင်ဟာ သူ့နားနဲ့ သူအလွန်ချစ်တဲ့သားက ဖေဖေလို့ခေါ်သံကို ကြားမှ ကြားသွားရဲ့လား မသိဘူး၊ ခုလို အန်တီမွှေးကို မေမေလို့ ခေါ်တယ်ဆိုရင်လဲ သူ တမလွန်က နှစ်သိမ့်မှာပါ' အတ္တတ်ရယ်၊ မွှေးလေ တစ်သက်နဲ့တစ်ကိုယ် ရင်ထဲက လှိုက်လှိုက်လှဲလှဲ သားတစ်ယောက်က မိခင်ကို ချစ်ခြင်းမေတ္တာနဲ့ခေါ်တဲ့အသံကို မခံစားရဘူးတဲ့ မိန်းမဆိုတော့ မြင့်လွင်နိုင်က မေမေလို့ ခေါ်သံကြားလိုက်ရတာ ရင်ထဲမှာ ကြက် သီး မွေး ညင်း တောင် ထသွားမိတယ်။ ဪ....စိတ်.... စိတ်....ကြားချင်လိုက်ရတာ၊ မြင်ချင်လိုက်ရတာဆိုတဲ့ ဆန္ဒစိတ်က နှိပ်စက်လိုက်တာနော်။ အနားယူအပန်းဖြေနေတဲ့ ဧည့်သည်တွေလဲ အိပ်ခန်းကိုယ်စီက ထွက်လာကြပြီး ပြန်တော့မယ့်အကြောင်း နှုတ်ဆက်ကြတယ်။ သူတို့ သူတို့အားလုံး မွှေးအိမ်ကြီးက ပြန်လည်ထွက်ခွာသွားကြပြီ။ ဧည့်သည်တွေအားလုံး ပြန်သွားကြပြီ။

တစ်ခါတုန်းက ချစ်လှစွာသော လင်တော်မောင်ဘုရားကို သံဆွဲတံခါးဝမှာ တစ်ယောက်တည်းထားရစ်ခဲ့တဲ့ မိမွှေး မွှေး ဝိပါက ဝဋ်ကြွေးလည်လာပြီပေါ့။

သူတို့အားလုံး လက်တပြပြနဲ့ ထွက်ခွာသွားကြပြီ။ လူဟာ ဘာပြောပြော ကိုယ့်ကိုယ်ကို တရားတယ်ထင်တယ်၊ သနားတတ်တယ်နော်။

မွှေးလေ ကိုကိုနိုင်ဆုံးပြီးစက ခရီးရှည်ထွက်ချင်လို့ အိမ်က ထွက်သွားမိတယ်။ အိမ်က အထွက်လဲ တစ်ယောက်





ယောက်ကို လက်ကလေးတပြပြနဲ့ နှုတ်ဆက်သွားချင်တယ်။ လေယာဉ်ကွင်းမှာ လေယာဉ်ပျံ မြေက ကြွသွားတဲ့အထိ မြေပေါ်ကျန်ရစ်သူ လက်ပြသူတွေကို ကိုယ်ကလဲ နှုတ်ဆက်သွားချင်တယ်။ ကိုယ်ပြန်လာချိန်မှာ ချစ်တဲ့သူတွေထဲက တစ်ယောက်ယောက်က လှိုက်လှိုက်လှဲလှဲ ပြေးလာ ဆီးဖက်ပြီး ကြိုဆိုတာကိုလဲ ခံစားချင်တယ်။ ဒါတွေဟာ အသေးအဖွဲ့လေးတွေပါကွယ်လို့ ဆိုပေမယ့် မဟုတ်ဘူး အတ္တတ်၊ မဟုတ်ဘူး။ တကယ်တွေ့လာတော့ အဲဒီအသေးအဖွဲ့က နှလုံးသားကို တကယ်ထိတာနော်။

ကိုကိုနိုင်လဲ ဆုံးရော ရေခဲအိမ်ကြီးက အရုပ်ကြီးတစ်ရုပ် ထသွားသလိုသွား၊ ဘယ်သူ့မှလဲ လက်ပြစရာမရှိ၊ ပြန်လာချိန်လဲ ဆီးကြိုလက်ကမ်းမယ့်လူရယ်လို့ မရှိ၊ သွေ့ခြောက်လိုက်တာနော်။ ညီမလေး အတွေးကတော့ ဘယ်သွားသွား အပို့အကြို သူလုပ်ပေးမယ်ဆိုပေမယ့် ကိုယ်ဆောက်တည်ရာ မရတိုင်း သူတစ်ပါးကို နှိပ်စက်သလိုဖြစ်မှာလဲ စိုး။ သူတို့လဲ သူတို့ပြဿနာနဲ့ ရှုပ်ထွေးနေကြချိန်မှာ ကိုယ်က တစ်ထောင့်က ပြဿနာတက်တယ်လို့ ထင်မြင်ယူဆမှာမှာကြောင့် ဘယ်သူ့မှလဲ တာဝန်မပေးချင်ဘူး။ ဪ....တကယ်ထိမှ တကယ် သိတာ။ မွှေးလိုဒုက္ခ ဘယ်သူမှ မခံစားရပါစေနဲ့လို့ အမြဲ ဆုတောင်းပါတယ် အတ္တတ်ရယ်။ ခုလဲလေ သူတို့ကို လက်တပြပြနဲ့ နှုတ်ဆက်ရင်း ကျန်ရစ်ခဲ့တဲ့ မွှေးဟာ ဧည့်ခန်းရဲ့ သံဆွဲတံခါးကို ချက်ချင်းပြန်မပိတ်ဘူး။ သူတို့ကားတွေနောက် မြီးက မီးနီလေးတွေ အလျှိုအလျှိုနဲ့ မွှေးမျက်စိအောက်က



www.burmeseclassic.com

www.burmeseclassic.com


ခဲပျောက်သွားတဲ့အထိ မွှေးသံဆွဲတံခါးကိုမှီပြီး ကျောက်ရုပ်လို ရပ်နေမိတယ်။ ပြီးတော့ ကောင့်ကောင်ကို မော့ကြည့်မိတယ်။ ကိုကိုနိုင်နဲ့ အတူနေခဲ့တဲ့ ရှမ်းကုန်းမြင့်နဲ့ တူအောင် ဖန်တီးစိုက်ပျိုးထားတဲ့ ထင်းရှူးပင်ရွက်မွှားတွေဟာ ညင်ညင်သာသာ ရွေလျားနေကြတယ်။

ပထမတော့ ညှော်ခန်းမကြီးဆီကို ခြေပြန်မလှမ်းရဲသလို ကြောက်နေတယ်။ အထီးကျန် တိတ်ဆိတ်နေတဲ့ ပတ်ဝန်းကျင် အေးစိမ့်စိမ့်ကြီးကို အေးစက်စက်အတွေ့ကြီးကို မတွေ့ရဲသလို ကြောက်နေတယ်။

အိုလေ...မွှေး မွှေး.... နောက်ဆုံး ဘာလုပ်တယ် ထင်သလဲ။

ညှော်ခန်းရှိရာကို ပြေးသွားပြီး စန္ဒရားအဖုံးကြီးကို ဖွင့်တယ်။ အသံကုန်ဟစ်လိုက်မိတယ်။ 'ရှမ်းမလေးတွေ အချော တွေပေါတယ်။ အေးချမ်းလှတဲ့ ရာသီမယ်၊ ပါးလေးတွေ နီမြန်းလို့ရယ်.... ချစ်စရာ ကောင်းပါပေတယ်၊ ကြိုက်စရာ ကောင်းပါပေတယ် ကိုကိုရယ်' ရှေ့ဆက်လဲ မဆိုနိုင်ဘူး၊ လက်ဆယ်ချောင်းစလုံးနဲ့ ခပ်ကြမ်းကြမ်းတီးလိုက်တဲ့ စန္ဒရား သံတွေဟာလဲ မိုးထစ်ချုန်းသလို ဆူညံပြီး ဝက်ဝက်ကွဲသွား တာပဲ။ နောက်ဆုံး စန္ဒရားအဖုံးပေါ်မှာ မျက်နှာအပ်ပြီး ပိုလျက်ကျသွားတော့တယ်။

စန္ဒရားခလုတ်တွေက လက်ချောင်းတွေနဲ့မကာ တံတောင် ဆစ်ရော မျက်နှာရော သူတို့အပေါ် ပိသွားတော့ ကဗျာသံ မဟုတ်တဲ့ အသံတစ်သံ ပဲ့တင်ထပ်ပြီး ထွက်လာတော့တယ် အတွက်ရယ်။ နံရံတွေများ ပြိုကွဲပျက်ကျသွားလေသလား။

www.burmeseclassic.com



## အခန်း ( ၅ )

သစ်ရွက်စိမ်းကလေး
မာပပါကျောကျော၊ မြသဘောမဆန်
အများနှင့်ဝိုင်း၊ တစ်ရွက်၂တစ်ကိုင်း
တစ်ကိုင်းမှ တစ်ပင်ထက်၊ လက်ချင်းဆက်ယှူ
မြှိုင်ဂူငယ်ဆိုင်းဆိုင်း၊ ရှိုင်းရှိုင်းညို့ညို့
ဟောဝန်တောကို၊ မောသူဖြေရန်
ဖန်ဆင်းခဲ့ပြန်သလေ။

ဩြော်....ချစ်ဖွဲ့မှူယာ....
မြကန်သာ၊ သန္ဓေယူ
သူဇာဟန်ရောင် ပြိုးပြက်လို့၊ လှမျိုးဆက်မိမိငယ်
ဝတ်လှာလျှလျှ၊ ရင်လွှမ်းစရှယ်
ယိမ်းနွဲ့တိမ်းပါး၊ ပျော်ပါးတစ်ထောက်
မာနရယ်မောက်လို့၊ ပြတ်တောက်စွန့်ခွာ
မာယာကျူးလို့၊ မြူးပျံ့သွားလဲ
ထားသည့်သစ္စာ၊ ကွန်းညိုမြသူ့ရင်မြွာမှာ
ရှိုက်မောသံ၊ ပင့်သက်ညှင်း ကို
ရောင်းရင်းတို့သိစေဘူး။

လိပ်ပြာမ ပွေလေလေ....
ကြုံရာနှင့်တေအပြီး မစောင့်စည်းနိုင်



ကမ္ဗလာရှင်းသန့်သန့်တွင်
စိမ်းဖန့်ဖန့်ဖြူနုနု၊ ရောင်မျိုးစုံဥခဲ့လဲ
ပိုးတောင်တဲဖြစ်သည်ထိ၊ လွဲအိမြင့်သက်
မြပုခက်တန်းဆင်၊ ညင်ညင်ပျော့ပျော့
ကလေးချော့လဲ တတ်ပေသား။
အားတိုင်းသံလွှင်၊ ရင်မှာခုန်လှုပ်
ကဗျာရုပ်က၊ ဖွင့်ယုတ်တေးသီ
ကာရန်ညီသော၊ မညီသော
ပြောလိုရာပြောကြသည့်၊ မာဂဓာစာဆိုသစ်တို့
တေးဟစ်ဆိုတိုင်း နားရိုင်းတယ်လို့ သူမညို။
ရွှေအိုမျှင်ရွှေရည်စ၊ လည်မှာခလို့
မဟာသာကိ၊ သူ့ရွှေဆီကို
သိဂီနှင့်မှ အဖိုးပြသည့် ရာဇရာဇာ။
ပန်းလှာပွင့်ကြောင့်၊ ရင်ဖွင့်ခံရ
စွယ်တော်မြအရှင်
ထင်မြင်ယူမှား၊ လှတရားကြောင့်
နွယ်ပျားတွင်ချီညီ
မချည့်ရသည့် ဇာတ်လမ်းငယ်ပုံပြင်။
သားမျိုးစုံလင်လဲ
ကိုယ့်မြုံမှာ ကိုယ်မင်းမူသောအခါ
ဖြူစင်လိုက်လေျှာ၊ အကြောင်းသိတတ် တော်ပေစွ။
ဩြော်....ချမ်းမြေ့အေးငြိမ်း....
ဘဝကိုစိမ်းလေသည့် ခပ်သိမ်းသောမြတ်ရဟန်း



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့ဌာန်းပြုရင်လဲ၊ သူ့ရင်ခွင်ကို အစဉ်ပြင်လင့်လို့
ဖွင့်ကာသာကြိုတော့တယ်။

ရှိင်းပါပေ့ တေပါပေ့....
အရည်းကြီးမလေ့ဆန်၊ ပြေချိန်တန်၍မှ
မပြေနိုင်ရန်ညှိုး၊ မုဆိုးသိုင်းဝိုင်း
ဂိုဏ်းပေါင်းစုံ ခြေတော်နင်းလဲ
သာညင်းချမ်းမြေ့၊ ကရုဏာရင်ငွေ့တွင်
ပွေ့သိပ်ကာ ချော့ခဲ့သည်။

ဪ....ဖြစ်စေချင်ဘိ
သစ်ရွက်ငယ်ပုံထူ၊ ကျွန့်သည်းအူ
ကျောက်နှစ်မြှာကို ဘယ်သူလာလို့ ထွင်းပါမယ်
ယန်းပုငယ်ဆရာ၊ လက်ရာပင်ကောင်းသော်လဲ
တောင်းပန်ပါရစေ၊ မနှောင်းခင်ကို
မယ်ကြိုတင်လို့ ဆိုပါမယ်။
စူးဆောက်စွမ်းထက်၊ ရှုပ်သဘောသက်သက်ဖြင့်
ခက်လိမ့်မည်သခင်။
မမြင်သာသည့်၊ သစ်ရွယ်ငယ်ပုံလွှာ
အမြင်စိမ်းသော်လဲ မတိမ်းမစောင်း
ပင်ကိုပျောင်းအိ ညှိတတ်သည့်ဝိညာဉ်
သူ့စိတ်သွင် သဘောဓမ္မာ အခြေကို
စောကြောနှင့်ပါလေဦး။ ။

* * *





အတွတ်ရေ....

သားကြီး မြင့်လွင်နိုင်နဲ့ ပတ်သက်ပြီးတော့ ကိုကိုနိုင် စိတ်တိုင်းကျ ဖြစ်နိုင်သမျှဖြစ်အောင် မွေး လုပ်ခဲ့ပြီးပါပြီ။ အခု မွေး ရေးမှာကတော့ အတွတ်ရဲ့သားကြီး သြရသာ ရစ်ချတ် ကိစ္စ ဘယ်လို ပြီးပြတ်တယ် ဆိုတာရယ်နဲ့ မွေး အကြောင်းကို အတွတ်ကြိုတင် သိထားစေချင်တဲ့ အချက် တစ်ခုရယ်ပါပဲ။

ဪ....လူတစ်ခု ပူမှုရယ်တဲ့ ဆယ်ကုဋေ အသက် တစ်ရာ မနေရသော်လဲ အမှုတစ်ရာ တွေ့စမြဲဆိုတာ သိပ်မှန် တာပဲနော်။ ပတ်ဝန်းကျင်နဲ့ တွေ့ထိဆက်စပ်နေသူ မှန်သမျှ တော့ ဘယ်လိုပဲ အထီးကျန် လုံးချင်းဘဝနေပါတယ်ဆိုတာ တောင် ပစ်တိုင်းထောင်ရှုပ် ကြိုးရှုပ်တယ်ဆိုတာ အတွတ်တို့၊ မွေးတို့လို လူစားမျိုးတွေပဲ။ ကိုယ့်ရင်မှာဖြစ်တဲ့ သား တစ် ကောင်၊ သမီးတစ်ယောက် မရှိသော်လဲ အတွတ် မှာလဲ အတွတ်အပူနဲ့ပဲ၊ မွေးမှာလဲ မွေးအပူနဲ့ပဲ။ အဲဒါကိုလဲ ပူနေပါ လား ရယ်လို့သတိမရအတောမတတ်နိုင်ဘူး။ မွေးအကြောင်း ကိုကြိုတင်သိစေချင်တဲ့ အချက်တစ်ခုကတော့ မွေးလေ ဘာ ရယ်လို့တော့ မဟုတ်ဘူး။ ရှမ်းပြည်မှာ ကိုကိုနိုင်နဲ့ တူတူနေ တုန်းက သူ တာဝန်နဲ့ သွားနေလဲ မွေး တစ်ယောက်တည်း စာဖတ်၊ အိမ်မှုကိစ္စတွေလုပ် ကျန်ရစ်တာပဲ။ သူပြန်လာတဲ့ အခါ အပန်းဖြေ နားနေရင်း တစ်ခါတစ်ခါ သူက ပြော တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ....ညက ဘာအိပ်မက် မက်သေးလဲ။ ဝါးခယ်မက အိမ်အိုကြီးရယ်၊ မေမေရယ်၊ မမရယ်၊ ဖရက်ဒီ ခေါ်တဲ့ တင်အောင်ထွန်းရယ် အိပ်မက်ထဲတွေ့သေးလား' လို့ မေးတတ်တယ်။

မေမေတို့၊ မမတို့ကို စိတ်စွဲသမျှ ပြောတာက တော်သေးတာပေါ့လေ။ ဖရက်ဒီအကြောင်းကိုလေ မွေး တကယ်တော့ မပြောသင့်ဘူးနော်။ မွေး တတွတ်တွတ်နဲ့ ပြောနေလဲ သူ့ စိတ်ရှည်လက်ရှည်နဲ့ ထိုင်နားထောင်နေတာပဲ၊ တခြား ယောကျ်ားသာဆိုရင်ဖြင့် ဒါလောက် ဖရက်ဒီနဲ့ ဒီလှတာ၊ ဒီဦးဟယ်....ဒီဦးဟယ်ဆိုပြီး ထရိုက်မှာပဲနော်။ မွေးလေ အေးအေးလေးနဲ့ ကိုကိုနိုင်အပေါ် ဆိုးခဲ့ခြင်းတစ်မျိုးပဲ အတွက်ရယ်။

ခုလဲ ဒီအကြောင်း ပြန်လည် စဉ်းစားရေးပြမိတာက မေမေ ပြောဖူးတယ်။

'သမီး စကားကုန်အောင် မပြောနဲ့၊ အစားသာ ကုန်အောင် စားလို့ ရှေးလူကြီးတွေပြောတာ မှန်တယ်တဲ့၊ တချို့ လူတွေဟာ မယားငယ်လဲ မဖြစ်ချင်ဘူး။ ကိုယ်နဲ့ရင်းပြီးလဲ မတော်တရော် စီးပွားမရှာချင်ဘူး။ ဒါပေမယ့် ကမ္မဝဋ်ဆိုတဲ့ အတိတ်ကံအကြောင်းပါလာခဲ့ရင် သူတို့မစွပြုန်ဘဝမှာ ခံကြရတယ်တဲ့၊ ကိုယ်မလုပ်ချင်ပေမယ့် လုပ်ရတယ်၊ မဖြစ်ချင်ပေမယ့် ဖြစ်ရတယ်တဲ့'

ဒါက မေမေ့စကား။ ခုလဲ မွေးလေ အပြတ်တော့မပြောရဲပါဘူး အတွက်ရယ်။ အတိတ်ကံက မွေးမှာ အတွက်နဲ့





လက်ဆက်ကြဖို့၊ နဖူးစာဆုံဖို့၊ ကုသိုလ်ကြမ္မာ ပါလာခဲ့ရင် မွေးနဲ့ အတွက် လက်ထပ်ဖြစ်မှာပဲ။

အဲဒီအခါကျရင်လေ စွဲလမ်းစိတ် ပြင်းထန်တတ်တဲ့ မွေးဟာ ကိုကိုနိုင်၊ ကိုကိုနိုင်နဲ့ တစ်နိုင်တည်း နိုင်နေမိဦးမှာပဲ။ တစ်နေ့ကပဲ ဗိုလ်ချုပ်ဈေးရောက်တော့ သူကြိုက်တတ်တဲ့ ပိရမစ်တံဆိပ် ယောကျ်ားလက်ကိုင်ပဝါမျိုးအဆင် ဆိုင်တစ်ဆိုင်မှာ တွေ့တယ်။ ပြီးတော့ မီးခိုးရောင်နဲ့ အဖြူကွက် ယောကျ်ားဝတ်ပုဆိုး၊ ဥပုသ်ဆင်ခေါ်တဲ့ အဖြူခံပေါ် အနက်ကြိုးကွက်စင်း လုံချည်တွေတွေ့တော့ အမယ်လေး ကိုကိုနိုင်ကြိုက်တဲ့ အဆင်လေးတွေပါလားဆိုပြီး ဝယ်မယ် လုပ်မိသေးတယ်။ ပြီးတော့မှ သူမှ မရှိတော့တာဘဲလေ ဆိုတာ သတိရပြီး ဈေးကြီး အလယ်ကောင်မှာ ကြောင်တောင်တောင် ငိုင်သွားမိသေးတယ်။

ဩော်....မိန်းမများ ချစ်မိလဲ ကြောက်စရာပဲ၊ မုန်းမိလဲ ကြောက်စရာပဲ။ တကယ်ဆိုတော့လဲ ယောကျ်ားရယ်၊ မိန်းမရယ် မဟုတ်ပါဘူး။ သမုဒယဆိုတဲ့ တွယ်တာမှုဟာ လက်ခံသူရဲ့ နှလုံးသားကို သိပ်နှိပ်စက်တာပဲနော်။

ကိုကိုနိုင်ရဲ့ အိမ်ကြီးထဲမှာနေပြီး ကိုကိုနိုင့်ဝိညာဉ်ရဲ့ လွှမ်းမိုးမှုအောက်က ထွက်မပြေးချင်နေတဲ့ မွေးဟာ အတွက်ကို လက်ထပ်ခဲ့မိသည်ရှိသော်....

'စားစား သွားသွား ကိုကိုနိုင်ကို တသသ ပြောနေမိမယ့် ညဉ်ကို မွေးက စွန့်နိုင်ဦးမှာ မဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့သာ နိုင်ဦးဟယ်၊ နိုင်ဦးဟယ်လို့ ထပြီးတော့ မထောင်းပါနဲ့ အတွက်ရယ်။ မွေးကြိုတင်ပူပန်မိသမျှ ရေး ပြထားရတာတွေလေ။

ဒီမိုကရေစီ သဘောအရဆိုရင် မွေးနဲ့အတွက် လက်ထပ်ဖို့ အတွက်ဘက်က ထောက်ခံမယ့်လူတွေ အများကြီးရနေပါ တယ်။

အခိပ္ပာယ်ကို ရှင်းရဦးမယ်။ ဒီစာကို နိဂုံးချုပ် လက်စ သတ်တော့မယ်လို့ စဉ်းစားနေတုန်း အတွက်ရဲ့ အဒေါ် ဒေါ်လေး ဒေါ်စိန်စီက တယ်လီဖုန်း လာတယ်။

'သူတို့မြေး ရစ်ချတ်အကြောင်း လာပြီး တိုင်ပင်ချင် တယ်တဲ့။ ဒေါ်ဒေါ် ဒေါ်သောင်းစိန်လဲ ပါမယ်တဲ့'

မွေးကတော့ လူကြီးတွေဆိုကို မွေးကသာ သွားသင့် တယ် မို့လား။ ဒါကြောင့် မွေးပဲ လာပါမယ်။ သူတို့မလာ ပါနဲ့ ပြောတာ မရဘူး။ သူတို့ညီအစ်မ လာလည်ကြတယ်။

အဲဒီနေ့ဟာ မွေးရဲ့မေမေနဲ့ အတွက်ရဲ့မေမေတို့ သော်က ရွာလေးမှာ အတူနေခဲ့ကြတဲ့အချိန်ကို သတိပြန်ရစေတဲ့နေ့ ပါပဲ အတွက်ရယ်။ မွေးလဲ ဝမ်းသာအားရ ကျွေးမွေး ဧည့်ခံရင်း ဒေါ်လေးစိန်စီက ရစ်ချတ်အကြောင်း စကား စပြောတယ်။

'ရစ်ချတ် တည်တည်ငြိမ်ငြိမ်နဲ့ အလုပ်လုပ်ဖို့ ရှိလာရော မိန္မာရော ကြိုးစားကြတာ မွေး သိပြီးလို့ ဒေါ်လေးစိန်စီ အသစ်ပြန်မပြောလိုပါဘူး၊ ရစ်ချတ်ဖြစ်ရတဲ့ အဖြစ်တွေမှာ တို့အဘွားနှစ်ယောက်ရဲ့ အပြစ်ကလဲပါတယ်မွေးရဲ့။ 'မြေး





ချက်တော့ အဘွား' ဆိုတဲ့ စကားပုံဒေတာင် ထွင်သင့်နေ တယ်။ ခေါင်းကိုဖျက်တော့ ဝါးမျက်၊ ရှင်ကိုဖျက်တော့ဗေဂ်၊ လူကိုဖျက်တော့ အရက်ဆိုတဲ့ စကားပုံသာ ရှိတာ။ ခုတော့ တို့ညီအစ်မနှစ်ယောက် လက်ထပ်ကြမှ 'မြေးကိုဖျက်တော့ အဘွား' လို့ စကားပုံလက်သစ် ထွင်ရတော့မယ်'တဲ့။

အတွက်ရဲ့အဒေါ်ကနော် မွေးနဲ့ မရင်းနှီးဘူး။ သူက စ်မဖြစ်ခင်ကလဲ သူ့အလုပ် သူ့အကိုင်နဲ့ ရန်ကုန်မှာ အနေ များနေတာကို။ တကယ်တော့ ကျောင်း ဆ ရာ မ ကြီး တစ်ယောက်၊ ဘော်ဒါအုပ်တစ်ယောက်၊ ပညာအုပ်ဟောင်း တစ်ယောက် အမျိုးမျိုး အမှုထမ်းလာတော့ စကားပြော တာ အကွက်စေ့ခွေ့နဲ့ ချစ်ဖို့ကောင်းတယ်နော်။ သူက ဆက် ပြောတယ်။

ကျောင်းသူတွေကို အုပ်ချုပ်ထိန်းသိမ်းလာတယ် ဆိုပေ ယ့် ရစ်ချတ်အပေါ်ကျတော့ ဒေါ်လေးစီလဲ ဘက်လိုက်မိ တယ်။ နက်ဖြန်သန်ဘက်ဆိုသလို ကလေးအဖေဖြစ်တော့မယ့် မြေးတစ်ယောက်လုံးကို ခုထိပဲ ဒေါ်လေးရင်ခွင်ထဲက သား လေးလို ထင်မိနေတယ်။ ထမင်းစားတဲ့အခါ ညီအစ်မ စ်ယောက် မိန္မာကို အပြစ်တင်နေမိတယ်။လင်ကို အနားက ခိုးထွင်မပေးကောင်းလားလို့။ အေး....ရစ်ချတ်ကို ထမင်း စားတတ်စကတည်းက အဘွားနှစ်ယောက် အရိုးများတဲ့ ါးဖောင်းတင် မဟုတ်ဘူး ကြွက်သားလို ဟင်းမျိုးကစ ရိုးမပါးမိအောင် အသား ထွင်ပေးနေကျ ဆိုတော့ လေးကြီးလာတဲ့အထိ ရေသာခိုတတ်တဲ့စိတ် ဖြစ်နေတာ



www.burmeseclassic.com

www.burmeseclassic.com

အဆန်းမဟုတ်ဘူး။ မွေးရဲ့ တို့မျိုးအပြစ်တွေ တို့မျိုး
အပြစ်တွေပါကွယ်။ ဒီကလေးမျိုး ကြီးလာတော့လဲ ဘဝ
ဘာလေးမှ ဇွဲနဲ့ကြိုးစားချင်စိတ် ဘယ်ရှိတော့မလဲ၊ အ
နှိ သက်ခံဖို့နေတတ်တဲ့ အကျင့်ပါနေတာပေါ့'တဲ့။ဒေါ်လေ
စီက သူတို့အဘွားကြီးနှစ်ယောက် မြေးမွေးပုံကို ပြော
နေတယ်လေ။

'တစ်နေ့ကတော့ မိုနာရော ရှဲလာကရော ဒေါ်လေးစီ
ကိုပြောတယ်။ တစ်ဖက်ကနေ ဟန်ဆောင်ပြီးတော့ ဖြစ်ဖြ
ဒေါ်လေးစီတို့က တင်းပေးပါတဲ့၊ ရစ်ချတ်ကိုပြောပါ
မင်းကလေး အဖေဖြစ်တော့မယ်၊ ဒီတော့ ကိုယ့်စီးပွ
ကိုယ်ချဲ့ပြီးလုပ်ပါ။ ရှဲလာ့ရဲ့ ခြံမြေအနားမှာ စိုက်ခင်း
မွေးမြူရေးတွေ လုပ်ချင်လဲ ဘွားဘွားတို့မြေဝယ်ပေးမ
လုပ်ပါလို့ပြောခိုင်းတယ်။ ဒေါ်လေးစီက ဒါနဲ့ရစ်ချတ်
ပြောတော့ ရစ်ချတ်က ဒီလိုပြောတယ်မွေးရဲ့။ ဖေဖေဘ
တို့က သူတို့ဝါသနာနဲ့သူတို့လုပ်တာ မြင့်လွင်နိုင်လဲဒီလို
သူမှာတော့ ဒီဂရီလဲမရသေးဘူး။ သူ စိုက်ပျိုး ရေး
ဝါသနာမပါဘူးတဲ့၊ သူဝါသနာမပါတာလဲ မလုပ်
ဘူးတဲ့၊ သူဝါသနာပါတာက မော်တော်ကားတဲ့၊ အဲဒီ
ကားပြင်ဆိုင် (Work Shop) တစ်ခုလဲ ထောင်ချင်တ
တွင်ခိုလဲထောင်ပေးမါတဲ့၊ သူတဲ့လုပ်မှာက ရှာသစ်ဘ
မမသောင်းစိန်တို့ရှဲမိတ်ဆွေ မော်တော်စက်တွေတည်
တည်တဲ့ ကိုဖေကြီးသားနဲ့ တွဲလုပ်မတဲ့'





ရစ်ချတ်ပြောတာလဲမဆိုးဘူးအတွက်ရယ်။ အလုပ်အလုပ်ဆိုပေမယ့် ဝါသနာမပါတာကို ဇွတ်လုပ် နေရတာလဲ မကောင်းပါဘူး။ ဒါနဲ့မွေးက အကြံညာဏ်ပေးလိုက် တယ်လေ။

'ကောင်းသောအားထုတ်မှုနဲ့ လုပ်ဆောင်တဲ့ အသက်မွေးဝမ်းကျောင်းမှု ဟူသမျှတော့ အားပေးသင့်ပါတယ်။ သူတို့ဝါသနာပါရာ လုပ်ကိုင်ခွင့်ပြုသင့်ပါတယ်။ဒေါ်လေးစီရယ်လို့' ပြောလိုက်တယ်။ ဒေါ်လေးစီက ခေါင်းညိတ်ပြီး ပြန်ဖြေတာမှာ အတော်စိတ်ဝင်စားစရာ ကောင်းသားပဲ။

'ဟုတ်တယ်မွေး၊ ဒီနေရာမှာ အလုပ်ဆိုတိုင်းဒေါ်လေးစီခွင့်မပြုချင်တာက အကြောင်းရှိလို့ပါ။ ခေတ်က အရင်လိုမဟုတ်ဘူး။ ခုတလော ဒေါ်လေးစီလဲ မိုနာနဲ့အတူ အပြင်ထွက် ရစ်ချတ်မအားရင် ဒရိုင်ဘာနဲ့သွား ကားပစ္စည်းလိုလို ဝယ်တာကအစ မိန်းမပေါက်ကျော်တွေလေ စပ်စုလိုက်ကြတာ။ ဒရိုင်ဘာ မောင်ပုကလဲ ဒေါ်လေးစီတို့ကို သင်တယ်ဟေ့၊ ကားပစ္စည်းဝယ်ချင်လဲ မြန်မြန်နဲ့ ကိုယ်လိုချင်တာရချင်ရင်တဲ့ ဗာဒံပင်အောက်ကလူကို ကပ်ထားတဲ့။ သူက အဝေးကမြင်ထားတယ်လေ၊ ပင်နီအင်္ကျီနဲ့ လူရှည်သန့်သန့်၊ အောင့်မယ်လေး ဘယ်ပစ္စည်းလိုချင်ရင်တော့ ဘယ်တမာပင်အောက်က အမေပါ်အင်္ကျီက အနက်ရောင်ဝတ်ထားတဲ့လူကိုကပ်ပေါင်းထားတဲ့။ မပြောနဲ့ မပြောနဲ့တော့ မွေးရဲ့ ဒေါ်လေးစီသာ စာရေးဆရာဆိုရင် ဗာဒံပင် အောက်မှာ



www.burmeseclassic.com

တမာပင်အောက်မှာဆိုပြီး၊ စာပေသစ်တွေရေးမှာ။ ပိုက်ဆံ
ကတော့ နင့်နေအောင်သာ ပေးပေတော့။ အဲဒါတွေ
တစ်မျိုးနော်၊ လူငယ် လူပျိုပေါက် ကလေးတွေ ကဖ
တကတဲ ကော့ကရိတ်မှသည် မိုးကုတ်အထိ ခြေသွက်ပြ
စီးပွားရှာတာ ဘယ်မှာကောင်းသော ကုန်သွယ်ခြင်း ဖြစ်ပ
မလဲ။ အကုန်လုံးမြေအောက်ရတနာ ဟူသမျှလဲ ခိုးထုတ်ကြ
တာပဲ။ ဒါကြောင့် ဒေါ်လေးစီနဲ့ မိုနာကလဲ အလုပ်ဆိုတိုင်
ပိုက်ဆံချပြီးရောဆိုပြီး အားမပေးရဲဘူးမွေးရယ်။ စိတ်မေ
စရာ ကောင်းလိုက်တာ'

ဒေါ်လေးစီကလေ စိတ်ရှည် လက်ရှည်ပြောပြရင်းမေ
သွားပုံရတယ်။ အတွတ်တို့မေမေက တစ်လှည့် ဝင်ပြော
တယ်။

'နောက်ဆုံးတော့ မွေးဒေါ်ဒေါ်လဲ ကိုယ့်မြေးကိုစကာ
ခံပြောရတယ်။ ဘာကိုပဲလုပ်လုပ် ကောင်းသော ကြိုးပမ်
အားထုတ်မှုနဲ့ အသက်မွေးမှုဖြစ်ရင် ပြီးပါတယ်လူကလေ
ရယ်လို့ ပြောရတယ်မွေးရေ'

လက်ဖက်ကလေး တမြုံ့မြုံ့ ဝါးရင်း စိတ်အေ
လက်အေးနဲ့ ပြောပြနေတဲ့ အတွတ်ရဲ့မေမေကို ကြည့်မိတယ်
အဘွားကြီးလဲ အတော်အိုမှင်းသွားပြီနော်။ လူငယ်တွေ
အသက်မွေး ဝမ်းကျောင်းဟာလဲ စိတ်ပူစရာပဲ အတွတ်
အဘွားကြီးတွေ စိတ်ပူမယ်ဆို ပူစရာပဲ။ သရေခေတ္တ
ပျက်ရတာဟာ ဆင်းရဲလွန်းလို့မဟုတ်ဘူး။ရွှေတွေကို အလွ





တကူရနေတော့ ဘယ်သူမှ ကြိုးကြိုးပမ်းပမ်း လုပ်မှရတဲ့
ငွေကို မလိုချင်ဘူး။ လွယ်လွယ်နဲ့ ငွေရတဲ့အလုပ်ပဲ လုပ်ကြ
တယ်။ ကိုယ့်ရဲ့သမားရိုးကျ လုပ်ငန်းမှာ စိတ်မဝင်စားကြ
တော့ဘူး။ အလုပ်လုပ်ချင်စိတ် ပျက်ရတာဟာ သရေ
ခေတ္တရာ ပျက်ရခြင်းအကြောင်း ရင်းပဲ။

ခုလဲ နယ်ခြားမြို့တွေသွား ဘိန်းအဖြူအမည်းချ၊ ရွှေ
ခိုးထုတ်၊ မှောင်ခိုကုန်ကူး အလုပ်တွေဟာ လုပ်နေကျလူတွေ
တင်မဟုတ်၊ အဲဒီအလုပ်တွေလုပ်တဲ့ ကုန်သည်တွေက အရာရှိ
တွေနဲ့ အရွယ်ရောက်စ လူငယ်တွေကို ငွေနဲ့ဝယ် အိတ်ထဲ
ထည့်ထားတာ။ ကြိုးကြိုးပမ်းပမ်းအလုပ်ထက် အလွယ်တကူ
အဲဒီကုန်သည်တွေ ခိုင်းတာလုပ်ရင်းက စိတ်ဓာတ်ပျက်ပြား
သွားကြတာ။

ကိုကိုနိုင်ဆုံးစက မွေးရဲ့အိမ်မှာ ထမင်းချက်တို့ မာလီတို့
အသစ်ပြောင်းတဲ့အခါ အလုပ်သမားတွေ အ လုပ် လာ
လျှောက်ကြတယ်။ မွေးက....

(၁) အလုပ်ချိန်မှာ အရက်မသောက်ရဘူး။
(၂) မှောင်ခိုမလုပ်ရဘူး။
(၃) သူစိမ်းဧည့်သည် လက်မခံရဘူးဆိုတော့ အလုပ်
လုပ်မယ့်လူတောင် မရှိဘူး။ ကျုံဒိုးတို့၊ မော်လမြိုင်၊ ဘားအံ
တော်ဝန်းကျင်က ထမင်းချက် အလုပ်လာတဲ့ အဘွားကြီး
တွေကအစ အပျိုလေးတွေအဆုံး ငရုတ်ကောင်းနဲ့ ပဲတိတ်
တော့ ခါးကြားညှပ်ရင်း အလုပ်ဖြစ်နေကြတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



လူလတ်နဲ့ လူငယ်ပိုင်းကတော့ လင်မယားတစ်စုံက အိမ်တစ်အိမ်မှာ လင်က မာလီလုပ်၊ မယားက ထမင်းချက် အိမ်ခန်းလဲရတာပေါ့။ ရွာကရန်ကုန် အလည်လာတာ၊ ဘုရားဖူးလာတာပါနဲ့။ တကယ်တော့ မာလီရဲ့ အိမ်ခန်းကို အမှိုက်ပြုပြီး မှောင်ခိုကုန်ကူးရာ ဗဟိုဌာနဖြစ်လို့ အိမ်ရှင်ကတော့ မသိရှာဘူး။

မွေးဒါကြောင့် အိမ်ဖော်၊ ထမင်းချက်၊ မာလီတွေကို စည်းကမ်းသတ်ရတာ အတွက်ရယ်။ ကိုကိုနိုင် သုံးစကလေး ခြတံခါးသော့ခတ်ပြီး တစ်ယောက်တည်းပဲ နေမယ်လုပ်လို့ ဆွေမျိုးတွေကတောင် ဝိုင်းရယ်တယ်။

'မွေးရယ် ဒါလောက်လဲ စည်းကမ်းမကန့်သတ်ပါနဲ့တဲ့။ မင်းခြံမှာ ဘယ်သူမှ လုပ်ချယ်သူ ရှိမှာမဟုတ်ဘူး'တဲ့။

'မရှိလဲနေ၊ မြက်ရှည်လို့တောဖြစ်နေတာမှ အမဲလိုက်ရတော့မယ်၊ ထမင်းလဲ ကိုယ့်ထမင်း ကိုယ်ချက်စားနေကြတော့မယ်လို့'

တမင်ပဲ ပြောမိတယ် အတွက်ရယ်။ ကောင်းသောကုန်သွယ်ခြင်း၊ ကောင်းသောလယ်လုပ်ခြင်း ဆိုတဲ့ တစ်ခေတ် ပြန်လည်ထွန်းကားအောင် ဘယ်လိုများကြိုးပမ်းရပါမလဲ။

ခုလဲလေ အတွက်ရဲ့ သားတော်မောင် ရစ်ချွတ်အတွက် အလုပ်လုပ်ဖြစ်တော့လဲဘွားအေတွေနဲ့ မိုနာ စဉ်းစားပုံကလဲ သည်းဟယ် ထင်ရမလိုနဲ့မဆိုးဘူးနော်။ တွင်ခုံလုပ် ကားပြင်ဆိုင် ထောင်တာတောင် ကြက်တန်းလို မှောင်ခိုတန်းနဲ့ ဗာဒံပင်အောက်က လူကို အမှိုက်ပုံနေရတော့ ဘယ်မှာ သန့်ရှင်းတော့မလဲ။





မွေးက ရစ်ချွတ်ရဲ့အလုပ်ကို စဉ်းစားနေတုန်း....

'ကဲ....လူကလေးကိစ္စတော့ ပြီးပြီ၊ လူကြီးကိစ္စ စကားစဦးမယ်'

ဒေါ်လေးစိန့်စီက ကောက်ကာငင်ကာ စကားစချီတော့တယ်။

'မွေးရေ တို့မျှားညီအစ်မမှာ မေခနဲ့ မလိခမြစ်ဆုံကနေတို့ရီ အငူထိရောက်ရော တို့သားကြီး သြရသအတွက် နှမ်းမရှာလိုက်ရဘူးလေ၊ ဒီကောင် အချိုးမျှားလေး ချေးပါးသလေး ကြေးမျှားလှချည်ရှိနဲ့ ခုမှပဲ ပြောင်ပြောင်ဖွင့်ပြောမှပဲ ရိပ်မိတယ်၊ မိုနာနဲ့ ရစ်ချွတ်ကပြောတယ်။ ဒေါ်လေးစီသာ အရှိုးဆွေးမယ် ဖေဖေ့အတွက် မိန်းမရှာလို့တွေ့တာမဟုတ်ဘူးတဲ့။ ကျွန်တော်တို့ သိတယ်တဲ့၊ သူကြိုက်နေတာလေ အန့်တီမွေးကိုတဲ့၊ အန့်တီမွေးကိုပေးဖို့ ရည်းစားစာရေးတာ ပေလီကမ်းခြေမှာ ကျွန်တော်တို့ ဖတ်ခဲ့ရပြီးပြီ။ မိုနာကိုယ်တိုင် ယူလာပြီး အန့်တီမွေးရဲ့ လက်ထဲ ထည့်ရမှာတဲ့'

အစချီကတည်းက ဒီဘူတာဆိုက်မယ်ဆိုတာ သိပေမယ့် ဒေါ်လေးစီစကား ဆုံးရင်ပဲ မွေးမျက်နှာ ရှက်အမ်းအမ်းဖြစ်သွားမိသေးတယ် အတွက်ရယ်။ တစ်ခါ အတွက်ရဲ့မေမေက လေအေးအေးနဲ့ တစ်လှည့်ပြောတယ်။

'သော်ကတာက်ကမ်းမှာ ခြုံနီးချင်းစပ် နေကတည်းက ဒေါ်ဒေါ်ကလေ တင်တင်ကြီးနဲ့ ဆွေမျိုးချင်း ရင်းချင်းလို့ သူ့သမီးတွေထဲက အေးကိုယူပါသားရဲ့ ဆိုတော့လဲ

www.burmeseclassic.com



သူ့ထက် အသက်ကြီးတယ်လို့ ခေါင်းခါတယ်၊ လေး ကာ တော့လဲ လှလွန်းသတဲ့။ ထွေးကျတော့လဲ ငယ်သေးသတဲ့၊ မွေးကိုယူမလား မေးတော့လဲ မွေးကလေ ကျွန်တော့်ကို မချစ်ပါဘူးလို့ ပြောလိုပြောနဲ့ အုံ့ပုန်းကြီး၊ ဘယ်လိုကောင် ကြီးလဲ မသိပါဘူး မွေးရယ်၊ ဒေါ်ဒေါ်ကလဲလေ ရိပ်ကို မရိပ်မိဘူး'

'မမကြီးကိုယ်တိုင်ကလဲ အကဲခတ်ညံ့ပါတယ်၊ မိစိန်စိ သာ ဒီတုန်းကရှိရင် ဒီကိစ္စ စောစောကပြီးတယ်'

'ဩော်... မစိရယ်၊ လူငယ်တွေကိစ္စ မမကြီးလဲ ဘယ်ရိပ်မိ မလဲ'

'ဒါကြောင့် ငါ့အကြီး ' မင်းကျန်ရစ်ဇာတ်ထုပ် ခင်းရှ တာ ပြောမပြောချင်ဘူး။ ဒါမျိုးပေါ့၊ ရွှေငုံးမင်း အမြီး မျှော်သလိုခရီးတော်နီးရက်နဲ့ဝေးဆိုတာ၊ ကဲ....ခု 'ရစ်ချတ် ပြောလို့ မွေးတို့ဇာတ်ထုပ်ကိုလဲသိရော ဒေါ်လေးစီ ဝမ်းသာ လိုက်တာ။ ရစ်ချတ်က ပြောသေးတယ်လေ၊ ဖေဖေက အန်တီမွေးကို ပေးတဲ့စာကလဲ အရှည်ကြီးပဲ ဘွားလေးစီရယ် တဲ့၊ ဘုရားဟော နိပါတ်တွေရော၊ သိပ္ပံပညာရော၊ အသည်း နှလုံးရော စုံနေတာပဲတဲ့။ ရစ်ချတ်တို့ ခေတ်မှာတော့ ဒါ လောက်စာရှည်ရှည် မရေးပါဘူး၊ အားလုံး အော်တိုမက် တစ်ပဲတဲ့' ဒေါ်လေးစီလဲ လက်ခုပ်လက်ဝါး တီးပြီး သူ့ စကားကိုနားထောင်ရင်း ရယ်မိသေးတယ် မွေးရဲ့၊ ဒါနဲ့ ဒေါ်လေးစီက ပြောရသေးတယ်။ အေးပေါ့၊ လူလေးတို့ လက်ထက်မှာ မျက်စိတစ်မှိတ်အတွင်း အော်တိုမက်တစ်တွေ





ကြ၊ အော်တိုမက်တစ်ချစ်ကြပြီး အော်တိုမက်တစ်ပဲ ကွဲကြ တာတွေပေါ့ကွယ်လို့ ပြောရသေးတယ် မွေး။

'ဒေါ်လေးစီ တောင်းပန်ချင်တာကတော့ မွေးရဲ့အချစ် မွေးရဲ့ကူဒြေကို ဟင်းရွက်ကန်စွန်းရွက်လို အောက်မေ့ပြီး၊ ခုလိုမြန်မြန်ထက်ထက် လက်ထပ်ဖို့ ဒေါ်လေးစီတို့ ညီအစ်မ လာပြောတယ်လို့ မထင်ပါနဲ့မွေး'

'တကယ်တွေးကြည့်ရင် အတွတ်ရဲ့အချစ်ဟာ ရှည်ပင်ရှည် ကြာလို့ ဟောင်းခဲ့နွှောင်းခဲ့ပါပြီ။ ဟောင်းခဲ့ နွှောင်းခဲ့ ပေမယ့် သံချေးတက်၊ ငွေချေးတက်နေတဲ့ သံခွက် ငွေခွက် တွေလို မဟုတ်ပါဘူးမွေးရယ်။ခြသေ့်ဆီဟာ သိင်္ဂီရွှေခွက်နဲ့မှ တန်သလို မွေ့ရဲ့အချစ်နဲ့ တကယ်တန်တဲ့ ရွှေခွက်ပါ။ တူတော်မောင်လို့ စာရှည်ရှည်မရေးတတ်ပေမယ့် ဒေါ်လေး စီက အပြောနဲ့ကူပေးရတာပါမွေး'

'ညီအစ်မနှစ်ယောက် သေခါနီး အိုဇာတာ ကောင်း လိုက်လေ။ အစစစိတ်အေးချမ်းသာ ရအောင် မွေးရယ်၊ အတွတ်ကြီးကို လက်ထပ်ဖို့ ဒေါ်လေးစီတို့ ညီအစ်မ ဒီနွေ လာနားဖောက်တာပါနော်တဲ့'

ကဲလေ အတွတ်ရေ၊ ညီအစ်မနှစ်ယောက် အတိုင် အဖောက် ပြောလိုက်ကြတာ မွေးဖြင့် မျက်နှာဘယ်ထား ရမှန်း ဘာပြေရမှန်းလဲမသိဘူး။ အတော်ကြောင်ကောင် တောင်နိုင်တဲ့ အထုပ်ပဲ။ ပြန်ခါနီး အဖြေတောင်းကြတော့ တာပဲ။ မွေးလဲ မတင်မကျထဲ ပြောရတယ်။

www.burmeseclassic.com



'မွေးနဲ့အတွတ် ငယ်တော့တဲ့အရွယ် မဟုတ်တော့ပါဘူး ဒေါ်ဒေါ်တို့ရယ်။ မွေးတို့ကိစ္စ မွေးတို့ဘာသာပဲ ဆုံးဖြတ်ပါရစေ၊ အားလုံး စိတ်ချမ်းသာအောင် အတတ်နိုင်ဆုံး မွေး ကြိုးစားပါ့မယ်လို့ ဖြေလိုက်ရတယ်'

'တို့မျှားညီအစ်မ ကောင်းသောလာခြင်း ဖြစ်ပါရစေ မွေးရယ်။ ဒါနဲ့ နယုန်လပြည့်ရောက်ရင် ဒေါ်လေးစီ ကိုယ်တို့မသား၊ မောင်အောင်ကြီးကို ဆရာတော် ဦးကဝိန္ဒကျောင်းမှာ ဒုလ္လဘရဟန်းခံ ပေးမှလို့ မွေး ဆက်ဆက်လာခဲ့ပါတဲ့' ဒေါ်လေးစီရယ် ပြန်ခါနီး အလှူလာဖို့ ဖိတ်ပြီး ပြန်သွားကြလေရဲ့။ အဲဒီအလှူကိုမွေးသွားမိတာ သိပ်ကံကောင်းတာပဲ။ ဘာကြောင့်လဲဆိုတော့ အတွတ်ရဲ့ဇာကို မွေးပြန်ကြားတဲ့ ဒီဇာမှာ ဘယ်လိုအဆုံးသတ် ရေးရမယ်ဆိုတဲ့ အဖြေကို ဒီအလှူမှာ ရလာခဲ့လို့ပဲ။

အတွတ်တစ်ယောက်ကလဲ ဟဲ့....သေသေချာချာတွေးရင် ဘာအရွယ်လဲမသိ၊ (၄၀)ကျော် (၅၀)ထဲ အသက်တွေ ရောက်တော့မှ ပြဿနာမရှိ၊ ပြဿနာဖော်တယ်။ ခုခေနမျှား အတွက်သာ မွေးအနားမှာရှိရင် ထပြီးခေါင်းခေါက်မိလို့ သတ်မိကြဦးမှာ။ အစကတော့ လူမျှားကို မိကျည်းတန် နှုတ်ခမ်းကဝက်ဖင်ကျနေတာပဲ၊မျက်ခုံးမွေးက ခြေမလောက် ရှိတယ်၊ အသားကမည်းတယ်၊ ဆံပင်ကလဲ ဆီရွှဲရွှဲနဲ့ နနွင်းမှုန် ရောင်းတဲ့ ကုလားမကျနေတာပဲ၊ နားကွင်းကြီးက ဝိုင်းစက် စက်နဲ့ စကားပြောလဲ စွာတာတာလို့ သူမျှားကို ပြောခဲ့တာ တွေလေ သတိရသေးလား။

အတွတ်ရေ 

ခုတော့ ရာဇဝင်ပါ အမှားကိုကျူးလွန်တဲ့ ဖိုးတွတ်ကြီး၊ အိုက်တင်ကလဲ ခံလိုက်တာ ဇနက္ကအိုက်တင်။

ရာဇဝင်ပါ အမှားဆိုတာသိလား။ ပုဂံရာဇဝင်မှာ မင်းယဉ်နရသိခ်ဟာလေ သူ့ကို ဝါးထဲမှာ သန္ဓေတည်တဲ့ ဝေဠုဝတီ မင်းသမီးကို အရင်လှာပြီးတော့ ဆက်ရက်သားနဲ့ ခြေသလုံးကြီးသလေး၊ နားဖက်ကျယ်သလေးနဲ့၊ မကြိုက်နိုင်ပါဘူး။ မိဖုယားဖြစ်ထိုက်တဲ့ အင်္ဂါနဲ့လဲ မညီဘူးဆိုပြီး ညီတော် နရပတိစည်သူကို ပေးလိုက်တယ်။

မယ်တော်ဖြစ်သူက အလှပြင်တတ်တယ် ထင်ပါရဲ့။ ချွေးမကို နန်းတော်ဖြစ်အောင် အလှပြင်လိုက်တာ ဝေဠုဝတီမင်းသမီးဟာ ညီတော်ရဲ့ မိဖုရားအဖြစ် ရောက်တော့ လှမျိုးစုံဖြစ်နေတော့တယ်။ ဒီတော့မှ သူမျှားလက်ထဲရောက် တော့မှ ဝေဠုဝတီကို လိုချင်ဇောကြောင့် ကိုယ့်ညီ အရင်းထောင် လုပ်ကြံသတ်ရတဲ့အဖြစ် ရောက်ရော။

မိန်းမကစ်ယောက်ရဲ့ အလှကို ကြည့်လဲမကြည့်တတ်ဘဲနဲ့ အကွတ်လဲလေ လူမသတ်တာကလွဲရင် ရာဇဝင်ပါအမှားကို ထပ်ပြီးကျူးလွန်တဲ့လူလို့ မွေးက စွတ်စွဲချင်တယ်သိလား။

ပြီးတော့လဲ ဇနက္ကမင်းသားအိုက်တင်ဆိုတဲ့ စကားလုံးကတော့ ခေတ်လူငယ်တွေစကားနဲ့ မွေးရေးတာပါ၊ဘုရားလောင်း ဇနက္ကမင်းသားကို စော်ကားချင်လို့ မဟုတ်ပါဘူး။ အဓိပ္ပာယ်ကို မွေးရှင်းပြဦးမယ်။ ဇနက္ကမင်းသား ဟာ ဖုတ်သွင်းရထားဆိုက်လို့ ကျောက်ဖျာပေါ် ကနန်းတော်ပေါ်

www.burmeseclassic.com



ရောက်နေပြီပဲ။ သီဝလိဒေဝီ မင်းသမီးရဲ့ အလှရော၊ ပညာရော တိုင်းပြည်တစ်ပြည်တောင် ဖခမည်းတော် မရှိတဲ့နောက် အုပ်ချုပ်နိုင်တဲ့ အစွမ်းရှိတယ် ဆိုတာရော သိပြီးသား၊ မင်းသမီးကလဲ ဇနက္က မင်းသားကို အကဲ ခတ် မိ သား၊ မိန်းမတို့ ဣန္ဒြေ ထိန်းနေရလေတော့ ပညာရှိအမတ်ကိုသာ အကြိုလွှတ်ရတယ်။ အမတ်ရဲ့ လျှောက်ထားတဲ့ စကားကို အလောင်းတော်မင်းသား ကြားကြားချင်း ချက်ချင်း သူတို့ သွားရင် ထီးတော်မိုးတို့၊ ဘဏ္ဍာစိုးတို့၊ စစ်သူကြီးတို့၊ အမတ်ကြီးတို့လို မိန်းမငမ်းတတ်တယ်လို့ အထင်လွဲခံရမှာစိုးတော့ ဇနက္ကမင်းသားလေ ဟန်ဆောင်နေလိုက်ရတာ သီဝလိဒေဝီ အကြိုလွှတ်တဲ့ အမတ်စကားလဲ မကြားချင်ယောင်ဆောင်နေရတာနဲ့ ထီးနန်းအကြောင်း ဆွေးနွေးပြီး ထသွားတော့လဲ ကြီးကျယ်ခမ်းနားတဲ့ နန်းတော်ကြီးအလှကို မမြင်ဘူးလို့ တစ်ဆောင်ဝင် တစ်ခန်းထွက် လှည့်လည်ကြည့်သလိုနဲ့ မှူးမတ်တွေ ခြံရံပြီးနောက်ဆုံးမှ သီဝလိဒေဝီ အဆောင်တော်ကို ကြွတော်မူတယ်။

ဇွဲကောင်းတာတင် စံတင်ထိုက်တာ မဟုတ်ဘူး။ ဇနက္က မင်းသားဟာ အိုက်တင်ခံတဲ့နေရာမှာလဲ ဇနက္ကအိုက်တင်လို့ စံတင်လောက်တယ်ကွယ်။

ဒီနေရာမှာ တို့များအတွတ်ကြီးလဲ ဇနက္ကအိုက်တင်မျိုးနဲ့ ဝမ်းထဲကချစ်နေတာကို အိုက်တင်အခံ ကောင်းနေလိုက်တာ မေ့ွးက သီဝလိဒေဝီမဟုတ်တော့ မင်းသားကြီး ကျန်ရစ် ဖြစ်ရော။





စိတ်မဆိုးပါနဲ့ အတွတ်ရယ်နော်၊ မေ့ွးက ငယ်ငယ်တုန်းကလို ရင်းရင်းနှီးနှီး စာထဲမှာ ရေးနေတာပါကွယ်။

ပြုအပ်သောဖယာကျွားတို့ လုံ့လသည်ထက်ရည်ရွယ်ချက် ပန်းတိုင်သို့ မရောက်စေကာမူ အားထုတ်သမျှ လုံ့လရဲ့ အကျိုးကို ခံစားရစမြဲပဲလို့ ဇနက္ကမင်းသား ပြောခဲ့သလိုပါပဲ။ မေ့ွးကို ဇွဲနဲ့စောင့်ခဲ့တဲ့ အတွတ်ကြီးကိုဖြင့် တစ်နည်းမဟုတ်တစ်နည်း ကောင်းကျိုး ခံစားရလိမ့်မယ်လို့ မေ့ွး ယုံကြည်ပါတယ်ကွယ်။

ဒေါ်လေးစီကလဲ အပြောကောင်းပါပေတယ်။ တူတော်မောင် ဆရာဝန်ကြီး အတွတ်လဲ အရေးအသား ပြောင်မြောက်ပါပေတယ်။ အတွတ်စာကို အထပ်ထပ် ဖတ်ရင်း မင်းရာဇာနဲ့ မှန်အမတ် သီဟပတေ့တို့ ကြံစုပ်ပွဲကို သတိရမိတယ်။ ဒီနေရာမှာ ခေတ်စကားနဲ့ ကလေးဆန်ဆန် ကြံစုပ်ပွဲလို့ ရေးပေမယ့် တကယ်တော့ မှန်ပညာရှိ သီဟပတေ့နဲ့ မြန်မာပညာရှိ မင်းရာဇာတို့ ချစ်ကြည်ရေးစကားဆိုပွဲပေါ့။ မှန်ပညာရှိက မင်းရာဇာကို ကြံနဲ့ဧည့်ခံတယ်။ အမတ်ကြီး မင်းရာဇာက ကြံကို အဖျားကစ,စားတယ်။ ဘာဖြစ်လို့ အဖျားကစ,စားပါသလဲလို့ မှန်ပညာရှိ အမတ်ကြီး သီဟပတေ့ကမေးတော့ ဗေဒင်ကျမ်းကိုမှီပြီး ကြံကို အဖျားကစ စားမှ တရွေ့ရွေ့တိုးပြီး ကြံက အရင်းရောက်လေ ချိုလာလေဖြစ်တဲ့ အရသာကို ခံစားရတယ်လို့ ပြန်ဖြေတယ်။ ဒီတော့ မှန်ပညာရှိက အမတ်ကြီးတဲ့ မြတ်စွာဘုရားသခင်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



တရားတော်အရ ကွေးသောလက် မဆန့်ခင်၊ ဆန့်သော လက် မကွေးခင် သေခြင်းသဘောဟာ မြန်ဆန်လှပါတယ်။ ဒါကြောင့် အရသာကောင်းရှိတဲ့နေရာ မရောက်ခင် အမတ်ကြီး အနိစ္စရောက်ခဲ့သော် ချိုတဲ့အရသာကို မခံစားရဘဲ ရှိတော့မှာပေါ့တဲ့။

မင်းရာဇာက ချက်ချင်းသတိရပြီး တော်ပါပေတယ်လို့ မှန်ပညာရှိကို ချီးကျူးတယ်။ သူကတော့ ကြံကိုစုပ်ရာမှာ ဗေဒင်ကျမ်းလောက်ကိုပဲ ကိုးကားလက်ခံပြီး သုံးဆောင်ခဲ့မိတယ်တဲ့။ သီဟပတွေက ရှင်တော်မြတ်ဘုရားရဲ့ တရားကို မှီပြီး ဆိုတဲ့အတွက် သူ့စကား အထောက်အထားထက် မှန်ပညာရှိရဲ့ သတိပေးစကားဟာ ပိုမိုပြီး သင့်လှပါတယ်။ အမှီးတန်လှပါတယ်လို့ ချီးကျူးတယ်တဲ့ အတွတ်ရဲ့။

ခုလဲ အတွတ်ရဲ့ရည်းစားစာက ဒီနေရာမှာ မြတ်စွာဘုရားသခင်ရဲ့ မဟာကရုဏာဘွဲ့ကိုအခြေခံ ချီလာလိုက်တာ တကယ့်စံနှုန်းကိုက် မေတ္တာဘွဲ့ သဝဏ်လွှာတစ်ခုအနေနဲ့ လေးစားပါတယ်။ အတွတ်က မှန်ပညာရှိကြီးပေါ့လေ။

မွေးရဲ့ပြန်စာမှာ အတွတ်ကို မမီသော်လဲ မလျော့စေချင်လို့ တတ်သမျှ မှတ်သမျှရော လောကီ လောကုတ္တရာ အရေးဟောကျမ်းတွေပါ လက်လှမ်းမီသမျှ မွေး ထည့်ရေးမိတာပဲ အတွတ်။

အမှန်တော့ အတွတ်ရဲ့စာကို မွေးပြန်ရေးတဲ့အခါ မြန်မာစာပေသမိုင်းက အရှင်ဦးဩဘာသကို ထိုင်ရှိခိုးဖို့ ကောင်း





တယ်။ ဘာဖြစ်လို့လဲဆိုတော့ မွေးကလေ ဦးဩဘာသရေးတဲ့ ဘုရားအလောင်းတော် ဇာတ်ကြီးဆယ်ဘွဲ့ထဲက ဇနက္ကမင်းသား ဇာတ်တော်ကို အစကအဆုံး ပုဒ်မပါကျုံးပြီး အတုံးလိုက် အတစ်လိုက် ချသုံးထားလို့ပါပဲ အတွတ်ရယ်။ ကိုယ်ခိုးချရင်လဲ ခိုးချကြောင်း ဖွင့်ဟဝန်ခံဦးမှ။ နို့မို့ရင် ဆရာကပြန်လို့ အာခေါင် လုံစူးတဲ့ကိန်းဆိုက်မှာ စိုးရသေး၊ ရည်းစားစာရေးတာပဲရယ်လို့လဲ ပေါ့ပေါ့သေးသေး မလုပ်ရဲဘူး။ ကိုယ်ကူးချတဲ့မူရင်းကို မဖော်ရင် အသည်းမှာ မြားစိုက်နေသမှာကြောင့်လို့။

ဇနက္ကမင်းသားက အိုက်တင်ခံတယ်ဆိုပေမယ့် အချိန်ကို တွက်တတ်တယ်။ သီဝလီဒေဝီလဲ အချိန်ကို တွက်တတ် အခါအခွင့်ကို သိတတ်တယ်လို့ ဆိုရမယ်။ အဖွင့်ဇာတ်ဝင်စကားလေး နည်းနည်း ပြန်ချဲ့ပါရစေဦး။ ခေတ်စကားနဲ့ ရေးရဦးမယ်။ သီဝလီဒေဝီဆီက အမတ်က အကြံတော်ထောက်ရင်ပဲ ပထမ မသိချင်ယောင် ဆောင်သလိုလိုနဲ့ အချိန်တော်လောက်ပြီလဲ ဆိုရော ရာဇဏ္ဍာန်တွေလဲမပျက်အောင် ယောကျ်ားဆိုတဲ့တန်ဖိုးကိုလဲ လျော့မသွားစေအောင် (တစ်နည်း ယောကျ်ားဈေးမပျက်အောင်) ဇနက္ကမင်းသားက အချိန်ကိုတွက်သွားတော့ အံကိုက်ပဲ။ သီဝလီဒေဝီသုံးတဲ့ စကားလုံးကို ပြန်လှလာရင်လဲ လောကီမှာ သိပ်တဖိုးတန်တာနော်။ 'ငါင်လို့ သူမတိမ်း၊ သူသိမ်းမှ ငါပါရချေမည်'တဲ့။ ရှင်းရှင်းပြောရရင် ဇနက္ကမင်းသားက အရင်လူလေးယောက်လို ဒေါသရှုး



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တော့ သိပ်ပြီးမှုနေလို့မဖြစ်ဘူး။ သူက သိမ်းပိုက်မှု ငါပါရမယ့်အခြေအနေ ဖြစ်နေတယ်။ လူ့အဖိုးတန်နဲ့တွေ့တဲ့အခါ ငါက သိပ်ဟန်တွေ လုပ်နေလို့ မဖြစ်ဘူးဆိုပြီး ဇနက္ကမင်းသား အဆောင်တော်ဦး ရောက်လာရင်ပဲ ထပြီးကြိုရတယ်လေ။ အဲဒီမှာ မိန်းမတွေရဲ့အတွင်းစိတ်ကို မသိမသာဖော်ပြတာ သိပ်သိမ်မွေ့တာပဲနော်။

ပြီးတော့လဲ ယိုင်ယိုင်ညွတ်ညွတ် ပြုရမယ့် နေရာမှာ ခိုင်ခိုင်မတ်မတ် လုပ်လိုက်ရင် အခါအခွင့်လင့်တတ်တယ်ဆိုတာကို သီဝလိဒေဝီဟာ တွက်တတ်တယ်။

ခုလဲ အတွတ် မွေးကို လက်လွှတ်ရတဲ့ အကြောင်းမှာ အတွတ်ဟာလေ အချိန်လဲ မတွက်တတ်ဘူး၊ အခါအခွင့်လဲ မသိတတ်ဘူး။ ဒါက အတွတ်ကို မွေးက ဝေဖန်ခန်းပေါ့။

သေသေချာချာ တွေးကြည့်တော့လဲလေ ဇနက္ကနဲ့ သီဝလိဒေဝီကလဲ ပါရမီရှင်တွေဆိုတော့ တို့များနှစ်ယောက်ထက် ပိုတော်မှာပေါ့လေ။ ဒါကြောင့်လဲ ဘုရင်တွေ မိဖုရားတွေ ဖြစ်ပြီး တိုင်းပြည်ကို အုပ်ချုပ်စိုးစံရတာပေါ့နော်။ အုပ်ချုပ်စိုးမိုးသူ ဆိုတာကတော့ ဒါလောက်တော့လဲ တော်ဦးမှပေါ့။ တချို့အလုပ်တွေဟာ လောကီမှာ ယိုင်ယိုင်ညွတ်ညွတ် လုပ်ရမယ့်နေရာမှာ ခိုင်ခိုင်မတ်မတ်ပြုမိတယ်။ ခိုင်ခိုင်မတ်မတ်လုပ်ရမယ့် နေရာမှာလဲ ပျော့နေမိကြတယ်။ ဟာနေမိကြတယ်။ တို့များ ဘုရားသခင်ရဲ့ အဖြစ်တော်တွေ၊ နိပါတ်တော်တွေ၊ တရားတော်တွေဟာ တကယ့်ကို အဖိုး





တန်တာပါပဲလား အတွတ်။ ကြီးမားကျယ်ပြန့်တဲ့ ပြဿနာများသာမက တို့များ အပြန်အလှန်ပေးတဲ့ အသေးအဖွဲ ရည်းစားစာမှာလဲ ဘယ်လောက်အသုံးကျလိုက်လဲနော်။ ကြီးကြီးမားမား ကိစ္စတွေကို ကိုင်တွယ်ဖြေရှင်းရတဲ့ ပုဂ္ဂိုလ်တွေဟာ တချို့က ဗုဒ္ဓအဘိဓမ္မာတွေ၊ တရားတွေ၊ ဖြစ်တော်ပေါင်း ဘဝဇာတ်လမ်းတွေဟာ လောကီကို အကျိုးမပြု၊ လောကုတ္တရာ သက်သက်သာ အကျိုး သက်ရောက်တယ်လို့ ထင်မှတ်မှားကြတာ သိပ်အယူလွဲတာပဲ။

တစ်ခါတုန်းက အမရပူရ (တောင်မြို့ဆရာတော်ဘုရား) အရှင် ဇနက္ကာဘိဝံသကို မွေးရဲ့သူငယ်ချင်း ဆရာမ ဒေါ်မိမိလေးက သူမသိတာတွေနဲ့ ပတ်သက်ပြီး လောကီအကြောင်းမှာ မေးမြန်းတော့ ဆရာတော်က စုံစေ့နေတာပဲတဲ့။ ဖြေရှင်းဟောကြားလိုက်တာပေါ့။

ဒါနဲ့ ဒေါ်မိမိလေးက 'ဪ.... အရှင်ဘုရားဟာ သိလိုက်တာ လောကီရော လောကုတ္တရာပါ စုံနေပါလား။ ဘုန်းကြီးဆိုတော့ လောကီနဲ့ စိမ်းနေသလားလို့ထင်မိတယ်' လို့ သူက ပြောမိသတဲ့။ ဆရာတော်က ဒေါ်မိမိလေးကို ပြန်ဖြေသတဲ့။

'ဆရာတော်တို့က ခုခေတ်လူတွေနဲ့စကားပြောရုံတင်မကတို့နှစ်ပေါင်း ၂၅၀၀ ကျော် မြတ်စွာဘုရားသခင် မပွင့်မီခင်က လူတွေနဲ့တောင် စကားပြောနေကြတဲ့ ဗုဒ္ဓရဲ့သားတော်များဖြစ်တယ်။ ဒါကြောင့်လဲ လူတွေ အကြောင်းသိတာပေါ့လို့ ဖြေသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



အတွတ်ရယ် ဆရာတော်ဘုရားဖြတ်တဲ့ စကားလုံးတွေဟာ သိပ် အဖိုးတန်တာပဲနော်။ တကယ်တော့ ငါတို့မြတ်စွာ ဘုရားသခင်ရဲ့ နိပါတ်တော် ဇာတ်တော်တွေဟာ တို့ဝတ္ထု တွေရဲ့ အစမြစ်ဖျားခံရာပါပဲ။ ပါရမီရှင်ကြီးရဲ့ ဖြစ်တော်မူ တွေထက် ဆန်းကြယ်နက်နဲတဲ့ ဝတ္ထုတွေကိုလဲ ဘယ်သူမှ အထူးတလည် မရေးနိုင်ပါဘူး။

မွေးတို့မှာ သေသေချာချာ တွေးကြည့်ရင် ဗုဒ္ဓရှင်တော် ဘုရားရဲ့ ပါရမီမျိုးမပြောနဲ့ သစ်ရွက်ကလေး တစ်ရွက် လောက်တောင် ပါရမီက မရင့်ပေဘူး။

သစ်ရွက်ကလေးများ အရောင်သာစိမ်းတယ်၊ စိမ်းကား ရက်စက်တဲ့သဘောလဲမရှိ၊မြသားရောင်က စိမ်းမြလို့ ရင်အေး တယ်ဆိုပေမယ့်၊ မာကျောတဲ့ မာတ်ခံကြောင့် အများသုံး သဘော အများသုံးရစာနာလဲ မဖြစ်နိုင်ခဲ့ဘူး၊ သီးသ တော်ဝင် ဂုဏ်ကြီးရှင် ကျောက်မျက်တွေပဲ ဖြစ်ခဲ့တယ်။

သစ်ရွက်ကလေးတွေဟာ အရွယ်ပုံစံတစ်မျိုးနဲ့ တစ်မျိုး မတူပေမယ့် တပြေးညီ အရောင်ကစိမ်းတယ်။ သူ့ရင်ခွင်မှာ ရောင်မျိုးစုံ ဘယ်ပန်းပဲ ပွင့်သွားသွား သစ်ရွက်စိမ်း မလိုက်တဲ့ ပန်းပွင့်ရောင်ရယ်လို့ ဘယ်မှာများ ရှိသ အတွတ်ရယ်။

ရောင်မျိုးစုံနဲ့ အလှဂုဏ်ကြွယ်ပြီး ချစ်တဲ့သူ တွေ့တဲ့အခါ သူတို့ရင်ခွင်ကို စုံကန်လို့ပဲ ထွက်သွားသွား၊ ဗုဒ္ဓရှင်တော် ဘုရားကို တင်ဖို့ အနူးအညွတ်ပဲ စွန့်ခွာသွားသွား၊ သစ်ရွ စိမ်းကလေးများဟာ ကွဲကွာရခြင်းဝေဒနာကို ခံစားရ





ပင့်သက်ရှူသံကိုတောင် ပတ်ဝန်းကျင် မကြားရအောင် မျိုသိပ်နိုင်တယ်။

အလှရှင်မ လိပ်ပြာတွေလဲ သစ်ရွက်စိမ်းကလေး တွေကို သားဖွားဆေးရုံကျနေတာပဲ။ သူတို့ဘာသာ ကြုံရာချစ်သူနဲ့ အလေလိုက်ပြီး သစ်ရွက်ပေါ်မှာ ဥမျိုးစုံဥခဲ့လဲ သူတို့မှာ သိပ်းပိုက်ယုယပြီး ဥပေါက်လို့ မွေးဖွားပြီးတဲ့အထိ ပွေ့ပိုက် ပြုစုကြရတာ နာနီကျနေတာပဲ။

တစ်ရွက်ချင်းဆက်ပြီး သူတို့ အစုအပေါင်းက သစ်တော တစ်အုပ် ဖြစ်လာပြန်တော့လဲ သားငှက်မျိုးစုံ၊ ခြင်္သေ့တွေ၊ ဆင်တွေ၊ သမင်–ဒရယ်တွေရဲ့ ခိုလှုံရာဖြစ်တယ်။

တရားရှာလိုတဲ့ ရှင်တော်သူမြတ်တွေကိုလဲ အရိပ်အာဝါသ ပေးတဲ့အပြင် လူကြမ်းကြီး၊ တောသူပုန်ကြီးတွေ ခြေတင်လဲ သဘောထားကြီးကြီးနဲ့ ခွင့်လွှတ်ခဲ့တာပဲ အတွတ်ရယ်။

သစ်ရွက်ကလေး တစ်ရွက်လောက်တောင် တကယ်တမ်း တွေးကြည့်ရင် မွေးတို့အတွတ်တို့မှာ ပါရမီခံမရှိပေဘူးနော်။

အတွတ်စာထဲမှာလေ မွေးရဲ့ချစ်တဲ့သူ ကိုကိုနိုင်ကို အသက် ပြန်မသွင်းနိုင်သော်လဲ ရေခဲလို အေးစက်သွားတဲ့ မွေးရဲ့ နှလုံးသားကိုတော့ ထွေးထွေးနွေးနွေး ဖြစ်အောင် ပညာ ရပ်တွေ တတ်ပါသတဲ့။

ကျေးဇူးအများကြီးတင်ပါတယ် အတွတ်ရယ်၊ အသည်း နှလုံးကို ပြန်ပြီး ထွေးထွေးနွေးနွေး ဖြစ်ရုံတင် မဟုတ်၊ သစ်ရွက်စိမ်းလေးရဲ့ အဘိဓမ္မာ တရားသဘော အခြေခံ

www.burmeseclassic.com

www.burmeseclassic.com



နာမ် ခန္ဓာကိုလဲ အသည်းနှလုံးထဲမှာ သွင်းပေးနိုင်အော
ကြိုးစားစမ်းပါဦး အတွတ်ရယ်။

ခုရှုပ်မှနေခင်ရှင်းမို့ ကြိုကြိုတင်တင် တွေးတော မိသ
ရေးပြုရတာတွေလေ၊ အတွတ်နဲ့မွေး ချစ်ကြည်ရေး မေတ္တ
ဖလှယ်ပွဲမှာ သစ်ရွက်အဘိဓမ္မာတွေ၊ မှန်·မြန်မာ မေတ္တ
စကား ဆိုပွဲဖြစ်တဲ့ ဘိုးရာဇာ လျှောက်ထုံးထဲက စကာ
လုံးတွေ၊ ဇနက္ကဇာတ်တွေထည့်ပြီး စာပြန်ရေးနေတာယ
အတွတ်ထက် ခြေညှံသွားမှာစိုးတဲ့ အကြောင်းတစ်ခုတည်း
တွင်မဟုတ်ဘူး အတွတ်တို့နှစ်ယောက်လက်ထပ်ရေးဟာ နှ
ယောက်တည်း ကိစ္စပါဆိုသော်လဲ နှစ်ယောက်တည်း ဟာ
အများနဲ့ ဆက်စပ်နေတဲ့ သဘောတွေရှိရုံမက အခါအခွ
အချိန်ကိုတွက်ဖို့ မွေးစာဟာ ဦးတည်ရည်ညွှန်း နေတ
ဆိုတာကိုလဲ အတွတ်နားလည် စေချင်ပါတယ်။



အခန်း ( ၆ )

သူငယ်ချင်းကောင်း၊ ယောက်မတို့ရေ....
သတင်းစကား ကြားပါစ
ရှင်မလေးရဲ့ ရက်ကန်းစင်၊ ချည်သစ်လွန်းသစ်ပြင်
နှပ်ကြောင်းမှာ ချည်မျှင်သွင်း
လက်ခတ်သံက တညှင်းညှင်း။
ကြိုးကြိုးချိတ်လား၊ ချည်ချော်လား၊
တိမ်ခိုးဆင်လာ ၊မည်းပြာလား၊
တစ်ခွန်းလဲသူမပြော၊ နှစ်ခွန်းလဲ သူမပြော
ကြယ်ညီနောင် လှခေါင်ရှန်းမှာ
လွမ်းရိပ်ကမဲ့နှာ။

သူငယ်ချင်းကောင်း၊ ယောက်မတို့ရေ....
သတင်းစကား ကြားပါစ
ရွာလယ်မက ရက်ကန်းလေး၊ လွန်းသံခပ်နှေးနှေး။
မျက်နှာထား ခပ်အိုအို
ငိုမလိုသံချိုနှော တီးတိုး တိုကိုပြော။
လွန်းတစ်ရာလဲ သူမချိတ်



www.burmeseclassic.com

www.burmeseclassic.com



မည်းပြာကိုလဲ သူမဓာင်
တိမ်ခိုးဆင်လဲ သူမမက်
ခဝဲမှာ နှင်းမှုန်ဖက်မှ ရှင်တော်ကို ဝတ်ရွံဆက်ဖို့
မလေး ရက်တယ်တော့။

သူငယ်ချင်းကောင်း၊ ယောက်မတို့ရေ....
သတင်းစကား ကြားပါစ၊ မင်္ဂလိဖိုလ်ရွယ်လို့
ရက်ကန်းရှယ်၊ လက်ခတ်သံက နွေးလှတယ်
သဒ္ဒါနုန်လို့လက်သံအေး
တို့အမေးကို မဖြေသေး။

'မေးစမ်းပါနဲ့ မယ်တို့ရယ်
သဒ္ဒါနုန်လို့ မဟုတ်ဘူးကွယ်
မကန်းကွက်ရောင်စုံခြယ်ဖို့
တစ်ဖက်လူ ကိုဖြူနဲ့ကျ၊ မှာခဲ့တယ်တော့'။

မှာပါရက်ကနဲ့
ဘယ်တွက်ကယ်ဝါရောင်ဖက်တယ်လို့
မေးပြန်ရင် ဖြေပုံခက်သမို
မိလေးလုံ့ ရတက်မအေးတယ်
လက်ခတ်သံကနွေး....ဝေ့ဝေဝေး....။

* * *





အတွတ်ရေ....

ဒေါ်လေးစီရဲ့ ကိုယ့်မိသား ရဟန်းခံပွဲကို ဆရာတော် ဦးကဝိန္ဒကျောင်းမှာ လုပ်တယ်။ မွှေးလဲ တခြားကိစ္စတွေ အလုပ်နည်းနည်းရှိတာနဲ့ အိမ်က အထွက်နောက်ကျသွား တယ်။ ဒါပေမယ့် စောစောက မွှေးရေးပြသလိုပဲ၊ အတွတ်ဆီ ရေးတဲ့စာကို ဘယ်လိုနိဂုံးချုပ်ရမယ်ဆိုတာ ဒီအလှူက အဖြေရတာမို့ သွားရကျိုးနပ်ပါတယ် အတွတ်ရယ်။

ကံ....ကံ၏ အကျိုးတရား အကြောင်းတရားများ အံ့ဩဖို့ မကောင်းဘူးလား။ ဒေါ်ဒေါ်သောင်းစိန်ရယ်၊ ဒေါ်လေး စီရယ် သူတို့ညီအစ်မဟာ မွေး မြင်ခဲ့ရတဲ့ တစ်သက်တာမှာ ဘာမှ ပင်ပန်းတကြီး လုပ်ကြရ နေကြရတယ် မရှိဘူးနော်။ အေးအေးပဲ ဒါနကုသိုလ်ပြုလိုက်ကြ၊ ဥပုသ်စောင့်လိုက်ကြ နဲ့ ပိုက်ဆံချမ်းသာတိုင်းလဲ သူတို့လို မအေးချမ်းတဲ့လူတွေ မြည့်လို့။

မွှေး အလှူရောက်တော့ ပရိသတ်က နည်းနည်းပါပဲ။ သူစိမ်းဧည့်သည်တွေ ဖိတ်ထားပုံမရဘူး။ ရေစက်ချ တရား နာနေပြီမို့ မွှေးလဲ သင့်ရာကထိုင်ပြီးတရားနာမိတယ်။ တရား ဟောတဲ့ ဆရာတော်က ဒီကျောင်းမှာ သီတင်းသုံးနေတဲ့ ဆရာတော် မဟုတ်ဘူး။ သာသနာ့ရိပ်သာက ဆရာတော် ဖြစ်တယ်။ ဆရာတော်က စကားပလ္လင် အရှည်ကြီးမခံဘဲ စဟောတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒုလ္လဘ ရဟန်းခံပွဲမှာ ဒုလ္လဘတရားအကြောင်းလဲ ဆရာတော် မဟောလိုဘူး။ ဘာကြောင့်ဒုလ္လဘခေါ်တယ်။ ဒုလ္လဘတရား ဘယ်နှစ်ပါးရှိတယ်။ သံဃာ့ဂုဏ်တော်တွေဟာ ဘာလဲဆိုတာကတော့ ဗုဒ္ဓဘာသာဝင်တိုင်း သိပြီးဖြစ်တယ်။ မသိသေးသူတွေကလဲ စာအုပ်တွေထဲ ဖတ်ကြည့်ရင် လွယ်လွယ်ပဲ သိနိုင်တယ်။

ဒီလိုဆိုရင် အရှင်ဘုရား ဘာတရားဟောမှာလဲလို့ မေးဖို့ရှိပါတယ်။ သိသလိုလိုနဲ့ ဒကာ ဒကာမများ မသိသေးတဲ့ ရှင်တော် ဂေါတမ မြတ်စွာဘုရား သခင်ရဲ့ အဆုံးအမခံ တပည့်သား သံဃာတွေ အကြောင်းပဲ။

ဆရာတော်က မဟာစည်သာသနာ့ရိပ်သာက ဘုန်းကြီးဖြစ်နေတော့ လက်ရှိပရိသတ် ကြားနေကျအသံမျိုး၊ တရားမျိုးမဟုတ်လို့ တချို့လဲ ကြိုက်ချင်ကြိုက်မယ်၊ တချို့လဲကြိုက်မယ် မဟုတ်ဘူး။

ဆရာတော်တို့ ကိုရင်ဘဝလောက် ကတည်းက တချို့ ဓမ္မကထိက ရဟန်းတွေရဲ့ တရားဟောသံဟာ ခေတ်ပြားတွေထဲမှာ ဇာတ်မင်းသားတွေရဲ့ အချဲ၊ အတဲ လေသံတွေနဲ့တူလို့ ဘာသာမျိုးခြား တွေကရော၊ ဘာသာတူ ဗုဒ္ဓဘာသာဝင်အချို့ကရော၊ ဓမ္မကထိကရဟန်းများကို အထင်သေးရုံမက တချို့စာရေးဆရာများကတောင် ဒီမင်းသားသံနဲ့ တရားဟောတဲ့ ဓမ္မကထိက ရဟန်းတော်များကို အကြောင်းပြုပြီး ရဟန်းလောက၊ သံဃာ့လောက တစ်ခုလုံးကို ပြစ်တင်ရှုတ်ချ ခံခဲ့ရဖူးတယ်။





အမှန်တော့ ဂီတသံ၊ သီချင်းသံဖြစ်တဲ့ ဇာတ်မင်းသားတွေလို အချဲအတဲနဲ့ ဟောပြောတဲ့ ဓမ္မကထိကများရှိသော်လဲ ဒီလိုတရားတော်ကို ဟောပြောတဲ့နည်းဟန်မျိုးကို မြတ်စွာဘုရားသခင် ပြစ်တင်ရှုတ်ချ တားမြစ်တော်မူတယ်။

အင်္ဂုတ္တိုရ်ပါဠိတော် ဂီတဿရသုတ်မှာ အတိအလင်းပါပါတယ်။

ရဟန်းတို့၊ ရှည်စွာသော သီချင်းသံဖြင့် တရားဟောသော ပုဂ္ဂိုလ်၏ အပြစ်တို့သည် ငါးမျိုးတို့တည်း။

အဘယ် ငါးမျိုးတို့နည်းဟူမူ....

မိမိကိုယ်တိုင်လည်း ထိုအသံ၌စွဲမက်၏။

သူတစ်ပါးတို့သည်လည်း ထိုအသံ၌စွဲမက်ကုန်၏။

ငါတို့ သီချင်းဆိုသကဲ့သို့ ထို့အတူ သာကီဝင်မင်းသား ဘုရားသားတော် ရဟန်းတော်တို့သည် သီချင်းဆိုကုန်၏ဟု လူဒါယကာတို့ ကဲ့ရဲ့ကုန်၏။

အသံပြုပြင်ခြင်းကို အလိုရှိသော ရဟန်းအား သမာဓိပျက်စီးခြင်း ဖြစ်၏။ နောင်လာ နောက်သားသည် အတုလိုက်၏။

ရဟန်းတို့ ရှည်စွာသောသီချင်းသံဖြင့် တရားဟောသော ပုဂ္ဂိုလ်၏ အပြစ်တို့သည် ငါးမျိုးတို့တည်းဟု (မိန့်တော်မူတယ်။)

ဆရာတော်တို့ကတော့ မဟာစည် သာသနာ့ရိပ်သာမှာ တရားဟောနေကျမို့ မဟာစည်ဟန်အတိုင်း သံပြတ်နဲ့ လိုရင်းပဲ ဟောနေကျဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com


ပြီးတော့ ရဟန်းဆိုတာ မြတ်စွာဘုရားသခင်ရဲ့ တရားတော်များကို အများသတ္တဝါ ဝေနေယျတို့ သိရှိနားလည်အောင် ပို့ချဟောပြောရသူများဖြစ်တယ်။ မြတ်စွာဘုရားရဲ့ တရားတော်ဟာ သံသရာမှလွတ်ကြောင်း၊ သံသရာ ပြတ်ကြောင်းတရား၊ အပူသောကတွေ ငြိမ်းရာ နိဗ္ဗာန်ရောက်ကြောင်း တရားဖြစ်တယ်။

ဒီတရားကို လိုချင်လို့နာကာမှ တရားနာ ပရိသတ်မှာ တရားဟောသံကို သီချင်းသံလိုစွဲလို့ တဏှာဖြစ်ရတယ်၊ ပူပန်ရတယ်၊ ငိုကြွေးရတယ်ဆိုရင် အဓိပ္ပာယ်ရှိဦးမှာလား။ ဟောပြောသူ ရဟန်းကိုယ်တိုင်ကလဲ ပရိသတ်ကြိုက်အောင် ရွှေမန်းတင်မောင်တို့လို၊ ရွှေကျီးညို မင်းသားတို့လို အသံအချွဲအဟဲတွေကို ကျင့်နေရကတည်းက ဘယ်မှာ ကောင်းတော့မလဲ။ မြတ်စွာဘုရားသခင်အလိုနဲ့လဲ လုံးဝဆန့်ကျင်တယ်။

ဘုန်းကြီးတို့ငယ်ငယ်က မန္တလေးမှာ အဘွားဖြစ်သူနဲ့ အိမ်နီးချင်း အဘွားကြီးတွေ တရားသွားနာတယ်။ ပြန်လာရင် ဘာတရားလဲဆိုတော့ ငိုတရားရယ်တရားတဲ့။ ငိုတဲ့လူကငို ရယ်တဲ့လူကရယ်နဲ့။ ဘုန်းကြီးတို့ကလဲငယ်တော့ ဘယ့်နှယ်လဲ မြတ်စွာဘုရားသခင်ရဲ့ တရားဟာ မငိုရာ၊ မရယ်ရာ၊ မအိုရာ၊ မသေရာ၊ သံသရာပြတ်ကြောင်း အပူငြိမ်းတရား ဖြစ်ပါလျက်နဲ့ ပြန်လာရင် အဘွားတွေဟာ ငိုကြရယ်ကြနဲ့လို့တောင် ထင်မှတ်မှားခဲ့တယ်။

စင်စစ် ဓမ္မကထိကအချို့ရဲ့ အမှားနဲ့ တရားနာပရိသတ်အချို့ အကြိုက်သာဖြစ်တယ်။ မြတ်စွာဘုရားသခင်ရဲ့ အလိုဆန္ဒ ရည်ရွယ်ချက်မဟုတ်ဘူးဆိုတာကိုတော့ ဒကာ ဒကာမများ သိစေချင်တယ်။

ဘုန်းကြီးတို့ကတော့ တိုတိုနဲ့လိုရင်းကို ရှင်းရှင်းပြတ်ပြတ်ပဲ ပြောဟောမှာမို့ နားစိမ်းသူ ပရိသတ်ပါရင် သည်းခံပြီး တရားနာစေချင်ပါတယ်။

ခေတ်အဆက်ဆက်မှာ တိုင်းပြည်အလိုက် တစ်ပြည်မှာ ဝါဒတစ်ခု လက်ခံကြတယ်။ တချို့တိုင်းပြည်တွေကျတော့လဲ တိုင်းပြည် တစ်ပြည်တည်းမှာကို မိမိတို့ကြိုက်ရာ ဝါဒအသီးသီးကို လက်ခံပြီး ကိုယ့်အစည်းအရုံးနဲ့ ကိုယ်နေကြတယ်၊ ဘာသာရေးဖြစ်ဖြစ် နိုင်ငံရေးဖြစ်ဖြစ်ပဲ ကိုယ်ယုံကြည်ရာ လက်ခံကိုးကွယ်ကြတာပဲ။

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကနေ ခုထိ ပြိုကွဲပျက်စီးခြင်းမရှိဘဲ ခိုင်မာတဲ့ အစည်းအရုံးကြီးကတော့ သံဃာ့အစည်းအရုံးကြီးပဲ။

သူတို့ဟာ ဗုဒ္ဓဘုရားသခင်ရဲ့ အဆုံးအမကိုနာခံတဲ့ သားတော်များ ဖြစ်တယ်။

သူတို့ရဲ့ ပိုင်ဆိုင်ခွင့်ဟာ ပရိက္ခရာရှစ်ပါးပဲ။ သင်္ကန်းသုံးထည်၊ သပိတ်တစ်လုံး ဆိုပါတော့။ ခြေသလုံးပဲအိမ်တိုင်ပြုလို့ ရရာမှာဆွမ်းခံပြီး၊ ရရာဆွမ်းကိုပဲ ဘုဉ်းပေးရတယ်။ ကိုယ်ပိုင်ပစ္စည်းဆိုလို့ ထားဖို့နေနေသာ မွန်းလွဲတဲ့ တစ်ပြိုင်နက် ဘာမှ ဘုဉ်းမပေးရတဲ့အပြင် နောက်တစ်နေ့ အတွက်ရယ်လို့ ချန်လှပ်စုဆောင်းခြင်း မပြုရဘူး။ ၂၂၇ ပါးသော



www.burmeseclassic.com

www.burmeseclassic.com



သိက္ခာပုဒ်ကို စည်းကမ်းတကျ လိုက်နာတဲ့ ရဟန်းများအဖို့ အင်မတန် စည်းကမ်းစနစ် ကျနလှပါတယ်။ ဒါကြောင့် ရဟန်းဘ၀သည် ဖြစ်တောင့်ဖြစ်ခဲလို့ ဒုလ္လဘလို့ဆိုလိုရင်းပဲ။

မြန်မာပြည်မှာ လူမှုရေးနဲ့ကြည့်ရင် ဘယ်သူမှ ခြေမချချင်တဲ့ တောကျေးလက် ရွံ့ပေါ်ဗွက်ထူအရပ်တွေက တောင်သူလယ်လုပ် သားသမီးတွေကို မျက်စိဖွင့်ပြီး ရွာကမခွာဘဲ ပညာပေး၊ အ, အာ၊ အိအီ၊ နမောတဿကနေ မင်္ဂလသုတ်၊ ရတနာ့ရွှေချိုင့် ဇာတ်ကြီးဆယ်ဘွဲ့အထိ သင်ကြားပို့ချပေးတဲ့ သူတွေဟာ ဗုဒ္ဓရှင်တော်ဘုရားရဲ့ တပည့်သား သံဃာတွေပဲဖြစ်တယ်။

ဘုန်းကြီးဆိုတာ အလုပ် မလုပ်ချင်လို့ သင်္ကန်း၀တ်၊ သပိတ်ပိုက်၊ သူတကာလှူတဲ့ထမင်း တောင်းစားနေတဲ့လူပျင်းတွေလို့ တရားဟောတဲ့ ပုဂ္ဂိုလ်တချို့ တောင် သူတို့ ခိုကိုးရာမဲ့ချိန်မှာ ရဟန်းတော်များ ကျောင်းပရိ၀ုဏ်ထဲ ရောက်ရင် ပိုလျှံသမျှ အစားအစာတွေကို ချကျွေးတာလဲ ဒီရဟန်းသံဃာတွေပါပဲ။

ကုန်ကုန်ပြောမယ်၊ ရဟန်းသံဃာတွေကို ဆဲရေးရှုတ်ချလိုတဲ့ လူတစ်စုက သူတို့ရဲ့ ဆဲရေးရှုတ်ချတဲ့ တရားပွဲကို ဒီကျောင်း အရံအ၀ိုင်း၊ ပရိ၀ုဏ်အတွင်းမှာ လုပ်ချင်တယ်ဆိုလဲ ခွင့်ပြုတာပဲ။

သူတို့မှာ မြတ်စွာဘုရားသခင်ရဲ့ အဆုံးအမအတိုင်း၊ ငါဆိုတဲ့ အတ္တစွဲမရှိတဲ့အပြင် ငါပိုင်တာဆိုတာလဲမရှိ။ ငါ့ရွှေရေးအတွက်ဆိုပြီး စုဆောင်းထားခြင်းလဲ မရှိဘူး။





ခုနပြောတဲ့ ခိုကိုးရာမဲ့ ကလေးသူငယ်ကျောင်းသားများကနေ ဘုရင့်သားတော်တွေအထိ ဘုရင်အထိဆိုပါစို့။ လူတန်းစား မရွေးကို ဆုံးမသွန်သင်ဖို့ တရားဟောပြောဖို့ စာပေသင်ကြားပေးဖို့အတွက် ရဟန်းများ ပညာခံ ပြည့်၀ရန် ကိုယ်ကိုယ်တိုင် ပညာ ရှာဖွေဆည်းပူးတာက လွဲရင် သံဃာမှာ ကိုယ်ပိုင်ဥစ္စာ ဘာမှမရှိဘူးဆိုတာ ဒကာ ဒကာမများ သိစေချင်တယ်။

ဒါကြောင့် တရားဦးအစ ဆရာတော်ပြောခဲ့တဲ့ သံဃာ့အစည်းအရုံးကြီးဟာ ပြိုကွဲပျက်စီးခြင်း မရှိတာဘဲ။ အဲဒီ သံဃာ့အစည်းအရုံးကြီးကို ဒကာတော် ဦးအောင်ကြီး ၀င်ခဲ့ပြီ၊ အရှင်ဣန္ဒကဆိုတဲ့ ဘွဲ့ကိုရခဲ့ပြီ။ ရဟန်းဘ၀သည် ရခဲလှသော ဒုလ္လဘ-ဘ၀ဆိုတဲ့ စကားအရ သင်္ကန်း၀တ် ဆွမ်းတစ်နပ်စား ရဟန်းသိက္ခာစောင့်ရှုံဆိုရင်တော့ ရဟန်းတော့ဖြစ်ပါရဲ့၊ ဒုလ္လဘဆိုတဲ့ စကားအဓိပ္ပာယ် သိပ်ပြီး မပြည့်စုံပေဘူး။

ဒီတော့ ရှင်ဣန္ဒကကို ဆရာတော် မေတ္တာရပ်ခံချင်တာက မြတ်စွာဘုရား သားတော်အစစ် ရဟန်းဘ၀ကို လိုချင်ရင် ဒီသင်္ကန်း၀တ်နေဆဲမှာ ဘာ၀နာကိုပါ ပွားများပါ။ ဘာ၀နာဟာ နှစ်မျိုးရှိတယ်။ သမထဘာ၀နာနဲ့ ၀ိပဿနာ ဘာ၀နာပဲ။ မဟာစည် သာသနာ့ရိပ်သာမှာကတော့ ၀ိပဿနာ ဘာ၀နာကို ပွားများ အားထုတ်ရတယ်။ အထင်အရှား အသိလွယ်ဆုံးဖြစ်တဲ့ ၀မ်းပိုက်ဖောင်းတာနဲ့ ပိန်တာကိုမှတ်ရမှာပဲ။ အဲဒီလိုမှတ်ရင်းက...



www.burmeseclassic.com

www.burmeseclassic.com



၁။ ရုပ်ခန္ဓာကိုယ်ကြီးနဲ့ လှုပ်ရှားမှုတိုင်းကို ရှုမှတ်ပါ။

၂။ ရုပ်ခန္ဓာကိုယ်ကြီးမှာ ပေါ်လာသမျှ ဝေဒနာကို ရှုမှတ်ပါ။

၃။ စိတ်ကူးကြံစည်မိသမျှ ရှုမှတ်ပါ။

၄။ ဒီအရင်းခံ ဝမ်းဗိုက် ဖောင်းတာ ပိန်တာကအစ မဖောင်းချင်လို့လဲမရ အလိုလိုဖောင်း၊ အဖောင်းဆုံးတော့ တားထားလို့မရ အလိုလိုပိန်သွား၊ ဘာကိုမှ ငါသဘော ငါလုပ်ချင်တာရယ်လို့မရှိ၊ သူ့သဘော သူဆောင်နေကြတဲ့ သဘောတွေပါလား။ ဖြစ်လာသမျှ ပျက်သွားရတဲ့ သဘောကို ရှုမှတ်ပါ။ အသေးစိတ် ရှုမှတ်နည်းဖြစ်တဲ့ ထိုင်ပုံ၊ မှတ်ပုံ၊ စင်္ကြံသွားပုံ နည်းလမ်း အသေးစိတ်ကိုတော့ ကျောင်းထိုင်ဆရာတော် ဦးကဝိန္ဒက ညွှန်ကြားပြသလိမ့်မယ်။

နောက်ဆုံး ကမ္မဋ္ဌာန်း နည်းပြဆရာ ပြသမျှ လိုက်နာ အားထုတ်ရင် ဝိပဿနာဆိုတာ ဘာလဲဆိုတာ သိလာလိမ့်မယ်။ စာတွေဖတ်ရုံ ဥပုသ်စောင့်ရုံ ဒါနပြုရုံ သက်န်းတွေ ယောဂီရောင် အဝတ်တွေ ဝတ်ရုံနဲ့မပြီး။ တကယ့်ကို ဇွဲနဲ့ ကြိုးစား အားထုတ်ရတဲ့ လက်တွေ့ တရားပါလား ဆိုတာ သိမယ်။

အကြောင်းကြောင့် အကျိုး ဖြစ်တယ်ဆိုတာ ဘာလဲ ရှင်းလာမယ်။

သတ္တဝါဟူသမျှ သုခဒုက္ခ ရှိကြတာပဲ။ ဒီသုခတွေ ဒုက္ခတွေဆိုတဲ့ အကျိုးတရားတွေဟာ ဘယ်ကစလဲ၊ သမုဒယ





ဆိုတဲ့ တွယ်တာမှု အကြောင်းရင်းခံကြောင့် ဖြစ်ရတယ်။ အကြောင်းရင်းခံကို ပယ်သတ်နိုင်မှ ဒုက္ခသုခတွေကို ပယ်သတ်နိုင်တဲ့ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကိုရောက်မယ်။ အပြီးသတ်ဘဝချုပ်ဆုံးရာ နိဗ္ဗာန်ကိုမရောက်ခင် တစ်မဂ် တစ်ဖိုလ်ကို မျက်မှောက်ပြုနိုင်ရင်ပဲ ဘယ်လောက် စိတ်အေးချမ်းတယ်ဆိုတာ တကယ်အားထုတ်ဖူးသူတိုင်း သိတယ်။ အဲဒီ စိတ်နှလုံး အေးချမ်းစေနိုင်တဲ့ တစ်မဂ်တစ်ဖိုလ်ကို လိုချင်ရင် ဝိပဿနာလျှင် ရွှေဆောင်ရှိသော မဂ္ဂင်ရှစ်ပါး ယာဉ်ရထားကို စီးသွားပါ။ ဤလမ်းက သွားသော် အေးချမ်းသော အကျိုးတရားကိုရမယ်။

ဒါကြောင့်လဲ ဝိပဿနာ ကျင့်ကြံအားထုတ်သော လမ်းသည် သောကအားလုံး ချုပ်ငြိမ်းရာသို့ ရောက်စေသော တစ်ခုတည်းသော မှန်မြတ်တဲ့လမ်းပါလို့ မြတ်ဘုရား ဟောခဲ့တယ်။

ဝိပဿနာတရားကို အပျော်တမ်း ပျော်ပွဲစားထွက်သလိုတော့ ထင်မှတ်မမှားလိုက်ပါနဲ့။ တစ်ခါ အားထုတ်ဖူးရုံနဲ့ အားတန်သမျှ မအေးသေးဘူး။ ကိုပုထုဇ္ဇဉ်လောင်တွေ၊ မပုထုဇ္ဇဉ်လောင်တွေ ဘဝပဲရှိနေသေးရင် ငါ့ကိုက ဆရာပြတာ သေချာစွာ မလိုက်နာသေးဘဲ အမှတ်မှားနေပါလား ဆိုတာ သတိရပြီး ပြန်လည်အားထုတ်ပါ။ ကိုယ့်အမှားကို မြတ်စွာဘုရားတရားတော်နဲ့ ရိုပ်သာအပေါ် အပြစ် မပုံလိုက်ပါနဲ့။

www.burmeseclassic.com



အခုလဲ ဆရာတော် ဦးကဝိန္ဒ ကျောင်းကြီးကို ရေစက်ချ လှူတဲ့ ကျောင်းအစ်မ ဒေါ်သောင်းစိန်နဲ့ ဒေါ်စိန်စီလဲ ဒါန တွေသာပြုတယ်၊ သီလသာ ဆောက်တည်တယ်။ ဝိပဿနာ တရားကိုတော့ ခါးလေး တစ်ညောင်း တစ်ထိုင်တောင် မထိုင်ဖူးဘူးလို့ ဆရာတော် သိရတယ်။ တရား အားထုတ် အောင် ကြိုးစားပါဦး။

ကဲ....ဒုလ္လဘရဟန်းဘဝ တစ်လ ဝတ်ရင်းက ဝိပဿနာ တရားကို အားထုတ်ခြင်းဖြင့် နိဗ္ဗာန် မျက်မှောက်ပြုရာ မဂ် တရား ဖိုလ်တရားကို ရရှိပါစေသတည်း။

အတွတ်ရေ...မဟာစည် သာသနာ့ရိပ်သာက ဆရာတော် ဦးမဟိန္ဒ တရားဟောပြောပုံဟာ မွေးအဖို့ သိပ်ထူးခြားနေ တာပဲ။ အရင်က ရဟန်းခံရှင်ပြုမှာ တရားနာချိန်ဆို အနည်း ဆုံး နှစ်နာရီလောက်ကြာတယ်၊ အချွဲအတဲတွေနဲ့ ဘုန်းကြီး တွေဆိုလဲ မဆုံးနိုင်တော့လို့ ခါးကိုတွန့်လိမ်ပြီး ဖင်ပူအောင် နာရတယ်။ ပါဠိပါဠ်သားနဲ့ဟောတဲ့ ဘုန်းကြီးကျတော့လဲ ခမ္မပုံခက်နဲ့ သိပ်သလား အောက်မေ့ရတယ်။ ကိုယ်က ဘုန်းတော်ကြီးလို **စာမတတ်လေတော့** ပါဠိကိုနားမလည်ဘဲ အိပ်ချင်လိုက်တာ။ မွေးတို့က ဘာပဲပြောပြော ခေတ်လူငယ် တွေမို့လား။ ဗုဒ္ဓဘာသာဆိုပေမယ့်လဲ တရားနာရမယ်ဆိုရင် ပျင်းချင်တယ်၊ ခုတစ်ခါတော့ ဒေါ်လေးစီအလှူကို နောက် ကျခဲ့ပြီးသွားတာ မွေးအတွက် ကောင်းကွက်ကို သွားတိုး နေမိတယ်။





ဘုန်းကြီးလဲ တရားဟောပြီးရော ဒေါ်လေးစီက ထ, လာတယ်။

'မွေးကလဲ သူ့စိမ်းကျနေတာပဲ နောက်ကျလိုက်တာဟဲ့၊ လာ....လာ....အုန်းနို့ခေါက်ဆွဲစားရအောင်၊ ခင်မမတို့၊ မြင့် လွင်နိုင်တို့လဲ ရောက်နေတယ်၊ တစ်ခါတည်းစား။ ကိုယ့် အမျိုးတစ်သိုက်ပဲ။ ဘယ်သူမှ သူစိမ်းမဖိတ်ပါဘူး' **တဲ့**။

မွေးလဲ ဒေါ်လေးစီခေါ်ရာ ဒေါ်ခင်မမတို့ဝိုင်းကို ဝင် ထိုင်မိတယ်။ မွေးအတွက် စားစရာပွဲသစ်ကို မိုနာနဲ့ရှဲလာက ပြင်ပေးနေတာနဲ့ စောင့်ရင်း ဒေါ်ခင်မမနဲ့ ညွှန့်သည် တစ်ယောက်စကားပြောနေတာ မွေး နားထောင်နေမိတယ်။ ညွှန့်သည်အမျိုးသမီးက ဒေါ်ခင်မမကို ပြောပြနေတယ်။

'ကျွန်မမှာ တစ်နည်းလှည့်ပြီး စိတ်ဖြေရတယ် ဒေါ်ခင် မမရယ်။ ကျွန်မတို့ တပ်မတော်သားကို လက်ထပ်ယူထား တာတွေဟာ သတ္တိတော့ မကြောင်လှပါဘူး။ တစ်နေ့သော် သူတို့ဟာ စစ်မြေပြင်မှာ ကျဆုံးရမှာပါပဲလို့ ယူဆထားပါ တယ်။ ခုတော့ ကိုကြီးဆုံးသွားပုံက သေပါတယ် ဆိုတာ တောင် မယုံနိုင်သလိုပဲ။ ဒါပေမယ့် သူဆုံးကာနီးမှာ ကျွန်မ ကလေ ကိုကြီးငြိမ်လှချည်လား ခံသာရဲ့လားဆိုတော့ ကို ကြီး ဝေဒနာကို မပြတ် ရှုမှတ်နေပါတယ်လို့ပြောတယ်။ ခု တော့လေ ဒီစကားသံကို ပြန်ကြားမိတိုင်း ငါ့ရှင်ခင်ပွန်းဟာ သေကာနီး သွေးရူးသွေးတမ်းနဲ့ မကောင်းတဲ့ဇာတ်ပြန် ပြီး သေရတာမျိုးမဟုတ်ဘူး။ ဘိန်းစားလို ဘိန်းမူးပြီး



www.burmeseclassic.com

www.burmeseclassic.com



မှုးမှုးမှေ့မှေ့နဲ့ သေရတာမျိုးလဲမဟုတ်ဘူး။ သူဟာ သမာဓိ
အား ကောင်းကောင်း နဲ့ ဝေဒနာကို နိုင်အောင် မှတ်ပြီး
ကောင်းသောသေခြင်းနဲ့ သေရပါလားလို့ စိတ်ဖြေရတယ်
ဒေါ်ခင်မမ။

'လင်ကိုလေ အပါယ်လားအောင်လုပ်တာလဲ ဒီမိန်းမ
တွေပဲ။ လင်ကို မျက်မှောက်အကျိုးတင်ကောင်းအောင် ပြု
ရုံတင်မဟုတ်ဘူး။ ဘဝကူးကောင်းအောင် တမလွန်မှာ ငြိမ်း
အေးမယ့် ဘဝသစ်တစ်ဖန်ပြန်မဖြစ်တဲ့ နိဗ္ဗာန်မျက်မှောက်ပြု
နိုင်အောင် လုပ်ပေးနိုင်တာလဲ ဒီမိန်းမတွေပဲ။ ကဲ....ကျွန်မ
က ရောက်တာကြာပြီ၊ ပြန်တော့မယ်။ ဦးအောင်ကြီး
ကျွန်မကသိပ်ခင်တာ' ဆိုပြီး ညှို့သည့်အမျိုးသမီးဟာ ဒေါ်
ခင်မမကိုနှုတ်ဆက်ပြီး ထသွားတယ်။ သူ့စကားပြောသံဟာ
တည်ငြိမ်တယ်။ စကားလုံးကတော့ တစ်လုံးနဲ့တစ်လုံး ဆေ
ဆက်နေးတယ်။ တမင်လုပ်ပြောနေသလိုပဲ။ အဲဒီအမျိုးသမီး
ခပ်လှမ်းလှမ်းရောက်မှ သူ့ကိုသိလားတဲ့၊ ဒေါ်ခင်မမက မေး
တယ်။

'မသိဘူး'လို့ မွေးကဆိုတော့....

'စာရေးဆရာ ခင်နှင်းယုတဲ့၊ ကျန်းမာရေး ခုမှကောင်း
လာတာတဲ့၊ စကားပြောတာတော့ အရင်လိုမသွက်သေးတဲ့
လေဆက်သိပ်မမီဘူးတဲ့' ဒေါ်ခင်မမက ပြောတယ်။ ပြီး
တော့ ဆက်ပြောတယ်။

'ခင်နှင်းယုက ပွဲတွေ အမြတ်တရားဆိုတဲ့ စာတမ်း
ရေးထားတယ်။' မမ္မဒါနအဖြစ် လှူဖို့ဟာ စက္ကူပြဿနာမ





လည်သေးလို့ လက်နှိပ်စက်နဲ့ရိုက်ပြီး ဦးအောင်ကြီး ရဟန်းခံ
မှာ ဝေတယ်။ အားလုံးမှ ကော်ပီ ၁၀-ခုလောက်ပဲရှိမယ်၊
မမရထားတာကို မွေးလဲ ဖတ်သင့်တယ်ဆိုပြီး ပေးလိုက်
တယ်။ မွေးလေ သူထသွားရာကို ခုမှလှမ်းကြည့်မိတယ်။
မွေးထက် အသက်ကြီးပုံရတယ်။ မျက်မှန်လဲတပ်လို့၊ သူ့ကို
မြင်ရတာ ဘာဖြစ်လို့မှန်းမသိဘူး၊ မွေးရင်ထဲ အေးလိုက်
တာ။ သူက သူ့စကားထဲမှာ တပ်မတော်သားကို ယူထားတဲ့
အမျိုးသမီးတွေဟာဆိုတဲ့ စကားလုံးပါလာတော့ ဘဝတူ
ချင်းဆိုတဲ့ စိတ်က လှုံ့ဆော်လို့လားမသိ၊ မြင်မြင်ချင်း ချစ်
မိတယ်။

အိမ်ရောက်တော့ ဒေါ်ခင်မမပေးတဲ့ 'ပွဲတွေ အမြတ်
တရား' ဆိုတဲ့ ခင်နှင်းယုရေးတဲ့စာကို ဖတ်မိတယ်။ ဆုံးလဲ
ဆုံးရော တရားအခံမရှိလေတော့ မျက်ရည်သွယ်သွယ်ကျမိ
တယ် အတွက်ရယ်။

ဒါပေမယ့် သတိချက်ချင်း ဖြစ်လာတာကတော့ ဖြစ်ပြီး
တာတွေ ရှိစေတော့၊ ခင်နှင်းယုဟာ သူ့ချစ်သူကို မျက်
မှောက်ဘဝမှာတင် တတ်နိုင်သလောက် ပြုစုတာ မဟုတ်ပါ
ဘူးတဲ့။ တမလွန်ဘဝ ကောင်းကျိုးအတွက်လဲ အေးချမ်း
ငြိမ်သက်အောင် သူဟာ ဝိပဿနာတရားကို သူ့ခင်ပွန်းသည်
အားထုတ်ဖြစ်အောင် ကြိုးပမ်းခဲ့မိလို့ သူတို့နှစ်ယောက် သေ
ကွဲ၊ကွဲသော်ငြား သူ စိတ်ဖြေသာပါသတဲ့။ သူပြောတဲ့စကား
ကို ကြားယောင်နေတယ်။ ခုမှ မွေးဟာ ကိုကိုနိုင်ကို ဝိပဿနာ



www.burmeseclassic.com

www.burmeseclassic.com



တရားကို အားထုတ်ပါဦးလို့ လိုက်ပြောလို့လဲမဖြစ်၊ မွေး ကိုယ်တိုင်ကလဲ ဝိပဿနာဆိုတာ ဘာလဲလို့ အစတောင်မသိ တဲ့ဘဝ။

ဒီတော့ မွေးစဉ်းစားမိတယ် အတွတ်။ ခင်နှင်းယုရေး တဲ့ ပွဲတွေအမြတ်တရား စာတမ်းကို ဒီစာနဲ့အတူ ပေးလိုက် တယ်။ အတွတ် သေသေချာချာဖတ်ပါနော်။ တဖြည်းဖြည်း ဖတ်မှ သူ့စာရဲ့အရသာက တမြည့်မြည့်ခံစားရမှာ။ ကုသိုလ် ကြမ်မှာ အတိတ်ကံက မပါခဲ့လို့ အတွတ်နဲ့မွေး တကျာရာဂနဲ့ မချစ်မိဘဲနဲ့ မောင်နှမလို ချစ်ခဲ့ကြတာ တကယ်ကတော့ ယောကျ်ားသူစိမ်း သူငယ်ချင်းထဲက ရင်းရင်းနှီးနှီး ပထမ ဆုံးတွေ့သူဟာ အတွတ်ပဲ။

မွေးဘဝမှာ ဇနက္ကမင်းသားလို ကျောက်ဖျာမှာ စံတဲ့ ကိန်း မရောက်ခင် သမုဒ္ဒရာကူးခန်းကို ကြုံခဲ့တယ်လေ။ ပလက်ဖောင်းပေါ်မှာ မအိပ်ရရုံ တစ်မည်ပဲ။ အစေခံတန်း လျှားမှာနေ၊ မစားဖူးတဲ့ လမ်းဘေးက ထမင်းဆိုင်မှာ စားရတဲ့အဖြစ် ကိုယ့်ဘဝ အဲဒီလို ဖြစ်နေပါလားရယ်လို့ မိဘတွေသိရင် ရင်ကျိုးမှာစိုးလို့ မေမေတို့မသိအောင် ဖုံးရ ဖိရတာက တစ်မျိုး။

အသည်းလိုက်အူလိုက် ချစ်ရပါတယ်ဆိုတဲ့ ကိုထင်အောင် ထွန်း ချစ်ဦးသူက တက္ကသိုလ်မှာ အမျှော်ကြူးပြီး ငယ်ချစ် မိခွေမွေးကို အမေ့ကြီးမေ့နေချိန်မှာလဲ အစေခံတန်းလျှား





မှာ မွေးကိုလာတွေ့ပြီး အားမငယ်ဖို့ စိတ်ဓာတ် မကျဖို့ အစဉ်အားပေးသူကလဲ အတွတ်ပဲ။

ခုခေတ် တချို့မိန်းကလေး ယောကျ်ားလေးတွေနဲ့များ မွေးတို့ ဆုတောင်းချင်း မတူလိုက်တာနော်။ ခုခေတ်များ သူတို့ အသည်းကွဲဝေဒနာတွေ အဆွေးတို့ကို မိဘထမင်းကိုထိုင် စားရင်း ကဲကော်ရီပ်မှာ ပိုတောက်ရိုပ်မှာ တမာရိပ်မှာ မိန်းမောဆွေးမြည့်နိုင်ဖို့ အချိန် ရပဲရတယ်နော်။ သူတို့ မတော့ ကောင်းလိုက်တဲ့ကံ။

ငယ်ရာကကြီးလာတော့ ဒီလူ့ဘဝ ဒီသံသရာလမ်းမှာ အချစ်ဆိုတာ မကောင်းဘူး၊ လျှောက်ဖူးသူတိုင်း သိတယ်၊ မွေးတို့ဘဝက အလုပ်အလုပ်ဆိုတဲ့ အလုပ်သမား ဇာတာ ပါတယ်၊ ထင်ပါရဲ့။ ချစ်သူနဲ့ ကွေကွင်းရခြင်း ဆင်းရဲကို ခံရတာတောင် ကိုယ့်ရဲ့ အလွမ်းအဆွေးဒဏ် ထိထားတဲ့ အသည်းနှလုံးကို အသာလေး ထုပ်သိမ်း ထားရတယ်။ ယက်တွေ ထမင်းတစ်နပ်စာ (ကိုယ့်မိဘရော၊ ညီမသား ချင်းရော၊ ပတ်ဝန်းကျင် အသိုက်အဝန်း အတွက်ရော) ထာဝိုတိုဝတ် အင်္ကျီလက်မောင်းပင့်ပြီး တစ်ခါတည်း လုပ် လိုက်ရတာနော်။ ညဉ့်အိပ်ကာနီး ပင့်သက်ချ နားနေ ချိန်ရောက်မှ နှလုံးသားမှာထိထားတဲ့ အချစ်ဒဏ်ရာကို ဖွင့် ကြည့်ရတယ်။ နှင်းမှုန့် သိပ်ရတယ်။

ဩော်... ငါ့နှယ် ဖြစ်မှဖြစ်ရတယ်လို့ ကိုယ့်ကိုယ်ကိုပဲ သနားမိတယ်လေ။ ဟုတ်တယ် မညာချင်ဘူး။ ကိုယ့်ကိုယ်ကို

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မသနားလို့ ဘယ်သူသနားမှာလဲနော်။ ကောသလမင်းကြီးနဲ့ ခေမာမိဖုရား ဒီစကားလုံးကြောင့် ပြဿနာတက်ကြတာ ဘုရားသခင်ဆီတောင် ရောက်တယ်။ ကောသလမင်းကြီးက ခေမာမိဖုရားကို မေးသတဲ့ 'ဘယ်သူ့ကို အချစ်ဆုံးလဲလို့' မောင်တော်ဘုရားကိုအချစ်ဆုံးပါလို့ အဖြေရလိမ့်နိုးနဲ့ မျှော်ကိုးပေတဲ့ မင်းကြီးဟာ ခေမာမိဖုရားဆီက 'ကိုယ့်ကိုယ်ကိုသာ အချစ်ဆုံး' ဆိုတဲ့ စကားလုံးသာ ကြားရတော့ မကျေမနပ် အချစ်ပြဿနာတက်ပြီး ဘုရားသခင် ရှေ့တော်မှောက်တောင် ရောက်ခဲ့ရတယ်။ ဘလ္လာတိယပျို့ကို ဟောပြောပြီး သတ္တဝါတို့မည်သည် ကိုယ့်ကိုယ်ကို အချစ်ဆုံးပဲ၊ ခေမာမိဘုရားကြီး ဖြေတာ မှန်တယ်လို့ မြတ်စွာဘုရား ဟောပြရတယ်။

အခုလဲ မွေးမှာ ကိုယ့်ကိုယ်ကို သနားလိုက်ရတာလေ အမေမာပဲနော်။ မွေးလေ အာရောဂျဆေးရုံမှာ ဆေးသွားကုနေတုန်းကလဲ တစ်ယောက်တည်း သိပ် အား ငယ်နေတုန်းမှာ အနားရောက်ပြီး အားပေးပြုစုခဲ့တာလဲ အတွတ်ပါပဲ။ ဒါကြောင့်မို့ ကိုကိုနိုင်ဆုံးချိန်မှာ မွေးထံပါးကို ပြေးမလာဘူးရယ်လို့ အတွတ်ကို မွေးအာဃာတ မထားလိုပါဘူးအတွတ်ရယ်။

မှန်းသွားတာတော့ မဟုတ်ဘူး။ ကြောက်ရွံ့ခြင်း ပြင်းစွာနဲ့ မတွေ့လို့၊ မဆုံလို့၊ မတွေ့ရ၊မဆုံရတဲ့ကိုတင်အောင်ထွန်း (ဖရက်ဒီ)ကိုတောင် မွေးအာဃာတမထား ငါ့ကံတရားပဲလို့ စိတ်ဖြေခွင့်လွှတ် မိပါတယ် အတွတ်ရယ်။



ခုချိန်မှာ အာဃာတတွေ မထားရမယ့်အချိန်ပဲ ဆိုတာ ကိုယ့်စိတ်ကို ဆုံးမနေလျက်ပါပဲ။

အတွတ်နဲ့မွေး သမုဒယဆိုတဲ့ရက်ကန်းစင်မှာ သံယောဇဉ်ချည်မျှင်သစ်တွေဆင်ပြီး အကွက်ဆန်းရက်ဖို့ ပြင်ဆင်နေချိန်ဖြစ်နေတာမို့လား အတွတ်။ ဗေဒင်ဆရာ စကားလုံးသုံးရရင် ဇနက္ကမင်းသား ကျောက်ဖျာပေါ် အိပ် နေ တုန်း ဖုတ်သွင်းရထား ဆိုက်တဲ့ကိန်း မွေးမှာ ကြုံနေပြီကွယ့်။ ဘာပဲပြောပြော အတွတ်ဟာ တစ်ဖက်သတ် အချစ်နဲ့ မွေးအပေါ်မှာ ချစ်ပြီး၊ ဇွဲကောင်းကောင်း၊ စိတ်ရှည်ရှည်စောင့်စားလာခဲ့တဲ့ တစ်ဖက်လူ အချစ်ကို မွေးက လေးစားပါတယ်။ တစ်နည်းမဟုတ်တစ်နည်းနဲ့ ပြန်လည် တုံ့ပြန်သင့်ပါတယ်။

နှပ်ကြောင်းမှာ ချည်မျှင်တွေ သွင်းပြီးပြီဆိုတဲ့ နောက်လဲ အဆင်တစ်မျိုးပြောင်းရက်ဖို့တို့ ဘာတို့ဆိုတာ မလွယ်ပေဘူး အတွတ်။ ပြီးတော့ ရက်ကန်းရက်တဲ့နေရာမှာလဲ စိတ်ပါလက်ပါ ပျော်ပျော်ရွှင်ရွှင်နဲ့ရက်မှ လက်ခတ်သံ တလွင်လွင်နဲ့ လွန်းလေးသွားပုံကအစ သွက်မှ ပျော်စရာလဲကောင်း အထည်လဲ ပြီးလွယ်တယ်နော်။

နှပ်ကြောင်းကြားက ချည်မျှင်က တထောက်ထောက်ပြတ်လို့ ပြတ်ကြောင်းကိုရှာရ၊ ဆက်ရဆိုရင် အသက်အရွယ်ထောက်လာတော့ မလွယ်ဘူး။ ငယ်ရွယ်သူ မျက်စိကောင်းတွေလို ချည်မျှင်လိုက်ရှာရတာလဲ မလွယ်၊ အိုလေ.... ချည်

www.burmeseclassic.com

www.burmeseclassic.com



တထောက်ထောက် ပြတ်တယ်ဆိုကတည်းက ဘယ်ကောင်းမလဲ။

ဒါပေမယ့်လဲ ချည်မျှင်ကလဲ မစိုးမပိုင် သဘောဆိုတော့ မပြတ်ပါနဲ့ကွယ်လို့ ပြောလို့ရမှာမဟုတ်ဘူး။

ဒါကြောင့် ခင်နှင်းယုလိုပဲ တို့မျှားနှစ်ယောက်လဲ တို့ရက်ကန်းမှာ ချည်မတင်ခင် ဝိပဿနာတရားကို စမ်းပြီး အားထုတ်ကြရအောင်နော်။ အတွက်ကိုလဲ မွေးက သံသရာ့ကျွန်၊ တဏှာကျွန်၊ ထဘီရဲ့ကျွန် ဖြစ်ရုံလောက်ပဲ ချစ်ရင်တော့ အတွတ် မွေးကိုချစ်ရင်း_နှစ်သွားမှာ စိုးပါတယ်။

မွေးပေးလိုက်တဲ့ ခင်နှင်းယုရဲ့ မှဲ့တွေ အမြွတ်တရားစာတမ်းကို ဖတ်ပြီးရင် မွေးရဲ့ တောင်းဆိုချက်ကို စဉ်းစားပါ။ အတွတ်လေ ပေလီက ပြန်လာခဲ့နော်၊ ပြန်မယ့်ရက်ကို သံကြိုးရိုက်၊ မွေး လေယာဉ်ကွင်းက ဆင်းကြိုပါ့မယ်။

ပြီးတော့ အိမ်ရောက်ရင် တစ်ပတ်လောက် အနားယူပါအတွတ်ရယ်။ အတွတ်ရဲ့ သားကြီး ရစ်ချတ်ရယ်၊ ကိုကိုနိုင်ရဲ့သား မြင့်လွင်နိုင်ရယ်၊ မဟာစည် သာသနာ့ရိပ်သာမှာ ဒုလ္လဘ ရဟန်းခံပါကွယ်။ မွေးက ရဟန်းအစ်မ လုပ်မယ်။ အတွတ်တို့လဲ ရဟန်းဘဝနဲ့ ဝိပဿနာတရားကိုအားထုတ်ပါ။ မွေးလဲ ရိပ်သာမှာ တစ်ခါတည်း တရားဝင်မယ်။ ဝိပဿနာဆိုတာဘာလဲ၊ တစ်မဂ်တစ်ဖိုလ် နိဗ္ဗာန်ရောက်ကြောင်း တရားဆိုတာ ဘာလဲဆိုတာကို လက်မထပ်ခင် မွေးနဲ့အတွတ် သိရရင် မကောင်းပေဘူးလား။ ခင်နှင်းယုတောင် လက်မထပ်ခင်က တစ်ကြိမ် အားထုတ်ဖူးတယ်။ ဒါကြောင့်





သူဟာ ဘဝမှာဖြင့် သူသူငါငါလို စွဲလမ်းမှု သမုဒယတွေကြောင့် ဒုက္ခမျိုးစုံ တွေ့ရတာတွေ သူ့ခင်ပွန်းသည်အတွက် ပူပန်မိတာတွေအတွက် သူခံသာနေတာတဲ့။ ငါ့လင်တရားမှ အားထုတ်မသွားရဘူးလို့လဲ နောင်တ တစ်ဖန် မဖြစ်တော့ဘူးတဲ့ အတွတ်ရယ်။ တကယ့်ကို သေရဲနေရဲတဲ့ တရားတဲ့။

မွေးလေ ပရိက္ခရာ အစုံကို ဝယ်ပြီး အသင့်စောင့်နေမယ်နော်။



www.burmeseclassic.com

www.burmeseclassic.com



အတွက်ရေ....

အတွက်ရဲ့စာ နှိုက်ချုပ်မှာ ရှင်တေဇောသာရရဲ့ ကဗျာ လွှမ်းမိုးခံရသူပီပီ ရှင်တေဇောသာရရဲ့ ကဗျာကို ဖော်ပြ ထားတာကို မွေးဖတ်ရတယ်။ မူရင်းကဗျာကို စကားလုံး တစ်လုံးပြောင်းပြီး ရွတ်ဆိုခွင့်တောင်းထားတာကိုလဲ မွေး ဖတ်ရပါတယ်။ အတွက်က မဆိုးပါဘူးကွယ့်။ ဆရာဝန်ဆို ပေမယ့် ကဗျာဉာဏ်ရှိသားပဲနော်။ အတွက်စာထဲ ရေးပြ သလိုပဲ။

'စုလည်းမဆင်၊ နောက်ထုံးရှင်နှင့်
မြင်လျှင်ပင်ကို၊ ကြိုးပါလို၏
ကုသိုလ်ကြမ္မာ၊ မိကောင်းပါရဲ့'လို့ ဆိုတဲ့ ဆုတောင်း
ပြည့်စေချင်ပါတယ်။

မွေးကတော့ ရှင်မဟာရဋ္ဌသာရ ကဗျာတွေ အများ ဆုံး လွှမ်းမိုးခံရသူဆိုတော့ မွေးလဲ ရှင်မဟာရဋ္ဌသာရရဲ့ ကဗျာတစ်ပုဒ်ကို ရေးသားပါရစေ။

'ပူရေနိုသင်၊ ဆက်တိုင်းကြင်၍
အိမ်ရှင်အစစ်၊ ငယ်ကျွမ်းချစ်နှင့်
တပ်ရစ်လက်သင်၊ ထုံးစတွင်၌
သွေးငင်ကြမ္မာ၊ ဝါသနာကြောင့်
ဆရာမိဘာ၊ ကွပ်ဆုံးမလည်း
ချစ်စထုံးနွှေသင်၊ ပျော်ရအောင်ဟု
သန်းခေါင်မဟူ၊ အတူယှဉ်နွဲ့
သန့်လွှဲမခန့်၊ အသက်စွန့်၍
ဝေးရွှန့်ခရီး၊ ချုံကြီးတောစုံ
ဝါးရုံဝါးစေး၊ သစ်ကျားဘေးကို
မတွေးဆံဖျား၊ မလေးစားတည့်
တရားသံဝေ၊ အောက်မေ့ချေသော်
ကြေးရွှေဂဟော၊ မစပ်ချေသို့
စာပေတတ်ပွန်၊ ဓမ္မကွန်နှင့်
ကျမ်းဂန်သိမြောက်၊ ပဉ္ဇင်းရောက်က
ထပ်လှောက်ကြင်ဖွယ်၊ ရွှေးသောနှယ်ကို
အဘယ်ကြိုးရှာပေတော့မည်။

ချမ်းမြေ့ရွှင်လန်းပါစေ
အတွက်ရဲ့ မကျည်းတန်
၅-၇-၆၅

www.burmeseclassic.com

# အခန်း (၇)

## ပွဲတွေ အမြှတ်တရား

ပျို့သက်တမ်းမှာ ရာမပြည့်သေးသော်လဲ၊ ညှိုရမွှက်လွှမ်းနာ အသားပျက်ဆွေးတွေက၊ နှလုံးမှာ ဆန်ခါကွက်လေးလိုပ၊ မြွေးယှက်လှိုရာထောင်ချီ။

'မယ့်သည်းအိမ် ဘာနှင့်ထေးပါမလဲ' တဲ့ ဆေးမတွေ့ အထင်ရှိသူက၊ ကူမည့်ဟန် ကရုဏာဖြင့် မေးပြန်တော့၊ လမ်းကလေးသာသာမှာ၊ ပန်းဖွေးဖွေးကမ္ဘလာကို ထပ်ကာ မက်ရင်ဖြင့်၊ ဆက်လိမ့်မည် သံသရာကြောင့်၊ 'တန့်ပါပြီတုရား' သမားအကျော်အမော်က၊ အပေါ်ယံ အနာကျက်ဆေးတွေနဲ့၊ အေးပါစေ သဒ္ဓါနှင့် ပေးသော်လဲ၊ သည်းအဆွေး သည်အနာက၊ ပြည်တည်ရာ လိုက်ကာစားပြီမို့၊ လောကီဟန် ကုကာစားပေမယ့်၊ ပွားလို့ဖြင့်ရှင်မကြည်။

'သူ့အမေး မယ့်အဖြေ မပြေတဲ့ သည်စကား' တရားထကယ်မြင်တော့၊ ပျက်အစဉ် ဖြင်ခဏပေပ၊ စိတ်အလျဉ်ကို အတိုင်တွင် အမျှင်သတ်ပါလို့၊ ယှဉ်သမျှ သမုဒယအညှိ ဆက်ရှည်လို့ မေမမွှား၊ အဖြစ်အတည်ရယ်လို့လဲ မေ့မထား။



'အနာဂါမ်မယ် မဟုတ်ပါဘုရား' ကမ်းလက်ကို မေဆုပ်သည်က၊ ပစ္စုပ္ပန် အနေချုပ်ပြီမို့၊ သည်းပုပ်နာပြည်စိုစိုနှဲ့၊ ချစ်တေးကို မဆိုချင်ဘု၊ ယမ်းအိုတွင် ပန်းညိုကောက်ပါတော့၊ မလှမ်းသာ လှမ်းတစ်ရာ အနာပြည့်သော်လဲ၊ အသည်းတမြည့်မြည့်ကျွမ်းအောင် အမှတ်မမှားတော့ပါဘု (သခင်ရယ်....) ပွဲတွေ့အမြှတ်တဲ့ရား။

www.burmeseclassic.com

တစ်ခါတုန်းကပေါ့။ ကူးတို့သမားတစ်ယောက်ရှိတယ်
သူက မြစ်တစ်ဖက်ကမ်းကနေ တစ်ဖက်ကမ်းကို ခရီးသ
တွေတင်ပြီး ကူးခတ်နေရတာ နေ့တိုင်းပဲ။

မိုးရာသီရဲ့တစ်နေ့မှာ ခရီးသည်များများ မရှိဘူး။ ဆ
ဒူးကြီးတစ်ယောက်ပဲ သူ့သမ္ဗန်ပေါ် ပါလာတယ်။ ဆာဒ
ကလဲ အကျင့်သိက္ခာနဲ့ပြည့်စုံပြီး တရားလဲအားထုတ်တဲ့အ
စာလဲတတ်တယ်။ ကူးတို့သမားကလဲ သူ့သမ္ဗန်ကို ကျ
ကျွမ်းကျင်ကျင်နဲ့ လှော်ခတ်လာတယ်။ ဆာဒူးကြီးဟာ
ငြိမ်သက်သက်ထိုင်နေရာက ကူးတို့သမားကို လှမ်းမေးတ

'မင်း စာတတ်လား' တဲ့။

ကူးတို့သမားကြီးက စာမတတ်ဘူးလို့ ရိုးရိုးသားသ
ပြန်ဖြေသတဲ့။ အဲဒါနဲ့ သူတို့သမ္ဗန်လဲ မြစ်လယ်လဲရောက်
မမျှော်လင့်ဘဲ ကောင်းကင်မှာ မိုးသားတွေ မည်းမှောင်
ပြီး လေကျတော့မယ့် အရိပ်အယောင်တွေ ပေါ်လာတယ
သမ္ဗန်သမားက ဆာဒူးကြီးကို လှမ်းမေးသတဲ့။

'ဆာဒူးကြီး ရေကူးတတ်လား' တဲ့။

ဒီတော့ ဆာဒူးကြီးကလဲ 'ရေမကူးတတ်ဘူး' လို့
သတဲ့။ သမ္ဗန်သမားက ပြောတယ်။





'ဆာဒူးကြီး တရားဓမ္မလဲ အားထုတ်ထားလို့ ကျွန်တော်
အများကြီး ကြည်ညိုပါတယ်။ စာလဲ တတ်မြောက်ပါပေ
တယ်။ ခုတော့ဖြင့် မြစ်လယ်မှာ မိုးသက်မုန်တိုင်း ကျပါ
တော့မယ်။ ကျွန်တော်တော့ တတ်နိုင်သလောက် ကြိုးစား
မယ်။ သမ္ဗန်မနစ်ရအောင်နဲ့ မုန်တိုင်းက လွတ်အောင်ပါပဲ။
ဒီနေရာမှာတော့ ဆာဒူးကြီးရေ စာတွေတတ်ဖို့ထက် ရေကူး
တတ်ဖို့ ပိုအရေးကြီးပါတယ်။ သမ္ဗန်မှောက်ရင် ဆာဒူး
ကြီး ရေကူးတတ်မှ ရေနစ်မသေဘဲ ဒီမုန်တိုင်းကလွတ်မှာ'
လို့ ပြောသတဲ့။

'ဒီပုံကိုကြားဖူးလား ဒကာမကြီး'

ဆရာတော်ဘုရား (ဦးလှသိန်း) သည် ပုံပြင်ကို ညှိနေရာ
တွင်ရပ်၍ ကျွန်မကို ညှိမေးခွန်း ဆက်မေး၏။

'တပည့်တော် မကြားဖူးပါဘုရား'

ကျွန်မက ဖြေ၏။

'အေး....ဒကာမကြီးလဲ စာတွေရေးတတ်ပြီး ကလောင်
တစ်ချောင်းပိုင်တဲ့သူ ဖြစ်ပေမယ့် အခု မြစ်ကိုကူးနေရပြီ။
မိုးသက်မုန်တိုင်းလဲ ကျလာနေပြီ။ စာဘယ်လိုတတ်ပေမယ့်
ရေကူးတတ်ဖို့လိုတယ်နော်'

ဆရာတော်ဘုရား၏ မိန့်ခွန်းသည် တိုတိုနှင့် လေးနက်
ကျယ်ပြန့်လှပါ၏။ ကျွန်မ၏ သွေးချိန်လျော့ကျသောရောဂါ
နှင့်တကွ သွေးထဲတွင် သွေးနီဥများ နည်းပါးသော ရောဂါ
ကို အမျိုးမျိုးကုသပါသော်လည်း ကုရ၍မရသည်မှာ ၁၀-နှစ်
ကျော်ခဲ့ပြီ။ သွေးအစစ်ကိုသွင်း၍ ကုသော်မှ မရခဲ့ပါ။

www.burmeseclassic.com



နောက်ဆုံး ကျွန်မ၏ ဆရာမကြီး ဒေါ်သန်းဆွေ (မြန်မာစာကထိက) ကျွန်မအား ဆရာတော်ဘုရားထံ ခေါ်ယူ၍ ပြသကုသစေပါသည်။

နှလုံးအားနည်းရှိတင်မက တခြားသော ခန္ဓာကိုယ်တွင် အလုပ်လုပ်ရသော အစိတ်အပိုင်းတိုင်းလိုလို အင်အားလျော့ပါးနေပြီဖြစ်၍ သည်းခံပြီး စိတ်ရှည်စွာ အကုအသခံရန် ဆရာတော်က ပထမဆုံး ကတိတောင်း၏။ နှလုံးရောဂါအစစ်သာဆိုလျှင်လဲ သူအာမခံနိုင်ကို ကုသနိုင်ကြောင်း ပြောပြပါသည်။

ကျွန်မရောဂါ အခြေအနေကိုလည်း နှစ်ရှည်စွာ ခံစားလာရပါသောကြောင့် ဆရာဝန်ကြီးများ ဖွင့်မပြောတောင် ကျွန်မတာသာတော့ ကျွန်မနားလည် သိရှိလာပါသည်။

ဆရာတော်သည် နှလုံးအားဆေး၊ အစာစားပြီး အစာကြေ လေသက်နိုင်သောဆေး၊ အဖောအရောင်ကျဆေး၊ သွေးနီဥများ အားကောင်းရန် သံဓာတ်ပါသောဆေးစသည်များကို သူ့အချိန်နှင့်သူ သောက်ရန်ပေးသည့်အပြင် ဓာတ်စာကိုပါ အတိအကျစားရန် ပေးခဲ့ပါသည်။

တချို့လူတွေက မင်းရောဂါကို ကျောက်ကပ်ဖော ထင်ပြီး ရေတွေသောက်ခိုင်းလဲ နှင်းကန်မသောက်နဲ့။ မင်းဖောတာတွေဟာ ကျောက်ကပ်ဖော မဟုတ်ဘူး' ဟု ဆရာတော်က သတိပေး၏။ ဆေးများကို ရေနွေးနှင့်သာ သောက်စေ၍ ...ပ်ရေကိုလည်း ရေကျက်အေးကိုသာ သောက်ခိုင်းပါ



သည်။ ရေအေးချိုးခိုင်း၍ ရေအေးချိုးချိန်ကို နံနက် ၁၀ နာရီမှ ၁၂ နာရီအတွင်းသာ အချိန်ပေးပါသည်။

ဆရာတော်ထံ ကျွန်မ သွားပြစက လှုတွဲ၍ သွားရသည့်အပြင် ခေါင်းမတ်မတ်ထား၍ မရပါ။ မေ်တော်ကားစီးလျှင်ဖြစ်ဖြစ်၊ ဝမ်းသွားဆီသွားလျှင်ဖြစ်ဖြစ် တစ်ယောက်ယောက်က ခေါင်းကို အစဉ်ကိုင်ထားရပါသည်။

တစ်နှစ်ကြာ၍ လာသောအခါ ယခင်က သွေးချိန်တိုင်း သွေးချိန် (၁၀၀) မကျော်သော ကျွန်မသည် (၁၀၀)ပြည့်၍ လာပါသည်။ ယခင်က (၁၀၀) မပြောနှင့် (၉၀) ပြည့်ရန် ခဲယဉ်းသည့်အပြင် အထူးသွေးအား လျော့ချိန်တွင် (၅၀) အထိ လျော့ကျသွားတတ်ပါ၏။

ဆရာဝန် ဒေါ်မြမြအေးက 'လူတစ်ယောက် ရှတ်တရက်သေသွားတောင် သေကာနီး သွေးချိန်ဟာ မယု လောက်မလျော့ဘူး၊ အစစ သတိထား၊ လမ်းသွားလဲ တစ်ယောက်တည်း မသွားပါနှင့်' ဟု သူ အစဉ်သတိပေး၏။ သူ့ဆေးတိုက်တွင် ၂ လနီးနီး အခန်းခမယူဘဲ အနားယူစေကာ ဆရာဝန်ကြီး ဦးမင်းစိန်နှင့် ကုသစေပါသည်။ ကျွန်မ၏ခင်ပွန်းသည်ဆုံးပြီးမှ သိမ်မြို့ဆရာတော်၏ ဆေးကုသမှုကို ခံယူခဲ့ပါသည်။ ဆေးကုသစဉ် ထိုပုံပြင်ကို ဆရာတော်ဘုရား မြော်မြင်သည်မှာ ပြောသင့်ပါသည်။ ဆရာတော်သည် ကျွန်မအား လူစုလူဝေးမှ ရှောင်ရှားနေရန် စကားမပြောရန် ပရိတ်... တတ်ဖတ်သည်ကိုမှ စိတ်ထဲမှသာရွတ်ရန် အသံထွက်မရွတ်ဖို့နှင့်

www.burmeseclassic.com

www.burmeseclassic.com



ဆူညံသောအသံဟူသမျှ နားမထောင်ရန် အမြင့်မတက်ရန် များကအစ အသေးစိတ် ညွှန်ကြား၏။ ရှောင်ရန်နှင့် စားရန်ကိုလည်း ဓာတ်စာ အတိအကျ ပေးပါသည်။ (အထူးရှောင်ရသည်မှာ ၅ မျိုး ဖြစ်ပါသည်။ ဝက်သား၊ ဘဲသား၊ မြေပဲ၊ အုန်းနို့နှင့် သခွားသီးဖြစ်ပါသည်။) ဆရာဝန်များ မပေးသော ငါးခူ၊ ငါးပိချက်၊ အရေကျိုငါးပိနှင့် မျှင်ငါးပိကို စားခွင့်ပြု၏။ ငါးပိကြိုက်သော ကျွန်မသည် ငါးပိ စားရကတည်းက ထမင်း မြိန်လာပါ၏။ ယခု နောက်ဆုံး သွေးချိန်မှာ အပေါ် ၁၁၀၊ အောက် ၇၀ ဖြစ်လာ၏။ ကျွန်မ တစ်သက်တွင် မတက်လာဖူးသော သွေးချိန် (Blood Pressure) ဖြစ်ပါသည်။ လူသေလို အစဉ် ဖြူဖွေးနေသော ကျွန်မ နှုတ်ခမ်းဖျားသည် ယခု နှုတ်ခမ်းနီ မဆိုးရဘဲ ပန်းနုရောင် ဖြစ်လာ၏။

ကျွန်မ၏ အခြေအနေ ကျန်းမာရေး ကောင်းလာသည်ကို ဆရာတော်အား ဝမ်းသာအားရ လျှောက်ထားလိုက်သော ဆရာမကြီး ဒေါ်သန်းဆွေသည် ကျွန်မကို လာခေါ်၏။ ကျွန်မကလည်း 'ကျွန်မ၏ချစ်သူ' စာတစ်အုပ်လည်း ရေးပြီးကြောင်း ဆရာမကြီးအား ဝမ်းသာအားရ ဆီး[illegible] ပြောလိုက်၏။

'ကဲ…စာအုပ်ယူခဲ့ပါ၊ ဆရာတော်ဘုရားကို ကန်တော့ရင်း ကျန်းမာရေး ကောင်းလာ[illegible]လဲပြော၊ စာအုပ်လဲကပ်' ဟူ၍ ဆရာမကြီးက ပြော[illegible]သည်။



ဆရာတော်ဘုရားထံရောက်၍ ကျွန်မအလှည့်တွင် ရောဂါအခြေအနေကိုလဲ မေး၏။ ကျွန်မဆက်ကပ်သော စာအုပ်ကိုလဲ လက်ခံ၏။ တစ်ခု ထူးထူးခြားခြား မေးသည်မှာ 'ဒကာမကြီး ဒီမလာခင် ဘာဟင်းနဲ့ စားလာလဲ' ဟူသော မေးခွန်းဖြစ်၏။

'တပည့်တော် ငါးသလောက်နဲ့ ပုန်းရည်ကြီးဟင်း ချက်စားလာပါတယ် ဘုရား'

ဘုန်းတော်ကြီးသည် ကျွန်မ၏အဖြေကို ကြားရပြီးနောက် ဆောင်းပါးအစမှ ပုံပြင်ကို ပြောပါတော့သည်။ အပြန် ကားပေါ်တွင် ဆရာမကြီး ဒေါ်သန်းဆွေက ကျွန်မကို ပြောပြပါ၏။

'မယုကို ဆရာတော်ဘုရားပြောတဲ့ ပုံပြင် အဓိပ္ပာယ်ကို သဘောပေါက်လား'

'ရိပ်မိပါတယ် မမ'

'အေး…မယုဟာ ကလောင်တစ်ချောင်း ကိုင်နိုင်တဲ့ အောင်မြင်နေတဲ့ စာရေးဆရာတစ်ယောက် ဖြစ်နေတယ်ဆိုတာကို ဆရာမလဲ လက်ခံတယ်။ ကိုယ့်တပည့်ဖြစ်တော့ ဝမ်းလဲဝမ်းသာပါတယ်။ ဒါပေမယ့် ဆရာတော်ဘုရား သတိမပေးတော် မယုဟာ ကိုယ့်ရောဂါနဲ့ အစားအသောက်ကို ဆင်ခြင်ဦးမ[illegible]၊ ခုတော့ ငါးသလောက်နဲ့ ပုန်းရည်ကြီးတဲ့၊ ဆရာ[illegible]ဘုရားကတော့ တည့်တည့် ဖွင့်မပြောဘူး။ ဆရာမကတော့ ရိပ်မိတယ်။ ပြီးတော့လဲ ကျန်းမာရေး

www.burmeseclassic.com

www.burmeseclassic.com



ကောင်းလာရင် ပိုမိုပြီး အားအင် တောင့်တင်းလာမယ်။ အစားအနေမှားသွားတောင် ခံနိုင်ရည်ရှိအောင်လို့ အားမွေးဦးမှပေါ့။ မယု စာတွေမရေးရဘူးလို့ ဆရာတော်ကရော ဆရာမကရော မတားလိုပါဘူး။ ဒါပေမယ့် ကိုယ့်အသက်နဲ့ခန္ဓာကို ဉာဏ်နဲ့ယှဉ်ပြီး ဆင်ခြင်ရတယ်။ ကိုယ့်အသက်တစ်ရာရှည်သည်နှင့်အမျှ မြတ်စွာဘုရားရဲ့ တရားတော်ကို ဆင်ခြင်နှလုံးသွင်းနိုင်ခွင့်အချိန် တစ်ရက်ပိုရတာ ဘယ်လောက်တန်ဖိုးရှိလဲ၊ ခုတော့ မယု 'လုပ်တာ အရမ်းကြီးပဲ'

ကျွန်မသည် ဆရာမကြီးစကားကိုလည်း နားထောင်ရင်း စိတ်ထဲက ပြုံးလည်းပြုံးမိ၏။ 'ငါ့လုပ်တာတွေကလဲ အရမ်းကြီးပဲနော်'ဟု ကိုယ့်ကိုယ်ကို တရားချမိပါ၏။

နောက်တစ်ပတ် အိမ်တွင် စာအုပ်ထုတ်ဝေသူ ဦးအောင်ကြီးနှင့်တွေ့၍ ကျွန်မနှုတ်ဆက်၏။ တရားအားထုတ်ရန် ရိပ်သာကို သွားတော့မည့်အကြောင်းနှင့် သိမ်ဖြူဆရာတော်ဘုရား (ယခုဦးလှသိန်း) ပြောပြသော ပုံပြင်ကိုလည်းပြောပြ၏။

'ဆရာတော်က ပြောသင့်တဲ့ပုံပြင်ပဲ၊ ခုလဲ တရားအားထုတ်ဖို့ သွားတော့မယ် ပေါ့လေ'

'ဟုတ်ကဲ့၊ ကျွန်မအာဝဇ္ဇန်းပြုပြီးပြီ၊ ရက်ရှည်တော့မယူတ်သေးဘူး'





'အေးဗျာ ခင်ဗျားက သစ္စာဆို အာဝဇ္ဇန်းပြုပြီးရင် မပြင်ချင်တဲ့မိန်းမဆိုတော့ ခက်သား။ ကျုပ်တို့ ဘီအိုင်အေ၊ ဘီဒီအေ ရဲဘော်အချင်းချင်းဟာ ဘယ်ဝါဒကိုပဲ လက်ခံလက်ခံ ပင်ကိုစိတ်ရင်းတွေကတော့ ညီရင်းအစ်ကိုလို ချစ်ကြလေတော့ ဖိုးကျော်သောင်းကို သစ္စာရှိသလို၊ ကျွန်တော်တို့ဟာ ခင်ဗျားအပေါ် ဆက်လက်သစ္စာရှိရမယ်၊ စောင့်ရှောက်ရမယ်၊ ဆရာတော်ဘုရားကလေ ခင်ဗျားကို သာသာနဲ့နာနာလေး နှက်လိုက်တာ၊ မြစ်ကူးတယ်ဆိုတာ ဘဝတစ်ခုကို ကူးတာနဲ့ တူတူပဲ။ ဒီတော့ အင်း....'ရေကူး' တတ်ဖို့လိုပါတယ်ခင်ဗျ။ ခုလဲ ကျန်းမာရေး ဒါထက်ကောင်းလာမှ တရားသွားထိုင်ရင် ပိုမကောင်းပါလား၊ ကျွန်တော်တားရင် ခင်ဗျားက ကွန်မြူနစ်ကြီးက တရားထိုင်တာကို တားမြစ်တယ်လို့ အထင်လွဲမှာစိုးတယ်။ ကျွန်တော် ကွန်မြူနစ် တစ်ယောက် ဖြစ်ပေမယ့် ဗိုလ်သိန်းတန်ညွှန်ကြားလို့ မဟာစည်ဆရာတော်ဘုရား ရေးတဲ့ 'ဝိသုဒ္ဓိမဂ် မြန်မာပြန်' ပထမတွဲရော ဒုတိယတွဲရော ဖတ်ပြီးပြီ။ ရင်ထဲမှာလဲ ခုမှပဲ ဗုဒ္ဓမြတ်စွာဘုရားသခင်ရဲ့ အဆုံးအမရော လောကီ လောကုတ္တရာမှာနေရေးထိုင်ရေး ဗုဒ္ဓလမ်းစဉ်ကိုရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ယုံကြည်သဘောပေါက် လာပါတယ်။ ဒီတော့ ကွန်မြူနစ်ကြီးမို့လို့ ခင်ဗျားကို တားတယ်လို့တော့ မထင်နဲ့ဗျနော်၊ ခင်ဗျား ကျန်းမာရေး မကောင်းပြောင်တရားလဲ အားမထုတ်နိုင်ဘူး။ စာလဲ မရေးနိုင်ဘူး ဆိုတာ အမြဲသတိပြုဖို့တော့ ကျွန်တော်တောင်းပန်ပါတယ်'

www.burmeseclassic.com



ဦးအောင်ကြီးသည် ဒါပဲပြော၍ ပြန်သွားပါသည်။ ကျွန်မ၏ ခင်ပွန်းသည်တွင် ငယ်သူငယ်ချင်း အညာသား မိတ်ဆွေများသာမက ဘိအိုင်အေ၊ ဘီဒီအေ ရဲဘော်ဟောင်း၊ တော်လှန်ရေးရဲဘော်၊ တပ်နီ၊ အလံနီ၊ ရဲဘော်ဝါ၊ ရဲဘော်ဖြူ၊ ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ တောတွင်းပြန်တို့နှင့် တကွ၊ ကျောင်းသားသမဂ္ဂ၊ ကျောင်းနေဘက်တွေ စုံလှပါ၏။

'ကိုကြီးကို ချစ်ရင် ကိုကြီးရဲ့ရဲဘော်အားလုံးကို မိချို ချစ်ရမယ်' ဟူသော သူ၏အဆုံးအမအတိုင်း ကျွန်မက သူ့ရဲဘော်များကို ချစ်ရ၊ လေးစားရပါ၏။ သူတို့ ရဲဘော်အချင်းချင်းစိတ်က တစ်လုံးရရင် တစ်ခြမ်းစီ ခွဲပေးမယ် ဆိုသောစိတ်ဓာတ်မျိုး ဖြစ်၏။

ယခုလည်း သူကွယ်လွန်မသွားခင် ကတည်းက 'ကိုအောင်ကြီးတစ်ယောက် ထုတ်ဝေသူ လုပ်နေတယ်၊ မိချို ဝတ္ထုအသစ်တစ်ပုဒ်ရေးပေးလိုက်ပါ' ဆိုသော်လည်း အကြောင်းကြောင်းတို့ကြောင့် ရေးမပေးဖြစ်ခဲ့ပေ။ ယခု သူကွယ်လွန်ပြီး ၃-နှစ်ကြာမှ ထိပ်စုဖုရား မငျိုင်းဝတ္ထုရှည် လုံးချင်းတစ်ပုဒ်ကို ရေးပေးဖြစ်ခဲ့ပါသည်။ ထိုဝတ္ထုရှည်ရေးအပြီးတွင် ကျွန်မ မဟာစည် သာသနာ့ ရိပ်သာသို့ ဝင်ခဲ့ပါ၏။

လက်မထပ်ခင်က ရိပ်သာတွင် တရား အားထုတ်ကာ ဉာဏ်စဉ်နာခဲ့ပါ၏။ထိုကတည်းက ကျွန်မရိပ်သာနှင့် အဆက်ပြတ်နေ၏။ ရောဂါကြောင့် ဆရာဝန်များက ဥပုသ်စောင့်ခွင့်မပြု၊ သို့သော် ကျွန်မသည် ၁၀-ရက်၊ သို့မဟုတ် ၇-ရက် အမြဲဌာန်ပြုကာ အိမ်တွင်ပင် ဥပုသ်စောင့် တရားထိုင်၏။ တစ်ခါတစ်ရံ လုံးဝစကားမပြောဘဲနေ၏။ အစားအစာကို အချိန်နှင့် အခန်းထဲ လာပို့စေပါသည်။

မဟာစည်ရိပ်သာ၏ တရားမှာ ဉာဏ်စဉ် နာခြင်းသည် အဓိကအကြောင်းမဟုတ်ပေ။ မိမိတရား ဘယ်အခြေအနေ ရောက်နေပြီဆိုသည်ကို ယောဂီကိုယ်တိုင် သိရှိ ဆုံးဖြတ်နိုင်အောင် ဉာဏ်စဉ်နာစေခြင်းသာဖြစ်ပါသည်။ထို့ကြောင့် ဉာဏ်စဉ်နာပြီးလဲ အခါအခွင့်သင့်တိုင်း ရိပ်သာသို့ ရက်ရှည်ဝင်နိုင်လျှင် (အနည်းဆုံး တစ်နှစ်တွင် တစ်ခါ၊ တစ်ခါဝင်လျှင် တစ်လ) လောက် သွားရောက် အားထုတ်နိုင်လျှင် ပို၍ကောင်းပါသည်။

အိမ်ရှင်မတစ်ယောက် ဖြစ်လာတော့လည်း အိမ်အုပ်ချုပ်မှု တာဝန်က သေးသည်မဟုတ်။ ထို့ကြောင့် ရိပ်သာသို့ မသွားနိုင်သော်လည်း အိမ်တွင် ၁၀ ရက်ဘန်သည်၊ ၇ ရက်တန်သည် ဥပုသ်စောင့်ကာ တရားထိုင်ရင်း နှလုံးသား၏ ငြိမ်သက်ရာကို ရှာရပါ၏။ ဥပုသ်တွက်သောအခါတွင်လည်း နေမကောင်းလျက် အိပ်ရာပေါ်မှပင် အိမ်မှုကိစ္စကို စီမံခန့်ခွဲရပါသည်။ မိန်းမတစ်ယောက်အနေနှင့် အိမ်ကိစ္စတွေ ပြီးပြတ်ပြီးမှ ရိပ်သာကို ရက်ရှည်ဝင်မည်ဟူ၍တော့ မဖြစ်နိုင်ပါပေ။ အဘယ့်ကြောင့်ဆိုသော် မိန်းမဟူသည် အိမ်နှင့် ကင်းကွာ၍ မရပါသော မွေးရာပါ ကံကြမ္မာကို လက်ခံယူ







www.burmeseclassic.com

www.burmeseclassic.com

ရပါသည့် မနုဿလူသား တစ်မျိုး ဖြစ်သောကြောင့် ပါ တည်း။

ထို့ကြောင့် စားစား၊ သွားသွား၊ နေနေ ကြားထဲ ကပင် အချိန်ရသ၍ အိမ်မှာတွင်ပဲ အားထုတ်နေရပါ၏။ နှလုံးသား မပူပန်ဘူးသူများအဖို့၊ သို့မဟုတ် တရားဆန်ဆန် ပြောရလျှင် ဒုက္ခသစ္စာကို ပြတ်ပြတ်ထင်ထင် မမြင်မတွေ့ မကြုံရသေးသူများအဖို့ တရားထိုင်ခြင်းကို ပြက်ရယ်ပြုကြ မည်မှာမမှတာပါတည်း။သူတို့ကိုလည်း အပြစ်တင်စရာမလို ပါပေ။ မနုဿ လူ့ဘုံဆိုသည် ငရဲ၏ တစ်စိတ်တစ်ဒေသဟု လက်ခံထားသော ကျွန်မအဖို့ သတ္တလောကတွင် ဘယ်နေရာ သို့ပင်ပြေးပြေး ဆင်းရဲခြင်းဒုက္ခသည် အစဉ်ရှိနေ၏။ထိုအခါ လွတ်မြောက်ပြေးသွားဖို့ အချိန်ယူ၍ နည်းလမ်း မရှာဖွေ နိုင်မီ အတောအတွင်းတွင် ထိုဒုက္ခကို ရင်ဆိုင်ရင်း လောက ခရီးကို ဆက်လက်သွားဖို့ စိတ်ထားကို မွေးမြူရပေမည်။ ထိုစိတ်ဓာတ်ကို မထားတတ်လျှင် ဒုက္ခ၏ ထိုးနှက်ချက်တို့ဖြင့် နှလုံးကွဲ၍ သေပွဲဝင်ရ ပေမည်။

ထို့ကြောင့် လက်ထပ်ပြီးကတည်းက ရက်ရှည်မဝင်နိုင် သော်လည်း ကြုံးကြားကြုံးကြားအိမ်တွင်ပင် အားထုတ်ရ၏။ တရား၏အကျိုး ဘယ်ကဲ့သို့ ခံစားရသည်ကိုတော့ ကိုယ့်ဟာ ကိုသာ သိသည်။ သိသောကြောင့် တရားတော် အပေါ်၌ ယုံကြည်မှု သဒ္ဓါစိတ်သည် ပိုမိုခိုင်မြဲလာရပါ၏။

မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်သည် ထားဦး၊ တစ်ဒဂ္ဂ ကျွန်မတွင် အကျိုးထူးသည်ကတော့





ခံစားနေရသော ရောဂါနှိပ်စက်ခြင်းမှ ဝိပဿနာ ရှုမှတ်နေ ဆဲ၌ လွတ်မြောက်နေရခြင်းမှာ 'အေးငြိမ်းခြင်း' တစ်ခုပါ ပင်တည်း။

ဒုတိယ ပိုမိုယုံကြည်သဒ္ဓါစိတ် ပေါက်လာခြင်းအကြောင်း တစ်ရပ်ကို ကျွန်မ ရေးပြလိုပါသည်။ ကျွန်မတွင် ဟန်သာရှိ သည်၊ ခံနိုင်ရည်(ခန္ဓာကိုယ်အင်အား) မရှိပြီကို ကျွန်မကိုယ် ကျွန်မသာ သိသည်။ အထင်အရှားဆုံး အဖြစ်အပျက်မှာ ကျွန်မ၏ခင်ပွန်းသည် ကွယ်လွန်ကာနီးအချိန်တွင် ကျွန်မ၏ ရောဂါအခြေအနေမှာ ဆရာဝန်များ စိုးရိမ်နေကြချိန် ဖြစ် ၏။ အားလုံးကပင် ကျွန်မကို ဂရုစိုက်ရန် ကျွန်မ၏ခင်ပွန်း သည်အား သတိပေးထားချိန်ဖြစ်၏။

သူက ဖြိုးဖြိုးဖျပ်ဖျပ်နှင့် မျက်စိရှေ့တွင် ဗုန်းဗုန်းကြီး လဲကျသွား၏။ သူ၏ နောက်ဆုံးအချိန်ကို ကျွန်မ မားမား ရပ်၍ အားပေးနိုင်ရန်မှာ သာမန်အင်အားနှင့် ကျွန်မ မတ် တတ်ပင် မရပ်နိုင်ပါ။ သို့သော် ကားပေါ်မှအဆင်း လူနာ ၏အခန်းဝသို့အရောက် အစဉ်ပင် တရားကို မိနစ်ပိုင်းလေးပဲ ဖြစ်ဖြစ် ရှုမှတ်၍ သူ့အခန်းသို့ ဝင်သွားရ၏။ ထိုအခါ၌ ကျွန်မမျက်နှာသည် လန်းဆန်း၍ ခြေလှမ်း မှန်မှန်နှင့် သူ့ အပါးတွင် သွား၍ရပ်ကာ သူ နားကြားလိုသောတရားကို တည်ငြိမ်စွာ ရွတ်ဖတ်ပြနိုင်ပါသည်။ ဆေးရုံက အပြန်တွင် တော့ ဆရာဝန်မလေး ဒေါက်တာမမရီနှင့် အစ်မကြီးဒေါ် မမလေး (အပျိုကြီး)မှာ ကျွန်မကို အိပ်ရာပေါ်သို့ တွဲယူရ ပါသည်။

www.burmeseclassic.com



သူ့ကို ဂူသွင်းမည့်ရက်တွင်မူ ကျွန်မ၏ခန္ဓာကိုယ်ကို ဆရာဝန်က ဆေးထိုးပေးထား၏။ ကျွန်မ၏စိတ်ဓာတ်ကိုမူ ကျွန်မသည် ဝိပဿနာ ရှုမှတ်မှုတွင် ပုံအပ်ထားရ၏။ ကားပေါ်မှ ဆင်း၍ ခြေလှမ်းတိုင်းတွင် အမှတ်သတိ ပို၍ထား၏။ သူ့ရင်ဘတ်ပေါ်တွင် သစ္စာပန်းကို တင်ရချိန်တွင်လည်း အသေးစိတ် ရှုမှတ်နေရ၏။ နောက်ဆုံး စစ်ထုံးစံအတိုင်း သူ့ကို ဂူမသွင်းခင် ဝမ်းနည်းခြင်းအထိမ်းအမှတ်ဖြင့် စစ်ခရာသံမှုတ်နေဆဲတွင်ပင် ကြားတယ် ကြားတယ်လောက်ကိုသာ ရှုမှတ်နေရ၏။ စာရေးဆရာစိတ်ဖြင့် နှလုံးသားကို ဦးစားပေး၍ ချစ်သူနှင့် နောက်ဆုံးခွဲခွာရခြင်း ဝေဒနာကို လွှတ်သာပေးလိုက်ရလျှင် ကျွန်မ၏ ခန္ဓာကိုယ်အင်အားမှာ နေရာတွင်ပင် နှစ်ယောက်ပြိုင်တူ ဂူသွင်းရမည့် အဖြစ်ပါပင်တည်း။

ထိုနေ့က ဝိပဿနာရှုမှတ်မှု သမာဓိဆေး အရှိန်ကောင်း၍သာ သူ့အုတ်ဂူကို နောက်ဆုံး ဂူခြေရရ ခွဲခွာခဲ့နိုင်ခြင်း ဖြစ်ပါသည်။

သိမ်ဖြူဆရာတော်ဘုရား(ယခု ဦးလှသိန်း)၏ ဆေးကုသမှုကို ခံယူခဲ့သည်မှာ တစ်နှစ်ပြည့်မြောက်လာခဲ့ပါသည်။ ကျွန်မရောဂါကို ကျွန်မနားလည်ပါသည်။

အမရပူရ တောင်မြို့ဆရာတော်ဘုရား အရှင်ဇနကာဘိဝံသက ကျွန်မ၏သူငယ်ချင်း မငြိမ်ကို မိန့်မှာလိုက်ဖူး၏။

'ဒကာမ မယ်ယု၏ရောဂါဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ၄-ပါးမှာ စိတ်ကြောင့်ဖြစ်တဲ့ဝေဒနာက ပိုမိုလွန်ကဲနေလို့ စိတ်ကိုကုပါ'ဟု မှာကြားပါ၏။





ကျွန်မကိုယ်ကျွန်မလဲ သိရှိခဲ့ပါသည်။ အနောက်တိုင်းဆေးပညာရှင်တို့ ကုထုံးအရ လူသေးအစစ်ကိုလည်း ကျွန်မ ဆေးကြောထဲသို့ နှစ်ကြိမ်တိုင်သွင်းခဲ့၏။

ဂလူးကို့စ် ပုလင်းများကိုလည်း ၁၂-ကြိမ်၊ ၁၂-ရက်ဆိုင်တိုင် ဆေးနှင့်ရော၍ သွင်းခဲ့ရသည်။

ကျွန်မသွေးထဲတွင် သွေးနီဥများ ဆရာဝန်ကြီးများ မျှော်မှန်းသလောက် တိုးတက်လာခဲ့ခြင်း မရှိခဲ့ပါ။ အကျိုးတန်သလောက် ရှိခဲ့ပါ၏။

သိမ်ဖြူဆရာတော်ဘုရား(ယခု ဦးလှသိန်း) နှင့် မြန်မာဆေး ဝါးကုသမှုကို အထက်၌ကျွန်မရေးသားသလို ခံယူခဲ့ပါ၏။ 'ရွှေပြာသံရောက် သိဒ္ဓိပေါက်'ဟူသော နည်းအရ ဆရာတော်ဘုရားက သံခ်ာတ်ပါသော ရွှေပြာနှင့် ဖော်စပ်ထားသည့် ရသာယနဆေးကို ၂-ဖုံစားပြီးသောအခါမှ ကျွန်မ၏ သွေးအားချိန်မှာ(Blood Pressure)၁၁၀-ဖြစ်လာ၏။ ဟီမိုဂလိုဘင်အား များလာကာ လက်ဖျားနှင့် နှုတ်ခမ်းများများ ပန်းရောင်သွေးပေါက်လာခဲ့ပါသည်။

သို့သော် 'ဤအရာကား ဆေးကု၍မရပါ'ဟူသော ငယ်စဉ်က ပထမတန်းဖတ်စာတွင် ဖတ်ရသည့် စာတမ်းလေး တစ်တမ်းကို ကျွန်မ အစဉ်သတိရနေ၏။ ထိုစာတမ်းလေးမှာ ငယ်စဉ်က ပြောပလောက်အောင် တန်ဖိုးမရှိဟု ထင်ခဲ့ပါ၏။ ယခုတော့ ကျွန်မသိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာတွင် ရုပ်ကို ပြုပြင်ပြောင်း တောင့်တင်းခိုင်မာဖို့ သိမ်ဖြူဆရာတော်ဘုရား ယခု (ဦးဇ သိန်း)အား ကျွန်မ၏ခန္ဓာကိုယ်ကို အပ်ခဲ့ပါပြီ။ နာမ်ခန္ဓာ သော ကျွန်မစိတ်ကို ကုသရပေတော့မည်။

'စိတ်ကို ဘယ်လိုကုသရမလဲ' ကျွန်မကိုယ်ကျွန်မ မေး မိ၏။

ကျွန်မခင်ပွန်းသည် ဆုံးစက ဝမ်းနည်းကြေကွဲကြောင်း ပြည်တွင်းနှင့် နိုင်ငံခြားမှ သူ့ရဲဘော်ဟောင်းများထံမှ စာ များ ကျွန်မရခဲ့၏။

ကျွန်မကိုချစ်သော စာဖတ်ပရိသတ်များ ထံမှလည်း ကျွန်မ ရခဲ့၏။

ကျွန်မရင်ထဲတွင်မူ ကိုယ့်ကိုယ်ကို ခဏခဏ မေးမိ၏။ 'ဩော်....သူကတော့ လူ့ဘဝကို အနိုင်နဲ့ပိုင်းခဲ့ပြီ။ ငါ့မှာ တော့ တစ်ယောက်တည်း၊ ဒါလောက်ချည့်နဲ့တဲ့ခန္ဓာကိုယ်နဲ့ လူ့ဘဝခရီးကြမ်းကို ဘယ်လိုဆက်လှမ်းရမလဲ။ ခန္ဓာဝန်ရှိ လေ့သမျှ ဆက်ပြီးမလျှောက်တော့ပါဘူးရယ်လို့ ငုတ်တုတ် အသေခံလို့လဲ မရဘူး။ မစိုးမပိုင်သော ဒီခန္ဓာကိုယ် ရှိနေ သမျှ ငါဆက်ပြီး ဒီဘဝခရီးယောင်းတောကို ရဲရဲပဲလှမ်းရမယ်။ ဘယ်လိုလှမ်းရမလဲ' ခဏခဏ ဆိုသလိုပင် အိပ်ရာထဲလဲနေရာ မှ တွေးမိ၏။ ဝမ်းနည်းကြောင်း စာများကို တုန့်တုန့်ယင် ယင်ဖြစ်နေသော လက်ချောင်းငယ်များနှင့် ကိုင်ဖတ်ရင်း





ပုံများကြားတွင် စာအုပ်၂-အုပ်ကို တွေ့ရ၏။ စာအုပ် ၂- အုပ်သည် မျိုးတူ အမည်တူ၊ ရေးသူမှာ ကမ္ဘာကျော်စာရေး ဆရာမကြီး ပါးလ်ဘတ် ဖြစ်ပါသည်။ ကျွန်မထံကို ပေးပို့ သူ မိတ်ဆွေနှစ်ယောက်မှာမူ တစ်ယောက်က သူငယ်ချင်း လက်ထောက်ကထိက မခင်ရီဖြစ်၍ တစ်ယောက်မှာမူ ကျွန်မ မသိသော ကျွန်မကိုချစ်သူ ခင်ရင်မြဆိုသည့် စာဖတ်ပရိသတ် တစ်ယောက်ထံမှ ဖြစ်ခဲ့ပါသည်။ စာအုပ်အမည်မှာ....

(A Bridge For Passing)ဖြစ်သည်။ စာရေး ဆရာမကြီးသည် သူ၏ခင်ပွန်းသည် ကွယ်လွန်ပြီးသည့်နောက် အထီးကျန် ဘဝခရီးလမ်း ဖြတ်သန်းခဲ့ရသော သူ့ခံစားမှု ဝေဒနာကို ရေးသားဖော်ပြထားချက်များ ဖြစ်၏။အတွင်း စာသားများကိုမူ ကျွန်မ ယခုထိ မဖတ်ရသေးပါ။မျက်စိ က အလွန်အားနည်းနေသေး၍ ဖြစ်ပါသည်။

စာရေးဆရာမကြီး ပါးလ်ဘတ်သည် တရုတ်ပြည်မှာ မွေးသော်လည်း အမေရိကန်သူ (ဝါ) အနောက်တိုင်းသူ တစ်ယောက်ဖြစ်၏။

ကျွန်မက အရှေ့တိုင်းဘုအစစ် မြန်မာ့မြေတွင် မွေးပါ သော မြန်မာမ တစ်ယောက်၊ ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ အဆုံးအမကို ခံယူကာ ရတနာသုံးပါးကို ကိုးကွယ်သူ ဗုဒ္ဓ ဘာသာတစ်ယောက် ဖြစ်သည်။

စာအုပ်ပေးပို့သူတို့၏ စေတနာ မေတ္တာကို လေးစားပါ သော်လည်း အခြေအနေအရ စာအုပ်များကို သိမ်းဆည်း ထားလိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်နှင့်နာမ်ဟူသော အကြောင်းတရား ၂-ပါးကို ခွဲခြား စိတ်ဖြာ၍ ဟောကြားပြသထားသော ဗုဒ္ဓရှင်တော်ဘုရား၏ အဆုံးအမကို ခံယူထားပါလျက် ယခုကဲ့သို့ ချစ်တဲ့သူနှင့် ကွေကွင်းရခြင်း ဒုက္ခဆင်းရဲကို ခံစားရချိန်တွင် အနောက် တိုင်း 'ဟန်' အနောက်တိုင်းပုံစံနှင့် ကုသ၍ သဘာဝ မကျ ပါပြီ။

ခန္ဓာကိုယ်၏ ဖောက်ပြန်ပြောင်းလဲ အားနည်းချက်များ ကိုပင် မြန်မာ့ကုထုံးနည်းဖြင့် ကုသရန် သိမ်ဖြူဆရာတော်ကို အပ်နှံပြီးခဲ့ပြီ။

စိတ်ကိုကုသရန် နည်းလမ်းကိုရှာရာ၌ ကျွန်မကို ကျွန်မ ဆုံးမရ၏။

ဆုတောင်းခန်းပျိုတွင် ရှင်မဟာသီလဝံသ ရေးသား သော စာတမ်းများကို ပြန်လည်အောက်မေ့ ဆင်ခြင်ရ၏။

သုမေဓာ ရှင်ရသေ့လောင်းသည် သူကြွယ်ဘဝ၌ ရှိစဉ် က အပုံအယင်များလှစွာသော ပစ္စည်းများကို စွန့်လွှတ်၍ တစ်ကိုယ်တည်း တောသို့ဝင်ကာ တရားအားထုတ်ရန် စီစဉ် ခဲ့၏။

သူကြွယ်သားသည် သူ့ကိုယ်သူ ဆုံးမရာ၌ 'ကြည်လင် အေးမြသော တစ်ဖက် ဆည်ကန်ကြီးရှိ၏။ ရှိသည်ကိုလည်း သိပါလျက် နံ့အလိမ်းလိမ်း ပေကျံကျက်ရှိသော ထိုလူသား သည် ရေကန်၏ရေဖြင့် မိမိကိုယ်ကို ဆေးကြောခြင်း မပြု



ပါက ရေကန်၏အပြစ်မဟုတ်၊ ထိုလူသား၏ အပြစ်ပင် တည်း' ဟူ၍ သူကြွယ်သားသည် သူ့ကိုယ်သူ ဆုံးမ၏။

ယခု ကျွန်မသည်လည်း လက်မထပ်ခင်ကပင်လျှင် သာ သနာ့ရိပ်သာတွင် မဟာစည် ဆရာတော်ဘုရား၏ ထံမှောက်၌ ဝိပဿနာတရားကို ကျင့်ကြံအားထုတ်ဖူးပါလျက် ယခုကဲ့သို့ သတိမေ့လျော့ကာ စိတ်ဓာတ်ပင်ပန်းနွမ်းလျကာ ပုံကျနေ ခြင်းမှာ မဖြစ်ထိုက် မဖြစ်သင့်သော အကြောင်းတစ်ခုပင် ဖြစ်၏။

ထူထူထောင်ထောင် ဖြစ်လာသည်နှင့် တစ်ပိုင်နက် ခန္ဓာ ကိုယ်ကို ကုသော သိမ်ဖြူဆေးများကို ယူကာ ရိပ်သာကို ၁၀ ရက် ပထမဆုံး ပြန်ဝင်လိုက်၏၊

'ဖြစ်ပါ့မလား' ဟု သမီးကြီး မိကလည်း ဆို၏။ ဆွေမျိုး များကလည်း ဆို၏။ ရိပ်သာရှိ တရားအားထုတ်ဘက် ယောဂီ အမျိုးသမီးကြီးများကလည်း ကောင်းမွန်စွာ ကြိုဆို ကြပါသော်လည်း ကျွန်မ၏ ဖောသွပ်သွပ်မျက်နှာ၊ ခြေ လက်တို့နှင့် ဝါထိန်ထိန်အသားအရေတို့ကို အားမရကြပေ။

အမျိုးသမီးယောဂီများကို တရားပြသရန် တာဝန်ယူ သော ဆရာတော် ဦးဇနကထံသို့ ပထမ ဝင်ရောက်ဖူးမြော် ရာ၌ ကျွန်မ၏ စကားလုံးများမှာ မသဲကွဲ၊ လေဆက်ကလည်း မမီ၍ နားထောင်သူ ဆရာတော်ကိုပင် အားနာမိပါ၏။ ဆရာတော် ဦးဇနကမှာ ကျွန်မရိပ်သာနှင့် ခေတ္တ ဆက် ပြတ်နေသော သုံးလေးနှစ်အတွင်း ရောက်ရှိလာသော ဆရာ

www.burmeseclassic.com



တော် ဖြစ်၍ ယခင်က မတွေ့ဖူး မမြင်ဖူးပါ။ 'ခင်နှင်းယု' အနေနှင့်သာ စာပေမှတစ်ဆင့် ဆရာတော်က သိရှိထားခြင်း ဖြစ်၏။

ဆရာတော် ဦးသုဇာတကမူ ဆရာရင်း တပည့်ရင်း ဖြစ်ခဲ့ဖူး၏။ ကျွန်မ ကန်တော့သောအခါ 'အေး....ခင်နှင်းယု ဆိုတော့မှပဲ ပြန်သတိရတော့တယ်။ ရုပ်ရည်ရော အသံရော အားလုံး ပြောင်းလဲသွားပါပကော။ ဘာမှ အရင်ကနဲ့မတူတော့ဘူး' ဟု မိန့်ကြား၏။

နှလုံးသားကို လောင်မြိုက်ပါသော အပူမီးသည် ကျွန်မ၏ ရုပ်ခန္ဓာကို မမှတ်မိအောင် ပြောင်းလဲစေခဲ့ပါ၏။

ကွယ်လွန်သူ ခင်ပွန်းသည်၏ ဥပဇ္ဈာယ် ဆရာဖြစ်သော ဆရာတော် ဦးပဏ္ဍိကလည်း ဝမ်းမြောက်စွာ ကြိုဆို၏။

အမှန်တော့ အင်အားလျော့ပါးနေချိန်တွင် ညစာမစားဘဲ သီလ ဆောက်တည်ကာ တရားအားထုတ်ခြင်းမှာ အနောက်တိုင်း ဆေးပညာနှင့်တော့ ဆန့်ကျင်ဘက်ဖြစ်၏။

သို့သော် မဟာစည် ဆရာတော် ဘုရား၏ ဝိပဿနာရှုနည်းကျမ်းအရ သီလဝိသုဒ္ဓိ မစင်ကြယ်ဘဲ ကျွန်မ တရားကို အားမထုတ်ချင်။

အများ ယောဂီများ အနည်းဆုံး ၈-ပါးသီလခံယူမှ ရိပ်သာတွင် တရားအားထုတ်သော စည်းကမ်းရှိပါလျက် ဂိလာနပုဂ္ဂိုလ်အနေနှင့် အကြောင်းပြကာ ညစာ စားသော အခွင့်အရေးကိုလည်း မယူချင်ပေ။



အိမ်ယောဂီအနေနှင့် အားထုတ်လျှင်၊ ညစာစားခွင့်ရှိမည် ဖြစ်သော်လည်း အိမ်ဆိုသောချည်တိုင်နှင့် သာသနာ့ရိပ်သာ ချည်တိုင်သည် မတူပါ။

'ဒကာမကြီး 'မခင်ယု၊ ရုန်းကန်ထွက်သွားချင်တဲ့နွားကို ချည်တိုင်ခိုင်ခိုင်စိုက်ပြီး မထားရင် တစ်ချက်ရုန်းတာနဲ့ ဒီနွားဟာ ချည်တိုင်ကလွတ်ပြီး သွားချင်ရာ သွားမှာပဲ၊ ဒါကြောင့် ရိပ်သာဆိုတဲ့ နယ်မြေမှာ သီလတရားနဲ့တူတဲ့ ချည်တိုင်ကို ခိုင်ခိုင်ထူပြီး ဝိပဿနာကြိုးနဲ့ချည်မှ စိတ်ရိုင်းနဲ့တူတဲ့နွားဟာ ထွက်မပြေးမှာပေါ့' ဟု ဆရာတော် ဦးပဏ္ဍိက မိန့်ကြား၏။

ကျွန်မ ပြန်လည်၍ တရားအားထုတ်ပါပြီ။

အနှစ်နှစ်ဆယ်နီးနီးမျှ လုံးဝမဟုတ်သော်လည်း အဆက်အသွယ် ပြတ်လုမတတ် ကင်းဝေးခဲ့ပါသော ရိပ်သာ၏ ညောင်ညိုရိပ်သို့ ကျွန်မ ပြန်လည်ခိုဝင်ခဲ့ပါ၏။

ဩော်....သမုဒယသစ္စာ။

စင်စစ်တော့ သမုဒယသစ္စာဟူ၍ တစ်ဆက်တည်း စကားလုံး သုံးပါသော်လည်း သမုဒယဟူသော စကားကတခြား၊ သစ္စာက တခြားဖြစ်၏။ သမုဒယဟူသော တွယ်တာမှု၊ ချစ်မှု၊ ခင်မှု၊ လိုချင်မှုတည်းဟူသော 'ချင်' ဟူသည့် စကားတစ်လုံး၊ ဆန္ဒတစ်ခုကြောင့် သံသရာကို စခဲ့ကြ၏။ ဤ 'ချင်' ကြောင့် ပူပန်သောက ဆွေးမြည့်ခြင်းဟူသော ဝေဒနာကို ရခဲ့ကြသည်။

ထို့ကြောင့် သောကဟူသော ဝေဒနာသည် 'ချင်' ဟူသော ဆန္ဒကြောင့်ဖြစ်ရခြင်း ဖြစ်၏။ ဤသဘောတရား

www.burmeseclassic.com



သည် အမှန်(သစ္စာ)တရားဖြစ်၏ဟု ဆိုလိုရင်း ဖြစ်သည်။ ထစ်ဆက်တည်းတွဲခေါ်၍ သမုဒယသစ္စာဟု ပြောခဲ့ကြသည်။

သမုဒယသည် ဒုက္ခဖြစ်ခြင်း အကြောင်းရင်း ဖြစ်၏။ တစ်နည်း စာသံပေသံနှင့် ပြောရလျှင် သမုဒယ သစ္စာကြောင့် ဒုက္ခသစ္စာ ဖြစ်ပေါ်ရခြင်းပင်။

(ဘီအေ) ဝိဇ္ဇာတန်းကို ဖြေဆို အောင်မြင်ခဲ့ပါသောကြောင့် ပဋိစ္စသမုပ္ပါဒ်စာအုပ်ကို ဦးပုညလေသံနှင့် ပြောရပါလျှင် ပုဒ်မပါကျုံး၍ အစအဆုံး သင်ကြားပြီးခဲ့ကြ၍ ကျွန်မတို့သည် စာတွေသာ ပြောကြစတမ်းဆိုလျှင် ဒီ သမုဒယသစ္စာတွေ ဒုက္ခသစ္စာ စကားလုံးတွေ ပါသော ပဋိစ္စသမုပ္ပါဒ်တရားကို ပုဒ်မပါကျုံး၍ ရွတ်ပြနိုင်ပါသည်။

ဒီလိုဆိုလျှင် ခင်နှင်းယုသည် သမုဒယသစ္စာကို သိပါသလား။ ကိုယ့်ကိုယ်ကို အထင်ကြီးသော မသိသော ခင်နှင်းယုက သိပါသည်ဟု ဖြေမည်။ ကျောင်းမှာ စာမေးပွဲအောင်ရန်အတွက် သင်ကြားခဲ့သော စာအုပ်ပါ စာတမ်းများကို ရွတ်ပြနိုင်ရုံနှင့် မိမိကိုယ်ကိုမိမိ သမုဒယသစ္စာကို သိသည်ဟု ထင်သည်။

တကယ်သာ ခင်နှင်းယုသည် သမုဒယသစ္စာကို ပိုင်းခြားထင်ထင် သိမြင်ခဲ့ပါလျှင် ဒုက္ခသစ္စာကို မြင်မည်ဖြစ်သည်။ ထိုအခါ ဒုက္ခ၏ ဖြစ်ရာအစ အကြောင်းရင်းခံကို ရှာမည်ဖြစ်သည်။ ရှာမှ တွေ့မည်။ တွေ့မှ မြင်မည်ဖြစ်သည်။



ယခုတော့ ခင်နှင်းယုသည် ဒုက္ခ၏ဖြစ်ရာ အကြောင်းရင်းကို မရှာ။ 'ချစ်သူပျောက်ကိုသာ' ရှာနေခြင်းဖြစ်၏။

သူသည် မျက်ရည်လိမ်းကျံသော မျက်လုံးတို့ဖြင့် ချစ်သူပျောက်ကို ဟိုမှသည်မှ လိုက်လံရှာဖွေ၏။ ဆရာတော်ဦးပဏ္ဍိကို တွေ့ပါလျက် ဆရာတော်ဦးပဏ္ဍိကို မမြင်။

'ဆရာတော်ဘုရား၊ အမယ်လေး ကိုကြီးရဲ့ ဦးပဇ္ဈာယ်ဆရာတော်ပါလား၊ သူ့ကို ညဏ်စဉ်နာရသည်ထိ တရားပြခဲ့တယ်၊ သူဆုံးကာနီး သုံးရက်အလိုမှာ ဆရာတော်ကိုဖူးတွေ့သွားချင်လို့ စီစဉ်ပေးပါဆိုတာ ငါအိပ်ရာပေါ် လဲနေလို့ ဆရာတော်နဲ့ သူလွဲခဲ့ရတယ်'

ရင်တွင်းက စကားဆိုကာ ဆရာတော်ကိုဖူးရင်း မျက်ရည်က တဖြိုင်ဖြိုင်ကျလာပြန်၏။

ကျွန်မ တရားအားထုတ်ရာ ဇရပ်မှ နေ့စဉ်အချိန်မှန် မန်ယဉ် ဓမ္မာရုံကြီးရှိရာသို့ သွားရ၏။

နံနက်စာစားပြီး သွားရ၏။ ညနေတွင် ပြန်၏။ ဆရာတော် ဦးပဏ္ဍိ၏ ကျောင်းခန်းရှေ့မှ ခြေသွားလမ်းကို ဖြတ်သန်းသွားရ၏။ ကျောင်းခန်းရှေ့ရှိ ခြေသွားလမ်းပေါ်တွင် ချစ်သူပျောက်၏ ခြေရာကို ရှာမိပြန်သည်။

'သူ ဘာသနာ့ရိပ်သာမှာ တရားအားထုတ်တုန်းက ဒီသခင်းတဲ့ ခြေသွားလမ်းပေါ်မှာ စကြံသွားခဲ့တယ်။ သူ့ခြေရာတွေကိုများ တွေ့ဦးမလား'

www.burmeseclassic.com



တွေနိုး တွေနိုးနှင့် အဆင်းတွင်လည်းကောင်း၊ အတ
တွင်လည်းကောင်း ရှာခဲ့မိပြန်၏။ ရဟန်းခံရာ သိမ်၏ရှေ့
လျှောက်မိပြန်တော့လည်း....

'ဒီသိမ်ကြီးပေါ်မှာ မဟာစည်ဆရာတော်ဘုရားဟာ
ကို ဒုလ္လဘရဟန်းခံပေးခဲ့တယ်၊ 'ရှင်ဂဝမ္ပတိ'ဆိုတဲ့ဘွဲ့ကို ပေ
ခဲ့တယ်။ သိမ်ကြီးပေါ်သို့ ပြေးတက်သွားလိုက်လျှင် ရဟ
ဝတ်နှင့် သူ့ကိုများတွေလိမ့်ဦးမည်လား။ သိမ်ကြီးပေါ်
ပြေးတက်သွားရ နိုးနိုး ဖြစ်လာပြန်၏။

နေ့လယ် ၂-နာရီမှ ၃-နာရီအထိ နေ့စဉ် အမျိုးသ
များအား တရားပြသော ဆရာတော် ဦးဇနကသ
'ယောဂီအမျိုးသမီး အသစ်အဟောင်း များကို တရ
ဟော၏။ သီတင်းနေ့များတွင်မူ မဟာစည် ဆရာတေ
ဘုရား အမှူးရှိသော ကမ္မဋ္ဌာန စရိယ ဆရာတော်မျာ
ဦးသုဇာတ၊ ဦးဣန္ဒက၊ ဦးသံဝရ၊ ဟန်းလင်းကြီး ဆရာတေ
အစရှိသော ဆရာတော်တို့ပါ အလှည့်ကျ တရားဟောပြေ
ပြသကြ၏။

ဆရာတော်ဘုရားတို့၏ တရားများကို စုပေါင်းအကျ
ချုံးလိုက်လျှင် သစ္စာလေးပါး တရားဖြစ်၏။ ဒုက္ခနှင့် ဒုက္ခ
ဖြစ်ရာအစကို ဖော်ပြ၏။ ဖြစ်ရာအစကိုတွေ့လျှင် အဆုံး
ရှာရမည်။ အဆုံးကိုရှာရန် 'လမ်း'ကိုလည်း ပြသ၏။
လမ်းမှသွားသော် ဒုက္ခအားလုံး၏ငြိမ်းရာ အဆုံးဖြစ်
နိဗ္ဗာန်တရားသို့ ရောက်ကြောင်း ဟောပြောပြသကြ၏။





ခင်နှင်းယု ကြားပါသလား။

ခင်နှင်းယုသည် ရှင်းရှင်း ဝန်ခံရပါလျှင် တရားနာရင်း
တ်ထဲမှ ဆရာတော်ဘုရားများကို ပြန်လည်ပြောဆိုနေမိ၏။
တွတ်တွတ် ပြောမိ၏။ ရှိုင်းရှိုင်းပြောရလျှင် ရန်တွေ့မိ၏။

သုတ္တန်တွေ၊ အဘိဓမ္မာတွေ၊ ဝတ္ထုကြောင်းတွေ ပုံပြင်
တွနှင့် အနမတဂ္ဂ သံသရာက ချစ်သူပျောက် ရှာပုံတော်
တ်လမ်းများကို ဟောပြောရင်း အဆုံးသတ် နိဗ္ဗာန်ရောက်
ကြောင်းတို့တွင် နိဂုံးချုပ်သွားကြ၏။

'အရှင်ဘုရားတို့ကတော့ ဘယ်သိမလဲနော်။ အရှင်ဘုရား
မှာတော့ ရဟန္တာလိုပဲ တည်ငြိမ် ပါတယ်။ ဒုက္ခက
င်းငြိမ်းတဲ့ မျက်နှာတော်တွေဟာလဲ လမင်းကြီး လိုပဲ
မ်သက် ကြည်လင်ပါပေတယ်၊ အရှင်ဘုရားများရဲ့ တရား
တွဟာ ညမှာ ကျလာတဲ့ နှင်းပွင့်များလို ချမ်းမြေ့
အေးချမ်းပါတယ်။ အရှင်ဘုရားများရဲ့ စကား သံများ
ာလဲ ဆောင်းညများရဲ့ သန်းခေါင်ယံ လေပြည်လေညင်းလို
သက် ညင်းပျောင်း ကြပါတယ်။

'လဝန်းဟာ ကမ္ဘာသူကမ္ဘာသားအတွက် ညဘက်မှာ
လင်းရောင်ရစေပြီး၊ မြင်မြင်သမျှ သတ္တဝါတွေကို စိတ်
မ်းမြေ့စေပါတယ်။ ဒါပေမယ့် တစ်ခါက ဒီလရောင်
ာက်မှာ ချစ်သူနဲ့ တွေ့ခဲ့တဲ့သူတစ်ယောက်ဟာ ချစ်သူ
ျောက်သွားချိန် အထီးကျန်ဘဝမှာ ဒီလမင်းမျက်နှာပြင်ကို
ရရင်၊ မပြုံးနိုင်၊ မရွှင်နိုင် မျက်ရည်ဖိုင်ဖိုင် ကျမိပါ

www.burmeseclassic.com



တယ်ဘုရား။ အပြစ်ကင်းစင်တဲ့ လဝန်းမျက်နှာပြင်ကို သော်
မော်လို့ မကြည့်ရဲပါဘူး ဘုရား။

'အရှင်ဘုရားတို့ ဟောကြားတဲ့ တရားတွေ ဟာ
အားလုံးသော ဒကာ ဒကာမတွေကို ခြုံပြီး ဟောပေမယ့်
တပည့်တော်ကို စောင်းပြီးဟောနေ သလိုပါပဲ။

'ပဋ္ဌာစာရီဟာ တကယ်တော့ ရှုံးသင့်ပါတယ် ဘုရား
ဝတ်လစ် စားလစ် အရှက်ကင်းမဲ့သည်အထိ စိတ်ဖော
ချောက်ချား ရှုံးသွားသင့်ပါတယ် ဘုရား။

'တပည့်တော်မမှာ ချစ်သူ ခင်ပွန်းသည် ပျက်စီးသွား
ရုံပဲ ဘာမှ အခြေအနေ မပျက်ပါဘူးဘုရား။ ပဋ္ဌာစာရီမှာ
တော့ တစ်ပိုင်နက်တည်း သားငယ်ကို စွန့်ချ၊ သားကြီးက
ရေမှာမျော၊ လင်သည်က မြွေပေါက်ခံသေရ၊ မိဘမြို့
ပြန်ရောက်တော့ လေကြီးမိုးကြီးကျလို့ အိမ်ကပြိုကျ၊ ပစ္စည်း
တွေဆုံး၊ မိဘတွေကလဲအိမ်ပိလို့သေကြရ၊ ဒီတော့ ပဋ္ဌာစာ
မရှုံးခံနိုင်ပါ့မလား၊ သွက်သွက်ခါ ရှုံးသင့်တာပေါ့။

'ပဋ္ဌာစာရီ မို့လို့ပေါ့၊ တပည့်တော်လိုသာ ဆိုရင် ခု
နှလုံးအားနည်းပုံနဲ့ ငုတ်တုတ် နှလုံးကွဲပြီး သေပွဲဝင်မှာ

မဆီမဆိုင် ပဋ္ဌာစာရီဘက်က ရှေ့နေလိုက်ကာ ဆရာတော
ဘုရားများကို စိတ်ထဲမှ ချေပပြောဆိုမိ၏။

'မြတ်စွာဘုရားသခင်သာ ကိုယ်တော်ထင်ရှား ရှိ
တပည့်တော် လျှောက်ထားချင်ပါတယ်။ မြတ်စွာဘုရ
ရှင်ဟာ ဝရမာန်မှုကိုတောင် အစီအစဉ်ခွဲလို့ ချုပ်သောဘ



ဟောပြောပြသနိုင်ပါတယ်။ တပည့်တော် မျက်ရည် တစ်
စက်ကို ခွဲခြမ်းစိတ်ဖြာလိုက်ရင် ရာခိုင်နှုန်း ဘယ်လောက်က
ခင်ပွန်းသည် ဒုဗိုလ်မှူးကြီး ကျော်သောင်းကြောင့်
ကျတဲ့မျက်ရည်၊ ဘယ်မျက်ရည်စက်များက ဘယ်သူ့အတွက်
ကျတဲ့မျက်ရည် ဆိုတာ ခွဲခြမ်းစိတ်ဖြာ ပြနိုင်မှာပါဘုရား။

'မခင်ယုအနေနဲ့မဟုတ်၊ ခင်နှင်းယုဆိုတဲ့ စာရေးဆရာ
တစ်ယောက်အနေနဲ့ဆိုရင်လဲ ပတ်ဝန်းကျင်မှာရှိတဲ့ အာရုံ
ငါးပါးနဲ့ ထိတွေ့သမျှ ဝေဒနာတွေ၊ ခံစားမှုတွေ ဖြစ်ရ
ပါတယ်၊ ဒီခက္ခထိ ခံစားရသမျှ ဒုက္ခ-သုက္ခ များကိုလဲ
ပတ်ဝန်းကျင် သတ္တဝါတွေနဲ့ ထပ်တူထပ်မျှ ခံစားရပြီး
ဒီဝေဒနာတွေက ပေါ်ထွက်လာတဲ့ စိတ်ကူးတွေ အကြံ
အစည်တွေကို ရေးသားတင်ပြ ဖော်ထုတ်ရပါတယ်။ အဲဒီ
ဝေဒနာကြောင့် ကျတဲ့မျက်ရည် များဟာလဲ မျက်ရည်
တစ်စက်ကို ဓာတ်ခွဲတိုင်း ရာခိုင်နှုန်း ဘယ်လောက်ပါတယ်
ဆိုတာ တပည့်တော် မြတ်စွာဘုရား ကိုယ်တော်တိုင်ကိုသာ
လျှောက်ထားလိုက် ချင်ပါတယ်'

ကဲ.... ခင်နှင်းယုအဖြစ်က ပထမ ၁၀-ရက်တွင် ဘာသစ္စာ
တရားကိုမှ မမြင်၊ သာသနာ့ ရိပ်သာကြီး အလယ်ငုတ်တုတ်
ထိုင်ရင်း သမုဒယသစ္စာ၏ ဖြစ်ရာအကြောင်းရင်းကို မရှာ၊
သမုဒယကိုတောင် စာရေးဆရာစိတ်ဖြင့် အတွေးနယ်ချဲ့၍
နေမိ၏။

ဆွမ်းတောင်းခန်းပျိုတွင် ပါသော သူမိုက်က တစ်ဖျော်ဆည်
ကန်ကြီးရှိရာကို သိပါလျက် မိမိကိုယ်တွင် ပေကျံနေသော

www.burmeseclassic.com

www.burmeseclassic.com



ရွှံ့နှံ့ အညစ်အကြေးတို့ကို သွားရောက်၍ ဆေးကြောခြင်း မပြု။

ကျွန်မ မိန်းမမိုက် ခင်နှင်းယုက တစ်ဖက်ဆည်ကန်ကြီး အလယ် ကိုယ်ကို ရေနစ်စိမ်ပြီး ဖြစ်ပါလျက် အညစ်အကြေး တို့ကို ဆေးကြောကာ ကန်လယ်မှ ပြန်တက်ရာလမ်းကိုမရှာ၊ ရွှံ့နှံ့ကို ပွတ်သပ်မပစ်၊ ကန်လယ်ရေရိပ်တွင် ချစ်သူမျက်နှာကို တွေ့လိမ့်နိုးနှင့် ရှာဖွေနေ၏။

ဤအဝိဇ္ဇာ၊ ဤမသိခြင်းထက် ဆိုးရွားသောအကြောင်း တရားသည် ရှိပါဦးမည်လော။ ကန်ရေပြင်သာ အသက်ရှင်၍ စကားဆိုတတ်လျှင်....

'ကျုပ်ရဲ့ အေးမြသန့်စင်တဲ့ ရေဟာ သုံးချီးသူတို့ကို ရှင်လန်း ချမ်းမြေ့ စေပါတယ်၊ အညစ် အကြေးတို့ ကင်းစင်ပြီး လန်းဆတ်ပေါ့ပါးစေတယ်။ ဝေဒနာများကိုလဲ ပပျောက်စေပါတယ်။ ခင်ဗျားတစ်ယောက်တည်း ရေကန် လယ်မှာ ကိုယ့်ကိုယ်ကိုနှစ်ပြီး သမုဒယလှိုင်းပုတ်တာကိုပဲ အရသာတစ်ခုလို ခံစားနေတာတော့ ကျုပ်လဲ မတတ်နိုင် ပါပြီ' ဟုပြောကောင်းနေပြောမည် ဖြစ်သည်။

အိမ်ပြန်ရောက်သော် သမုဒယ ဖွဲ့မီးက နှလုံးသားကို အမြည့်မြည့်လောင်ဆဲဖြစ်၏။

သူကွယ်လွန်စက ကိုယ့်ဘာသာ ရေးစပ်ခဲ့သော ကဗျာ ကိုပဲ ထပ်တလဲလဲရွတ်ဆိုမိ၏။





'စာအတွေ့သော်မှ၊ မမြေ့နိုင်ကိုယ်နှင့်နှိုင်းခဲ့ရ
ရှိုင်းလိုက်လေ ဒီတစ်သုတ်မှာဖြင့်
ကိုယ့်လိပ်ပြာ၊ ရုတ်ခြည်းတကယ်ခွာတော့
'မယုံသာ ယုံဘာစ်ဝက်ကယ်'နှင့်
မြက်ပင်ကို လက်လျှင်ကာ အဖြတ်စေသူရဲ့
လောကမံ ဒီတစ်ကြောမှာ
ချစ်ဇောကိုဘယ်လိုဖြေရပါ့၊ဆုထူးခြွေသီဝလိသော်မှ
တုန့်ချည့်ကာ မြေမှာလဲပါသတဲ့
ပါရမီကံက နည်းသူမို့၊ အံခဲကာ ဟန်ကိုလုပ်ပေမယ့်
အနာဂါမ်မယ် မဟုတ်လေတော့
နာမ်-ရုပ်ကို ပြတ်ပြတ်စဲအောင်ပ
အားထုတ်စဉ်ခဏဘာပဲပေထင့်၊မြဲလေသည့်သတိယှဉ်
မဆင်ခြင်နိုင်ဘု ကျုန်စခန်း'

ကဗျာကိုရွတ်ရင်း မြက်ပင်များပေါ်တွင် ထိုင်နေမိ၏။ မြက်ခင်းပေါ်ထိုင်လိုက်လျှင် ယခင်က သူနှင့်အတူ ဆွေးနွေး ခဲ့သော စကားများကို ပြန်လည်ကြားရလေမည်လား၊ ရိပ် သာတွင် တရားအားထုတ်နေစဉ်က ဤနေရာတစ်ဝိုက်တွင် ကျန်ရစ်သော မြက်နုစိမ်းတို့သည် ယခု ကျွန်မပြန်လာချိန် တွင် သွေ့ခြောက်သွားကြပြီ။

မဟာဇနက္ကမင်းသည် မြက်ပင်ကိုပြ၍ 'သီဝလိဒေဝီနှင့် လောကီစခန်းကို အပြတ်ရှင်းခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကတော့ ဤမြမြက်ခုံတွင် တစ်ချိန်သောအခါက အတူယှဉ်တွဲ ထိုင်ခဲ့သော ချစ်သူကိုသာ တသမိ၏။ မြက်ပင်တို့သာ စကားဆိုတတ်ပါလျှင်လဲ....

'ကျွန်ုပ်တို့ဟာ သခင်မချစ်သူနှင့်အတူ ရှိစဉ်က ယှဉ်တွဲ ထိုင်ခဲ့ပါသော မြကမ္ဗလာ မြက်ခင်းပြင်များ မဟုတ်တော့ပါ။ မိုးလယ်မှ မြက်များ ခြောက်သွေ့ သွားကြပါပြီး ကျွန်ုပ်တို့မှာ အသစ်ဖြစ်လာသော မြက်များသာ ဖြစ်၏။ ဤမြက်ခင်းပေါ်တွင် ထိုင်ရင်း သခင်မနှင့် သင့်ချစ်သူတို့ အတူယှဉ်တွဲ၍ မည်သည့်စကားကို ဆိုခဲ့သည်ကိုလဲ ကျွန်ုပ်တို့ မသိပါ။ နွေဦးပေါက်လာလျှင် ကျွန်ုပ်တို့လဲ သွားကြမည် မတော့မည်။ သင့်ချစ်သူလဲ ဘယ်သောအခါမှ ပြန်လာမည် မဟုတ်ပါ' ဟု မြက်ပင်တို့သည် ဘာဝရ၏သဘောကို ပြောပြကြပါသော်လဲ ကျွန်မက မကြား။ ဤမြမြက်ခုံတစ်နေရာမှ သူပြောခဲ့သော စကားသံများကို ပြန်လည်ကြားယောင်နိုးနှင့် ခစောင့်နေမိ၏။

ကျွန်မမျက်လုံးများသည် ခြံ၏တောင်ဘက်ရှိ အုန်းပင်တန်းများပေါ်သို့ ရောက်သွား၏။

'သခင့်ကျေးဇူး ကြီးမားပါပေသည်။ သူမရှိသည့်နောက် သခင်မအတွက် သီးနှံပင်များကအစ ရိက္ခာအပြည့်အစုံ ထားရစ်ခဲ့ပါသည်။ သို့သော်.... အုန်းသီးများရော အကိုင်းအလက်များရော သင့်ချစ်သူရှိစဉ်က အရွက်များ၊ အသီးများ မဟုတ်တော့ပါ။ အသစ်ဖြစ်သော သီးရွက်များသာဖြစ်၍ သခင်နှင့် အရှင်မ၏ ဇာတ်လမ်း အစကို



ကျွန်ုပ်တို့မသိပါ။ သင့်ချစ်သူကို ဤနေရာတွင်လဲ မရှာပါလေနှင့်။ သခင့်ကျေးဇူးကိုသာ သတိရဆင်ခြင်ပါ'

မှန်၏။ အုန်းပင်များက အမှန်စကားကို ပြောကြားပါသော်လဲ ကျွန်မက မကြားပါပေ။

နယုန်လတွင် မိုးစက်မိုးပွားများနှင့်အတူ စကားဝါပွင့်တို့ ပွင့်ထွက်လာကြပြန်သည်။

'သခင်စိုက်ခဲ့သော စကားပင်မှ ပွင့်လွှာများဖြင့် မြတ်ဘုရားအား ပူဇော်၍ သခင့်ကိုသာ အမျှဝေပါ။ ချစ်ဖွယ်ကောင်းသော ဤရွှေရောင်ပွင့်များသည် ယခုမိုးဦးမှ ပေါ်လာကြခြင်းဖြစ်၍ သခင်တို့၏ အတိတ်အကြောင်းအရာများကိုမှမသိတော့ပါ။ နုနယ်လှပသော ဤပန်းပွင့်ငယ်များအား သင်၏ သောကအပူရှိန်ငွေ့ဖြင့် နွမ်းနယ်ခြင်း မဖြစ်ပါစေလင့်'

စကားပင်၏ ဆိုစကားကိုလဲ ကျွန်မ သဘောမပေါက်၊ ကျွန်မ၏ ရင်တွင်းအပူငွေ့ကို မျှတ၍ မခံကြလိုပါတကားဟု ရှုပင် ပန်းပွင့်များအပေါ် အပြစ်တင်ချင်လာသည်။

အိမ်ထဲသို့ ပြန်ဝင်ခဲ့၏။ အိပ်ခန်းဝတွင် ကြက်သေ,သေကာ မတ်တတ်ရပ်နေမိ၏။

'ရွှေဘုံနန်းတော် နေလှာဝေဖြာ၊ မန်းလက်ယာ
နတ်ရွာရေသို့အေး၊ ဒုမ္မာလေ၊ ဒုမ္မာ
ကြိုင်ပျံ့မွှေးတယ်၊ မွှေးတယ်လေး။
နန္ဒာ၊ ကန့်သာရေမြ၊ အေးတယ်၊ အေးတယ်၊
အေးတယ်လေး'

www.burmeseclassic.com



မဒုမ္မာကြာပွင့်နှင့် ခြသေ့်ရုပ်နှစ်ကောင်ကို ရုပ်လုံးဖော် ထွင်းထားသော ပတ္တလားအိမ်မှ ညှိုးညံ့ညင်သာသော တီးလုံးသံများ ထွက်ပေါ်လာ၏။ နံရံလေးဖက်ဆီမှ 'မန်းတောင်လက်ယာ' မန္တလေးမြို့တော်ဘွဲ့သီချင်းသည် သူဆိုနေကျအသံအတိုင်း သီကျူးလျက်ရှိ၏။

ထူးဆန်းသော စစ်သားကြီး၊ ဂီတကိုသီကျူး၍ သူကိုယ်တိုင် ပတ္တလားနှင့် သီချင်းကြီး သီချင်းခံများကို တီးမှုတ်ခဲ့သည်။ ဆေးရုံတက်နေစဉ်ကပင် စနေနေ့တိုင်း အိမ်ပြန်လာကာ တခြား ဘာမှမလုပ်။

'လက်ပျက်သွားမှာစိုးလို့ပါ မိချိုရယ်' ဟု ဆိုကာ သူကြိုက်သော သီချင်းများကို ပြန်လည်နွှေး၍ ပတ္တလားကို အမြဲတီး၏။ ဘုရား....ဘုရား....ဤနံရံလေးဖက်မှ လွတ်ရာသို့ ကျွန်မ ပြေး၍မရပြီ။

ယခင်ကတော့ ကျွန်မထင်သည်။ 'မိချိုကို ကိုကြီး သိပ်ချိုင်းတာပဲ။ မိချိုဟာ အလုပ်သမား မိချိုပဲဖြစ်ရမယ်။ ရဲဘော်ပုံစံအတိုင်း အဘက်ဘက်က စွယ်စုံတော်ရမယ်' ဆိုသော သူ့ညာဉ်အတိုင်း သူ ကျွန်မကို ပုံစံသွင်းခဲ့၍ ကျွန်မက သူ့အား ဦးပုံစံဟူ၍ အမည်ပေးခဲ့၏။ 'မိချို' ဝတ္ထုရေးကာ သူနှင့် ကျွန်မဘဝကို တစ်စိတ်တစ်ဒေသဖော်ကာ သူ့ကို သတိပေးခဲ့ပါသည်။ စစ်သားသည် စစ်သားဖြစ်၍ မယားသည် မယားဖြစ်၏။ သူ့ပုံစံကို ကျွန်မအင်အား၊ ကျွန်မ ကျန်းမာရေးနှင့် မလိုက်နိုင်ခဲ့ပါသော် ကျွန်မ လမ်းထက်ဝက်တွင်





အားပြတ်၍ လဲကျသောရပါတော့မည်။ ဝတ္ထုထဲမှ မိချိုသည် ဝိညာဉ်ရှင်သဖွယ် သူအိပ်စက်နားနေသော အိပ်ခန်းနံရံများမှ စကားဆိုမည်။ ယခုတော့ ကျွန်မကြိုတင်တွေးခေါ်ထားသလို ကျွန်မ၏စကားဆိုသံကို သူနားထောင်ရသော အဖြစ်သို့ မရောက်၊ ကျွန်မကသာ သူ့စကားဆိုသံ၊ တီးမှုတ်သံ၊ တေးသီသံတို့ကို ကြား၍နေရပါပြီ။

'သြော်....ကြိုတင်တွေးခေါ်သလို မဟုတ်ဘဲ၊ မကြံစည်ဘဲ၊ မမျှော်လင့်ဘဲနှင့်လဲ အကြောင်းအရာတို့သည် ဖြစ်ပေါ်လာတတ်ပါတကား'

ဘယ်နေရာမျှ ရပ်တည်ရာမရ၊ သူနှင့် ကင်းလွတ်ရာသည် ဘယ်နေရာမှ ကျွန်မတွင်မရှိ အိပ်ခန်းတွင်းသို့ စိတ်ဓာင်း၍ ဝင်ကာ ကျွန်းသားဗီရိုကြီးရှေ့တွင် မတ်မတ်ရပ်နေမိ၏။

စာပေ၊ ကျွန်မနှစ်သက်သော စာပေ၊ သူမြတ်နိုးသော စာပေ၊ ဤစာပေတွင် ကျွန်မနှလုံးသားကို မြှုပ်နှံသော် ကျွန်မနှလုံးသားတို့ တည်ငြိမ်၍ ဘဝင်ကျကောင်းပါရဲ့။ ကျွန်းသားဗီရိုကြီးကို ဖွင့်လိုက်၏။

ပို၍ဆိုးသည်။ ထိုအခါမှ ပို၍ဆိုးသည်။ လယ်တီဆရာတော် ဘုရားနှင့်တကွ မဟာစည်ဆရာတော်ဘုရားတို့၏ ဗုဒ္ဓကျမ်းစာများ၊ ဝိပဿနာရှုနည်းများ၊ ဗီရို၏ အထက်ဆုံးအထပ်တွင် စီ၍ ကျွန်မအား တည်ငြိမ်စွာ ကြည့်နေ၏။

'မိချို စာရေးဆရာမကြီးသေရင် ဝတ္ထုတွေစုံပြီ ဝတ္ထုသရဲမကြီး ဖြစ်လိမ့်မယ်၊ ဒါကြောင့် ဘာသာရေးဆိုင်ရာ



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်တွေဖတ်ပြီး ကိုယ့်စိတ်ကို တည်ငြိမ်အောင် ထိန်းရမယ်'

သူ တတွတ်တွတ်ပြောကာ ဘာသာရေးဆိုင်ရာ ကျမ်းစာအုပ်များကို ကျွန်မအတွက် စုဆောင်းထားခဲ့၏။

ဗီရို၏ ဒုတိယထပ်တွင် လောကီစာပေများကို ရေးသားပြုစုတိုင်း အထောက်အထားရရန် ခေတ်ပေါ် စာရေးဆရာများ၏ စာအုပ်များကို တွေ့ရ၏။ တတိယထပ်တွင် စစ်ဆင်မှုဆိုင်ရာ စာအုပ်များ။

'မိချို....အပျင်းမကြီး၊ အားလပ်ချိန်ရှရင် အလကားမနေနဲ့၊ စာဖတ်ရမယ်'

တရား၊ ဂီတ၊ စာပေ၊ စစ်ဆင်ရေး၊ ဘယ်လိုပုံစံနှင့် စစ်သားကြီးပါလိမ့်။

ပင့်သက်ရှူ၍ ဗီရိုတံခါးကို ဖြည်းညင်းစွာ ပိတ်လိုက်၏။ သူ မကွယ်လွန်ခင်ကတည်းက ဤအခန်းနှင့် ကျွန်မ ခွဲခွာခဲ့၏။ သူ၏ ခြေရင်းခန်း အိပ်ခန်းတွင် ကျွန်မ သီးခြားအိပ်၏။ ယနေ့တော့ ဤအိပ်ခန်းသို့ ကျွန်မ ပြန်လည် ပြောင်းရွှေ့ကာ အိပ်မည် စီစဉ်သည်။ ကျွန်မ၏ အလှပြင် မှန်တင်ခုံကိုပါ အခန်းထောင့်သို့ ရွှေ့ပြောင်းယူခဲ့၏။

ကျွန်မ၏တိုက်သည် ကျွန်မတို့ မိသားစုနှင့်ဆိုသော် ကျယ်ဝန်းပါ၏။ ကမ္ဘာမြေပြင်သည်လည်း ကျယ်ပြန့်လှပါ၏။ သို့သော် ကျွန်မအတွက် ထိုင်စရာတစ်ကွက် မရှိပြီ။ မှန်တင်ခုံရှေ့တွင် ပန်းလျစွာ ထိုင်လိုက်၏။ မှန်ပြင်ထဲမှာရော၊ ကိုကြီးပေါ်လာဦးမှာလား။ မှန်ပြင်အားကို စေ့စေ့ကြည့်နေမိ၏။





'ခင်နှင်းယု....ကောင်းကောင်း နားထောင်ပါ'

မှန်သားအတွင်းမှ မခင်ယုသည် စာရေးဆရာ ခင်နှင်းယုကို ပြတ်သားကြည်လင်စွာ စကားပြောကြား၏။

'စာရေးဆရာတွေဟာ မာန်ကြီးကြတယ်။ ကိုယ့်မာန်နဲ့ကိုယ် ကိုယ်စီရှိကြတာပဲ။ 'မာန' ကသာ နှလုံးသား အခံအလျောက်၊ ရင့်ကျက်တဲ့ အတွေ့အကြုံ အသိတရားအလျောက်ကွာခြားကြတယ်။ ဒါကြောင့်လဲ သူတို့ကိုယ်ကို သူတို့ပြန်မမြင်ကြဘူး။ ဒါအတွက်လဲ ဝမ်းနည်းစရာ မဟုတ်ပါဘူးလေ။ တစ်နေ့သော် ကိုယ်ကိုယ်တိုင်က မိမိကိုယ်ကို တရားပြလာမှာပဲ။

'မင်း ၁၀ ရက် သာသနာ့ရိပ်သာမှ တရားထိုင်ပြီး ပြန်လာခဲ့တယ်။ တစ်ဖက်ဆည်ကန်နဲ့တူတဲ့ ရေပြင်လယ်မှာ ကိုယ်ကို နှစ်စိမ်ခဲ့ပေမယ့်၊ ပွတ်သပ်ဆေးကြောခြင်း မပြုခဲ့လေတော့ နှစ်ပေါင်း လေးဆယ်ကျော်ပတ်လုံး အသည်းနှလုံးမှာ ကပ်နေတဲ့ သမုဒယ၊ ရွှံ့နွံ အနှစ်ခြောက်တွေကို ကြေးမှရုံ၊ နူးရုံလောက်သာ ဖြစ်ခဲ့လို့ ပိုလို့တောင် ဆိုးတယ်မို့လား။

'သမုဒယဖွဲ့မီးကို အငြိမ်းသတ်မငြိမ်းလို့ 'သည်းတမြည့်မြည့် ကျွမ်းပါတဲ့၊ ပွဲတွေအလွမ်း' ကပဲ မတက်နိုင်တော့ဘူး။

'မီးဖိုမှာ တောက်လောင်နေတဲ့မီးကို ညှိခန်းမှာ ရေဖျန်းရုံနဲ့ မီးဖိုကမီးက ငြိမ်းမှာ မဟုတ်ဘူး။ မီးဖိုကိုသွားပြီး တောင်လောင်ကျွမ်းတဲ့ ထင်းစမီးစတဆစ အကျွင်းအကျန် မီးခဲပြာပူအထိ ငြိမ်းသတ်မှ မီးအစသတ်ငြိမ်းမယ်။



www.burmeseclassic.com

www.burmeseclassic.com



'အခုလဲ မင်းရဲ့ သမုဒယမီးက ဘယ်က လောင်နေပါ သလဲ၊ နှလုံးသား သို့မဟုတ် မင်းစိတ်က အပူမီးဆိုတော့ စိတ်ကို မငြိမ်းသတ်သရွေ့ ဒီအပူက ငြိမ်းမှာ မဟုတ်ဘူး။
'ဒီတော့ မင်းရဲ့ ဟန်အတိုင်း ငါက စကားပြောပါရစေ၊ မင်းဟာ လောကမှာ နှစ်ကိုယ်ခွဲနေတယ်ဆို။ ခင်နှင်းယု ဆိုတဲ့ စာရေးဆရာအနေနဲ့တစ်ကိုယ်၊ မိချို ဆိုတဲ့ မိန်းမငယ် တစ်ယောက်အနေနဲ့တစ်ကိုယ် နေလိုက်ပါ။

စာရေးဆရာဟာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် အာရုံခြောက်ပါးကို အစဉ်ခံစားနိုင်အောင် ဖွင့်လှစ်ထားရ မယ်။ ဒီအာရုံတွေကို လက်ခံသိမ်းပိုက်ပြီး မင်းရဲ့အသိဉာဏ်နဲ့ မင်းရဲ့ ခံစားမှုဝေဒနာကို အဆင့်ဆင့်ပွားပြီး လူသားတို့ကို ပေးအပ်ရမယ်။ ဒါက ခင်နှင်းယုရဲ့ အလုပ်မှန်တယ်။ တာဝန် ဝတ္တရားတစ်ခု မလွဲမသွေ ကျေနပ်ပြုရမည့်တာဝန်'
'ကဲ....မိချို'

ဒု–ဗိုလ်မှူးကြီးကျော်သောင်းရဲ့ ချစ်ဇနီး မိချိုအနေနဲ့ ငါပြောပါရစေ။
'သတင်းထောက်ကလေး မောင်ကျော်သောင်း အဖြစ်နဲ့ သိရှိနားလည်ခဲ့ပြီး လက်တွဲလာခဲ့တဲ့ ချစ်သူကို ရုတ်တရက် လက်တွဲဖြုတ်ပြီး အပြီးသတ် လမ်းခွဲခဲ့ရတဲ့အခါ မင်းရဲ့အ... ကို ငါထက်သိတဲ့လူ မရှိခဲ့ပါဘူး။
'မင်းသတိ ပြန်ရစမ်းပါ။ ဗောဓိဗုဒ္ဓရဲ့ ကာမဂုဏ်အပေါ် ကို အပြဟ္မစရိယဆိုတဲ့ သီလသိက္ခာပုဒ်နဲ့ မင်းတို့နှစ်ဦး အသက်ရှင်စဉ်က နောက်ပိုင်းမှာ ထိန်းချုပ်ခဲ့ကြတယ်။



'သီလဆိုတာ ထိန်းချုပ်ရုံပဲ၊ စောင့်ထိန်းရုံပဲ၊ အပြီး အသတ် ငြိမ်းသတ်ခြင်းကို မပြုနိုင်ဘူး။ မာတုဂါမဆိုတဲ့ မိန်းမသားတွေရဲ့ ပုံသဏ္ဌာန်တွေ အမူအရာတွေကြောင့် ဖြစ်ပေါ်လာတဲ့ ကာမဂုဏ် စိတ်ဓာတ်ကို ယောကျ်ား တစ် ယောက်ဟာ သီလတရားနဲ့သာ 'မတော်ပါလား မဖောက် ပြန်သင့်ပါလား'လို့ သီလနဲ့ ထိန်းချုပ်ခြင်း ဖြစ်တယ်။ အပြီးသတ် မပယ်သတ်နိုင်ဘူး၊ ဒါဟာ ပုထုဇဉ်တို့ဓလေ့ပဲ။

'တဏှာရာဂနဲ့ယှဉ်တဲ့ ခန္ဓာကိုယ် သွေးသားကို လောင် မြိုက်တဲ့မီးဟာ သီလနဲ့ ထိန်းသိမ်းလို့ရတယ်။ သမုဒယ တွယ်တာမှု သံယောဇဉ်မီးက ဖွဲမီးလို တငွေ့ငွေ့ လောင် တတ်တာမို့ သီလစောင့်ထိန်းရုံနဲ့ ငြိမ်းသတ်လို့ မရပေဘူး။ အပျိုကြီး၊ လူပျိုကြီး၊ ပုထုစဉ်က ရဟန်းတွေ၊ သီလရှင် တွေဟာ ဒီသံယောဇဉ် ဖွဲမီးကို အပြီးသတ် မငြိမ်းနိုင်လို့ အပြဟ္မစရိယ သီလကို ထိန်းနိုင်သော်လဲ အပူမကင်းပေဘူး။

'ရှင်းပြီလားမိချို။ တချို့ကလဲ ပြောကြတယ်။ 'ကျုပ်တို့ သီလရှင် ခြောက်နှစ် စတ်လာတာမို့ ဒီတရားအားထုတ်ဖို့ မလိုတော့ဘူး'လို့ ပြောကြတယ်။ သူတို့ထင်သလို နိဗ္ဗာန် ရောက်ကြောင်း တရားဟာ သီလစောင့်ရုံနဲ့ ဖြစ်တယ်ဆိုရင် သီလရှင်တွေ ဘုန်းကြီးတွေဟာ ရိပ်သာလာပြီး တရား အားထုတ်ကြတော့မှာ မဟုတ်ဘူး။ ဒါကြောင့် သီလစောင့် ထိန်းခြင်းသည်လဲ နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ပဲ ဖြစ်တယ်။

www.burmeseclassic.com



'မိချို့ကို ထပ်ပြီးပြောပြချင်သေးတယ်။ ဆေးသိပ္ပံပညာရှင် ဆရာဝန်တွေက ဆိုကြတယ်။ 'ခြင်'ကောင်ဟာ ငှက်ဖျားနဲ့ အတူ သွေးနဲ့ပတ်သက်တဲ့ ရောဂါဝေဒနာတွေကို ဖြစ်စေတယ်။ ကူးစက်ပြန့်ပွားစေတယ်။ ဒါကြောင့် ခြင်ကောင်ကို မပေါက်ပွားအောင် နှိမ်နင်းပါလို့ ဆိုတယ်။ ခကွေးယပင်းသေတ်နဲ့ စာလုံးပေါင်းတဲ့ သက်ရှိသတ္တဝါ'ခြင်'ကောင်ထက် ကြောက်မက်ဖွယ်ရာ လက်ဆုပ်လက်ကိုင် မပြနိုင်တဲ့ အသံတူ စာလုံးပေါင်းကွဲတဲ့ 'ချင်' က တိရစ္ဆာန် ခြင်ထက် အဆပေါင်းများစွာ ကြောက်မက်ဖွယ်ရာ ကောင်းတယ်။

'ဒီချင်'ကြောင့် သံသရာကိုစခဲ့ရတယ်။ 'ဒီချင်'ကြောင့် သမုဒယမီးဟာ ပွားခဲ့ရတယ်။ စားချင်တယ်၊ နေချင်တယ်၊ ဝတ်ချင်တယ်၊ ချစ်ချင်တယ်၊ မုန်းချင်တယ်၊ ကာမဆန္ဒတွေ နှိပ်စက်သမျှ သတ္တဝါတွေ ခံရတာပဲ။ လက်ခံသိမ်းပိုက်ထားသူကို အပူမီးပွားစေလို့ သောကပွားစေလို့ ဒီ'ချင်'ကို မါဠိလို'ကိလေသာ'လို့ ဆိုရှင်လဲ မမှားဘူး။

'ဒါကြောင့် ရှင်တော်ဘုရားက မမှစကြာမှာ ချစ်တဲ့သူနဲ့ ကွေကွင်းရတဲ့အခါ ပြန်လည်တွေ့ 'ချင်'ရက်နဲ့ မတွေ့ရတာလဲ ဒုက္ခပဲတဲ့။

မချစ်မနှစ်သက်တဲ့လူနဲ့ အတူပေါင်းသင်း နေရပြန်တော့ အတူမနေ 'ချင်' တာကလဲ ဒုက္ခပဲတဲ့။

'အကြင်လို 'ချင်'တဲ့ အရာတို့ကိုမရ၊ ထိုမရတာတွေကို ထပ်ကာထပ်ကာ လို'ချင်'ရတာလဲ ဒုက္ခပါပဲတဲ့။





'ဒီသတ္တဝါ၊ တိရစ္ဆာန် 'ခြင်' ကောင်ကို မပေါက်ပွားအောင် ရှင်းလင်းသုတ်သင်တဲ့ ဆေးတွေ၊ နည်းတွေရှိသလို သတ္တဝါကောင် ထင်ရှားမရှိတဲ့ လောဘဆိုတဲ့ 'ချင်' ကို ရှင်းလင်းသုတ်သင်ဖို့ နည်းလမ်းရှိပါတယ်။

'အရင်းရှင်နိုင်ငံတွေမှာရော၊ ရုပ်ဝါဒ လွှမ်းမိုးရာ နိုင်ငံတွေမှာရော၊ သန်းကြွယ်သူဌေးကြီးတွေက ဒီ'ချင်'ကို မငြိမ်းသတ်နိုင်လို့ ဗေလျံတူး (၂) တို၊ (၅)(၁၀)တို့နဲ့ ရလီဗင်းစတဲ့ စိတ်ငြိမ်ဆေးတွေ စားလိုက်ရတာ အမော၊ သံကန့်လန့်ကာအတွင်းက ရုပ်ဝါဒကို လက်ခံထားတဲ့ ခေါင်းဆောင်ကြီးတွေကျတော့လဲ သန်းကြွယ်တွေလိုမဟုတ်ဘဲ အာဏာကို လုယူသွားမှာစိုးလို့သတ်ရ၊ ရှင်းရ၊သုတ်သင်ရတာလဲ ဒီ'ချင်'ကြောင့်ပဲ။ အခုတော့ စိတ္တဇဆရာဝန် သိပ္ပံပညာရှင်တွေက သုတ်ထုတ်လုပ်တဲ့ စိတ်ငြိမ်ဆေး၊ ခေါင်းအေးဆေးတွေကို သတ္တဝါတွေရဲ့ လောဘ၊ ဒေါသ၊ မောဟနောက်ကို အမီလိုက်ထုတ်လုပ်ရာမှာ အင်အားမမျှလို့ ခုတော့ ဝန်ခံရပြီ။

'ဝိပဿနာ ရှုမှတ်မှုသည်သာလျှင် တကယ်စိတ်ငြိမ်သက်အေးချမ်းမှုကို ပေးပါတယ်'တဲ့။

'မင်းရွှေကြင် မျက်မြင် နိုင်ငံခြားသားတွေ မဟာစည်သာသနာ့ရိပ်သာမှာ တရားအားထုတ်ပြီး ဝန်ခံသွားကြတယ်။

'လက်ရှိ ရန်ကုန်စိတ္တဇဆေးရုံက ဒေါက်တာ အုန်းမောင်ထတောင် မင်းကို တစ်နေ့ပြောသွားသေးတယ်။ စိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



မနိုင်နိုင်သေးလို့ ယဉ်ယဉ်လေးနဲ့ ရွှေးသွားတဲ့ လူတွေကို နောက်ဆုံး ဝိပဿနာနည်းလမ်းကိုပဲ ပေးရတော့တယ်' တဲ့၊ မှတ်မိသေးရဲ့လား။

'နိုင်ငံခြားက အားထုတ်လာသူဟူသမျှ ဒီဝိပဿနာတရားကို လေးစား ယုံကြည်လက်ခံသွားကြတယ်' လာလှည့်၊ ရှုလှည့်၊ လက်တွေ့စမ်းသပ်လှည့်ပါ။ ဒီတရားဟာ အစမ်းအသပ်ခံ (ဝိဇ္ဇာနည်းနဲ့ စမ်းသပ်စမ်းသပ်၊ သိပ္ပံနည်းနဲ့ စမ်းသပ် စမ်းသပ်) အစမ်းသပ်ခံနိုင်တဲ့ ဂုဏ်တော်နဲ့ ပြည့်စုံပါပေတယ်။

'ကြားရုံမျှပင် အပူစင်၍ကျင့်လျှင် ချမ်းသာရတတ်ပါ၏' ဆိုတဲ့အတိုင်း လက်တွေ့ကျင့်ဖို့တော့ တကယ်လိုတယ်။

'မိချိုကိုတော့ အပြစ်မတင်လိုပါဘူး။ ဝေပုလ္လတောင်ဆိုတာ ဘယ်မှာနေမှန်းမသိဘူး။ ဝေပုလ္လတောင်ယံက ပတ္တမြားကို မျှော်မှန်းတမ်းတပြီး အထင်ကြီးကြတယ်။ ကိုယ့်လက်ထဲက ရတနာထုပ်ကို ဖြေထုတ်ပြီး မသုံးစွဲတတ်တဲ့ အကျင့်ဟာ မြန်မာပြည်သူတွေရဲ့ အားနည်းချက်တစ်ခုမို့ မင်းကိုခွင့်လွှတ်ပါတယ်။

'မိချို မင်းဖြစ်တာဟာ မဆန်းပါဘူး။ ခရီးအတန်ငယ်ဝေးကွာတဲ့ အိမ်တစ်ခုကို တောလမ်းကဖြတ်သန်းပြီး သွားရောက်ခဲ့ဖူးတဲ့ သူတစ်ယောက်ဟာ တစ်ခါ ရောက်ဖူးရုံနဲ့ လမ်းကိုမမှတ်မိတာဟာ မဆန်းပါဘူး။





'ဒီတစ်ခါ ထပ်သွားပါ၊ လမ်းကို စေ့စေ့စပ်စပ် သေသေချာချာ မှတ်သွားပါ။ ဆိုက်ဆိုက်မြိုက်မြိုက် ပြန်ပြီးရောက်ပါလိမ့်မယ်။

'အစ်မကြီး ဒေါ်မမလေးကို ဆရာတော်ဦးဇနက, ကမ္မာတယ်မို့လား။ ၁၀-ရက်တည်းနဲ့ မိချို အပူမစင်သေးလို့ ပြန်ခဲ့ပါဦးဆိုတာ' မှန်ရှေ့တွင်ထိုင်နေသော ကျွန်မ မိချိုအား မှန်ထဲရှိ မခင်ယုသည် အမှန်အကြောင်းများကို စိစစ်ဝေဖန်ပြ၏။ တကယ်တော့လဲ မခင်ယုသည်သာလျှင် မိချို၏ အားနည်းချက် ဖောက်ပြန်ချက်ကို ဆန်းစစ်ဝေဖန် တင်ပြနိုင်ပါသော အချစ်ဆုံးသူပါတည်း။ ထို့ကြောင့် မြတ်စွာဘုရားသခင်က အတ္တသမံ ပေမံနတ္ထိဟူ၍ မိန့်ကြားခဲ့၏။

ဒီတစ်ခါတော့ ကျွန်မသည် ခေတ်စကားနှင့်ဆိုလျှင် ခင်နှင်းယုကို အပြတ်ရှင်းခဲ့၍ ရိပ်သာသို့ ဝါဆိုလ၏ နောက်ဆုံးပတ်တွင် ဝင်ခဲ့၏။

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် စိတ်တို့မှ ဝင်ရောက်လာသော အာရုံဟူသမျှ ထိတွေ့သမျှကို အသေးစိတ်ကို ရှုမှတ်တော့၏။

ဖောင်းတယ်၊ ပိန်တယ်ကိုလည်း အသက်ရှူသွင်း၍ ဗိုက်က တဖြည်းဖြည်း ဖောင်းရာမှ အမြင့်ဆုံး၊ အဖောင်းအရှိန်ဆုံးအချိန်ထိ လိုက်မှတ်၏။ ယခင် အမှတ်ကျဲစဉ်က ဖောင်းတယ်ဟု တစ်ချက်တည်းသာ မှတ်လိုက်၏။ ယခုတော့ တရွေ့ရွေ့ လေ၏လှုပ်ရှားမှုကြောင့် ဗိုက်သားပြင်-ရုပ်အစုအခဲ ဖောင်းကြွမြင့်တက်လာခြင်းကို သေချာစွာရှုမှတ်သေးအခါ

www.burmeseclassic.com



လေးကြိမ် မှတ်ယူ၍ရ၏။ ပိန်တယ်ဟု မှတ်ယူချိန်သည် 'ဖောင်းတယ်' ဟု မှတ်ချိန်ထက်တို၍ မြန်သည်ကို သတိထားမိ၏။ ဝင်သက်လေသည် နှေး၍ ထွက်သက်လေသည် မြန်သည်ကို သိလာသည်။

ဝေဒနာကတော့ အပျိုဘဝ အားထုတ်စဉ်ကလိုပင် ရှု မှတ်သည်နှင့် တစ်ပြိုင်နက်တည်း မပေါ်လာတော့ပေ။ တစ်ခါတစ်ရံ ၂-နာရီလောက်ကြာမှ ညောင်းခြင်း၊ ခြေ ကျဉ်လာခြင်းဖြစ်၍ ပြောင်းလိုက်ရ၏။ ရက်ကြာလာသည် နှင့်အမျှ ၃-နာရီ ၄-နာရီအထိ တောက်လျှောက် ထိုင်၍ ရလာသည်။

ယခင်က ဘယ်လှမ်းတယ် ညာလှမ်းတယ်ဟု ရိုးရိုး လမ်း သွားသလိုပင် စကြံကိုမှတ်၏။ ယခုတော့ ကြွချင်တယ်ဆို သော ဆန္ဒကအစ တရွေ့ရွေ့ကြာလာမှ လှမ်းဖို့အားယူပုံ၊ လှမ်းပုံ၊ ခြေကိုချရန် ပြင်ပုံ၊ ချနေဆဲ ကြမ်းပေါ် ခြေ ထိထိ မိမိ ချမိသည်အထိ အမှတ်စိပ်လာ၏။

ထိုင်နေဆဲတွင်လဲ တံတွေးမျိုချင်သည်ကအစ ဆန္ဒ ဖြစ် လာခြင်း တံတွေးများ လျှာပေါ်စုလာပြီး မျိုလိုက်ပြီ မျို တယ်အဆုံး အသေးစိတ်မှတ်လာသည်။

ဝေဒနာရှင် ဂိလာနမို့ ဇရပ်ထဲတွင် တစ်ယောက်တည်း အားထုတ်ခွင့်ပေး၏။ ဖန်ယဉ် ဓမ္မာရုံသို့ နေ့လယ် ၂-နာရီမှ ၃-နာရီထိ တရားနာချိန်သာ လာရ၏။ ကျန်းမာသူ ယောဂီအမျိုးသမီးများမှာမူ မနက် ၅-နာရီမှ ည ၉-နာရီထိ





(နံနက်စာစားချိန် ကိုယ့်ဇရပ် ကိုယ်ပြန်စားခွင့်ပြု၏။) ဖန် ယဉ်ဓမ္မာရုံတွင် အထိုင်တစ်လှည့် စင်္ကြံတစ်လှည့်ဖြင့် မနား တမ်း တရစပ် အားထုတ်ရ၏။ ဓမ္မာရုံမှဆင်း၍ ကိုယ့်နေရာ ပြန်ရောက်တော့လည်း မပြက်မစဲ အားထုတ်ရသည်ပင်။

ယခု တစ်ကြိမ်တွင်တော့ ကျွန်မ ဆရာတော် ဦးပဏ္ဍိ ကျောင်းခန်းရှေ့ရောက်ချိန်တွင်လည်းကောင်း၊ သိမ်ကြီးရှေ့ ဖြတ်ချိန်တွင်လည်းကောင်း ချစ်သူခြေရာကို စာရေးဆရာ ခင်နှင်းယုစိတ်ဖြင့် မရှာတော့ပါ။ သမုဒယကို အတွေးနယ် မချဲ့တော့ပါ။ တစ်ခါတစ်ရံ စိတ်ရောက်သွားတောင်မှ စိတ် ကူးနေတာ ကြံစည်နေတာဆိုသော သတိက ကပ်၍ ယှဉ်၍ ပေါ်လာသည်နှင့် တစ်ပြိုင်နက်တည်း အတွေးသည် ပြတ် သွား၏။ အတွေးကိုမှီ၍ တည်၍ ပေါ်လာသော ဝေဒနာ သောကတို့သည် လုံးဝ ဖြစ်ခွင့်မကြုံတော့ပေ။

ကျွန်မ၌ သွားဖုံး ယောင်ယိုသောရောဂါကလည်းရှိသည်။ ညအိပ်ချိန်တွင် ထွေးခံတစ်လုံးထဲ ရေအနည်းငယ်ခံ၍ ခုတင် ဘေးတွင်ထား၍ အိပ်ရ၏။ အိပ်ရင်း တံတွေးထွေးလိုတိုင်း ကြမ်းပေါ်မှ ထွေးခံကို လှမ်း၍ယူရ၏။ တစ်ရေးနိုး ခြင် ထောင်ကိုမ,၍ လက်ကိုမ,ပုံ၊ တရွေ့ရွေ့ ထွေးခံရှိရာသို့ ဆန့် သွားပုံ၊ ထွေးခံကိုထိပုံ၊ ထွေးခံကို မ,ရာမှ ကြွလာပုံ၊ တစ် တစ်စ အမှတ်ကို စိပ်နိုင်သမျှ စိပ်အောင်မှတ်၏။ တစ် ညတွင်တော့ စိတ်ထဲတွင် မှတ်ရင်းမှ ဤလက်ချောင်းများ သည် လက်မောင်းတံများသည် တခြားက အသားစိုင်

www.burmeseclassic.com

www.burmeseclassic.com



အသားခဲကြီးတစ်ခု ရွေ့လျား လာသလို ဖြစ်သွား၏။ မိမိ၏ခန္ဓာကိုယ်တစ်စိတ်တစ်ပိုင်းတစ်ခု လှုပ်ရှားသည်ဟုပင် မထင်။ ကရိန်း (ဝန်ချီစက်) တစ်ခု ရွေ့လျား သွားသည်ကို မှတ်နေသလို ထင်လာသည်။ ရုပ်ခန္ဓာကို မိမိနှင့်မဆိုင်သော သူစိမ်းပြင်ပအနေဖြင့် (ပရတော) အမှန်အတိုင်း သိသော အနုတ္တနုပဿနာ ဉာဏ်ဖြစ်ကြောင်း ဆရာတော် ဦးဇနက ရှင်းပြသိရ၏။

တစ်ခါတစ်ရံ ဖောင်းတာလဲမရှိ၊ ပိန့်တာလဲမရှိ၊ ပိုက်သားကြီးသည် ချပ်ပြားကြီး ငြိမ်နေသည်။ သေသည်လည်း မဟုတ်၊ ဖောင်းမည့်အချိန်ကို စောင့်၍နေမိသလို ဖြစ်နေ၏။ ထိုအချိန်၌ ချပ်ပြား ငြိမ်သက်နေသော တခြားအရုပ်ကြီးတစ်ခု ခုတင်ပေါ်တွင် ကျန်ရစ်သလိုဖြစ်သွား၏။ မြင်တယ်၊ သိတယ်ဟုမှတ်နေသော စိတ်ကလေး သည်လဲ ဘယ်ကိုရောက်နေလဲ မသိပါပေ။ နောက်ဆုံး အရှုအမှတ်ခံ ရုပ်ဝတ္ထုပစ္စည်းလည်းမရှိ၊ တွေ့ထိမှုအာရုံကို သိသော စိတ်ကလည်းမရှိ၊ ထိခြင်းနှင့် သိခြင်းပင် မရှိတော့ပေ။

ရက်ပေါင်း ကြာရင့်လေလေ အာရုံ ခြောက်ပါးကို လက်ခံသိမ်းပိုက် ခံစားမှုဝေဒနာဖြစ်ရာ ဒွါရခြောက်ခုတို့မှ ဘာမှ ဖြစ်ခွင့် မကြုံအောင် ရှုမှတ်မှုက နိုင်လာ၏။ သမာဓိအားကောင်းလာ၏။ ထိုအခါမှ ဘာပူပင်သောက စိတ်ကစီဝိစာရမှ ကျွန်မစိတ်ထဲတွင် ပေါ်မလာတော့ပေ။ ပေါ်မလာခြင်းမှာ ပေါ်ခွင့်ကို မကြုံရအောင် ရှုမှတ်စိတ် တစ်စပ်တည်း ဖြစ်နေသောကြောင့် ဟူသော သဘောကို နောက်မှနားလည် ဆင်ခြင်လာမိ တော့သည်။

သာသနာ့ရိပ်သာတွင် ရက်ရှည် 'ဒုတိယအကြိမ် ပြန်လည်၍ ဝင်ရောက်ခဲ့ခြင်းမှာ သိတင်းကျွတ် လပြည့်ကျော် ၁၀-ရက်နေ့၌ ၂-လ တင်းတင်း ပြည့်ခဲ့၏။

ထိုနေ့က ကျွန်မ အမှတ်တရားနှင့် ဖန်ယဉ် ဓမ္မာရုံသို့ တရားနာရန် တက်လာသောအခါ ထုံးစံအတိုင်း ဆရာတော် ဦးပဏ္ဍိတ ခေတ္တတည်းခိုရာ ကျောင်းခန်းရှေ့မှ ဖြတ်လာခဲ့၏။ အမှတ်တရားကို ခြေလှမ်းတိုင်းတွင် ထား၏။ မျက်စိအာရုံကိုလည်း ခလုတ်မတိုက်ရုံ အကွာအဝေးတွင်ပဲ စကျုံ့ခြေချကာ သွား၏။

'ဒကာမကြီးမခင်ယု ညနေကျရင် တခြားယောဂီတွေလို ၆-နာရီထိုးအထိ ဖန်ယဉ်ဓမ္မာရုံမှာ တရားထိုင် မနေနဲ့တော့။ ၅-နာရီ တုန်းကြီးနဲ့တွေ့ဖို့ ဒီကျောင်းခန်း ကို ဦးဇနကကို ခွင့်တောင်းပြီး ဆင်းလာခဲ့'

ကျွန်မ ထိုအခါကျမှ ခေါင်းမော့၍ ဖူးလိုက်၏။ မိန့်ကြားသူမှာ ဆရာတော် ဦးပဏ္ဍိဖြစ်၏။

'တင်ပါ့ဘုရား'ဟု ပြန်လည်ဖြေကြား၍ ဆရာတော် ဦးဇနက တရားဟောရာ ဖန်ယဉ် ဓမ္မာရုံသို့ ကျွန်မဆက်၍ သွား၏။

ထိုနေ့က ဆရာတော်ဦးဇနက ဟောကြားသော တရားကလည်း ကျွန်မအတွက် ထူးခြားနေ၏။

www.burmeseclassic.com



'ဒီနေ့ဟာဖြင့် နောက်ဆုံးကွင်းပိတ်တရားပဲ' ဟု အဝ ရှိကာ ဆရာတော် တစ်ဝါတွင်းလုံး ဟောခဲ့သော တရားများကို အဆုံးသတ်နိဂုံးချုပ်လိုက်၏။

၁။ လောကမှာ ဖြစ်ဖြစ်သမျှ ရုပ်နာမ်ဟာ ဒုက္ခအမှန်ချည်းပဲ။

၂။ တွယ်တာမှု သမုဒယကြောင့် ဒီဒုက္ခဆင်းရဲတွေ ဖြစ်တယ်။

၃။ ဒီဒုက္ခဆင်းရဲက လွတ်ငြိမ်းရာ အမှန်တရားသည် အမှန်တကယ် ရှိ၏။

(နိဗ္ဗာန်ဆိုသည်မှာ အရှိတရားဖြစ်၏။ အပြုပြင် ခံရသော ရုပ်သဘော၊ နာမ်သဘော ဟူသမျှသည် အဖြစ်တရားဖြစ်၍ အဖြစ်နောက်က အပျက်ကပ်ပါ ရသည်မှာ ဓမ္မတာမို့ ဘယ်ဟာမှမမြဲ၊ ဖြစ်လျှင်ပျက်ရမည်။ 'အရှိ' တရား မှာကား ဖြစ်မှုမရှိ၍ အပျက်လည်းမရှိ၊ ထို့ကြောင့် 'အရှိသဘော' သည် မပျက်စီးပဲ တည်မြဲ၏။ အရှိတရားနှင့် အဖြစ်တရားကို ဆရာတော် ခွဲခြားဟောသည်မှာ ရှင်းလှ၏။ နောက်မှ အခွင့်သင့်သလို ကျွန်မရေးပြပါမည်။)

၄။ ထိုလွတ်ငြိမ်းရာ ချုပ်ငြိမ်းရာ သွားရာလမ်းကြောင်း တွင် ထိန်းသိမ်း ကျင့်သုံးသွားရမည့် အချက် ရှစ်ချက် ပါဝင်ပုံကို စာအိန္ဒိုဝင် ဆိုတော်....

(က) သမ္မာဒိဋ္ဌိ (မှန်စွာသိမြင်မှု။)
(ခ) သမ္မာသင်္ကပ္ပ (မှန်စွာကြံစည်မှု။)





(ဂ) သမ္မာဝါစာ (မှန်စွာပြောဆိုမှု။)
(ဃ) သမ္မာကမ္မန္တ (မှန်စွာပြုလုပ်မှု။)
(င) သမ္မာအာဇီဝ (မှန်စွာအသက်မွေးမှု။)
(စ) သမ္မာဝါယာမ (မှန်စွာကြိုးစားအားထုတ်မှု။)
(ဆ) သမ္မာသတိ (မှန်စွာ သတိကပ်မှု။)
(ဇ) သမ္မာသမာဓိ (မှန်စွာ စူးစိုက်တည်ငြိမ်မှု။)

ဤလမ်းစဉ်အတိုင်း၊ သို့မဟုတ် ဤလမ်းမမှ အမှတ်စိပ်စိပ်နှင့် သွားလျှင် အပူသောက ဗျာဒတို့ ချုပ်ငြိမ်းရာတွင် မက ဘဝတစ်ဖန် ပြန်မဖြစ်ပါသော နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်၏။

ကဲ.... အမှန်တော့ ငယ်ငယ် စာဖတ်တတ် ကတည်းက ဓမ္မစကြာရွတ်တိုင်း ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓ သစ္စာ၊ မဂ္ဂသစ္စာ၊ သစ္စာတရားလေးပါးကို ကြက်တူရွေး စာကျက်သလို အလွတ်ရခဲ့ ရွတ်ဖတ်လာခဲ့သည်မှာ ကြာခဲ့ပြီ။

ကျောင်းနေလာသော အထက်တန်း ၁၀ နှစ်တွင်လဲ သစ္စာတရား လေးပါးကို ပိုင်းခြားထင်ထင် သိမြင်အောင် မြတ်စွာဘုရား သခင်က ပဉ္စဝဂ္ဂီငါးဦးကို တရားဟော သောခန့် 'ဓမ္မစကြာ အခါတော်နေ့ ကျင်းပတိုင်း' လည်း ထိုတရားကို ကြားနာခဲ့၏။

ယခုမှပင် သစ္စာလေးပါးကို အလွတ် အမြန် ပြန်ဆိုခဲ့သော ကျွန်မသည် ကိုယ်တွေ့ ကျင့်ခဲ့သော ဝိပဿနာ တရားနှင့် ယှဉ်၍ သုံးသပ်ဆင်ခြင်မိတော့သည်။ လမ်းတွင်

www.burmeseclassic.com



ရောက်ခဲ့သောနေရာများ ကြုံခဲ့တွေ့ခဲ့သော အဖြစ် များနှင့် နောက်ဆုံးမျက်မှောက် ပြုခဲ့သော အာရုံကို သတိရ၍ ဝမ်းမြောက် ချမ်းမြေ့သွားရသည်။

'ကဲ....ဒီတရားကို မြတ်စွာဘုရားသခင် ဟောကြားစဉ်က တော့ ပဉ္စဝဂ္ဂီ ရဟန်းငါးဦးအနက် အရှင်ကောဏ္ဍညဟာ တရားအဆုံးမှာ ဓမ္မစက္ခု(တရားမျက်စိ)ခေါ်တဲ့ သောတာ ပတ္တိ မဂ်ဉာဏ်နဲ့ နိဗ္ဗာန် မျက်မှောက် ပြုခဲ့တယ်။ ကျန်တဲ့ လေးပါးကတော့ ဓမ္မစကြာတရားတော်မှာပါတဲ့ မဂ္ဂင် ရှစ်ပါး အလယ်လမ်း အကျင့်အတိုင်း ဆက်လက် အား ထုတ်ခဲ့ကြလို့ မကြာခင်ဘဲ ဓမ္မစက္ခုကို အသီးသီး ရသွား ကြတယ်။ ကဲ....တို့တပည့်တွေတော့ ဘာများရကြသလဲ။

ဘယ်သူ ဘယ်ဉာဏ် အဆင့်အထိ ရပြီဆိုတာကိုတော့ တို့ ဟောပြော ရှင်းပြတာတွေနဲ့ တိုက်ဆိုင်ပြီး ကိုယ့်ဟာကိုယ် ဆင်ခြင်ကြည့်ကြပေတော့' တရားအဆုံးသတ်လျှင် ခေတ္တ နား၍ ယောဂီသစ်များကို တရားစစ်၏။ ယောဂီဟောင်း များကတော့ ဆက်လက်၍ တရားမှတ်၏။

ဆရာတော် ဦးပဏ္ဍိ မှာလိုက်သည့်အတိုင်း ဆရာတော် ဦးဇနကထံ ခွင့်ပန်၍ တစ်နာရီစောဆင်းကာ ငါးနာရီတိတိ တွင် ဆရာတော် ဦးပဏ္ဍိကျောင်းခန်းသို့ ဝင်ခဲ့၏။

'ဒကာမကြီး မခင်ယု'

မြတ်စွာဘုရားသခင်သော်မှ ကျွတ်ထိုက်တဲ့သူကို အရင်ဆုံး ဉာဏ်တော်ဖြင့်ရှာပြီးမှ တရားဟောတယ်။

ဒုတိယအကြိမ်



ပြီးတော့လဲ ချွတ်ရမယ့်ပုဂ္ဂိုလ်ရဲ့ ဖြစ်ဆဲအခြေအနေကို ကြည့်ပြီးမှ သူနဲ့သူနဲ့ထိုက်တဲ့တန်တဲ့တရားကို ပုဂ္ဂိုလ်ရဲ့ ခေတ်ခံ အနုအရင့်ကို ကြည့်ပြီးဟောတယ်။

ဆရာတော် မန္တလေးကို ကြွမသွားခင်က ဒကာမ ကြီး ရိပ်သာကို ပြန်ရှင်ခဲ့သေးတယ်။ ဒကာကြီး ဆုံး ပြီးစ,ကလဲ ရက်လည်ဆွမ်းသွတ်တော့လဲ ဒကာမ ကြီးကို ဆရာတော် တွေ့ခဲ့တယ်၊ အဲဒီကတည်းက ဒကာမကြီး ကျန်းမာရေးနဲ့တကွ သွားလာလှုပ်ရှားပုံ ကာလူ့ခြေ့ကအစ ဆရာတော် အကဲခတ်ကြည့်တယ်။ ဒီနေ့ထိပဲ။

ဒကာမကြီးကတော့ ကိုယ့်အမှတ်တရားနဲ့ကိုယ် ဖန်ယဉ် ဓမ္မာရုံကို နေ့တိုင်းသွားတာပဲ။ ဒီနေ့တော့ ဆရာတော် တရားဟောဖို့ အချိန်ရောက်ပြီ။ ပထမဆုံး ဆရာတော် မေးခွန်းတစ်ခုမေးမယ်။ ယောဂီ မခင်ယု အနေနဲ့မဖြေနဲ့။ စာရေးဆရာ ခင်နှင်းယုအနေနဲ့ ဖြေပါဆို၍ မေးခွန်းတစ်ခု မေးပါသည်။

'အာရုံခြောက်ပါး အပေါ်တွင် စာရေးဆရာ တစ်ယောက်၏ ခံယူချက် သဘောထားနှင့် ရုပ်နှင့် နာမ်အပေါ်တွင် စာရေးဆရာအနေနှင့် ခံယူချက် ဖြစ်ပါသည်' ဆရာတော်၏ မေးခွန်းမှာ ဒါပဲဖြစ်ပါ သည်။ ကျွန်မသည် 'ဇီဝဇိုး'ဆောင်းပါးတွင် ရေး သားထားသည့်အတိုင်း စာရေးဆရာကတော့ကြံစည်

www.burmeseclassic.com



ခြင်း၊ စိတ်ကူးခြင်းဖြင့် ဝိတက်ပွားသူတို့ဖြစ်၏။ ဒွါရခြောက်ခု တံခါးခြောက်ပေါက်ကို ဖွင့်ထား၍ ကြုံတွေ့သမျှ အာရုံတို့ကို မိမိ၏ခံစားမှုမှ အကျယ်ပြန့်၍ စာဖတ်သူကို ပေးဝေငှရ၏။ အင်မတန် သောကကြီးသူတို့အလုပ်ဖြစ်၍ အပူပွား၏။ ရုပ်နှင့်နာမ်၊ သို့တည်းမဟုတ် ပတ်ဝန်းကျင် ရုပ်ဝတ္ထုတို့အပေါ်၌ စိတ်၏လွှမ်းမိုးကြီးစိုးပုံကို ကျွန်မရေးသားခဲ့သော 'နှင်းဆီမွှေရာ' 'ခန္ဓာနှင့် အာရုံ' 'မနောဝိညာဉ်' 'ပန်းပုဆရာဦးသာယာ' တို့ကို တင်ပြ၍ ကျွန်မ၏ခံယူချက်ကို ဖြေကြားလိုက်၏။

ကျွန်မအဖြေဆုံးလျှင် ဆရာတော် ဦးပဏ္ဍိသည် ဣန္ဒြိယသံဝရ တရားကို ဟောကြားပါ၏။ ဒွါရခြောက်ပါးဟု ပါဠိဆန်ဆန်ပြောသော အာရုံကို လက်ခံသော ဌာနခြောက်ပါး၌ အာရုံထင်လာသော အခါ ဝင်လာသောအခါ ကိလေသာ ဖြစ်ခွင့်မရအောင် ဝိပဿနာ အမှတ်ပြုမှုသတိဖြင့် မည်သို့ ပိတ်ဆို့သည်ကို ဟောကြားတော်မူတော့သည်။ (သီလ၊ သတိ၊ ဉာဏ၊ ခန္တီ၊ ဝီရိယ)ဟူသော သံဝရတရား ၅-ပါးဖြင့် ဣန္ဒြေကို ထိန်းချုပ်ပုံကို အကျယ်ချဲ့၍ဟောပြ၏။ ဆရာတော် ၂-ပါးသည် တစ်နေ့တည်း တစ်ချိန်တည်း တိုင်ပင်၍ပင်ထားလေသလား အောက်မေ့ရအောင် ဆုံးမကြီးလှသော ကိလေသာ ရတက်မီး





ပွားတတ်သော မိချိုကို အပြီးသတ် ချေချွတ်တော်မူကြ၏။

ထိုနေ့၌ ဇရပ်သို့ ကျွန်မ အပြန် လမ်းခရီးသည် ချောမွတ်အေးချမ်းသာယာစွတကား။

သိမ်ဖြူဆရာတော်ဘုရားကိုလည်း....

'တပည့်တော်သည် မျက်မှောက် လူ့ဘောင်၏ မြစ်ကို လည်း ကောင်း၊ သံသရာ၏ မြစ်ကိုလည်း ကောင်း ဖြတ်ကူးရန်အတွက် ရေကူး တတ်ပါပြီဘုရား'ဟု သွားရောက်လျှောက်ထားရဦးမည်။

'A Bridge for Passing' ပါးလ်ဘတ်၏ စာအုပ်ကို လက်ဆောင်အဖြစ်ပေးသော ချစ်လှစွာသော မိတ်ဆွေနှစ်ယောက်ကိုလည်း ချစ်သူပျောက်ကိုရှာရင်းမှ ကျွန်မ၏ တစ်ယောက်သွားသာရှုခရီးလမ်းဖြင့် ရောက်ခဲ့ အာရုံပြုခဲ့ရပါသော ထာဝရအေးချမ်းငြိမ်သက်သည့် ရိပ်ငြိမ်သို့ သွားရာ၌ ဖြတ်သန်းခဲ့ရသော တံတား ၇-ခုအကြောင်းကို အခွင့်သင့်လျှင် စာတစ်အုပ်ရေး၍ သူတို့ကို လက်ဆောင်ပြန်၍ ပေးရပေဦးတော့မည်။

ရှင်မဟာသီလဝံသသာ သက်တော်ထင်ရှား ရှိပါလျှင်လဲ....

'တပည့်တော်သည် တစ်ဖက်ဆည်ကန်ရေပြင်လယ်၌ ချစ်သူမျက်နှာကို မရှာတော့ပါဘုရား၊ ရွှေဖြူးမွှရုံ



www.burmeseclassic.com

www.burmeseclassic.com



စိမ်ခြင်းမဟုတ်ဘဲ ရွှံ့နှံ့နှစ်တို့ကို ပွတ်သပ်ဆေးကြောခဲ့ပါပြီဘုရား’ဟု လျှောက်ထားချင်ပါသည်။ နောက်ထပ်တစ်ဖန် ကျွန်မကိုယ်၌ ရွှံ့နှံ့လိမ်းကျံ ပေရေလာလျှင်တော့ အနေမတတ်သော ကျွန်မ၏ အပြစ်သာဖြစ်၍ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားအမှူးရှိသော ကမ္မဋ္ဌာနစရိယ ဆရာတော်တို့၏ အပြစ်မဟုတ်တော့ပါပြီ။

* * *

ဘုရင်မနှင့် မနှင်းဖြူ

ကျွန်မ၏ ရိပ်သာမှ ဒုတိယအကြိမ် ရက်ရှည်တရားထိုင်ပြီးနောက် အိမ်သို့ ပြန်လာခဲ့ပါသည်။ ယခု တစ်ကြိမ်သည် ၂-လနှင့် ၁၀-ရက် ကြာခဲ့၏။ လက်မထပ်ခင်က တရားဝင်ခဲ့သည်မှာ ၂၂-ရက် ဖြစ်ခဲ့ပါသည်။

ကျန်းမာရေး ချွတ်ယွင်းနေချိန်တွင် ညစာ မစားဘဲ ဥပုသ်စောင့်ကာ တရားထိုင်ပါသောကြောင့် ကျန်းမာရေးများ ထိခိုက်လေမလားဟု ကိုယ်ဘာသာ စိုးရိမ်မိ၏။

ဘေးလူတို့က မဆင်မခြင် ရိပ်သာတရားကိုလည်း အပြစ်တင်မှာကိုလည်း စိုးရိမ်မိ၏။

သို့သော် ကျွန်မအိပ်ခန်းတွင်းရှိ မှန်တင်ခုံရှေ့တွင် ထိုင်လိုက်သောအခါ စိုးရိမ်စိတ်များ ပျောက်သွားသည်။





ယခင်က ဖောသွပ်သွပ်နှင့် အဝါရောင် လွှမ်းနေသော မျက်နှာသည် ယခု သွယ်၍ ကျသွားကာ သွေးရောင် လွှမ်းနေတော့သည်။ ဖြူရော်နေသော နှုတ်ခမ်းများသည် နီထွေးစပြုလာ၏။ ရိပ်သာတွင်နေစဉ် လုံးဝ မှန်မကြည့်ပါသောကြောင့် ကိုယ့်မျက်နှာကို ကိုယ် ယခုမှ မှန်ထဲတွင် ထင်ရှားစွာ တွေ့ရပါတော့သည်။

‘မိချို ပြန်လာခဲ့ပြီလား’

ပထမဆုံး မှန်ထဲမှ ဒေါ်ခင်ယုသည် ကျွန်မကို ဆီးကြိုနှုတ်ဆက်၏။

‘ဟုတ်ကဲ့ ပြန်လာခဲ့ပါပြီ’ဟု ကျွန်မကဖြေသည်။ မှန်ပြင်ကို ကြည့်နေစဉ် ကျွန်မ သိုးဆောင်းတို့ပုံပြင်ထဲမှ မနှင်းဖြူခေါ် (SnoW White) ပုံပြင်ကို သတိရလာသည်။ ထိုပုံပြင်ထဲတွင် ဘုရင်မသည် သူ့အလှကို အလွန် မာန်တက်သည်။ သူ့ထက်လှသည့်သူ ကမ္ဘာမြေပြင်တွင် မရှိစေလိုပါ။ သူ့ကို အမှန်အတိုင်း ဘယ်သူကမှ မပြောရဲ။ သူကြည့်နေကျမှန်ကြီးကသာ ပြောရဲသည်။ သူသည် နံနက်တိုင်း မှန်ကိုကြည့်ရင်း....

‘ဒီကမ္ဘာမှာ ဘယ်သူအလှဆုံးလဲ’ဟု မေးတတ်၏။ ယခုတစ်ကြိမ်သူမေးသည်ကို မှန်ကြီးကဖြေပုံမှာ ယခင်လို ဘုရင်မအလှဆုံးပါဟု မဖြေပေ။

‘ဘုရင်မကြီးထက် လှတဲ့သူရှိပါတယ်’ဟု ဖြေ၏။

‘ဘယ်သူလဲ’

‘မနှင်းဖြူဆိုတဲ့သူဟာ အလှဆုံးပါပဲ’ဟု ဖြေလိုက်၏။ ဘုရင်မကြီးမှာ မနှင်းဖြူကို လိုက်သတ်ရပြန်သည်။ ခြေသံ....



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မကြီးသည် 'ကမ္ဘာတွင် အလှဘုရင်မဆိုသော' ဘွဲ့ကို လိုချင်မှုကြောင့် လူသတ်မှုကို အကြိမ်ကြိမ် ကျူးလွန်ခဲ့ရ၏။ ထိုသို့သောအကြောင်းတို့ကြောင့် သိုးဆောင်းတို့ ပုံပြင်တွင် မနှင်းဖြူနှင့် လူပုလေး ခုနစ်ယောက် အကြောင်းသည် တစ်ကဏ္ဍ ပါဝင်ခဲ့ပါသည်။

ကျွန်မနှင့်တော့ ဘာမှမဆိုင်ပါပေ။ သို့သော် မှန်ပြင် သားသည် စကားအမှန်ကိုသာ ဆိုတတ်ပါသောကြောင့် ယခု မှန်ပြင်ကြီးရှေ့တွင် ကျွန်မသည် သူစစ်ဆေးသမျှ အမှန်ကိုသာ ဖြေဆိုရမည်သာမက သူ၏ အမှန်တင်ပြချက် များကိုလည်း နာခံရပါတော့မည်။ မှန်ထဲမှ ဒေါ်ခင်ယု သည်သာလျှင် ကျွန်မစိတ်ကို အဝိဇ္ဇာကင်းစွာ လှေ့လာ နိုင်သူဖြစ်၏။ တစ်ခါတစ်ခါ ပုထုဇဉ်တို့ မလေ့သည် ကိုယ့်ကိုတောင် လိမ်ချင်ပါသည်။

'တရားအားထုတ်ပြီး ကိုယ့်ကိုယ်ကို မှန်ထဲကြည့်ပြီးတော့ ကျေနပ်ရဲ့လား'

'ကျေနပ်ပါတယ်၊ အားရပါတယ်၊ လုံးဝ စင်ကြယ် အေးချမ်းပြီး ကိလေသာက ငြိမ်းသွားပြီလို့တော့ မလိမ်ရ ပါရစေနဲ့'

မှန်ထဲမှ ဒေါ်ခင်ယုသည် ကျွန်မကို ကြည့်ကာ ပြုံး၏။

'လိမ်စရာမလိုပါဘူး၊ - မိချိုကို နားလည်ပါတယ်။ မင်းမျက်လုံးများရဲ့ ဣန္ဒြေက မင်းစိတ်ဓာတ် ဘယ်လောက် အထိ တည်ငြိမ် အနယ်ကျလာတယ်ဆိုတဲ့အတိုင်း အရှည်ကို



ပြနေတယ်။ ဒါကြောင့် ကမ္ဘာ့ဒ္ဒသနစရိယ ဆရာတော်တွေကို ယောဂီရဟန်း ယောဂီအမျိုးသား အမျိုးသမီး တွေဟာ မညာနိုင်တာပေါ့။

'ဟုတ်ပါတယ်'

'မိချိုကို ထပ်မံပြီး ကိုယ် နည်းနည်း ရှင်းပြမယ်။ ဆရာ တော် ဦးပဏ္ဍိတာဟောကြားတဲ့ ဣန္ဒြိယသံဝရနဲ့ ပတ်သက်ပြီး တော့ ရှင်းပြချင်တယ်။ ဣန္ဒြေဆိုတာ အစိုးရခြင်း၊ ကြီးမှူး ခြင်းပါပဲ။ သံဝရကတော့ ထိန်းချုပ်ခြင်း၊ စောင့်စည်း ခြင်း၊ ပိတ်ဆို့ခြင်းလို့ အဓိပ္ပာယ်ရတယ်။ မြင်ခြင်းကိစ္စမှာ မျက်စိအကြည်ဓာတ်ကသာ ကြီးမှူးတယ်၊ အစိုးရတယ်၊ ဒါ ကြောင့် ဣန္ဒြေလို့ခေါ်တယ်။ အဲဒီ မျက်စိအကြည်ဓာတ်ကမှ တစ်ဆင့် ဝင်လာတဲ့ အာရုံ ကိလေသာ မပွားရအောင် တစ် နည်း ဝေဒနာမပွားအောင် သတိနဲ့ကပ်ပြီး ရှုမှတ်ထိန်းချုပ် ရတယ်။ အဲဒါက သံဝရပဲ။ အဲဒီ မျက်စိအကြည်၊ နား အကြည်၊ နှာအကြည့်၊ လျှာအကြည်၊ ကိုယ်အကြည်၊ စိတ် အကြည်ဓာတ်တွေက ဝင်ရောက်လာသမျှ အာရုံတွေတို့ ကိ လေသာ အပွမပွားအောင် ဘယ်လောက်ထိန်းချုပ်နိုင်တယ် ဆိုတဲ့ အတိမ်အနက်ကို ယောဂီတစ်ဦးရဲ့ လှုပ်ရှားမှုဟန်ပန် က ဖော်ပြနေလို့ မင်းကို ငါကလဲ ကျေနပ်သင့်သလောက် ကျေနပ်ပါတယ်'

မှန်ထဲမှ ဒေါ်ခင်ယု ပြောကြားချက်ကို ကျွန်မ တစ်စုံ တစ်ရာ မဆွေးနွေးခင် ကျွန်မ၏ စိတ်ဓာတ်အပြောင်းအလဲ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို သတိပြန်ရ၏။ ဆရာတော်ဦးဇနကနှင့် ဆရာတော်ဦးပဏ္ဍိ တစ်ညနေတည်းတွင် သစ္စာ ၄-ပါး အကြောင်းနှင့် ဣန္ဒြိယသံဝရအကြောင်း ဟောပြောသော ညနေကို ချက်ချင်း သွား၍ သတိရမိ၏။

ထိုနေ့က ဆရာတော်ဦးပဏ္ဍိ ကျောင်းခန်းသို့ အဝင်တွင် ဆရာတော်ကို ဦးချလိုက်ပါ၏။ ဆရာတော်က ဣန္ဒြေခြောက်ပါးကို သီလ၊ သတိ၊ ဉာဏ၊ ခန္တီ၊ ဝီရိယတို့ဖြင့် ထိန်းချုပ်ပုံကို မဟောကြားမီ....

'ဒကာမကြီး ခင်နှင်းယု၊ အတိတ်ကို အတိတ်မှာပဲထားခဲ့ပေတော့'ဟု ပထမဆုံး ပြောလိုက်ပါသည်။ ဘုန်းတော်ကြီးကသာ လောကုတ္တရာအသိနှင့် လောကုတ္တရာဆန်ဆန် ပြောလိုက်ပေမယ့် ယခင်ကသာ ဆရာတော်ဘုရား၏ ထိုစကားသံ၊ စကားလုံးများကိုကြားလျှင် ခင်နှင်းယုနှင့်မိချို မကွဲပြားသေးပါသော ကျွန်မသည်....

'အတိတ်ကို အတိတ်မှာပဲ ထားခဲ့ပါရစေလား
နှောင်းခဲ့တဲ့ သစ္စာရှင်ကြီးရယ်၊ ပြန်ကာ၊ လှန်ကာ
မတွေးပါရစေနဲ့ကွယ်၊ ချစ်ခြင်းမေတ္တာဆိုတာ
အကွာရာသချာနည်းနဲ့
တွက်ဆလို့ရမယ်မထင်နဲ့ လှပျို့ဖြူရယ်'

ဆိုသော အနှစ်(၂၀)အတွင်းက တေးတစ်ပုဒ်ကို ဆက်လက်သီဆိုကာ နှောင်းခဲ့သော သစ္စာရှင် အသေတွေကိုရော၊ အရှင်တွေကိုရော သတိပြန်ရကာ ချစ်၍ရွာသော မိုးတို့က





ကျွန်မမျက်လုံးများမှ စွေဦးမည်ဖြစ်၏။ ယခုတော့ ဆရာတော်၏ စကားလုံးများကိုကြားပါသော်လဲ တည်ငြိမ်စွာ ပွးမြော်နိုင်ရုံမျှမက အတိတ်က အတိတ်ပေပဲဟူသော အမှတ်မှလွဲ၍ ဘာမှ ဆက်လက်မတွေးတော့ပေ။

မှန်ထဲမှ ဒေါ်ခင်ယုသည် ကျေနပ်သင့်သလောက် ကျေနပ်သည်ဟု ဆိုသည်မှာ မှန်ပေသည်။ အူဝဲဟုဆိုကတည်းက ကျွန်မနှင့်အတူ ဟုဉ်တွဲကပ်ပါလာသော ဒေါ်ခင်ယုသည် ကျွန်မ၏ ကိုယ်ဟန်လှုပ်ရှားမှု အပြောင်းအလဲ ကိုလည်းကောင်း၊ (ကာယိန္ဒြေ)။ စိတ်၏အပြောင်းအလဲလှုပ်ရှားမှု (မနိန္ဒြေ)ကိုလည်းကောင်း အကဲခတ်သိရှိ၍ ပြုံးသည်မှာ ပြုံးသင့်ပါသည်။

ကျွန်မ အရွယ်ရောက်သည်နှင့်တစ်ပြိုင်နက် ကျွန်မတို့ အိမ်အိုကြီးတွင် အပြောင်းအလဲ တစ်ခု ကြုံခဲ့သည်။ ရွှေထီးဆောင်းခဲ့စဉ် တစ်ခေတ်ကတော့ ဤအိမ်အိုကြီးတွင် အစေခံ၊ အခြွေအရံတွေအတော်ပေါခဲ့ပုံရသည်။ ကျွန်မ ဝိုးတဝါး အသိဖြင့်တောင် လူအတော်များကို သတိရမိ၏။

မေမေတို့က လယ်ဧကအများကြီးကိုပိုင်သော လယ်ပိုင်ရှင်များမဟုတ်၊ သော်ကာဘက်တွင် စပါးကျီ(စပါးစိ) ကြီးများဆောက်ကာ စပါးသိုလှောင်၍ ရောင်းချသူများ ဖြစ်၏။ မေမေ့လယ်အပိုင်မှာ ဂေါ်ဒုသောင်နှင့် ထီးပနန်းရွာကြားရှိ မြေနုကျွန်းကြီးတစ်ကျွန်းသာ ရှိခဲ့ဖူးသည်။

ကျွန်မအိပ်လိုသော အိပ်ခန်းသည် ဤအိမ်အိုကြီး၏ အတိတ်ကို ထိန်းသိမ်းထားရာ ရာဇဝင်ပြတိုက်ကြီးနှင့် တူနေ



www.burmeseclassic.com

www.burmeseclassic.com

၏။ အိမ်အပေါ်ထပ် အနောက်ဘက်ဆုံးတွင် ဤအခန်းဟောင်းကြီးရှိသည်။ သံသေတ္တာ အဟောင်းကြီးများထဲမှ (အော်ဒီမင်)စာချုပ်ခေါ်သည့် စာအုပ်ဖြတ်ပိုင်းများတွင် မြို့ရှင် ဦးရွှေဂုံး၊ ဒေါ်ကြီးသမီး မသိန်းတင်ဟူ၍ တွေ့ရ၏။ မေမေ၏ ညီမဝမ်းကွဲတော်သူ သန်းသန်းက ပြတိုက်မှူးကြီး သဖွယ် ပြောပြ၏။

'ကလေးတို့မေမေ ငယ်ငယ်က ငွေချေးစားခဲ့တယ်' ဟု ပြောပြ၍သာ မေမေတို့၏ အတိတ် စီးပွားရေး တစ်စိတ်တစ်ဒေသကို သိခဲ့ရ၏။ မေမေကတော့ ဘာမှ ပြန်မပြော။ တစ်ခါတစ်ရံသာ စကားစပ်မိလျှင်....

'သမီးတို့ကြီးရင် ပိုက်ဆံ ဘယ်လိုပဲချမ်းသာ ချမ်းသာ အတိုးအညှန့်ယူပြီး သူများကို ငွေချေးတဲ့အလုပ် ဘယ်တော့မှ မလုပ်နဲ့၊ တခြားအလုပ်,လုပ်စား' ဟု ပြောခဲ့ဖူးပါသည်။

ဤအခန်းအိုကြီးကို ရှင်းရာတွင် ယွန်းထည်၊ ဆွမ်းအုပ်များ၊ ကျောက်ကာဆွဲခြင်း၊ ကျောက်ကာဇန်း၊ သရဖူတံဆိပ် ရွှေဟောင်း ထမင်းစား ကြွေပန်းကန်ကြီးများ၊ ကော်ဖီပန်းကန်နှင့် ကြွေရေသုတ် မောင်းထောင်ခွက်များ၊ လင်ပန်းများ အလှူကြီးတစ်လှူ ပြုလုပ်နိုင်အောင် များလှပါသည်။

ကျွန်မ ငယ်ငယ်တုန်းက မှတ်မိသည်ကတော့ ကန်ဦးကျောင်းရွှေရှိ ဘုရားဘုရားဇရပ်သို့ သီတင်းနေ့တိုင်း ဥပုသ်စောင့်သွားလျှင် ဇရပ်သို့ ညဦးသွားအိပ်ကြ၏။ ဤ ဆွမ်းတော်အုပ်ကြီးများကို အိမ်ဖော်လေးများ သယ်သွားသည်ကို မြင်မိ၏။ ကျွန်မ ဘုရားဘုရားနှင့်အတူ လိုက်ချင်သည်ကတော့ ဇရပ်နောက်ဖေးဆောင်မှ အောက်သို့ ကြည့်လျှင် ကြည်လင်သောရေထဲတွင် ငါးရံ့သားပေါက်နှင့် တခြားငါးလေးများ ကူးနေသည်ကို ကြည့်ရသည်မှာ ပျော်သောကြောင့်ဖြစ်ပါသည်။





ကျွန်မ၏ မျက်စိအသစ်နှင့် ဤအိမ်အိုအဟောင်းတို့ တွေ့ကြပြီ။ သို့သော် ကျွန်မမျက်စိအသစ်ကို ဖွင့်ချိန်တွင် ပစ္စည်းဟောင်းတို့ကို မွမ်းမံပြုပြင်ထိန်းသိမ်းမည့်သူတို့ မရှိတော့ပေ။ ပြတိုက်မှူး ဒေါ်သန်းသန်းတစ်ယောက်သာ ကျန်ရစ်၏။

ပစ္စည်းဟောင်း ပန်းကန်ခွက်ယောက်တို့ကလည်း မိမိတို့၏အတိတ်ကိုသာ ဇာတ်မြှုပ်ကာ ပင့်ကူအိမ်တို့ကြားတွင် ခေါင်းလျှိုနေကြဟန် တူပါသည်။ ဤပန်းကန် ခန်းကို ကျွန်မအိပ်ခန်းအဖြစ်သို့ ပြောင်းလဲ၍ ရှင်းတော့မှ....

'ကျုပ်တို့လဲ ကျုပ်တို့ကို သ,မယ့်သူတွေရှိတုန်းက ဒီအိမ်သစ်ကြီးမှာ ပြောင်ပြောင်လက်လက် ထည်ထည်ဝါဝါနဲ့ တခမ်းတနား နေခဲ့သူတွေပါ'ဟု တီးတိုးပြောကြ၏။ ယခုတော့ အိမ်အို၏ အခန်းဟောင်းတွင် ဖုန်အလိမ်းလိမ်းကပ်သော မျက်နှာမွဲလေးများနှင့် သနားစရာပါပင်တည်း။

ကျွန်မ ဤအခန်းဟောင်းမှ ပစ္စည်းတွေအားလုံး ထုတ်၍ အိပ်ခန်းအဖြစ်သို့ ပြောင်းလိုက်၏။

www.burmeseclassic.com





ပန်းကန်တွေရော ယွန်းထည်တွေရော အိမ်အောက်ထပ်သို့ ရောက်လာ၏။ သန်းသန်းက အိုလာပြီဖြစ်၍ ကျွန်မ၏ တစ်မှဟုတ်ချင်း ပြောင်းလဲမှုကို မကူနိုင်။ သူ့ခမြာ လက်ညှိုးထိုး၍သာ အတိတ်သမိုင်းဟောင်းကို ပစ္စည်းဟောင်းတို့နှင့်ယှဉ်ကာ ယှဉ်ကာ အထောက်အထားပြု၍ ပြောပြ၏။ သံဆန်ကာ ကြောင်အိမ်နှင့် မှန်အလှပြဗီရိုတွေထဲကိုသာ ပန်းကန်ခွက်ယောက်များကို ဖုန်များပွတ်တိုက်၍ ပြန်လည်ထည့်သွင်းရ၏။ တစ်ယောက်တည်းလုပ်ရ၍ ပင်ပန်းသော်လဲ အသစ်မွမ်းမံချင်သော ကျွန်မသည် ပင်ပန်းသည်ဟု မထင်ပါပေ။ မမမှာ ထမင်းချက်များ မရှိပြီဖြစ်ပါ၍ ဤအိမ်အိုတွင် သူက မီးဖိုချောင်ထိန်းသိမ်းသူ စဖိုမှူးဖြစ်ပါသည်။ သူ့အလုပ်ကလည်းမသက်သာ၊ အိုးခွဲချက်စားသော ဆွေစုမျိုးစုမပါ။ တစ်အိုးတည်း အတူစားပင် အိမ်သား ဆယ့်ငါးယောက်လောက် ရှိပါသည်။

ဂျပန်ခေတ်ဖြစ်၍ ဤအိမ်အိုတွင် စစ်ပြေးဒုက္ခသည်တွေရော၊ တောမှပြေးလာသူတွေရော၊ လူအို၊ လူသစ်၊ လူလတ်၊ လူငယ်တွေနှင့် အပြည့်။

လူအိုတွေကလည်း ပုံစံအိုနှင့် နေလိုသည်။ သူတို့အတွက် သန့်ရှင်းလိုသော စေတနာနှင့် ကျွန်မလုပ်ပေးသည်ဟုမမြင်။ 'ဒီကြမ်းပေါက်ကိုဖွင့်ပြီး ဆီးတွေ ဝမ်းတွေ နှေ့တိုင်းသွားနေတာပဲ။ ဟောဒီ မိချီကိုရှည်တယ်' လူအိုများက ညည်း၏။ လူအိုများထဲတွင် လူနာများကလည်း ပါကြသေး၏။ တောအိမ်ဖြစ်၍ အပြင်ထုတ်ထားသော အိမ်သာသို့မသွားနိုင်ကြသောကြောင့် သူတို့အိပ်ရာဘေးတွင် အပေါက်ဖောက်ကာ ဆီးဝမ်းသွားကြ၏။

ကျွန်မ နှာခေါင်းနှင့်တော့ အသက်ရှူ၍မရ၊ အနံ့နံစော်လှ၏။ ဖျန်ဖြေရေးသမားကြီး မေမေသည် ကြားဝင်လာရပြန်၏။ ကြေးနီအေးကွင်းတပ် ကန့်လန့်ကာများကို ထုတ်ပေး၏။

'သမီး ဘဘတို့အခန်းကို ကာပေးလိုက်၊ ပါးစပ်က ဘာမှပြန်မပြောနဲ့' ဆို၍ အိပ်ရာနေရာကို သီးသန့် အိပ်ခန်းသဖွယ် ခန်းဆီးတပ်ပေး၏။ ဘွားဘွား အိပ်သွားသော အခန်းဟောင်းကိုရှင်း၍ ဝမ်းသွား ဆီးသွားသောနေရာကို လုပ်ပေးရ၏။

'တင်တင့်သမီးကို ရှည်တယ်၊ ကြမ်း ဒီလောက် ပြောင်အောင်တိုက်ထားတော့ နေရတာ အနေကျုံ့တယ်' ဟု လူလတ်အိမ်သားများက ကျွန်မကို စွဲချက်တင်သည်။ မေမေ့ကို တိုင်ကြပြန်၏။ အဘယ့်ကြောင့်ဆိုသော် သူတို့သားငယ်များသည် ရွံ့ပေသောခြေထောက်များနှင့် ခြံထဲမှ တက်လာတိုင်း ခြေထောက်ကို ဆေးရ၊ သုတ်သင်ရ၍ အလုပ်ပိုလာသောကြောင့် ဖြစ်သည်။

'ဆောင်းတွင်းမနက် ချမ်းပါတယ်ဆိုမှ ကြမ်းအေးစက်ကြီးကို ခြေထောက်နဲ့နင်းရတာ 'ချောတောကြီး' ဆို၍ တောပြောင်းဆွေမျိုးတစ်စုက ကျွန်မ၏ကြမ်းပြောင်အောင်တိုက်ခြင်းကိုပင် မေမေ့ကို အရေးယူပေးရန် တိုင်ကြပြန်သည်။





www.burmeseclassic.com

www.burmeseclassic.com

ရော....ခက်ကပြီ။ အိမ်ဖော်တစ်ယောက်မှ မရှိချိန် လေးပင် သုံးခန်း နှစ်ထပ်အိမ်ကို ကြမ်းပြောင်အောင် တိုက်ရသည်မှာ ဖတ်ဖတ်မော၊ ဆွေစုမျိုးစုကတော့ 'မိချိုလုပ်ပုံက တို့အနေကျူ့တယ်' ဟု မေမေ့ကို တိုင်ကြ၏။ သမီးစိတ်ကို သိသောမိခင်က သမီး ဘာမှ ပြန်မပြောနှင့်ဟု ဆို၏။

'မေမေ့စကားကို သမီးနားထောင်ပါမယ်။ သမီးပြောတဲ့ အကြံလဲ မေမေလက်ခံပါ။ မေမေတို့ အောက်ထပ်မှာ မအိပ်ပါနဲ့ လာပါ၊ ကိုယ့်အိမ်က အကျယ်ကြီး၊ အဲဒီ မကောင်းတဲ့ အနံ့အသက်တွေနဲ့ အောက်ထပ်မှာ မအိပ်ပါနဲ့'

မေမေတို့ အိပ်ရာကိုလည်း အိမ်ပေါ်ထပ်သို့ ရွှေ့ပြောင်းလိုက်၏။ ဂျပန်ခေတ်တွင် ဒိုဘီပေးသော အိမ်၏စနစ်ကို ပြောင်းလဲရ၏။ အဝတ်အထည် ပြုလာမှာကို စိုးသောကြောင့် ဖြစ်သည်။ ခြင်ထောင်တစ်လုံးကို အဟောင်းပင်လျှင် ကျပ်ငွေ ၅၀ဝိ မှ ၁၀၀၀ဝိ ဈေးအထိ ရှိသည်။

မေမေ၏ ကိုယ်လုံးပေါ် မှန်ဗီရိုကို ဖွင့်ကြည့်မိ၏။

'ကလေးတို့မေမေက ကလေးခုနစ်ယောက် မွေးခဲ့တာမှာ သားဖွားဆရာမနဲ့ ပေါ်တပိုင်သောက်ပြီး ဗိုလ်ဆန်ဆန်မွေးပေမယ့် ခြင်ထောင်ကတော့ ကလေးတစ်ယောက်ကို ပိတ်ခြင်ထောင်တစ်လုံး ချုပ်တယ်။ လူကြီးရော၊ ကလေးရော ညှော်လုံအောင်လေ။ ခြင်ထောင်ကလဲ မီးနေခန်း အပြည့်ပဲ။ အကြီးကြီး' သန်းသန်းက ခြင်ထောင်အဟောင်းများကို လက်ညှိုးညွှန်ပြရင်း ပြောပြ၏။





ကျွန်မကတော့ ဝမ်းသာလိုက်သည်ဖြစ်ခြင်း၊ ခြင်ထောင်များသည် အဟောင်းများဟုသာ ဆိုရသည်။ ဆုတ်ချွဲပင်မပြု အခိုင်အခန့်ကြီး ရှိသေးသည်။

တစ်မှုဟုတ်ချင်းပင် စက်ပေါ်တွင် ခြင်ထောင်တို့သည် ဘဝပြောင်းသွားကြ၏။ တချို့က ခေါင်းအုံးစွပ် ဖြစ်သွား၏၊ တချို့က မွေ့ရာခင်းများ၊ တချို့က အိမ်နေရင်းဝတ်ရန် အချိတ်ဆင် ထဘီရှိက်ဖို့ သန်းသန်းလက်ကို အပ်လိုက်ရ၏။

ကျွန်မစိတ်တွင် အိမ်သစ်တစ်ခု ဖန်ဆင်းလိုက်ရသလို ပြောင်လက်သော ကြမ်းပြင်၊ ဖြူဖွေးနေသော မွေ့ရာ ခေါင်းအုံး၊ ခြင်ထောင်များနှင့် အလွန်ကျေနပ် နှစ်သိမ့်ပါသည်။ ဘာတွေ ဆီးဝမ်းသွားဖို့ကိုလည်း သီးသန့်ခန်းဆီးကာပေးကာ ကြမ်းတိုက်ရင်း မသန့်ရှင်းသော နေရာများကို နေ့စဥ်ဆေးသောအခါ အိမ်အိုကြီးသည် အနံ့နံစော်သော အိမ်ကြီး မဟုတ်ပါတော့ပေ။ မေမေတို့ မေမေ၏ ဒေါ်လေးတို့ လက်ထပ်စဥ်က သုံးခဲ့သော ကိုယ်လုံးပေါ် မှန်ကြီးများရှေ့တွင် စားပွဲအနိမ့်လေးများထား၍ စားပွဲပေါ်တွင် ဖန်အိုးငယ်များထဲ၌ ရာသီလိုက်ပွင့်သော ပန်းလေးများနှင့် ဝေနေအောင် အမြဲပြင်ထား၏။

အိမ်ကိုကြည့်ရင်း နှစ်သိမ့်ကြည်နူးနေမှုသည် ကိုယ်တိုင်ဖွပ်ရ၊ လျှော်ရ၊ သိမ်းရ ဆည်းရ ပြင်ဆင်ရခြင်းအတွက် ပင်ပန်းရခြင်းကို မလွှမ်းမိုးနိုင်ကြပါပေ။


www.burmeseclassic.com

www.burmeseclassic.com


အိပ်ရာခင်းဖြူဖြူ၊ ခေါင်းအုံးစွပ်ဖြူဖြူနှင့် ခြင်ထောင်ဖြူကို တပ်နှစ်သက်သော ရမ္မက်စိတ်ကြောင့် ဆောင်းတွင်းအေးလှသော နံနက်ခင်းတွင်ပင် အဝတ်လျှော်၏။ ထမင်းစားပြီး အာရှအသင်း ဝန်ထမ်းအသင်းကိစ္စတွေကို ဆရာမကြီး ဒေါ်ပိုက်မိ အမှူးရှိသော သူငယ်ချင်းများနှင့် လုပ်ရဦးမည်၊ နောက်နေ့မှ ကြေးမီးပူကြီးနှင့် ဖွပ်ပြီးသော အဝတ်အထည်များကို မီးပူတိုက်ရ၏။

စစ်ပြီးစတွင် ကျွန်မ အလွန်တပ်နှစ်သက် စွဲလမ်းပါသော အိမ်အိုကြီးကို လူအိုကြီးများနှင့် ထားခဲ့၏။

ကံ-ကံ၏ အကျိုးတရား အကြောင်းတရားကို လေးလေးနက်နက် ယုံကြည်ပါသော မမမေနှင့် ကျွန်မသည် ဤအိမ်အိုကို လုံးဝဖြတ်ခဲ့ပါသည်။

ဖေဖေဝတ္ထုတွင် ရေးခဲ့သလိုပင် ကျောက် ဖြင် ကြီးကျောက်ရေစစ်အိမ် မှန်ဗီရိုနှင့် နာရီများသာ ဖေဖေကောင်းမှုကြောင့် ရန်ကုန်သို့ ပါလာခဲ့ခြင်း ဖြစ်၏။

'ဒါတွေကလေ သမီးတို့မေမေ အပျိုတုန်းက ပစ္စည်းတွေ ဖေဖေပါအောင် ယူခဲ့တာ'

သူချစ်သူ၏ ငယ်သုံးပစ္စည်းများကို ဖေဖေက အမြတ်တနိုး သိမ်းဆည်း၍ ပါအောင်ယူခဲ့၏။

ကျွန်မ မိချိုကတော့ တွယ်ရ စွဲရလျှင်လည်း နှစ်ယောက်မရှိ၊ ဖြတ်ရမည်ဆိုလျှင်လည်း ပြန်၍မကြည့်။

'မေမေ၊ ဒီအိမ်ကြီးထက် နှစ်ဆသာတဲ့ အိမ်ကြီးမှာမေမေနဲ့ ဖေဖေကို သမီး ထားနိုင်အောင် ကြိုးစားမယ်'

ကျွန်မသည် သားချင်းထဲမှ သူတစ်ယောက်၏ အမေ့စကားဆိုမှုကို နာကြည်းလွန်း၍ ရန်ကုန်ကိုရောက်ကတည်းက အိမ်ကို ဖြတ်ခဲ့၏။ ဘုရားကြီးလမ်းတွင် အိမ်သစ်များရွှေတက်ဆောက်လာ၍ ယခု ကျွန်မ၏ ချက်မြှုပ်အိမ်လေးသည် ခပ်ကုပ်ကုပ်ပင် နောက်တွင် ကျန်ရစ်၏။ ကျွန်မက ဝါးခယ်မမြို့ကိုလွမ်း၍ ပြန်ချိန်မှာပင် အိမ်အိုကြီးကို လှည့်မကြည့်ပါတော့ပေ။

သို့သော် အိမ်ထောင်ပရိဘောဂ၊ ပန်းကန်ခွက်ယောက်နှင့် ဖြူဖြူရွရွ အိပ်ရာခင်း အိပ်ရာဖုံးကိုမှ နှစ်သက်တတ်သော သမုဒယတွယ်တာစိတ်က မိချိုခုင်တွင် မပျောက်ခဲ့ပေ။ ဘွားဘွား၏ စိတ်ရင်းဓာတ်ခံကလည်း ကျွန်မတွင် အစွယ်ပွားလာခဲ့၏။

'ငါဟာ တစ်နေ့ ကံကြမ္မာပါလာခဲ့ရင် ငါ့အဘွားလိုပဲ၊ ပစ္စည်းပစ္စယအပြည့်အစုံနဲ့ အိမ်ထောင်ရှင်မကြီး ဖြစ်လာမှာပဲ' ဟု ယုံကြည်၏။ ရန်ကုန်ပြောင်းစ၊ အိမ်ပြဿနာ မပြေလည်ခင်ကသာ အိမ်ပေါက်စလေးနှင့် နေခဲ့ရ၏။ ဆရာမကြီး ဒေါ်ပိုက်မိကမူ....

'မိချိုရယ်၊ မင်းတို့မရှိတယ်ဆို ဝါးခယ်မအိမ်ကို မြင်တိုင်း စိတ်မချမ်းသာ ဖြစ်ရတယ်။ ဩော်....သူ့အိမ်ကို တသသနဲ့ လုပ်လိုက်ရတာ။ မိချိုတို့မိသားစုလဲ မရှိရော၊ အိမ်


www.burmeseclassic.com

www.burmeseclassic.com



ကြီးလဲ ဆေးရုံပျက်ကြီးကျနေတာပဲ’ ဟု ခဏခဏ ပြောခဲ့
မှန်၏။ အိမ်၏ ဒုတိယအလယ်ဆောင် မီးဖိုမရောက်ခင် အခန်း
တွင် ထင်းခွဲကြသည်ဟု ကြားကတည်းက သဗ္ဗေသတ္တာတို့
ကျွန်မ လျစ်လျူရှုလိုက်ပါသည်။

ရန်ကုန်တွင် မေမေတို့သည် အိင်ကျဉ်းလေး တစ်ခု
တစ်လ ငါးဆယ်နှင့် ခေတ္တသာ နေလိုက်ရသည်။ မေမေ
တို့သည် တိုက်ပေါ်တွင် မသေခင်အထိ စိတ်ချမ်းသာစွာ နေ
သွားရ၏။ မေမေ့ စေတနာ မေမေ့ကို အကျိုးပေးခြင်း
ဖြစ်၏။

ယခု ကျွန်မ မိသားစုတွင် ကျွန်မ အကြီးအမှူး ဖြစ်လာ
သောအခါ၊ အိမ်ထောင်ဦးစီး ဖြစ်လာသောအခါ ကျွန်မ
သည် ဘွားဒေအခြေရာအတိုင်းပင် နင်းလာပါသည်။ တစ်
တော့ ကွာသည်။ ဘွားဘွားသည် အိမ်၏ ပရိဘောဂ
စုဆောင်းသည်နှင့်အမျှ စိန်ရွှေကိုလည်း မျှတစွာ စုဆောင်း
တတ်ပါသောကြောင့် တစ်ဦးတည်းသောသမီး မေမေ့
စိန်နှင့်ညှတ်နေအောင် ဆင်နိုင်၏။

ကျွန်မကတော့ ဝယ်လိုက်သည့်အိပ်ရာခင်း၊ အိပ်ရာဖုံး
ပန်းကန် အစုံလိုက် အစုံလိုက်များ၊ ခန်းဆီးတွေ၊ မွေ့ရာတွေ
ခြင်ထောင်တွေ၊ ပန်းကန်သုတ်ဖို့ အဝတ်ကအစ အညာ
ထည် အကြမ်းများကို အုပ်လိုက်ဝယ်သည်။ စိန် ရွှေ လ
ဝတ် ရတနာများ ကောင်းကောင်း မရှိပါ။ ညီမ အတွေ့
ဆုံး နုနုနှင့် သမီးကြီး မိ ဝတ်ရန်သာ အလှကျောက်များ



များကို လုပ်ပေးသည်။ ကျွန်မမှာ စိန်နားကပ် ကောင်း
ကောင်း တစ်ရန်သာ ရှိသည်။

ကြမ်းကိုကော့ ပြောင်နေမှ၊ အိမ်ရာခင်းက ဖွေးနေမှ၊
အိပ်ရာဖုံး ပန်းခက်က လှနေမှ။ စားပွဲခင်းက ဘယ်လိုခင်း
ရမယ်၊ ပန်းကန်တွေက ထမင်းစားကာနီး ရေစင်အောင်
သုတ်၊ ဇွန်းက ဘယ်လိုချပါနှင့် သေသေချာချာ တွေးကြည့်
တော့ အိမ်ပရိဘောဂကို တပ်မက်လွန်းသော အရူးမနှင့် တူ
ပါသည်။

တဖြည်းဖြည်း အိပ်ရာပေါ် လဲရာမှ နောက်ပိုင်း လေးနှစ်
ဗုန်းဗုန်း လဲကျသွားချိန်မှာမူ အိမ်ဖော်တွေကို ဘာမှ ပြန်
မကြည့်နိုင်။ ပစ္စည်းတွေကိုလည်း လက်ဖျားနှင့်မှ မတို့နိုင်
ပါချေ။

ထိုအကြောင်းအရာများကိုသိသော ခေါ်ခင်ယုက မှန်
ထဲမှနေ၍ ပြုံးသည်မှာ မထူးဆန်းလှပါ။
‘ကဲ…မိချို၊ အဲဒီ ပြောင်မှ, လက်မှ, ဖွေးမှ ဆိုတဲ့ စိတ်
တွေကို ဘယ်လောက်အထိ နိုင်ခဲ့ပြီလဲ’
ဒေါ်ခင်ယုက မေး၏။
‘ဟုတ်ကဲ့…သန့်ရှင်းသပ်ရပ်ရုံကလွဲလို့ ကျန်တာတော့….’
‘လျော့လိုက် လျော့လိုက် မသိတာ ဆိုတဲ့ စကားလုံးကို
ရှတ်ရတော့မပေါ့’ဟု ကျွန်မက ဖြေ၏။
‘ဒီစကားလုံးက စာရေးဆရာ ခင်နှင်းယုရေးတဲ့ ဆောင်း
တွင်းပန်း စတ္တုမှာ ဓာတ်လိုက်မသိတာကို ယူ ဘွားအေက

www.burmeseclassic.com



ဆုံးမ သတိပေးတဲ့စကားမို့လား၊ ပထမဆုံး ဖွင့်ဖွင့်ချင်း စာမျက်နှာမှာလေ'

'ဟုတ်ပါတယ်'

'ကဲလေ....ဒီတော့ မိချိုရယ်၊ စာရေးဆရာတွေဟာလေ သူတို့ဇာတ်ကောင်တွေကိုသာ နေရာတကျ မွေးထုတ်ပေးမယ့် သူတို့ ဇာတ်ကောင်တွေလောက်တောင် တစ်ခါတစ်ရံ တရား မပြည့် ခြေလွတ်တတ်တယ်ဆိုတာ ဝန်ခံပြီလား'

'ဝန်ခံပါတယ်...ဝန်ခံပါတယ်'

မှန်၏။ ကျွန်မ ယခု ဝန်ခံရမည်။ ဒေါ်ခင်ယုသည် ဆက်လက် ပြောပြ၏။

'ပြီးတော့ မိချို ငယ်ငယ်က နိုင်ငံရေး အသိုက်အဝန်း မှာ ကြီးလာတယ်မို့လား၊ မိချိုရဲ့ အစ်ကိုတွေဟာ တို့ဗမာ အစည်းအရုံးဝင် သခင်တွေ ဖြစ်လာကြတယ်။ ဒီတော့ သူတို့ လယ်သမားတွေအပေါ် စည်းရုံးပုံ စည်းရုံးနည်းနဲ့ အတူ ကြွေးကြော်သံ သီချင်းသံတွေဟာ မိချို ပတ်ဝန်းကျင်မှာ အစဉ်လွှမ်းမိုးနေတယ်'။ 'ကိုယ့်ကိုယ်ကိုတော့ မလိမ်ချင် ပါတယ်၊ သူတော်ကောင်းကြီး လုပ်ပြီးတော့လဲ မလိမ်ချင် ပါတယ်'ဆိုတဲ့ မိုးဒူးနဲ့တိုက်သီချင်းမှာ ပါခဲ့သလိုပဲ၊ မိချို ကိုယ်ကို ဘေးကကြည့်ရင်း ပျော့စိပျော့စိနဲ့ စိတ်က မိုးကို တက်ပြီး ဒူးနဲ့တိုက်ပြချင်တဲ့ စိတ်တွေကရော ဘယ်လောက် အထိ ကျန်သေးလဲ'





ကျွန်မသည် ဒေါ်ခင်ယု အမေးကိုဖြေရန် ခေတ္တ အချိန် ယူလိုက်ပါသည်။

'တိုင်းပြည်မှာ ပြဿနာ အရှုပ်ရှုပ်ကြုံတိုင်း ခင်နှင်းယု အနေနဲ့ သူ ရပ်တည်ရမယ့်နေရာကို သူ ရွေးတတ်ပါတယ်၊ ဘက်မလိုက် စာရေးဆရာအနေနဲ့ သူယုံကြည်ရာကို စွပ်တင် မှာပဲ၊ သူ့ရဲ့ ကိုယ်ပိုင်ခံယူချက် မရှိဘဲနဲ့တော့ ဘယ်သူ့ကိုမှ ဦးညွှတ်မှာ မဟုတ်ဘူး၊ ဒေါ်ခင်ယု ကြားဖူးမှာပေါ့၊ မိခင် တစ်ယောက်ဟာ သားကိုချစ်တဲ့ဇောနဲ့ သားလေး ငယ်ငယ်က ခိုးလာတဲ့ ပစ္စည်းကို လက်ခံမိတယ်၊ အချစ်ဟာ အဝိဇ္ဇာတစ်မျိုးမို့ သားငယ်ကို မဆုံးမမိဘူး၊ နောက်ဆုံး သားငယ်ဟာ သူခိုးကြီးဖြစ်ပြီး ကားစင်တင် အသတ်ခံရ တယ်၊ မိခင်ဖြစ်သူကတော့ နားရွက်ပြတ် မိခင် အဖြစ် ရာဇဝင် တွင်ရစ်ခဲ့တာ၊ ခင်နှင်းယုအနေနဲ့ နားရွက်ပြတ် စာရေးဆရာလဲ မဖြစ်ပါရစေနဲ့၊ ကိုယ့်ကိုယ်ကိုလဲ မလိမ် ချင်ဘူး၊ ချစ်လို့ရော မုန်းလို့ရော ဘက်လဲ မလိုက်ပါရစေနဲ့၊ သူ့ပတ်ဝန်းကျင်ရဲ့ လှုပ်ရှားမှုကို သူ့ခံယူချက်၊ သူ့ခံစားတဲ့ နေရာမှာ မိုးဒူးနဲ့တိုက်ပုံမက လဲလို့ပဲသေသေ၊ စာရေး ဆရာ ဖြစ်ရင် ဘာဖြစ်မယ်ဆိုတဲ့ နောက်ဆုံးလမ်းအတွက် သူ့ကိုတင် ပြင်ဆင်ထားရမှာပေါ့။ အထီးတည်း၊ တစ်ကိုယ် ကောင်း စာရေးဆရာလဲ မဖြစ်လိုဘူး။ ဒါဟာ ခင်နှင်းယု အနေနဲ့ ခံယူချက် အကျဉ်းချုပ်၊ မိချိုအနေနဲ့ကတော့ ဘယ်လိုဆင်ခြင်မိလဲဆိုရင် သတ္တဝါတစ်ဦးရဲ့ကံကို သတ္တဝါ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးက ဖန်တီးလို့မရပေဘူး၊ လက်ရှိကမ္ဘာမှာ ကြည့်ပါလား၊ လူတွေဟာ မနကြေးငွေ ချမ်းသာတဲ့ နိုင်ငံတွေက မနကို အင်အားတစ်ရပ်လို သုံးပြီး အားငယ်သူတွေကို နှိမ်ချင်တယ်၊ မြေဆီမြေနှစ်ကြွယ်ဝတဲ့ နိုင်ငံတွေကလဲ တို့မြေဆီတွေကို အင်အားတစ်ရပ်လို အသုံးချပြီး ပြုပြင်ဖို့ထက် ဖျက်ဆီးဖို့၊ အကြပ်ကိုင်ဖို့ကို အားယူနေကြတယ်၊ တစ်ဦးနဲ့တစ်ဦး ဖလှယ်ပြီး မိတ်ဆွေသဘောနဲ့ အကျိုးဖြစ်ထွန်းရာမှာ မြေဆီမြေနှစ်ကပေးတဲ့ပစ္စည်းတွေကို အသုံးချဖို့ မစဉ်းစားကြဘူး၊ မိချိုကတော့ စိန္တကျော်သူ ဦးသြရေးသလို 'မြေကရယ်သည်' ဆိုတာကိုပဲ သတိရမိတယ်၊ သူတို့အားလုံး ဘယ်သူကပဲ ဘယ်သူ့ကိုတိုက်တိုက် နောက်ဆုံးမြေပုံကို ဦးတိုက်မယ့်သူတွေမို့ မြေက ရယ်သံကိုပဲ ကြားနေပါတယ်။

'ပြီးတော့ ဗုဒ္ဓအဘိဓမ္မာကို သေးသိမ်အောင် လုပ်ချင်သူတွေနဲ့သူတို့ရဲ့ အာဏာကို ကြီးစိုးအောင် အားထုတ်ချင်သူတွေကဗုဒ္ဓရဲ့ဝါဒကိုလူ့စိတ်ကိုပျော့ညံ့ပြီးလောကုတ္တရာသက်သက်သာ အသုံးကျတယ်လို့ ဝါဒဖြန့်တယ်။ မိချို အနေနဲ့ ခံယူချက်က သိပ္ပံပညာဟာ ဓာတ်တို့ သဘောကို ပြုပြင်ဖန်တီး စူးစမ်းမှု လေ့လာမှု ပြုထုပ်ပြီးတော့လူ့ဘောင်ကို သာယာတိုးတက်အောင် ပြုလုပ်ရမယ်။ ဒီသိပ္ပံပညာကို လေ့လာဖန်တီးသူ လူသားတစ်ယောက်ဟာ မဂ္ဂင်ရှစ်ပါး တရားသာ အားထုတ်ခဲ့ဖူးရင် လူ့လောကမှာ ဒီတရား အရှိန်ဟာ အကျိုးပြုမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ မှန်ကန်စွာ သိမြင်မှု မှန်စွာကြံစည်မှု၊ မှန်စွာပြောဆိုမှု၊ မှန်စွာပြုလုပ်မှု၊ မှန်စွာ အသက်မွေးမှု၊ မှန်စွာ ကြိုးစားအားထုတ်မှု ဆိုတာတွေဟာ လက်ရှိလောကမှာ တကယ်လိုလားအပ် နေတာတွေပါ။ ကုသိုလ်လုပ်ငန်းတွေကို သတိရနေမှု၊ ဒီလုပ်ငန်းတွေ အပေါ်မှာ စိတ်တည်ငြိမ်မှု မှန်သမျှဟာ သမ္မာသတိ၊ သမ္မာသမာဓိပါပဲ။

ဝိပဿနာဆိုတဲ့ စကား မသုံးဘဲ ဘယ်ဘာသာဝင် ဖြစ်ပေစေ၊ သိပ္ပံပညာရှင်တစ်ယောက်ဟာ ဒီရှစ်ပါးနဲ့အညီလိုက်ရင် ကိုယ့်ပညာနဲ့ ကြိုးစားတီထွင်လာလို့ ထွက်ပေါ်လာတဲ့ အကျိုးအာနိသင် ကိုလဲ ကမ္ဘာသူ ကမ္ဘာသား တွေ ကောင်းကျိုး အတွက်သာ အသုံးချလိုတဲ့စိတ် အမြဲရှိမယ်။ ဥပမာဆိုရင် အဏုမြူဗုံး လုပ်မိတဲ့သူဟာ ဟီရိုရှီးမားနဲ့ နာဂါဆကီး ပျက်စီးရပုံကို အမြဲသတိရပြီး ဒီအကုသိုလ်ဟာ သူ့စိတ်ကို သရဲလို လိုက်ချောက်ပြီး နောက်ဆုံး ဦးနှောက်ပျက်သွားသေရတယ်။

ဗုံးအစား ဒုံးပျံလက်နက် လုပ်မယ့်အစား ကမ္ဘာမှာ တကယ်လိုအပ်နေတဲ့ ရိက္ခာနဲ့ တို့မြေဆီဆိုတဲ့ ရေနံတို့ကိုသာ တိုးမို့ ထုတ်လုပ်မယ်ဆိုရင် ကမ္ဘာမှာ လူဦးရေ ဘယ်လောက်ပဲ တိုးတိုး မျှမျှတတ စားလောက်မှာပဲ။ လူဦးရေဖောင်းပွမှုဆိုတဲ့ပြဿနာလဲ ရှိကို မရှိနိုင်ဘူး၊ ဒီတော့ သိပ္ပံပညာရှင်နဲ့ ကမ္ဘာ့ခေါင်းဆောင် ကြီးတွေမှာ ဒီမဂ္ဂင်ရှစ်ပါးနဲ့သာစိတ်ကို ထိန်းချုပ် အလုပ်လုပ်ရင် လောကမှာ ဘယ်လောက် အကျိုး







www.burmeseclassic.com

www.burmeseclassic.com



သက်ရောက်မယ် ဆိုတာ ထင်ရှားပါတယ်။ ကမ္ဘာမှာ
အကျဉ်းချုံးရင် ဘယ်လူတန်းစားကပဲ ဘယ်စနစ်နဲ့ အုပ်ချုပ်
သည်ဖြစ်စေ၊ အုပ်ချုပ်ခံ လူတန်းစားနဲ့ အုပ်ချုပ်
လူတန်းစားနှစ်ရပ်သာ ရှိပါတယ်။ သူတို့မှာသာ မ
ရှစ်ပါးသတိက အမြဲယှဉ်ကပ်နေရင် တစ်ယောက်နဲ့ တ
ယောက် ရန်သူလို့မမြင်ဘဲ တစ်ယောက်အကျိုး တစ်ယောက်
ကြည့်လာခဲ့ရင် ဘာမှ ပဋိပက္ခ မရှိပါဘူး။ ပဋိပက္ခဆိုတာ
ဘယ်သူကပဲဖြစ်စေ 'အင်အား' ဆိုတာကို လက်နက်လိုအသုံး
ချပြီး နှိမ်လို့ အနှိမ်ခံရသူမှာ 'မိုးဒူးနဲ့တိုက် စိတ်ဓာတ်'တွေ
'မိုးကိုတက်ပြီး မီးနဲ့ရှို့ချင်တဲ့ စိတ်ဓာတ်'တွေ ပေါ်လာ
တာကိုး'

ကျွန်မ၏ ဖြေဆိုသံဆုံးလျှင် မှန်ထဲက ကြေးမုံ
နတ်သမီး ဒေါ်ခင်ယုက ပြုံးပါသည်။

* * *

**သမျှစ်သီးများချိုပါ၏**

နောက်နေ့များတွင် လူကသာ အိမ်တွင်နေသည်၊ စိ
ကတော့ ရိပ်သာတွင်ရှိ၏။ ထို့ကြောင့် သီတင်း နေ့တို
ရိပ်သာကို ပြေးသွားရသည်။ ရိပ်သာသို့ သွားရာလမ်းတွ
ခြေလှမ်းက အသွားကျ အသာမှိုရိုမြင်းလို ရိပ်သာပုံစံအတိုင်
ဖြစ်နေသည်။ အမှတ်သတိက ယှဉ်ရက်ပါလာ၏။ မျက်





...လည်း ခလုတ်မတိုက်မိရုံသာဘဲ မျက်လွှာချ၍ သွားနေ
သည်။

'ပြေးသွားရသည်' ဆိုသော ဝိသေသနကို အထူးပြုလုပ်
...သည်ကတော့ ကျန်းမာရေးအတွက် ဆေးစစ်ရန် ကိစ္စ
...စ်ခုနှင့် အမြတ်တော်ခွန်ကိစ္စ ကျွန်မလက်မှတ် ထိုးမှ
...းသောကိစ္စများ အတွက်သာ အိမ်ကိုပြန်လာရခြင်း ဖြစ်၏။
...သော် အိမ်ဆိုသော ပင့်ကူမျှင်က ခဏလေး ပြန်လာသည်
...မျှ အညာမပေး၊ သူ၏ ခြံဝင်းအပြင်သို့လွှက်တိုင်း အမျှင်
...န်းလန်းနှင့် ရစ်ပတ်ကာ ဆွဲ၍ဆွဲ၍ ထားပါသောကြောင့်
...တင်းနေ့များတွင်တောင် တစ်ပတ်တစ်ခါ ရောက်အောင်
...တင်းသွားရသည်။ ထို့ကြောင့် ပြေးသွားရသည်ဆိုသော
...သေသ စကားကို ကျွန်မအထူးပြုသုံးခြင်း ဖြစ်သည်။

ဒါတောင် မဟာစည်ဆရာတော်ဘုရား ပြောဟောသလို
...မြင်ကွယ်ရာ၊ ကိလေသာ၊ သူဟာ ချုပ်ငြိမ်းသည်' ဆိုသည်
အမြန်လုံးသွင်း၏။ မီးဖိုချောင်ဝင်လျှင် မြင်မိသမျှ ပြော
...သည်။ ကိုယ့်စိတ်နှင့် မတိုက်ဆိုင်လျှင် ဒေါမနဿ ဖြစ်လာ
...စိုး၍ မီးဖိုချောင်သို့ လုံးဝမဝင်။ ကလေးမများ ဘာ
...င်းနဲ့ ချက်ကျွေးကျွေး အကုန်စားသည်။ ငါးပိရေ ကောင်း
...ာင်း မကောင်းသည်ကို တွေ့သော်မှ 'ငါက မှားတာ
...က သူတို့အရည်အချင်းကို သူတို့မှာ ရှိတာထက် ပိုနှုန်း
...းတာ။ တို့သာ ငါးပိရေကျိုတစ်ခွက်ဖြစ်ဖို့ ကြက်သွန်ဖြူ၊
...န်ခြောက်နဲ့ ထောင်းပြီး ရှောက်သီးစိမ်းလေး ...သင်းပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



ရောထည့်ထောင်းပြီးစားတာ။ သူတို့ တောမှာတော့ ပုစွန်ခြောက်ဆိုတာဝေးလို့ ငါးပိရေ အသားလွတ်စားဖို့တော မနည်းခဲရမှာ’

မှန်၏။ ကျွန်မ စိတ်အေး လက်အေး မေးကြည့်သော အခါ သူတို့စားသော ငါးပိရေကျူတွင် တစ်ခါတစ် ငရုတ်သီးပင် မပါပါပေ။

အရင်ကတော့ ‘ဘိလပ်ပြန် တောသူတွေ၊ ငါကတော ဝန်ကြီး ပဒေသရာဇာ ကဗျာရွတ်ရွတ်ပြီး တောသူလေးတွေ ချက်တဲ့ ဟင်းချို သောက်ချင်လိုက်ရတာ။ စိတ်ကူးထဲမှ ဟင်းချိုကလဲ ချိုလိုက်တာ။ လက်တွေ့ချက်တော့ ဟင်း ကလဲ ဘယ်လိုဟင်းချိုလဲ’ဟု မေးကြည့်မိ၏။

ဩော်....အန်တီကလဲ၊ ဒီအိမ်လိုသာ ဟင်းချိုတစ်ခွက် တခမ်းတနား ချက်နေရရင် အလုပ်လုပ်ချိန် ဘယ်ရမ ချက်စရာ ပုစွန်ခြောက်တွေ အချိုမှုန့်တွေ ငံပြာရည်တွေ မရှိဘူး။ တောမှာတော့ စိမ်းစားငါးပိနဲ့ ရေကျက်အေး ပြုတ်ပြီး ဘူးသီးဖြစ်ဖြစ် တွေ့ရာ ဟင်းရွက်စုံ ခပ်သော တာပဲ၊ မောမောပန်းပန်းနဲ့ လယ်တောက အပြန်ဆိုသော ငါးပိရေကျိုနဲ့ ငစိန်ဆန်စားပြီး ဟင်းချိုသောက်ချ တာပဲ၊ သူတို့က ဖြေ၏။

‘ဟုတ်မှာပါပဲလေ၊ သူတို့ကျန်းမာရေးကလဲ ကောင်း တော့ ဘာစားစား ကောင်းတာပေါ့။ ငါကတော့ အရသာကိုပျက်နေတာ။ ဟင်းကကောင်းသား ခံတွင် မကောင်းတာဘဲ’ဟု စိတ်ဖြေလိုက်နိုင်၏။



နေမကောင်း၍ အိပ်ရာပေါ် လဲနေလျှင် ကြေးမထူမှန်း မဆူမှန်း သိလေတော့ ကလေးမလေးများသည် ကျွန်မကို ထမင်းစားပွဲတွင်ပင် ကောင်းကောင်း ပြင်မကျွေးကြတော့ပေ။ ထမင်းပန်းကန်ပေါ် ဟင်းပုံပြီး လာချကျွေး၏။ ကျွန်မ သည် ဆိတ်ဆိတ်နေ၏။ သမီးကြီး မိ အလုပ်ကပြန်လာချိန် တွင်တောင်ပြောမပြတော့ပေ။

ဒီနှစ်ဆောင်းဦးပေါက်တွင် တုပ်ကွေးရောဂါ အားလုံး လိုလိုဖြစ်၏။ ရိပ်သာဆရာတော်များပင်ဆွမ်းသုံးပတ်လောက် မစားနိုင်ဘဲ ဖြစ်သွားသည်ဆိုသည်။ ကျွန်မက ဘာဖြစ်မှန်း မသိ။ သွားနှင့်အညီသွားဖုံးများရောင်ကြလာ၍ထမင်း လုံးဝ မမျိုနိုင်။ ဆန်ပြုတ်သောက်ရ၏။ ဆန်ပြုတ်က တစ်ခါ တစ်ရံ ထမင်းချက် ကလေးမ စိတ်ရလျှင်တော့ ဆန်ပြုတ် နှင့် တူ၏။ သူတို့ စိတ်မရှည်လျှင်တော့ ခွေးအန်ဖတ်က ကောင်းပေဦးမည်။ အရေမရှိ၊ အဖတ်ကလည်း ဖြုန်းစပ် စပ်နှင့် ဖြစ်၏။ စားနိုင်လျှင်လည်း နှစ်၍မျိုသည်။ မစား နိုင်လျှင် သူတို့ကို ဘာမှပြန်မပြော။ ဝေဒနာကို ရှုမှတ်ကာ ငြိမ်းချမ်းစွာ အိပ်လိုက်၏။

အစ်မကြီး ဒေါ်မပလေးမှာ လူနာလာမေးရင်း ‘အမယ် လေး၊ အဲဒီလိုသာနေရင် သေလိမ့်မယ်’ဆို၍ စွပ်ပြုတ်တစ် ခွက်နှင့် အာလူးကက်တလိတ်ကို အမြဲပို့၏။

‘အို....ကြီးကြီးမမလေးက နေ့တိုင်း ဒီလိုပဲပို့ပေးရမယ် လား၊ စုမေကလဲ မိကို ဘာမှမပြောဘူး၊ အားနာစရာ ကြီး’



www.burmeseclassic.com

www.burmeseclassic.com



သူသည် နောက်နေ့တွင် ခေါက်ဆွဲကို ငါးရံ့သားနှင့် စွပ်ပြုတ်လုပ်ပုံပါ ကလေးမအားပြော၍ ကျောင်းသို့ထွက်သွား၏။ မိမှာ တစ်ခါတစ်ရံ ခြောက်နာရီ ခွဲကတည်းက ထွက်သွားရသည်မှာ ညကိုးနာရီ ဆယ်နာရီမှ အိမ်ပြန်ရောက်၏။ မိကသာ မှာခဲ့၏။ အချိန်တိုင်သော်လဲ ခေါက်ဆွဲပြုတ်က မရောက်လာ။ ခေါက်ဆွဲ ကစ်ဈေးလုံးတွင်မရှိဟူ အကြောင်းပြကာ ကျွန်မအတွက် ထိုဒန့်နံနက်စာကို သွားမှ လုပ်မပေးပါ။

တရားရှုမှတ်ကာအိပ်လိုက်ပါသည်။ သမာဓိအားကောင်းသောအခါ မှတ်သိပ် ဆာလောင်ခြင်း မရှိပါတော့ချေ။ နောက်နေ့တွင် သူလိပ်ပြာသူ မလုံ၍လားမသိ၊ ကျွန်မတို့မိသားစု မဆုံခင် ထိုမိန်းကလေးသည် အလုပ်မှ သူ ဘာသာ ထွက်သွားပါသည်။

'ကြည့်စမ်း၊ မိကိုလဲ ပြောမပြ၊ ကျုပ်ကိုလဲ အားနာလို့ လာမပို့နဲ့တော့ ပြောဆယ်၊ ဒီလိုနေရင် သေမှာပဲ' အစ်မကြီး မမလေး သိသွားသောအခါ ရင်ဘတ်စည်တီး ပြောဖြန်၏။

'အစ်မကြီးကလဲ မသေလို့ ငုတ်တုတ်ကြီးတွေ့ရတာပေါ့၊ အစ်မကြီး ခဏခဏပြောနေတာကို၊ မိချိုတစ်ယောက်ဟာ ခြင်း' တစ်လုံးကို မနိုင်သေးဘူး။ ပြောချက်လေခြင်း၊ လုပ်ကိုင်လေခြင်းဆိုတဲ့ အကျိတ်အခဲ စိတ်ထဲမှာ အတွေးအမှတ်သိပ်ကြီးတယ်။ ဆရာတော် ဦးဇနကကလဲ ဒီလိုပဲ ကျွန်မ





ကို စိတ်ကြီးတယ်၊ စိတ်အေးအေးဒောင် မထားတတ်သေးဘူးလို့ ပြောတယ်ဆို။ အခု အဲဒါတွေကို လက်တွေ့ကျင့်ကြည့်တာပေါ့။ ဘာကိုစားချင်တယ်လို့လဲ မပြောတော့ဘူး၊ လုပ်ရက်လေ့ခြင်းလို့လဲ မိကို ပြန်မတိုင်တော့ဘူးလေ၊ ကျေနပ်ပြီလား'

'ဟဲ့.... ဒီလိုကြာကြာနေတော့လဲ အိမ်ထောင်ကြီးတစ်ခုလုံး ခက်ကုန်လိမ့်မယ်။ မိချိုကို နှစ်ကိုယ်ခွဲနေရမယ်။ ရိပ်သာမှာ မိချိုနေတဲ့အခါ ယောဂီပုံစံနဲ့နေပေါ့၊ အိပ်မှာနေရင်တော့ အိမ်ရှင်မပုံစံနဲ့နေပေါ့။ နို့မို့ရင် အိမ်ထောင်ရှင်မ အိမ်ထောင်ဦးစီး တစ်ယောက်အနေနဲ့ ပြဿနာတစ်ခုခုကြုံတင်ဖြစ်မှာကို သိပါရက်နဲ့ ကြိုတင်မကာကွယ်ရင် မိချို တရားခံပဲဖြစ်မှာ၊ အစ်မကြီးပါ တရားခံဖြစ်မှာပါတော်'

သူသည် ရယ်ရယ်မောမော ပြောပြ၏။

'ဟုတ်ပါတယ်လေ၊ ကျွန်မလဲ စိတ်ကို ဘယ်လောက်အထိ ငါအေးဒအောင် ထားနိုင်မလဲလို့ ကျင့်ကြည့်တာ၊ မြေခွေးဟာ သပျစ်သီးကို မရနိုင်လို့ ချဉ်တယ်ပြောပြီး ထွက်သွားတာ။ မရနိုင်လို့ လက်လျှော့တာ၊ မနိုင်လို့ သည်းခံရခြင်းဆိုတာနဲ့ သဘောချင်း ခပ်ဆင်ဆင်တူတယ်။ မြေခွေးဟာ သပျစ်သီးကို အာလယ တကယ်ပြတ်တာမှမဟုတ်ဘဲ၊ သပျစ်သီးချိုချို ပါးစပ်နား ရောက်လာတာကို မစားဘဲ အမှတ်တရားနဲ့ ထိန်းချုပ်နိုင်မှ တကယ်ပြတ်တယ်လို့ဆိုရမှာ။ ခုထဲ ကိုယ်ခိုင်းတဲ့ ကိုယ့်လက်အောက်ကလူ ရော်ကား



www.burmeseclassic.com

www.burmeseclassic.com



သမျှ ငါဘယ်လောက်ခံနိုင်မလဲလို့ လက်တွေ့ကျင့်ကြည့်တာလေ။ ကိုယ့်ထက်အင်အားကြီး၊ ဂုဏ်ကြီးသူတွေကို လက်လျှော့အရှုံးပေးတာက မနိုင်လို့သည်းခံခြင်းပေပဲ' ဟု ကျွန်မ ဖြေလိုက်ပါသည်။

တချို့ ကလေးမလေးများ အလုပ်သာ ထွက်သွားရော ကျွန်မကို မည်မျှရိုင်းပျစွာ ဆက်ဆံသွားကြသည်ကို သမီးတို့အား ယခုတိုင် ကျွန်မ မပြောပြပါ။ အဘယ့်ကြောင့်ဆိုသော် သမီးတို့ စိတ်ကွက်လျှင် နှစ်ဖက်စလုံး အကျိုးမဲ့ရာ ဖြစ်နိုင်ပါသည်။

တရားအားမထုတ်ခင်ကတည်းက မင်္ဂလာတရားတော်ကို ရွတ်ဆိုတိုင်း အာရတိ၊ ဝိရတိဆိုသည့်အပိုဒ်ကို အကျယ်ချဲ့၍ တွေးဖူးသည်။ ကျောင်းမှာ စာသင်နေစဉ် အနက်ပြန်ကြရာတွင် မကောင်းမှုတို့ကို အာရတိစ၊ ဝေးစွာ ရှောင်ကြဉ်ခြင်းသည်လည်းကောင်း၊ ဝိရတိစ၊ အထူးသဖြင့် ရှောင်ကြဉ်ရခြင်းသည်လည်းကောင်းဟု ပြန်ထားသည်ကိုတွေ့ရ၏။

ကျွန်မ ဆရာတစ်ယောက်ကို မေးကြည့်သောအခါ သူက ဖြေ၏။

'ဝေးစွာရှောင်ကြဉ်ခြင်းဆိုတာ မကောင်းမှုကိုမပြုဘဲ မပြုမိအောင် ဝေးဝေးက ရှောင်ကြဉ်ရမယ်လို့ ဆိုလိုတာ။ ဝိရတိ၊ အထူးသဖြင့် ရှောင်ကြဉ်ရမယ်ဆိုတာက မကောင်းမှုကံ တစ်ခုခုကို ကျူးလွန်ဖို့၊ တစ်နည်းဆိုတော့ လက်ထိ လက်ရောက်ကို ပြုလုပ်ဖို့ အခွင့်က ကြုံလာတယ်။ မျက်စိအောက် ရောက်လာတာကိုရှောင်မှ မကျူးလွန်ဘဲ ကိုယ့်





စိတ်ကို သတိနဲ့ ထိန်းနိုင်ရမယ်လို့ ဆိုလိုတာ' ဟု ရှင်းပြပါ သည်။

ဆရာဆိုသည့်အတိုင်း ကျွန်မစိတ်ကို စမ်းကြည့်ရန် အခွင့်ကို စောင့်ကြည့်မိ၏။ တစ်နေ့တော့ မျှော်မှန်းမိသည့်အတိုင်း ကြုံလာသည်။ အလွန်မိန်းမပီသသော အမျိုးသမီးတစ်ဦးနှင့် အိမ်တစ်အိမ်တွင် တွေ့ခဲ့ရ၏။ စင်စစ်တော့ ကျွန်မကို သူကလည်း စာရေးဆရာတစ်ဦးဟူ၍သာ သိသည်။ ဘယ်သူ ဘယ်ဝါရယ်လို့ လုံးဝမသိပါပေ။

ကျွန်မ သူ့ကို ကူညီချင်၍ အိမ်ရှင်များမရှိချိန်တွင် ချက်ပြုတ်ရေး၌ ဝင်ကူ၏။

'ဘာလဲ....နိုင်ငံကျော် စာရေးဆရာမ လုပ်နေပြီးတော့ ကြက်သွန်နီကို နန်းကျအောင် လှီးရမယ်ဆိုတာ မလှီးတတ်ဘူးလား....၊ ဖြစ်အောင်လှီး' ကျွန်မလက်ကိုက နုဂိုက တုန်ချည့်ချည့်။ အရေးထဲ စာကြည့်မျက်မှန်မပါလျှင် မျက်စိကလဲ ထမင်းစေ့ကိုပင် မသဲကွဲ။ ထို့ကြောင့် သူ့စိတ်တိုင်းကျ ကြက်သွန်ကို လှီး၍မပေးနိုင်။ ကျွန်မလက်ထဲမှကြက်သွန်ကို ဆောင့်အောင့်၍ ဆွဲယူလိုက်၏။

အရင် ငယ်စိတ်နှင့်သာဆိုလျှင် ပြန်၍ ရန်တွေ့မိမည်ဖြစ်သည်။ သို့သော် ရုတ်တရက် ယခုတစ်ကြိမ်တွင် ရစ်ချုတ်ဘုရင်ကြီးကို ဖျတ်ခနဲ သတိသွားရ၏။

ရစ်ချုတ်ဘုရင်ကြီးသည် စစ်ရှုံးနိမ့်၍ လယ်တောတစ်ခုတွင် ဝင်ရောက်ခိုလှုံနေရ၏။ တဲပိုင်ရှင် လယ်သူမကြီးသည်



www.burmeseclassic.com

www.burmeseclassic.com



သူ့အား ရစ်ချတ်ဘုရင်မှန်းမသိ။ ‘အပြင်မှာ အလုပ်ကိစ္စရှိ၍ ခေတ္တသွားဦးမည်။ သူ့ပေါင်မုန့်များကို ဖုတ်ထား၍ မီးအမှ အအေး ကြည့်ပေးရန်’ မှာခဲ့၍ လယ်သူမကြီး ထွက်သွားသည်။ ရစ်ချတ်ဘုရင်ကြီးသည် ပထမတော့ကြည့်နေသည်။ ကြည့်နေစဉ် သူ့ စစ်ပွဲ၌ ဘာကြောင့် ရှုံးနိမ့်ခဲ့သည်ကို ပြန်လည်လေ့လာစိစစ်ရင်း ဘယ်ကဲ့သို့ သူ့စစ်တပ်ကို ပြန်လည်စည်းရုံးကာ စစ်ဆင်ရမည်ကို အတွေးလွန်သွားသောကြောင့် ပေါင်မုန့်များကို မေ့သွားသည်။ လယ်သူမကြီး အပြင်က ပြန်ရောက်လာလျှင် မီးကျွမ်းနေသော ပေါင်မုန့်များကို သာ တွေ့ရသည်။ ရစ်ချတ်ဘုရင်ကြီးကို မြည်တွန်တောက်ကီး ဆူပူလိုက်သည့်ဖြစ်ခြင်း၊ ဘုရင်ကြီးသည် ဘာတစ်လုံးမှ ပြန်မပြော၊ ခေါင်းငုံ့နေ၏။

အချိန်တန်၍ သူ၏စစ်သည်တော်များနှင့် ပြန်လည်ဆက် ယ်မိကာ ထိုးစစ်ပြန်ဆင်ချိန်တွင် လယ်တဲလေးမှခွာခဲ့၏။ ၏စစ်ပွဲများကို ပြန်နိုင်သောအခါမှ ဘုရင့်အခမ်းအနား လယ်သူမကြီးကို လာရောက်၍ ကန်တော့သည်။ လယ် မကြီးသည် နေစရာမရှိအောင်ပင် အားနာလှာကာ သူ စ်ကြိမ်က ဘုရင်ကြီးအပေါ် စော်ကားမိသည်ကို တောင်း ၏။

ဘုရင် ရင့်မကြီးပင် လယ်သူမကြီးအပေါ်၌ ခွင့်လွှတ်နိုင် ။ ကျွန်မက ဘာ့မှိုလိုလဲ။ ကျွန်မသည်လည်း ချက်ချင်း သတိဖြင့် ထိန်းချုပ်လိုက်၏။





‘ငါ့လက်တွေကိုက တုန်ချည့်နေတာကိုလဲ သူမသိ၊ မျက်စိ မှုန်နေတာကိုလဲ သူမသိရှာဘူး။ ငါ့ကိုကလဲ မိန်းမ, မပီသ တော့ သူကြိုက်တဲ့ကြက်သွန်ကို နန်းကျအောင် ဘယ်လှီး ပေးတတ်မလဲ။ ဒီနေရာမှာ သူ ငါ့ထက်တော်ပါတယ်။ တို့ ကလဲ စာရေးဆရာမသာ လုပ်နေတာ၊ ဟင်းတစ်ခွက်ကျ တော့လဲ အစပ်တည့်အောင် သူ့လိုမှ မချက်တတ်ပော်။ အိမ် ရှင်တွေကသိရင်လဲ သူ့ကိုပဲ အဆူခံရမယ်။ ငါ့မှာက နေ စရာအိမ်တွေ ပြည့်လို့၊ သူ့မှာ ငါ့ကြောင့် အလုပ်ပြုတ်သွား ရင် တခြားခိုလှုံစရာ အိမ်ရှင်တွေက လက်ရှိ ဒီအိမ်ရှင်တွေ လို ကောင်းချင်မှကောင်းမှာ’ဟု စိတ်ကို ချက်ချင်း သတိနှင့် ထိန်း၍ သူ့ကို ခွင့်လွှတ်လိုက်ရပါသည်။

ယခုတော့ ကျွန်မ၏ ဇာစ်မြစ်နှင့် နေပုံထိုင်ပုံကို သူသိ သွားပုံရပါသည်။ ကျွန်မ သွားရောက်လည်ပတ်တိုင်း ပြုံးပြုံး ရွှင်ရွှင် ဖော်ဖော်ရွေရွေ ဆက်ဆံ၏။ အိမ်ရှင်များထက်ပင် ကျွန်မကို ညွှတ်ဝတ်ကျေပွန်စွာ ညွှန်ခံ၏။

ဪ....ကျွန်မ သူ့ကိုခွင့်လွှတ်ရတာ ကျိုး နပ်ပေပြီ။

သို့သော် ဤကိစ္စက အသေးအဖွဲလေးမျှသာဖြစ်၏။

* * *

သံသရာပြေး

အမှန်တော့ တရားအားထုတ်ပြီးမှ မဟာစည်ဆရာတော် ဘုရား စာအုပ်များကို ပြန်လည်ဖတ်ရှုလျှင် ပို၍ကောင်းပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခင်ကတော့ 'တရားအားထုတ်ပြီး ဉာဏ်စဉ်နှာပြီးလဲ တစ်နှစ်၊ နှစ်နှစ်ကြာရင် ပြန်လည်အားထုတ်ပါ' ဆိုသော ဆရာတော်တို့၏စကားကို ကြားလျှင် ဘာဖြစ်လို့ပါလိမ့်ဟု တွေးမိ၏။

ဒုတိယအကြိမ် တရားဝင်ပြီးသောအခါ ဆရာတော်ဘုရား၏ စာအုပ်များကို ပြန်လည်ဖတ်ရှုရန် ပိုမိုအချိန်ရခဲ့ပါ၏။ ယခင်ကတော့ ခင်ပွန်းသည်၏ ဝေယျာဝစ္စ၊ အိမ်ကိစ္စ၊ ကျန်းမာရေး ကောင်းနေတော့လည်း စာရေးရ၊ ပေါင်းသင်းဆက်ဆံရေး၊ သာရေး၊နာရေးကိစ္စတွေ ဝတ္တရားကျေအောင် လုပ်ရနှင့် မနားရပေ။

ယခုတော့ ကျန်းမာရေး မကောင်းသည်ကိုပဲ ကျေးဇူးတင်ရမလို ဖြစ်နေပါသည်။

ပေါင်းရေးသင်းရေးများတွင်လည်း သာရေးဖြစ်စေ၊ နာရေးဖြစ်စေ၊ ကျန်းမ မသွားလဲ 'သူ့ခမျာ နေမကောင်းလို့ မလာတာဘဲ၊ နို့မို့ရင် မနေတတ်ပါဘူး 'ဟု ခွင့်လွှတ်စကားဆိုလာကြ၍ မိတ်ဆွေများကို ကျေးဇူးတင်ရပါသေးသည်။ ကျန်းမအကျင့်ကလဲ ချမ်းသာသည့်သူကိုတော့ ဝတ္တရားကျေရုံပဲ သွားတတ် လာတတ်ပါသည်။ ချို့ငဲ့သူတို့ နာရေးဆိုလျှင် ကိုယ်ပိုရင်ဖိ ခန္ဓာကိုယ် အားနှင့်လည်း ကူမိ၏။

ယခုတော့ ခြံဝင်းကို တံခါးပိတ် လူကလည်း အိပ်ရာပေါ်က ထူနိုင်တစ်လှည့် မထူနိုင်တစ်လှည့် ဖြစ်နေ၏။ စာပေဆွေးနွေးလိုသူများကိုပင် အာလေး လျှာလေးနှင့် လေသံက နွေးလွန်း၍ ဘယ်သူ့ကိုမှ မတွေ့ချင်ပေ။





အကြောင်းကြောင်းတို့ကြောင့် တချို့ မျက် နှာကြီး မိတ်ဆွေများကလည်း မလာရဲကြ။

တစ်နည်းအားဖြင့် ကောင်းလေစွဟု စိတ်ထဲမှ နှလုံးသွင်းမိ၏။ အဘယ့်ကြောင့်ဆိုသော် အိပ်ရာပေါ် ပက်လက်ကလေး နေရချိန် များလာတော့မှ အိပ်ရာဘေးတွင်မဖတ်ဘဲ ကြွေးတင်နေသော လောကီ၊ လောကုတ္တရာစာများကို ပိုမို၍ ဖတ်ရှုနိုင်လာ၏။

အိမ်ကိစ္စများတွင်လည်း ဘုရားဆောင်မှသည် နောက်ဖေးမီးဖိုအမှိုက်တွင်းအထိ 'ငါမပါဘယ်နေရာမှမပြီး' ဟူသော ဇာတ်ထုပ်ကို တစ်နေ့တစ်နေ့ ခင်းနေရသည်မှာ ဖတ်ဖတ်ကိုမောနေပါတော့သည်။ ယခုတော့ သမီးလဲ ဒီဂရီရလာပြီ။ သူ့အလုပ်နှင့် သူဖြစ်နေပြီ။ တလောကမှ သမီးကြီး 'မိ' က ညည်း၏။

'ဒေါက်တာ ဒေါ်ဝင်းကြည်ရဲ့ မေမေကလေ လမ်းမလျှောက်နိုင်တာ တစ်ခုပဲ၊ လက်တွန်းလှည်းနဲ့ တစ်အိမ်လုံးကို သူကိုယ်တိုင် အုပ်ချုပ်နေဘာပဲ' မှန်၏။ တစ်အိမ်သားလုံးကိုသာမဟုတ် ခြံကြီးတစ်ခြံထဲတွင် သားများ သမီးများကို တစ်အိမ်စီ ဆောက်ပေးထား၍ သူက အိမ်ကြီးပေါ်မှ တစ်ခြံလုံးကိစ္စကို စီမံခန့်ခွဲပေးနေ၏။ ကျောရိုးမှာ ရှိသောရောဂါကြောင့် ထူပေးမှ ထနိုင်၏။ လက်တွန်းလှည်းနှင့် သွားလာရ၏။



www.burmeseclassic.com

www.burmeseclassic.com



'တစ်လအတွက် ငွေဘယ်လောက်ဆိုပြီး သူ့မေမေကို အပ်လိုက်တာပဲ။ ဒါကြောင့် သူကတော့ ဆီတွေဆန်တွေ ကိစ္စလဲ ဘာမှမသိဘူး။ မိကို စုစုမေမေက အိမ်ကို လွှဲတဲ့ အချိန်ကျတော့ ကုန်စျေးနှုန်းတွေ တက်ချိန်နဲ့ သွားတိုးနေတော့ သမီး ဦးနှောက်ခြောက်တာပေါ့' ဟု သူ့မိတ်ဆွေ ဒေါက်တာ-ဒေါ်ဝင်းကြည် မိသားစုအကြောင်းကို ပြောပြရင်း သူ ဝမ်းနည်းစကားဆို၏။

'ဟုတ်တာပေါ့ သမီးရယ်၊ ဒါပေမယ့် ဒေါ်ဝင်းကြည်က အပျို၊ သမီးက သားနှစ်ယောက်မိခင်။ စုစုမေမေ ရောဂါကြောင့် သေသွားရင်ပဲ ဖြစ်ဖြစ်၊ သမီးအလုပ်နဲ့ ဖြစ်ဖြစ်၊ ကိုယ့်ယောကျ်ားပြောင်းရာကိုပဲ လိုက်ရလိုက်ရ ကိုယ့်အိမ်ထောင်ကို ကိုယ် ဦးစီးရမှာပဲ။ သမီး လက်ထပ်ချိန်မှာ ငယ်သေးတာလဲ တစ်ကြောင်း၊ ဆရာဝန် တစ်ယောက်ဖြစ်ဖို့ ခုနစ်နှစ်ဆိုတဲ့ စာကြိုးစားရချိန်မှာ သမီး ဖိဖိစီးစီး စာကြိုးစားနိုင်အောင်လို့ စုမေတို့က သမီးကို အိမ်တာဝန်မပေးတာ' ဟု သမီးကို ရှင်းပြရ၏။

သူ့ဖခင် ဦးပုံစံကြီး မကွယ်လွန်ခင်က အဖေကလည်း ပုံစံနှင့်၊ ပေတံနှင့်။ သမီးကလည်း တိကျလိုက်သည်မှာ အလွန်။ ထို့ကြောင့် 'ဦးပုံစံနှင့် သမီးလေး မတိကျ' ဟူ၍ သူတို့သားအဖ အကြောင်းကို ကျွန်မ ရေးသားခဲ့ပါသည်။ ထိုစဉ်ကတည်းကပင်...



'တို့မျှားသမီးက တော်ကြာ 'ဂွတ္တလင်နဲ့ မက်သဒင်' နှစ်ခုပဲ သိတဲ့သမီးပဲ ဖြစ်နေဦးမယ်။ ဘာဝအကြောင်းလဲ သိပစေဦး မိချို' ဟု ခဏခဏ ကျွန်မကို သတိပေး၏။

'ဖြည်းဖြည်းတော့ ဖြစ်လာမှာပေါ့ ကိုရယ်။ အိုးထိန်းသည်တောင် အိုးကောင်းလိုချင်ရင် အောက်ကလဲ အိုးထိန်းစက်ကို မှန်မှန်လည်ပေးရတာ။ အပေါ်ကလဲ လက်ခတ်နဲ့ ဖြည်းဖြည်းမှန်မှန် ပုံသွင်းရတာ။ ကိုယ်လုပ်ချင်တဲ့ ပုံစံချက်ချင်း ရရမယ်ဆိုပြီး အိုးဖုတ်တဲ့မီးကျင်းထဲမချခင် လက်ခတ်နဲ့ အဘင်းရိုက်ကြည့်ပါလား။ အိုးကောင်းမရတဲ့အပြင် ကြေမွကွဲကုန်မှာပေါ့' တစ်ဖက်ကလည်း ဦးပုံစံကြီးကို ပြောပြရပါသေးသည်။

မှန်၏။ အိုးထိန်းသူဆိုသည်မှာလည်း အရှည်ကို မြင်ထားရမှမက လက်ရှိ သားသမီးစိတ်ဓာတ် အခံကိုလည်း ကြည့်ရပါသေးသည်။ သို့မဟုတ်လျှင် 'အိုးတော်လုပ် ဖုတ်ရင်းက မကျက်' ဇာတ်ထုပ် ဖြစ်လာတတ်ပါသည်။ ထိုအခါကျမှ 'မီးကိုက ကျက်အောင်မပေးလို့၊ လက်ခတ်က ညံ့လို့' နှင့် ဘေးကို အပြစ်တင်၍ မရပြီ။ ငါတို့လုပ်ပုံကိုကလဲ ဘာတွေ ချွတ်ယွင်းခဲ့သလဲဆိုသည်ကို မိဘပင်ဖြစ်စေကာမူ ကိုယ့်ကိုယ်ကို ပြန်လည်စိစစ်၍ ကိုယ့်အပြစ်ကို သိရမည် ဖြစ်သည်။

သို့ကြောင့်မဏ် သမီးကို အချိန်နှင့် အချိန်နှင့် အညာပြောင်းနေခြင်းကို ဦးပုံစံသည် တစ်ခါတစ်ခါ အေးမရဖြစ်နေတတ်ပုံ ရပါသည်။ 'ယခုတို[illegible] သူ့သမီးသည်



www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်မှမကျဘဲ စာမေးပွဲအမှတ်ကိုလည်း သူမှန်းထားသလို အဆင့်မှ အောင်ခဲ့သည်ကို သိရပါမူ သူအလွန်နှစ်သိမ့်ဝမ်းသာရှာပေမည်။

သူ့ကံက နည်းပေ၍ သူကွယ်လွန်သွားချိန်တွင် သူ့အိမ်၏အောင်မြင်ခြင်းများကို တွေ့မသွားရသည်မှာတော့ ဘဝအကြောင်းပေပဲ။

ယခုတော့ သမီးကိုအိမ်တာဝန်လွှဲပေးရင်း ပြောပြရ၏။

'စုစု မေမေကတော့ သမီးကိုမချစ်လို့မကူတာ မဟုတ်ဘူး။ စုမေ ငြီးငွေ့လှပြီ။ အရင်ကတော့ ခြံထဲမှာအားရင် မြက်နုတ်တယ်။ ခုတော့ 'ငါ' တွေ လိုက်နုတ်နေတယ်'

သမီးကြီးသည် ပထမတော့ ကျွန်မစကားကို သဘောမပေါက်သလို ကြောင်၍ကြည့်နေ၏။

'အရင်ကဆိုရင် လိုသမျှကွက်လပ် ငါဖြည့်ဦးမှပဲဆိုပြီး သမီးတို့အိမ်ရဲ့ ကွင်းဆက်တွေထဲမှာ 'ငါလိုက်ဖြည့်နေတာ။ ခုတော့ 'ငါ'တွေလိုက်နုတ်ဖို့အချိန်တန်ပြီ။ သေမင်းက စုမေကို ခေါ်သွားရင်လဲ သမီးဘာသာ သမီး မိသားစုကို ကိုယ့်လင်သားနဲ့အတူ ထိန်းသွားရမှာပဲ။ သမီး စိတ်ထင်နေလို့ အခု စုမေ ရိပ်သာထွက်သွားလဲ သမီးတို့ဖြစ်နေပြီ။ သမီးတို့ဖေဖေ ပြောလေ့ပြောထရှိတယ်၊ တို့တပ်မတော်မှာ အများစုနဲ့လဲ စုပေါင်းလုပ်တတ်ရမယ်၊ တစ်ယောက်တည်းကျန်လဲ လုပ်တတ်ရမယ်။ တစ်ယောက်မရှိလို့ လှုပ်ရှားမှုတွေ ငြိမ်းသွားရတယ်ဆိုတဲ့ မလုပ်တတ်မကိုင်တတ်စိတ်ဓာတ် မရှိရဘူးတဲ့။ ပြီးတော့ သမီးဟာ သိပ်ကံကောင်းထာပဲ။ သမီးမှာ ဘာမှမလိုဘူး။ သက်မွေးမှုပညာလဲ ပြည့်ပြီ၊ ကြင်ယာဆိုတာကလဲ ဗိုလ်မှူး၊ နေဖို့လဲ တိုက်-ခြံ၊ ကဲ....ဒါတွေထက် ဘာပိုရှိရဦးမှာလဲ။ လူတစ်ယောက်မှာ ဒါတွေ တစ်ပြိုင်နက် ပြည့်စုံဖို့ဆိုတာ မလွယ်ပါဘူး သမီး၊ သမီးမှာ ဘဝကံကောင်းသူမို့ ဒီလိုပြည့်ပြည့်စုံစုံဖြစ်လာပြန်တော့ အတိတ်ကံကိုကျေးဇူးတင်ရမယ်။ ဘဝကို မမေ့ရဘူး။ ဘဝကို မမေ့ရဘူး ဆိုတာက အတိတ်ကံကောင်းပေလို့ ယခုရှိပစ္စုပ္ပန်ကံ ကောင်းရတယ်၊ အနာဂတ်ကံကောင်းအောင်တော့ သမီး ဒီဘဝမှာ ကောင်းမှုဆက်လုပ်ပါ။ ပြီးတော့လဲ မက်ထရစ်ဖြေပြီးစက ရိပ်သာဝင်ပြီး အားထုတ်ခဲ့တဲ့တရားကိုလဲ မမေ့မလျော့ပြန်အားထုတ်နော်။ သမီးဖေဖေလိုချင်တဲ့ ဆန္ဒအတိုင်း လူနာတစ်ယောက်ကိုကုပြီးတိုင်း ကုသိုလ်ပြုသလို သဘောထားပါတဲ့။ အမြဲလဲဆုတောင်း၊ 'ငါကုသလိုက်တဲ့လူနာတွေ ဝေဒနာပျောက်ကင်း စိတ်ချမ်းသာရသလို ငါတို့ မိသားစုလဲချမ်းသာပါစေ' ဆိုတာ ဆုတောင်းမေတ္တာပို့၊ နောက်ဆုံးကတော့ နိဗ္ဗာန်ဆုပဲ။ သမီးဆီက စုစုမေမေ လိုချင်ဆုံးတစ်ခုကတော့ 'ပြုံးပါ'၊ အပြုံးကို အလှူဒါနတစ်ခုလို သဘောထားပြီး လှူစမ်းပါ သမီးရယ်' သမီးသည် သူ့ဖခင်လိုခေါင်းမာသည်။ စကားကို တို-ရှင်း-ပြတ် ပြောတတ်၏။ မျက်နှာထားက တည်၏။ ထို့ကြောင့် သူ့ထံမှ 'အပြုံး'ကို အလှူခံရခြင်းဖြစ်၏။







www.burmeseclassic.com

www.burmeseclassic.com



ယောဂီကြီးသည် သမီးကိုတော့ တရားဟောပြီး ငါတွေ့ကိုလည်း တစ်အိမ်လုံး လိုက်နှုတ်နေမိ၏။ ယခင်ကတော့ စာရေးဆရာ ခင်နှင်းယုအနေနှင့် 'ငါ' ဆိုသော ဝတ္ထုကို ရေးကာ စာတွေနှင့် ငါကိုနှုတ်ကြည့်၏။ ယခုတော့ လက်တွေ့နှုတ်နေရသည်။ ထိုအခါကျမှပဲ ကိုယ့်ကိုယ်ကို ပို၍ သဘောပေါက်၏။ ကိုယ်အားထုတ်ခဲ့သော တရားကိုလဲ ပြန်၍ ရှင်းလင်းစွာ သုံးသပ်နိုင်လာ၏။

မှန်၏။ ပထမအကြိမ် တရားအားထုတ်စဉ်က ညဘက် အမြန့်ရထားနှင့် မန္တလေးသွားပြီး နေ့ချင်းပြန်ခဲ့ရသလိုဖြစ်နေသည်။ ဘာဘူတာတွေဆိုက်၍ ဘယ်မြို့များကို ဖြတ်သန်းလာခဲ့မှန်းမသိ၊ မန္တလေးရောက်တော့လည်း ဖင်နွေးအောင်မှ မနေရ၊ ကိစ္စပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပြန်ခဲ့ရပုံနှင့် တူနေ၏။

ယခုအကြိမ်ကတော့ မြေခ်တော်ကားနှင့် နေ့ဘက်ခရီးထွက်ခဲ့၍ မန္တလေးအထိ ကားလမ်းတွင် ဖြတ်သန်းလာခဲ့သော မြို့ပေါင်းစုံ မြို့တို့၏ အနေအထားပါမကျန် လေ့လာနိုင်ခဲ့၏။ မြို့ကြီးတွေရော၊ မြို့လေးများ တောရွာလေးများပါမကျန် ပြတ်ပြတ်သားသား မြင်လာရပါသည်။

ယခုမှပင် စာတွေနှင့် လက်တွေ့ယှဉ်ကြည့်ရသည်။ ဆီဖွတ်ကျည်ပွေ့လို ခဏခဏ အိပ်ရာပေါ် လဲနေရင်းမှ တရားကိုပြန်၍အားထုတ်ရသည်။ ကိုယ့်စိတ်ကိုလည်း ခဏခဏ ဆန်းစစ်ကြည့်ရသည်။





'ငါ့ဒေါသတွေကို ဘယ်လောက်သိမ်းခဲ့နိုင်ပြီလဲ'

ကိုယ့်ကိုယ်ကိုပဲ မေးကြည့်ရပြန်သည်။ ဆရာတော် ဦးသုဇာတကမူ အဦးစိတ်ကိုထိန်းနိုင်လျှင် ရှတ်တရက် ပေါက်ကွဲလွယ်သော ဒေါသစိတ်ကို နိုင်သည်ဟု ဆိုပါသည်။ အဦးစိတ်ဖြစ်သည်ကို ရှတ်တရက် သိပါမှလဲ ထိန်းချုပ်မှု သတိဆိုသည်က ထို အဦးစိတ်အရှိန်ကို တားမြစ် နိုင် ပေမည်။ တစ်ခါတစ်ရံ ကိုယ့်ဘာသာကိုယ် ဒေါသထွက်နေသည်ကိုလဲ ကိုယ် မသိပါပေ။

ထို့ကြောင့်ပင် တချို့လူတွေက ဒေါသ ထောင်းခနဲထလာရင် မျက်စိထဲပြာလာပြီး ဘာတွေလုပ်မိမှန်း မသိဘူးဆိုသည်မှာ မှန်ပေသည်။

ဝိပဿနာ သတိရှိလာသောအခါ ဒေါသဖြစ်စရာ အာရုံကိုမြင်လျှင် မြင်သည်ဟူ၍လောက်သာ သတိပြု၍ အဦးစိတ်က ဒေါသ ဆက်လက်ထွက်ခွင့်မပေးတော့ပေ။

ငယ်ငယ်ကတည်းက ဒေါသကြီးလှသော အကျိုတ်အခဲစိတ်စွဲကြီးလှသော ကျွန်မသည် ကျွန်မကိုယ်ကျွန်မ မြိန်စဉ်းစားမိ၏။ မည်သူ့ကိုမှတော့ လက်စားမချေဘတ်သော်လဲ ကျွန်မကို နာကြည်းအောင် ပြောထား ဆိုထားသူတို့အား ဘယ်တော့မှ မမေ့တတ်ပေ။

ကျွန်မရေးခဲ့သလိုပင် မေမေ၏အိမ်ရိပ်တွင် အားလုံးပျော်ရွှင်စွာ ခိုလှုံခဲ့ကြသော ဆွေမျိုးတစ်စုသည် မေမေဆိုင်လာချိန်၌ မေမေ့ကို အမွေစကားဆို၏။ ဖေဖေ့ သူရှိး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လို မထီမဲ့မြင် ဆက်ဆံ၏။ ထိုသူများကို ကျွန်မ ရန်ကုန်ရောက်လာသောအခါ လုံးဝ မျက်နှာချင်း မဆိုင်လို တော့ပေ။

သို့သော် ပထမတစ်ကြိမ် လက်မထပ်ခင် တရားအားထုတ်ပြီးစကမူ စိတ်ကို တစ်ပတ်လျှော့ပါ၏။ မထီမဲ့မြင် ဆက်ဆံသူတို့အား အိမ်ပေါ်တင်၍ ကျွေးမွေးခဲ့ပါ၏။

ဖေဖေနှင့်မေမေကို ဝစီကံမြောက် ဆဲရေးခဲ့သူ အိမ်အိုကြီးတွင် မနေတတ်အောင် လုပ်ခဲ့သူကိုမူ ကျွန်မ ဘုရားတွင် သစ္စာဆိုကာ တစ်သက် စကားမပြောတော့ပါဟု ဆုံးဖြတ်လိုက်၏။

ကျွန်မစိတ်က တစ်မျိုးပင်။ မေမေ့ကိုပို၍ချစ်သော်လည်း ဖေဖေ့ကို ဒုက္ခိတမို့ ပိုသနားသည်။ ဖေဖေ့ကိုပြောစရာရှိလျှင် ကျွန်မသာ ပြောမည်။ ဖေဖေ့ကို စော်ကားလာလျှင်တော့ ယောကျ်ားနှင့် မိန်းမဖြစ်၍ မနိုင်ဘူးဆိုသည်ကို သိသော်လည်း အသက်ပင်သေသေ ယှဉ်ပြိုင်၍ တိုက်ပစ်ချင်သည်။

ကျွန်မ့အကြောင်းကို ဆွေမျိုးသဖွယ် အစင်းသိသော အစ်မကြီး မမလေးသည်....

'မယုတစ်ယောက်ဟာကွယ် အဲဒီ'ခြင်း'ကိုမနိုင်သေးဘူး။ ပြောရက်လေခြင်း၊လုပ်ရက်လေခြင်း၊ခံရလေခြင်းဆိုတာတွေကို တရားအားထုတ်ထားရင် ဖြေဖျောက်နိုင်ရမယ်၊ 'ခြင်း'ကို အကျိတ်အခဲလုပ်ပြီး စိတ်ထဲ အမှတ်မထားရဘူး' ဟု ကျွန်မကို ခဏခဏ ဆုံးမ၏။





'အဲဒီ 'ခြင်း'ကိုတော့ ကျွန်မ ရင်ထဲက မဖျောက်နိုင်သေးဘူး' ကျွန်မသည်အမှန်အတိုင်းပင် အစ်မကြီးအားဝန်ခံလိုက်ပါ၏။

သို့သော် ယခုတစ်ကြိမ် တရားအားထုတ်အပြီးတွင်မူ ထိုသူကိုတွေ့သောအခါ စကားတော့ မပြောပါ။

'ဖေဖေနှင့် မေမေကို ဝါးခယ်မမှာ မနေနိုင်အောင်သူလုပ်ခဲ့တာပဲ။ မေမေတို့ဟာ တစ်ခဏပဲ ပြေးခဲ့ရတာပဲ၊ သူ့မှာတော့ တစ်ဘဝလုံး ပြေးနေရတာပဲ၊ သံသရာမှာလဲ ပြေးနေရဦးမယ်'

မှန်၏။ မေမေတို့သည် သေသည်အထိ သာယာချမ်းငြိမ်းစွာ အိုးအိမ် အတည်တကျ နေသွားရ၏။ သူ့မှာ သိန်းချီချမ်းသာခဲ့ပါသော်လည်း အိမ်တစ်ခုပေါ်တွင် ရပ်တည်၍ မနေနိုင်ခဲ့။ ရုပ်ကချော့ပါသော်လဲ ငြိမ်သက်သောအမူအရာ၊ သပ်ရပ်လှပခြင်း မရှိပေ။

ကျွန်မ ရင်ထဲတွင် သူ့ကိုမြင်တိုင်း အင်္ဂုလိမာလကို သတိရနေသည်။ မိခင်ကိုလည်း ပြေးအောင် ခေါ်ဆွဲ၍ နောက်မှလိုက်၏။ မိခင်နှင့် သူ့ကြား တရားပြလို့သူ မြတ်ဘုရားကိုပင် ပြေး၍ လိုက်ရုံတင်မက....

'ရှင်ကြီးဂေါတမ၊ သေရမှာကြောက်၍ ပြေးသလား' ဟု နှုတ်ဖြင့်လည်း စော်ကားခဲ့၏။

'ငါ မပြေးဘူး အင်္ဂုလိမာလ၊ သင်သာလျှင် ဒီဘဝလဲ ပြေး၊ သံသရာမှာလဲ ပြေးခဲ့ပြီ'ဟု အစချီကာ လူဆိုးလိုကြီး အင်္ဂုလိမာလအား တရားပြခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

'အင်္ဂုလိမာလကို တရားပြမယ့် ဘုရားသခင် ရှိခဲ့လို့ သံသရာကို ဆက်မပြေးခဲ့ရဘူး။ ငါ့မိဘတွေကို တစ်ခဏ ပြေးအောင် လုပ်ခဲ့တဲ့သူမှာတော့ တရားပြမယ့်သူလဲ မရှိ။ ခုဘဝမှာလဲ ရပ်တည်ရာမရ ပြေးနေကာပဲ၊ သံသရာမှာလဲ ပြေးနေရဦးမှာပဲ'ဟု သနားစိတ်နှင့် ယှဉ်သော အတွေးက ဝင်ခဲ့ပါသည်။ ယခင်ကမူမြင်လျှင်မြင်ခြင်း ဒေါသ ထောင်းခနဲ ထွက်လာကာ လက်သီးကိုနာနာဆုပ်ထားမိ၏။ အဘယ့်ကြောင့် ဆုပ်ထားသနည်းဆိုသော် သူက ကျွန်မ ကွယ်ရာ၌ 'ဒီကောင်မလေးကို နားရင်းပိတ်အုပ်ပြီး သေအောင်ကို သတ်ပစ်မည်'ဟု ဆွေမျိုးများကို ပြောပြထား၏။

ကျွန်မနှင့် တော့တော့ ဆိုင်ဆိုင် မျက်နှာချင်းဆိုင် တစ်ချိန် တွေ့သောအခါကလည်း....

'အမယ်လေး....နင့်ကို မြင်ရတာ ငါ့ရင်ထဲမှာ သိပ်ရှုတာပဲ၊ နင် မြန်မြန်သေမှ အေးမယ်'ဟုဆိုကာ သတ်ပုတ်ရန် ဟန်ပြင်လိုက်၏။ ကျွန်မသည် ချက်ချင်းပင် ငယ်ငယ်က အစ်ကိုများ သင်ထားသောကြောင့် အင်္ဂလိပ် လက်ဝှေ့ထိုးနည်း (ဘောက်ဇင်) အတိုင်း နေရာယူကာ သူ့ကို ခံချဖို့ လက်သီးကို အသင့်ပြင်ထားလိုက်၏။ (ယခုသော် ဤအဖြစ်ကို တွေးမိတိုင်း ရယ်မိ၏။ ဘယ်သူကမှလဲ ခင်နှင်းယုဆိုသော နန်းမတော်မယ်ယု၊ လက်နှင့်တို့လိုက်လျှင် ပြိုလဲမတတ် ယိုင်သွားတတ်သည့် ရတနာကြေးမုံ မင်းသမီးသည် ဘောက်ဇင် ထိုးတတ်သည်ဆိုသည်ကို ယုံမည် မဟုတ်ပေ။)

ကျွန်မ ယောက်မကြီး ဒေါ်မြရီ အရောက် မြန်လာ၍ ဤရန်ပွဲမှာ ဆက်လက်မဖြစ်တော့ပေ။ ထိုသတင်းကို ကြားသော ကိုကိုကြီး (ဦးနု)က ကျွန်မကို ခေါ်တွေ့၏။

'မိခင်ယု၊ ဘယ်သူ့ကိုမှ အကောင်းမပြောတဲ့ ဒီကောင်နဲ့ ယှဉ်ပြီးရန်ဖြစ်နေလို့ အကျိုးထူးမလား၊ မိုက်လိုက်တာကွယ်၊ တကယ်ဆို ဆွေမျိုးထဲမှာ ငါ့ညီမက အငယ်ဆုံး (လူလားမြောက်သူတို့တွင် ကျွန်မ အငယ်ဆုံးဖြစ်ပါသည်။ ကျွန်မ အောက်တွင် အရွယ်မရောက်သေးသော ညီမလတ် အကြွယ်နှင့် ညီမအတွေး နုနုသာ ရှိပါသည်)။ သူရိုက်လဲ မင်းခံရမှာပဲ။ ဘာဖြစ်လို့ ကြီးတဲ့သူကို ပြန်လုပ်ရမှာလဲ'

'အို....တရားမှ မတရားတာ၊ ကိုကိုကြီးက မယု မလိမ္မာလို့ ရိုက်နှက်ဆုံးမရင် ဆုံးမခံမယ်။ သူ့အနေနဲ့တော့ မယုကို နည်းနည်း ထိကြည့် ခံတွယ်ပစ်မှာပဲ'ဟု ကိုကိုကြီးကိုပင် သူ့အတွက်ကြောင့် ပြန်၍ပြောမိ၏။

ယခုနောက်ဆုံးအကြိမ် အတွေ့တွင်မူ ထူးခြားသွားသည်။ ထောင်းခနဲ ဒေါသက ထွက်မလာ။ ဆရာတော် ဦးသုဇာတ ပြောသလို အဦးစိတ်က ဖျတ်ခနဲ ပေါ်လာသည်။ ပေါ်လာသည့် စိတ်ကို ကျွန်မ ပြန်မှတ်ကာ ဘာစိတ်လဲဟု ဆင်ခြင်မိ၏။ အင်္ဂုလိမာလကို တွေးနိုင်အောင် သနားစိတ် ဖြစ်နေသည်။

'ခံချမှာပဲ၊ အသင့်ပြင် နေရာယူ ပေဖေနှင့် မေမေကို စော်ကားခဲ့သူ'ဆိုသော အတိတ်ကို နွှေးသည့်စိတ်က မပေါ်







www.burmeseclassic.com

www.burmeseclassic.com



လာ။ ပေါ်မလာ၍ဒေါသကမဖြစ်။ ဒေါသ မဖြစ်၍ နှလုံးက တဒိုင်းဒိုင်းဟု မခုန်လာပါ။

သူ့မျက်နှာကို စေ့စေ့ကြည့်ရင်း မြင်တယ်ဟု မှတ်လိုက်၏။ ထိုင်၍ အမှတ်နှင့်ပင် သူ့ကို ရှိခိုးလိုက်၏။ ကျွန်မ ပါးစပ်ကမူ စကားတစ်လုံးမှတော့ ပြော၍မထွက်သေးပါ။

အစ်မကြီး မမလေး သင်တိပေးသော ကျွန်မ၏ ရင်ထဲမှ 'ခြင်း' သုံးခြင်းအနက် ခြင်း တစ်လုံးကတော့ အနည်းငယ် ပျော့သွားပါသည်။ လုံးဝ ပျောက်သွားပြီဟု မဆိုနိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် လုံးဝ မရှိဘူးဆိုလျှင် ကျွန်မ ဦးစွာ သူ့ကို မြင်လျှင် ပျူပျူငှာငှာ နှုတ်ဆက်မိမည် ဖြစ်သည်။

သူ့ကို နောက်တစ်ဖန်တွေ့၍ စကား ပြောနိုင်လျှင်တော့ ကျွန်မ အနာဂါမ် ဖြစ်ကောင်းပါရဲ့။

မည်သို့ပင်ဆိုစေ လောလောဆယ် ဝိပဿနာ အသိစိတ်က ကယ်ပေလို့။ သို့မဟုတ်လျှင်မူကား သံသရာပြေးကြီးနှင့် အပြေးပြိုင်ကောင်းမှုကြောင့်အခမာဆို့၍ ကျွန်မ မြရတနာ ဆေးတိုက်သို့ တက်ရပေဦးမည်။

* * *

**အလှနှင့် သဘာဝ**

'ယဉ်ကျေးသည့် လစကြာ
ကြယ်ပြိုင်စုသလို၊ စံပယ်ခိုင်အနု
ရှုမဝနိုင်တော့သည်၊ အတုလကာရီ
ဒေဝီကတော်င် လက်ဆောင်ဆက်ရသည်'





ထိုသီချင်းမှာ အဆိုကျော် ကွယ်လွန်သူ ခင်မောင်ရင် သီဆိုသည့် ခေတ်ဟောင်းသီချင်းတစ်ပုဒ် ဖြစ်ပါသည်။

မိန်းမတို့၏အလှသည် အနုပညာသည်တို့၏နှလုံးသားနှင့် တွေ့သောအခါ ကဗျာ၊ ဂီတ၊ သီချင်းများအဖြစ် သာယာ နာပျော်ဖွယ် ထွက်ပေါ်လာကြ၏။

ရှင်မဟာရဋ္ဌသာရပင် ငယ်နုစဉ်က အလှကို တွေ့သော ကြောင့်....

'ဝဏ္ဏပဘာ၊ ကလျာဖူးစသစ်
ပျိုမျစ်မျစ်လျှင်၊ ကျစ်လျစ်တင့်စံပယ်'
ဆံသွယ်မြမြိတ်စို့'

စသော မိန်းမလှဘွဲ့ကဗျာနှင့် အင်းဝခေတ် စာဆိုတော် ကြီးအဖြစ် လောကတွင်နေရာယူခဲ့၏။ သူ့ခမျာ ထိုအလှ ဘွဲ့တို့ကြောင့် လောကီဆန်သောရဟန်းဟု ရှင်တိသာသနဓဇ တို့က စွပ်စွဲခံခဲ့ရဖူး၏။ သို့သော် အစကို စတွေ့သောအခါ ရှင်မဟာရဋ္ဌသာရသည် ကိုးခန်းပျိုလို ဓမ္မဆန်သောလင်္ကာ၊ ပျိုကဗျာတို့ကို ဖွဲ့နွဲ၍ လောကဓမ္မ နှီးစပ်ပါသော စာဆိုကြီး အဖြစ် စွပ်စွဲမှုများကို ပယ်လှန်လိုက်ပါ၏။

လူနှင့် ရဟန်းတို့ကိုပင် မဆိုထားနှင့်။ နတ်လောကတွင်ပင် သူရိယဝစ္ဆသာ၏အလှကို မြင်ပါသော ပဉ္စသိခ်နတ်သား သည် နတ်ကဗျာဆရာ၊ နတ်စာဆို ဖြစ်လာသည်။ သူသည်သူ သူရိယဝစ္ဆသာ နတ်သမီး၏အလှကို သူ၏နတ်စောင်းနှင့် ကဗျာသီကျူးဖွဲ့ဆိုနိုင်၍ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမများ၏အလှသည် ထိုမျှလောကကို လွှမ်းမိုးနိုင်ပါ၏။

ထိုသို့ဆိုလျှင် သူရိယဝဏ္ဏသာ အပါအဝင် မိန်းမများ တကယ်လှပါသလား။ နတ်ပြည်တွင် သူရိယဝဏ္ဏသာ အလှဆုံး ဖြစ်လေသလား။ လူ့ပြည်တွင် ခေမာမိဖုရားသည် အလှဆုံး ဖြစ်ပါသလား။ ကျွန်မ မမြင်ဖူး၍ မသိပါပေ။ သို့သော် ကျွန်မတို့ညီအစ်မ လေးယောက်တွင်မူ ကျွန်မ အကျည်းတန်ဆုံးမို့ အကျည်းတန်သော ဘဲကလေးအဖြစ် ကျွန်မတို့မိသားစုတွင် ကျွန်မ ပါဝင်ခဲ့ရပါသည်။

သို့သော် အကျည်းတန်မှန်ကြိုက်ဆိုသလို ကျွန်မတို့ အိမ်အိုကြီး၏ အိမ်အပေါ်ထပ် ကျွန်မ အိပ်ခန်းအတွင်းမှ မှန်ကို ရေမိုးချိုးပြီးလျှင် ပထမဆုံး ကြည့်ပါသည်။ သနပ်ခါးလူး အဝတ်အစားလဲပြီးလျှင် လှေကားမှဆင်းလျှင် လှေကား ခြေရင်းတိုင်တွင် ဆွဲထားသော အသေးစား ကိုယ်တစ်ဝက်ပေါ် မှန်ကိုကြည့်ရသည်။ အိမ်ရှေ့ဧည့်ခန်းရောက်ပြန်တော့ မေမေတို့၏ ကိုယ်လုံးပေါ် မှန်ကြီးကို ရှေ့မှန် နောက်မှန်ကြည့်ပြီးမှ အိမ်အပြင်သို့ ထွက်မိတော့သည်။

ဘယ်သူက အကျည်းတန်သည်ပဲ ပြောပြော ကိုယ့်ကိုယ်ကိုတော့ လှသည်ဟုပဲ ထင်ပါသည်။ ထိုအထဲတွင် အရွယ်ရောက်ပြန်တော့...

'မင်းရဲ့ ကျန်ညီအစ်မတွေ လှတယ်ဆိုတာက အသားဖြူ၊ မြင်းတစ်ပြေး၊ မင်းလှဆာဒါမှ အသားညို တွမ်းတစ်ယာ ညက်၊ တကယ်ကို အကြည့်ခံတဲ့ အသားညိုချော မြောက်လေ





သလား တကယ်ပဲ ကျွန်မအလှက ကွမ်းတစ်ယာညက်အကြည့်ခံလေသလားတော့ မသိပါပေ။ မချေ့ကိုကို ချစ်သူတွေက စာဖွဲ့လျှင် သည်းခြေကြိုက်သည်မှာတော့ အမှန်ပါပဲ။ ပြန်တော့ မကြိုက်ခဲ့ပါ။

'ချယ်ချယ်မင် မသုံးသည့်နှင့် သန်းခါမှောင်၊ မျက်လုံးတော်ဆောင် သောက်ရှူး ကြယ်ညီနှောင်၊ မြမျက်တောင် ကော့ကော့ရှန်း'

'မိချိုရ မင်းအလှမှ အလှစစ်၊ တခြားကျောင်းသူတွေက မျက်ခုံးမွေးကိုရိတ်ချပြီး မင်ဆွဲထားရတာ။ မင်းရဲ့မျက်ခုံးကတော့ သဘာဝအတိုင်း မင်ဆွဲစရာမလိုဘူး၊ နက်မှောင်နေတာပဲ။ မျက်လုံးကလဲ သောက်ရှူးကြယ်လိုပါပဲ၊ အစဉ်ပဲ လှပရှန်းလက်နေတာပဲ' ဟု စာဖွဲ့တတ်သူ ချစ်သူနှင့် တွေ့ပြန်တော့ နှုတ်ရွှးဘုံမြှောက် ဖြစ်မိပါသည်။

'မင်းရုပ်သာ မလှလို့ မကျန်းတန်လို့ မင်းတို့အိမ်သားတွေက ဘယ်လိုပဲခေါ်ခေါ် မင်းလက်ချောင်းလေးတွေဟာ သိပ်လှတာပဲ၊ လက်ဖဝါးပြင်ကလဲ ဂုဟ်ခုံတွေကို မြင့်မောက် ပြည့်ဖြိုးပြီး တချို့နေရာတွေမှာ ချွန်တောင်နေသေးတယ်။

လက္ခဏာဆရာဆန်ဆန် ချစ်သူနှင့်တွေ့တော့လဲ ကျွန်မ၏ လက်ကိုအလှဖွဲ့၍ ချီးကျူး၏။ ဪ...ကျွန်မ မိမျို အလှရှုးမဗပါပေတည်း။

တလောက မဟာစည်ဆရာတော်ဘုရား တရားဟောရာတွင် ရှင်နန္ဒအကြောင်း ရောက်သွားပါသည်။ သီတော် နန္ဒ



www.burmeseclassic.com

www.burmeseclassic.com



မင်းသား၏ချစ်သူ ဇနပဒကလျာဏီမင်းသမီးသည် သူ့ခေတ်တွင် သူတို့၏ မဟာသာကီပတ်ဝန်းကျင်၌ ဇနပဒကလျာဏီသည် အလှဆုံး ဖြစ်ပေလိမ့်မည်။ မဟာစည်ဆရာတော်ဘုရားကမူ တိုတိုနှင့် လိုရင်းသာ ဟောသွား၏။ နန္ဒမင်းသားကို ကျွတ်ချိန်တန်၍ ဘုရားသခင်သည် နတ်ပြည်သို့ ကြွရာတွင် ခေါ်သွား၏။ နတ်သမီးများအလှနှင့် ဇနပဒကလျာဏီအလှကို ယှဉ်ကြည့်ခိုင်းသောအခါ သူ့ချစ်သူအလှသည် မျောက်အိုမကြီးနှင့်သာ တူပါသည်ဟု နန္ဒမင်းသားသည် မြတ်စွာဘုရားသခင်ကို လျှောက်ထား၏။ 'နတ်သမီးကို လိုချင်ပါသလား'ဟု မြတ်စွာဘုရားသခင်က ဆက်၍မေး၏။

'လိုချင်ပါသည်'ဟု နတ်သမီးတို့အလှတွင် တိမ်းညွတ်ယစ်မူးပါသော ပုထုဇဉ် ယောကျ်ားတို့ သဘာဝအတိုင်း နန္ဒမင်းသားသည် ဖြေလိုက်ပါသည်။

'ထိုနတ်သမီးကို လိုချင်လျှင် တရားအားထုတ်ပါ' ဟု လူ့သဘာဝစရိုက်ကိုသိသော မြတ်စွာဘုရားသည် ထိုစဉ်တစ်ခဏက ဇနပဒကလျာဏီအလှနှင့် ရစ်ပတ်နေသော နန္ဒမင်းသား၏စိတ်ကို ရုတ်တရက်ပြတ်ရန် သဘောနှင့် ဤစကားကို ဆိုဟန်ရှိပါသည်။

နန္ဒမင်းသားကလည်း နတ်သမီးကို လိုချင်ဇောနှင့် ပထမတရားအားထုတ်၏။ မြတ်စွာဘုရား၏ တပည့်သား သံဃာပတ်ဝန်းကျင်၌ 'နန္ဒမင်းသား နတ်သမီးလိုချင်လို့ တရားအားထုတ်သတဲ့' ထိုသတင်းက ပျံ့လွင့်နေ၏။ နန္ဒမင်းသား





သည် သူ့သတင်း သူပြန်ကြားသောအခါ ရှက်ရမှန်း သိလာသည်။

မှန်သည်။ ရည်ရွယ်ချက်မမှန်သောအခါ ဝိပဿနာဉာဏ်သည်။ မဖြစ်ပေါ်ပါ။ ဝိပဿနာသည် သမုဒယ တဏှာကို ပတ်သတ်ငြိမ်းချမ်းလို၍ ငြိမ်းအေးသော နိရောဓသစ္စာချုပ်ငြိမ်းရာကိုရလို၍ ကျင့်အပ်သော တရား။ နန္ဒမင်းသား၏ ရည်ရွယ်ချက်က ကာမတဏှာကို ပွားစေပါသော နတ်သမီးအလှကို ကိုချင်၍ ကျင့်ခြင်း ဖြစ်နေပါတော့သည်။

ခေတ်စကားနှင့်ဆိုရသော် နန္ဒမင်းသား၏ ရည်ရွယ်ချက်သည် အပေါစားဆန်လှသည်။ နန္ဒမင်းသားသည် ထိုအခါကျမှ တခြားသော ရဟန်းတို့၏ ဝိပဿနာတရားကို အားထုတ်ခြင်း၏ ရည်ရွယ်ချက်ပန်းတိုင်နှင့် သူ့ရည်ရွယ်ချက်မှာ အံရွှေနှင့်အနောက် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသည်ကို သတိတရားရကာ ရှက်စိတ်ဝင်မိ၏။ ထိုအခါမှ ဘဝကို သိလာ၏။

နန္ဒမင်းသားသည်လည်း အလှကိုရှာရာမှ ဘဝကို တွေ့လာ၏။ ဘဝကိုတွေ့တော့မှ ဘဝအစကို ဆင်ခြင်မိကာ ဘဝ၏ အဆုံးသတ်ရာ၊ ငြိမ်းရာ နိရောဓသစ္စာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခဲ့ပေသည်။

ကျွန်မသည် ဆရာတော်ဘုရား တရားကိုနာပြီး အိမ်အပြန်လမ်းတွင် စဉ်းစားလာ၏။ ခင်နှင်းယုစိတ်ဖြင့် ဖြူပုံစံအတိုင်း ပထမ စဉ်းစားမိ၏။ 'နန္ဒမင်းသားသည် ဇနပဒကလျာဏီ တွေ့တော့လဲ ကိုယ့်ချစ်သူအလှသာ အလှဆုံး

www.burmeseclassic.com



ဆိုပြီး ထင်ခဲ့တာပဲ၊ နတ်ပြည်ရောက်လို့ နတ်သမီးအလှနဲ့တွေ့ပြန်တော့ ချစ်သူကို ချက်ချင်းမေ့ပစ်လိုက်ဘာပဲ၊ 'ကွယ်ရင်မေ့ တွေ့ သေအောင်လွမ်း' ဆိုဘာ သူတို့ ယောကျ်ားတွေ အကျင့်ပဲ၊ သံသရာတစ်လျှောက် ယောကျ်ားတွေကလဲ တို့မိန်းမတွေရဲ့ အလှတွေကို ဖွဲ့နွဲ့ပြီး လိမ်ကြ၊ တို့မိန်းမ အလှရူးတွေကလဲ အလိမ်မိပြီး တို့ကိုယ်တို့လိမ်၊ တို့ကလဲ သူတို့ကို လိမ်လိုက်ကြတာ၊ ယောကျ်ားက မိန်းမကိုလိမ်၊ မိန်းမတွေကလဲ ယောကျ်ားတွေကိုလိမ်နဲ့ သံသရာစကဘည်းက အလိမ်စာတ်ထုပ်ခင်းပြီး အလိမ်ဝတ္ထုတွေ ရေးလာခဲ့ကြတာ ဆုံးပဲမဆုံးတော့ဘူး'

ငါလဲ အလိမ်ဝတ္ထုများကို ရေးပါသော စာရေးဆရာ ခင်နှင်းယုပါတကား။

အလှကိုရှာခဲ့ရတာ အမော။ အလှရှာရင်းက ဘဝကို ငါတွေ့ခဲ့တယ်။ ဘဝအကြောင်းတွေကို ရေးလို့ပဲ ခင်နှင်းယု ဘဝဟာ အတိုအစနဲ့ တူလိုက်လေဆိုပြီး စာဖတ်ပရိသတ်က ငါ့ကို ခုထက်တိုင် မမေ့နိုင်ဘဲ သူတို့အသည်းနှလုံးမှာ လက်ခံတာ။

ငါ့ဘဝမှာ ချစ်သူပျောက်တော့လဲ စုံနံ့သာမြိုင်ဦးကြော့ စာဆိုတာတောင် နည်းသေးတယ်။ 'မင်းဘီးငယ်ကူသည်၊ လင်မီးစာမွှေးမိပေါ့ဖြစ်လိုက်ရတာ။ အဖြစ်က သည်းသည်းရယ်။ သံသရာမှာလဲ ချစ်သူပျောက်ကို ငါ ဘယ်လောက်ရှာခဲ့လဲ မသိပါဘူး။ ဦးကြော့ရဲ့ စုံနံ့သာမြိုင်ရှာတုံတော်မှာ—



'စုံနံ့သာမြိုင် ရဂုံတွင်း
ထုံသင်းငယ်ကြိုင်
ဂနိုင်ဟေမ၊ နွေအစ၊ ရွှေမြဂလျာ
ဟို ခင်ကို လျှောက်ပါလို့
လင်ပျောက်ကိုတဲ့ရှာခဲ့တယ်'

ဆိုပြီး ဖွဲ့ခဲ့တယ်။ ငါလဲပဲ ချစ်သူပျောက်ရှာရင်းက ဝိပဿနာကို တွေ့ခဲ့ပြီ။ ဝိပဿနာကို ဘယ်လို တွေ့တယ်ဆိုတဲ့ ဝတ္ထုအစစ်ကို ငါရေးချိန်တန်ပြီ။

သံသရာမှာ တစ်ယောက်တခ်လမ်း သွားခဲ့ကြရတာကို အတွေ့ဘဲ၊ အတူသာသလို ထင်မှတ်မှားခဲ့တယ်။ ခုလဲ သံသရာလမ်းခုံမှာ သူ ဘယ်ဘာ ဘယ်ရောက်နေမှန်း မသိတာကိုဘဲ သံသရာမြစ်တစ်ဖက်ကမ်း အချစ်ပင်ကြီးအောက်မှာ ငါ့ကိုပဲ သူစောင့်နေသလိုပဲ။ ခုပဲမြစ်ထဲခုန်ချကူးလိုက်ရင် သူနဲ့တွေ့ရတော့မလား အောက်မေ့မိတယ်။ ယနေ့ထက်တိုင် သူလဲ ငါ့ကိုစောင့်နေသေးတယ်လို့၊ သူ့ကိုမြဘယ်လို ထင်မှတ်မှားတာကိုကလဲ မှားသောအယူ၊ မှားသော နှလုံးသွင်းမှု (အယောနိသော မနသိကာရ)ပဲ။

နှလုံးသွင်းမှုကိုကပဲ မှားတော့ အဲဒီနှလုံးသားက ရောက်ပြန်ထွက်လာတဲ့ ဝတ္ထုကလဲ 'ကလေးလိုပဲ တွေးချင်တယ်' ဆိုတဲ့ ပုံစံနဲ့ ကြိုကြိုးဆုံးစကား ရှုမဝထဲ ငါရေးခဲ့မိတယ်။

သူတို့လဲ မြဲတယ်၊ သူ့အချစ်တို့လဲ မြဲတယ်၊ ငါ့အချစ်ကလဲ မြဲတယ်။ ဘုရားကိုလွှတ်တဲ့ ဝန်းတွေကိုပဲ ဒီပန်းတွေဟာ

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူရှိရာ တာဝတိံသာကိုပဲ ရောက်သွားပါစေ။ ချစ်သူကို တောင်မှ ဘက်လိုက်ပြီး တွေးလိုက်တာ။ ကွယ်လွန်ကာနီး ဇော်ကပ်လွဲပြီး အဂတိဘုံတွေကို ရောက်မှာပဲလို့ မတွေးဘူး။ ကိုယ့်ချစ်သူသေတော့ လားရာဂတိတောင် နတ်ပြည်က လက်တစ်လုံး မလျှော့နိုင်ဘူး။ မိချို လှူလိုက်တဲ့ ပန်းတွေဟာ ကက္ကရု၊ မဉ္ဇူသက၊ အာသာဝတီနွယ်နီ ဆိုတဲ့ နတ်ပန်းတွေ အလယ်မှာ သီးသန့်ကျော်လွှားပြီး ကိုကြီး မြင်ပါစေတဲ့။ အမယ်လေး....တရားရှင်တွေ မျက်လုံးနဲ့ဖတ်လိုက်ရင် အလွန်ရှူးသော ခင်နှင်းယုလို့ မြင်မှာပဲ။

ဒါကြောင့်လဲ ကိုကြီးရဲ့ဆရာတော် ဦးပဏ္ဍိနဲ့ ငါတို့ တရားပြဆရာတော် ဦးဇနက,က....

'တို့ရဲ့ဦးပဉ္စင်း ရှင်ဂဝံပတိ ကွယ်လွန်ချိန်မှာ ကျွန်ရစ်သူ ဒကာမ အချစ်ရူးကို မဟာကရုဏာရှေ့ထားပြီး ညီမသဖွယ် ချွေချတ်ပြီး တရားပြမှပဲ' လို့ နှလုံးသွင်းပြီး ငါ့ကို သခသနာ့ ရိပ်သာမှာ ပြန်မြီး ရက်ရှည်တရားဝင်ပါဦးလို့ အစ်မကြီး ဒေါ်ဒေါ်မမလေးကတစ်ဆင့် ငါပြန်လာအောင် ခေါ်ခဲ့တာပဲ။ ငါ ဒီတုန်းက ရေးခဲ့တဲ့စာက ရှုမှတ်မှုကင်းပြီး ရောက်တတ်ရာရာကို အလိုရှိတိုင်း နှလုံးသွင်းမှုဖြစ်တယ်။

ဒီလို အနိစ္စကို မမြင်ဘဲ ရောက်တတ်ရာရာကို အလိုရှိတိုင်း နှလုံးသွင်းမှုများဘည် 'လိုလားအပ်သော စီးပွားချမ်းသာ အစစ်ဖြစ်သည့် ဝိပဿနာ၊ မဂ်ဖိုလ်တို့ကိုကား မဖြစ်စေနိုင်။ အကျိုးမဲ့ကိုသာ ဖြစ်စေနိုင်သောကြောင့် အယောနိသော၊ မနသိကာရ မည်၏။ အကုသိုလ် ဟူသမျှသည် အယောနိသော မနသိကာရလျှင် အကြောင်းရင်းရှိ၏' လို့ မဟာစည်ဆရာတော်ဘုရား 'ဝိပဿနာရှုနည်းကျမ်းမှာ ရေးပြခဲ့တာပဲ။





ဝိပဿနာ ဆိုတာက အမှန်ကို အမှန်အတိုင်း ရှုမှတ်မှုပဲ၊ (ခုခေတ် စကားအရဆိုရင် အရှိကို အရှိအတိုင်း ရှုမှတ်ရမယ်။)

ချစ်သူအပေါ်မှာလဲ ဗုန်းဗုန်းကြီး လဲသေပြီးသွားတာတောင် အနိစ္စသဘော မမြဲသော သဘောရှိတာကို မျက်ဝါးထင်ထင် မြင်ပါရက်နဲ့ ဝိပဿနာရှုမှတ်မှု လက်လွှတ်သွားတယ်ဆို၊ နှလုံးသွင်းဆင်ခြင်မှုလဲ လွဲမှားပြီး ငါ့မှာ ပူပန်မှုသောက ကိလေသာပွားခဲ့ရတယ်။

အခုလဲ ငါ့အိမ်ကိုအပြန်ခြေလှမ်းတိုင်းမှာ အရင်တုန်းကဆိုရင် ခြေထောက်အလှကိုပဲကြည့်ပြီး သွားခဲ့လာခဲ့တယ်။

မှန်ပါသည်။ ဖောရောင်သည့်ရောဂါမရခင်ကပင် ကျွန်မသည် ခြေပြည့်လက်ပြည့်သူဖြစ်၍ ခြေဖဝါးရော၊ ခြေဖမိုးရော ပြည့်ဖြိုးနေပါသည်။ ကိုယ့်ခြေမှိုမှိုကိုကြည့်၍ တင့်တယ်သည်ဟု အစဉ်ကျေနပ်လာခဲ့သူဖြစ်၏။

ယောကျ်ားများနှင့် စာဆိုများက ကျွန်မတို့ အလှကို ကြည့်၍ စာဖွဲ့ကာ လိမ်ခဲ့သည်ဟု နှလုံးသွင်းမှုကပင် [illegible]သေးသည်။ စင်စစ်တော့ ကျွန်မတို့ မိန်းမများသည်ကလဲ ကိုယ့်ကိုယ်ကို လိမ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကိုယ် ကျွန်မပင် ရှုမှတ်မှုမျှားခဲ့သည်။ အပေါ်ယံ အမှတ်မှားမှု ဆိုလျှင်လည်း သောက်ရူးကြယ်ညီနောင်ကဲ့သို့ တောက်ပရွှန်းလက်ပါသည်ဆိုသည့် မျက်လုံးများကလည်း မျက်မှန်ချွတ်၍ မှန်ကိုကြည့်လျှင် ရှင်အဗျူဂေါဏလို တစ်ဖက်ကျဉ်း တစ်ဖက်ကျယ် ဖြစ်၍နေလေပြီ။

'ပိတုန်းရောင်ကေသာ၊ ဖြေကာချတော့၊ ရှုမဝနိုင်တယ်' ဆိုသော ဆံပင်များကလည်း ကျွန်မ ဘဝကံကောင်း၍ နက်နေသေးသည်မသိ။ ရွယ်တူသူငယ်ချင်းများမှာ ဆံပင်ဖြူလာ၍ ဆေးအနက်ကူဆိုးကာ ပြုပြင်နေရပေပြီ။

'ဒီဆံပင်တစ်ချောင်းပဲ ဟင်းခွက်ထဲကျတာနဲ့ ပျိုလိုက်အန့်လိုက်ရတာ၊ အဲဒီပျိုတဲ့ ဒကာမတွေ မာတုဂါမတွေပဲ ဆံထုံးတစ်ခု ငွေငါးဆယ် တစ်ရာပေးပြီး ထုံးကြ သုံးကြရတာ အမောပဲ' ဆရာတော် ဦးသုံဝရှသည် ထိုကဲ့သို့ပင် တစ်ခါက ဟောခဲ့ပါသည်။

တစ်ခါက ထမင်းချက် ကလေးမလေး တစ်ယောက် ကျွန်မတို့အိမ်တွင် အလုပ်လာ၍တောင်း၏။ ထုံးစံအတိုင်း ကျွန်မက ဘယ်အိမ်မှာ လုပ်ဖူးပါသလဲ၊ နောက်ဆုံး လုပ်ခဲ့သောအိမ်က ဘယ်သူ့အိမ်လဲ၊ ဘာကြောင့် အလုပ်ထွက်ခဲ့သလဲဟု မေးမိ၏။

'ဟင်းခွက်ထဲမှာ ဆံပင်ခြည်တစ်ပင်တွေ့တယ်၊ စားပွဲထိုးကလဲ မိန်းကလေးပဲ၊ ဘယ်သူ့ဆံပင်ခြည်မှန်းတော့မသိဘူး၊





အိမ်ရှင်မမက ကျွန်မကိုသာ ခေါ်ဆူတာနဲ့ စိတ်ဆိုးပြီး ကျွန်မဆံပင်တွေကို ဖြတ်ပစ်တယ်။ ကျွန်မလဲ အလုပ်က ထွက်လိုက်ရော'

သူသည် သူ၏ခေါင်းမှ ဆံပင်တိုးတိတိကို ပြ၏။ အမှန်တော့ အိမ်ရှင်မကလည်း ညစ်ပတ်မှု၊ မသပ်ရပ်မှုကို တားသီးခြင်းသဘောနှင့် ဖြည်းဖြည်းပင် ဆုံးမသလို ပြောဖို့ကောင်းသည်။ ထမင်းချက် မိန်းကလေးကလည်း စိတ်တိုစိတ်မြန်၍ ဆံပင်ဖြတ်လိုက်ဖို့ မကောင်းပါပေ။

ယခုတော့ ဆံခြည်တစ်မျှင်ကြောင့် အလုပ်ပြုတ် ဇာတ်လမ်းများ၊ အချစ်ပြယ်ဇာတ်လမ်းများ ဖြစ်ခဲ့ရသည်။

ဆံပင်တို့ သွားတို့ကလည်း ပါးစပ်သာရှိလျှင် ပြောမည်။

'ဘာယဆိုတဲ့ကိုယ်ခန္ဓာဟာ ဘာမှ အတွေ့အထိ အာရုံတွေကို မသိဘူး။ မသည့်တဲ့ ဓာတ်သဘောခြင်း တွေ့ရင် ပျက်စီးတတ်တဲ့သဘောပဲရှိတယ်။ ဒီရုပ်ခန္ဓာမှာ ဆံပင်ကလဲ ရုပ်ရဲ့အစိတ်အပိုင်းတစ်ခုအနေနဲ့ ဦးခေါင်းကို နှာမစေးအောင် သူ့သဘာဝနဲ့သူ ပေါက်လာတဲ့ သဘာဝကပေးတဲ့ ဆိပ်၊ ရုပ်ပစ္စည်းတစ်ခု၊ သွားကလဲ ရုပ်ခန္ဓာကို အားဖြစ်အောင် အစာပေးရာမှာ ကြေညက်အောင်ဝါးနိုင်ဖို့ သူ့နေရာနဲ့သူ ပေါ်လာတဲ့ရုပ်ပစ္စည်းတစ်ခု၊ ကျုပ်တို့ကိုယ်ကိုကျုပ်တို့ ဘာမှလဲမပြောဘဲနဲ့ ခင်ဗျားတို့ဘာသာ ခင်ဗျားတို့ ပိတုန်းရောင်လေး ပုလဲသွယ်လေးနဲ့ စာဖွဲ့ဗာချီပြီး ချစ်ကြူးယောကျ်ားတွေက လက်ဖျားကူသန္တာရောင်၊ နှင်းဆီငုံနှုတ်ခမ်းဆိုတာနဲ့ လက်



www.burmeseclassic.com

www.burmeseclassic.com



ဖျားက လက်သည်းခွံရော၊ ခြေသည်းရောမနေရ၊ နှုတ်ခမ်းကအစ တစ်မျက်နှာလုံးလဲ ဆိုးလိုက် ခြယ်လိုက်ရတာ ပန်းချီမျက်နှာ ကျနေတာပဲ။ ခင့်မျက်လုံးက သောက်ရှူးကြယ်ညီနောင်လိုပဲ ဆိုတဲ့သူတွေကို မျက်လုံးချည်းပဲ သက်သက်ပေးကြည့်ပါလား၊ လက်ဖျား သန္တာရောင်ဆိုတဲ့သူကိုလဲ လက်သည်းခွံတစ်ချောင်းလောက် ခွာပေးကြည့်ပါလား၊ ချက်ချင်း အဖြေသိရမှာပဲ။ ကျုပ်တို့က အရှိအရှိအတိုင်း အပူအအေး သဘာဝဓာတ်တွေမညီမျှမှုကြောင့်ပျက်စီးလာခြင်း၊ ဖောက်ပြန်လာခြင်းကို ပြတာတောင် ခင်ဗျားတို့ အမှတ်မှား နှလုံးသွင်း ဆင်ခြင်မှုမှားတာတွေကိုတော့ ကျုပ်တို့လဲ မတတ်နိုင်ဘူး’ဟု ပြောကောင်း ပြောပေမည်။

ကျွန်မတို့ငယ်ငယ်က မိုးညှင်းဆရာတော်ဘုရား၏ ယောဂီဖြစ်၍ ဆရာတော်၏စာများကို ကျက်မှတ်ရ၏။

‘အနူကိုယ်ကြီး ကျပ်တွေစည်းသို့
ပုံမှီး၍သာ၊ ဤခန္ဓာ၊ အစာရေစာကျွေးရမယ်’
‘အပုပ်ပြည်၊ အပုပ်ရည်တို့ဖြင့် တစိစိ၊ တစိုစို
အမြဲယိုစီး၍နေသော ဤကိုယ်နာမ်ရုပ်၊ အကောင်ပုပ်
ကြီးတို့သည် စက်ဆုတ်ရွံရှာဖွယ်ကြီးတို့ပါတကား’

ဟု ကျက်ရွံသာ စာကျက်ခဲ့၏။ တကယ်ရှုမှတ်၍ တကယ်မြင်ပါသလားဆိုလျှင် မမှတ် မမြင်၍သာ ဤခန္ဓာအလှတွင် ကိုယ့်ကိုယ်ကို သာယာခဲ့ပါသည်။





တစ်နေ့က ကျွန်မဖျားတော့လဲ ဖျားတာက တစ်ရက်ပင်ဖြစ်၏။ နောက်ရက်တွင် သွားများနှင့်အညီ သွားဖုံးကကြွ၍ ရောင်လာ၏။ လျှာကလည်း တောင့်တောင့်ကြီးဖြစ်၍ လှုပ်မရ၊ စကားပြော၍မရ၊ လည်ချောင်းက မျိုမရ၊ သွားကြားမှ သွေးစိမ့်ယိုလာသည်မှာ ကြည့်၍ပင်မကောင်း၊ရုတ်တရက်သော် ကျွန်မ သတိမရှိဘဲ ငိုနေမိသည်။

နောက်မှ ချက်ချင်းသတိရကာ ဝေဒနာကို နာသည့်နေရာများကို စူးစိုက်မှတ်၏။ ဒုတိယ ဝေဒနာကို ခွာကာဖောင်းတယ် ပိန်တယ်ကို ပြန်၍ စူးစိုက်မှတ်၏။ မိုးသောက်ကာနီးတွင် ရှုမှတ်မှု သမာဓိအား ကောင်းလာသောအခါခန္ဓာကိုယ်သည် သီးသန့် အတ္တဘောတစ်ခုလို အိပ်ရာပြင်ပေါ်တွင် ကျန်ရစ်ခဲ့ပြီ။ ထိုခန္ဓာကိုယ်ကြီးနှင့် နာကျင်ခြင်းဝေဒနာကို လက်ခံသော အာရုံခံစားစိတ်တို့ တင်းပြတ်သွားသောအခါ နာကျင်သောဝေဒနာမရှိ၊ ထိုအခါကျွန်မကောင်းစွာအိပ်နိုင်၏။

စာအတွေ့များနှင့် နှလုံးသွင်း ဆင်ခြင်မှု ဆိုသည်နောက်မှ ဆင်ခြင်သောစိတ်ဖြစ်၍ လက်တွေ့ကတော့ အနုကွာအောင် ချက်ချင်းကို ရှုမှတ်ပစ်ရသည်။ ကျွန်မတော်ကျွန်မလက်တွေ့နည်းဖြင့် မခံသာသော ဝေဒနာများကိုဒီလိုဖြင့်သာ ကုသရပါသည်။ သို့မဟုတ်လျှင် မခံသာသည်နှင့်ပင် သေရမည်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ကျွန်မရောဂါများသည် ၃၂-ကောဋ္ဌာသတွင် အစုံအစုံဟု ဆိုမလောက် ရှိနေကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်နေ့ အိပ်ရာကနိုးတော့မှ သမီး မိနှင့်အတူ ဤ သွားသဖုံးတို့ကြားမှ သွေးပြည်တို့ကို ထုတ်ယူပစ်ရန် သွား ဆရာဝန် ဒေါက်တာမောင်မောင်ဂိုးဆီ သွားရပါသည်။

အမှန်တော့လဲ ဒီခန္ဓာကိုယ်က ရုပ်စရာဖရှိအောင် တစ်နေ့ တခြား ပျက်စီးယိုယွင်းခြင်းကိုပြ၏။ ပူခြင်း၊ အေးခြင်း၊ လှုပ် ရှားခြင်း၊ မာခြင်း၊ ပျော့ခြင်းတို့မှလွဲ၍ ဘာမှမရှိပါဆိုသည် ကိုပြ၏။ တစိစီ၊ တစိုစို၊ အမြဲယိုစီးနေသောတွေ၊ ဘာသော တွေ၊ သီးသန့်နှလုံးသွင်းဖို့ခတောင် မလိုအောင် ခန္ဓာကိုယ်က စိမ့်ယိုပြအောကိုမင် ကျွန်မတို့ဘာသာ ကျွန်မတို့ အမှတ်မှား ခဲ့ခြင်းပင် ဖြစ်၏။

'ခံစားသော ဝေဒနာစိတ် ရှိနေ၍ ဝေဒနာခံရသည့်' သဘောကိုသာ ဆင်ခြင်သော သတိရှိလျှင် စောစီးက အမှတ် သတိပေါ်ကာ ထိုဝေဒနာကို နိုင်အောင်မှတ်မည် ဖြစ်သည်။

တင်ပါးက ခြေလှမ်း၍ သူ့ဘာသာသူ လှုပ်သွားသည်။ လှုပ်တာကို မြင်တာဆို မြင်တယ်ဟု မှတ်လျှင် ပြီးသား။ ရှည်၍ ဒီတင်ပါးလေးက 'မှိုမှိုလေး၊ ဒီမိန်းကလေး ရရင် ကောင်းမယ်' ဆိုသော အာရုံကို လက်ခံနှလုံးသွင်းသော စိတ်မှတ်မှားမှုကြောင့် သမုဒယ တဏှာနှိုးနှယ်၍ ရာဂစိတ် ဖြစ်ရခြင်းဖြစ်၏။ အသားစိုင်တစ်ခုဖြစ်သော မိန်းကလေး၏ တင်ပါး လှုပ်ရှားခြင်းကလည်း အမြဲမဟုတ်၊ မြင်သော မျက်စိအကြည်ဓာတ်ကို အမြဲတင်၍ ဖောက်ပစ်ဖို့ကလည်း





မဟုတ်။ ကိုယ့်ဘာသာ ရှုမှတ်သောစိတ်က အမှန်မရှုမှတ်၊ သတိမရှိခြင်းပင် ဖြစ်သည်။

ဝိပဿနာ သတိစိတ်သာ အမြဲရှိလျှင် အလှကိုရော သဘာဝကိုရော ခွဲခြား၍ အမြဲမြင်မည်။ ထိုအခါ သမုဒယ ကလည်း ဘယ်တော့မှ မဝင်မဖြစ်သောအခါ ကျွန်မတို့ဘဝ ငြိမ်းကြလေပြီတကား။

သြော်...အလှကိုရှာရာမှ ဘဝကိုတွေ့ပါပြီ။ ဘဝကိုမတွေ့ခင် ကိုယ့်ကိုယ်ကိုတောင် အလှဆုံး ထင်ခဲ့သော ကျွန်မအား တရားရှင်တို့ အမြင်နှင့် ခွင့်လွှတ်ပါရန် တောင်းပန်ပါ၏။

အရိုးရုပ်ခွက်၊ အသားဖောက်ပက်နှင့် အရိုးရုပ်တစ်ခုကို အရှိအတိုင်း၊ မြင်သည်ကိုတောင်မှ ထိုအရိုးရုပ်အောက်တွင် 'ကျွန်မ ၁၆ နှစ်ပျိုရှင်' ဆိုသော စာတမ်းကို မြင်သော ယောကျ်ားတစ်ယောက်သည် ၁၆ နှစ်အရွယ် အပျို၏ တင်ပါးကို အသားဖြည့်ကာ အတွေးစိတ်ကူး နှလုံးသွင်း မှုကြောင့် ရာဂစိတ်ဖြစ်ခဲ့ပေသည်ဟု မဟာစည်ဆရာတော် ဘုရားစာအုပ်တွင် ဖတ်ရခဲ့ရပါ၏။ ဒါဟာ စိတ်ကူးနေ တာပဲ၊ ကြံစည်နေတာပဲ ဆိုအညကို အမှန်အတိုင်း သိ၍ စိတ်ကူးတယ် စိတ်ကူးနေတယ်ဟု မှတ်လိုက်သျှင် စိတ်၏ နှောင်အိမ်မှ မလွှတ်ပါသော စိတ်၏ ယကျဉ်းသမား ဖြစ်နေပါလျက် ရုပ်သာလျှင် ဆိုကြဟု၍ အယူမှတ်မှားသော ရုပ်ကြမ်းဝါဒ သမားများကိုလည်း ရုပ်နှင့်နာမ် ညီအမျှ



www.burmeseclassic.com

www.burmeseclassic.com



လက်ခံယူဆ၍ နှလုံးသွင်းနိုင်သော ဗုဒ္ဓမြတ်စွာဘုရား၏ ခံယူချက်သည် ထိုသူတို့အား မေတ္တာဖြင့် လွှမ်းမိုးကာ သတ္တဝါတို့ ငြိမ်းချမ်းပါစေသတည်း။

*　　*　　*

(Every is 19th July) ကျွန်မ စိတ်ထဲမှာဖြင့် နေ့တိုင်းဟာ ဇူလိုင်၏ ၁၉ ရက်နေ့လို့ ထင်နေပါတယ်။

ထိုစကားလုံးကို ပြောဆိုသူမှာ တပ်မတော်၏ ဖခင် ဗိုလ်ချုပ်ကြီး၏ဇနီး ဒေါ်ခင်ကြည် ပြောခြင်းဖြစ်သည်။ သူ၏ချစ်သူ ဗိုလ်ချုပ်ကြီးအောင်ဆန်းနှင့် နောက်ဆုံးခွဲခွာ ရသောနေ့၏ ခံစားရသော ဝေဒနာကို သူ့ရင်ထဲရှိသမျှ သူဖော်ထုတ်ခဲ့သော စကားလုံးဖြစ်၏။

'ကျွန်မတို့တပ်ထဲမှာ လူပျိုရဲဘော်တွေ ရှိပါလျက်နဲ့ ကျမ်လင်မှ ကွက်ပြီးသေရ သလားတော်'

ထိုငိုချင်းလေးကလည်း ကဗျာဟန်မပီမသ၊ စာပေဆန် သည်ဖြစ်စေ မဆန်သည်ဖြစ်စေ ရဲဘော်ဇနီးတစ်ယောက်၏ ချစ်သူနှင့် ခွဲခွာရချိန်တွင် နှလုံးသားမှ ကွဲထွက်လာခြင်း ဖြစ်၏။ ကျွန်မ ရွှမ်း(၁) တပ်ရင်းမှူး၏ ဇနီးအဖြစ် ပန့်တပွတ်တွင် လိုက်ပါသွားစဉ်က တိုက်ပွဲ တစ်နေရာတွင် ကျဆုံးသော ရဲဘော်တစ်ယောက်ကို သင်္ဂြိုဟ်စဉ်က ရဲဘော်ဇနီး၏ ငိုကြွေးသံဂင် ဖြစ်၏။





'အမယ်လေး.... ကျုပ်ကျောပြင်ကို ကိုဖိုးတုတ် ထောင်း တာနဲ့ တူလေခြင်း'

ထိုစကားလုံးများကတော့ တောသူအရိုင်း ထန်းတက် သမား ကိုဖိုးတုတ်၏ဇနီး ချစ်သူနှင့် ကွေကွင်း ရချိန်တွင် နန်းမဆန်ပါသော တောယန်နှင့် ငိုချင်းဖြစ်၍ တောကဗျာဟု ဆိုသင့်၏။ ထန်းရည်မူးတိုင်း ဇနီး၏ကျောကို ထောင်းထု တတ်သော လင်မျိုးကိုပင် သူ့ခမျှာ တသ,၍ မဆုံး။ ခင်ပွန်းသည် မရှိသောအခါ သူတစ်ယောက်တည်း ထန်းရေ ချိုကိုပင် ဝမ်းစာအတွက် ခံရလေသလား၊ တစ်ယောက် တည်း လွှမ်းတိုင်း ထန်းပင်အောက် တဝဲလည်လည်နှင့် သွား၍နေလေသလား၊ ထို သို့ နေရင်း မှ ထန်း သီး က ကျောပေါ် ကြွေကျသောအခါ သူ့ရင်ထဲမှ ခံစားရသော ဝေဒနာကို ရုတ်တရက် ဖော်ထုတ်လိုက်ခြင်း ဖြစ်၏။

အပ္ပပ်တော်ကိုယ်တော်ကျပြီမို့၊
ရုပ်အိမ်တော်ညိုကာကြွသော်လဲ၊
ငိုသော်မှ မယ်မငို။
မကြံတတ်လေဘု၊ ဇရပ်မှာငြွသည်ဆုံသည်သို့
ဖုန်းပြုသကို၊ ထီးဖြူတော်ရှစ်ချက်ကျင်းပါလို့
ကျောက်နီတင်၊ ရွှေတညင်းရယ်နဲ့
အမယ်မင်း၊ သခင့်ကိုယ်
ရွှေဖို့နှင့် တင်ချင်သား
ကြောင်းမခိုင်။

www.burmeseclassic.com

www.burmeseclassic.com



မပေါင်းပိုင်၊ အခြေစိုက်တာကြောင့်
နှစ်လောင်းပြိုင်၊ သေကာလိုက်ချင်ပေါ့
သောင်းတိုက်ညာပွား။

ထိုကဗျာမှာ လှိုင်ထိပ်ခေါင်တင် အိမ်ရှေ့မိဖုရားသည် အိမ်ရှေ့စံ ကနောင်မင်းသား ရုတ်တရက် လုပ်ကြံခံရ၍ နန်းရင်ပြင်တွင် နတ်ရွာစံခဲ့၏ လှိုင်မိဖုရားသည် ခင်ပွန်းသည်၏ ရုပ်ကလာပ်ကို ပထမဆုံး လာရောက်ဖူးမြော်ရာတွင် လက်တန်းစပ်ဆိုလိုက်သောကဗျာ ဖြစ်၏။

ဩော်....တကယ်ဆိုတော့ ဗိုလ်ချုပ်ကြီး၏ ဇနီးဖြစ်စေ၊ ရဲဘော်၏ဇနီးဖြစ်စေ၊ မိဖုရားထိပ်ခေါင်တင်ပင် ဖြစ်စေ၊ ထန်းတက်သမား၏ ဇနီးပင် ဖြစ်စေ ချစ်သူနှင့် ကွေကွင်းရချိန်တွင် နှလုံးသား၏ခံစားမှုကတော့ အပူချိန် ဒီဂရီမှာ အတူတူပါပင်တည်း။

ထိုသို့ဆိုလျှင် မိန်းမတွေပဲ ကွက်ပြီး ပူတတ်ပါသလားဟု မေးစရာရှိပါ၏။

'စေတနာ့ဝါ မောကြားတဲ့ လောကုတ္တရာ တရားနဲ့မြေသော်လဲ မပြေ' ထိုသီချင်းမှာ တစ်နေ့က ရေဒီယိုနားထောင်ရ၌ 'ယောက်ျားမှာလဲ အသည်းနှလုံးနဲ့' ဆိုသော သီချင်းထဲမှ စာသားတစ်ပိုဒ် ဖြစ်၏။ တစ်ပုဒ်လုံး အဓိပ္ပာယ်မှာ ချစ်သူနှင့် ကွေကွင်းရချိန်တွင် မိန်းမသားများလို ရှင်ထဲရှိသမျှ ဖွင့်ဟပြီး ဟစ်အော်ငိုကြွေးလို့လဲမရ 'ယောက်ျား' ဆိုသော သိက္ခာကို တစ်ဖက်ကလည်း ထိန်းသိမ်းရပါသေးသည်။ သို့သော်လည်း ယောက်ျားမှာလည်း 'အသည်း [illegible] နှင့်





ဖြစ်၍ ချစ်သူနှင့် ကွေကွင်းရခြင်း ဆင်းရဲကို ခံစားရသော ဝေဒနာအား ရှင်တော်မြတ်ဘုရား ဟောကြားသော လောကုတ္တရာတရားတို့ဖြင့် ဘယ်ကဲ့သို့ပင် ဖြစ်သော်လည်း မပြေပါဘူးဟု သမုဒယကြောင့်ဖြစ်လာသော ဒုက္ခသစ္စာတရားကို ဖွင့်ဆိုသော ယောကျ်ားတစ်ယောက်၏ အဖွဲ့အနွဲ့ပါပင်တည်း။

ကျွန်မတို့မှာ မိန်းမသားဖြစ်၍ ရိုးရိုးချစ်၍ ပူခြင်းသာမက ချစ်သူ ရုတ်တရက် ပျောက်သွားရာတွင် ဆောက်တည်ရာမရ ခြေထောက်အောက်မှ ရပ်တည်နင်းထားရာ မဟာပထဝီမြေကြီးပင် ပျောက်ကွယ်သွားသလို ခံစားလိုက်ရပါသည်။ အမှန်တော့ အားကိုးရာမဲ့သွားခြင်းပင် ဖြစ်၏။

ကျွန်မလိုသာ စာရေးဆရာဖြစ်လျှင်လဲ လှိုင်ထိပ်ခေါင်တင် အစ ဗိုလ်ချုပ်ကြီး ဇနီးအလယ်၊ ထန်းသမား ဇနီးအဆုံး သူတို့အားလုံး 'ကျွန်မ၏ချစ်သူ' စာအုပ်များ ရေးလိုက်ကြမည်မှာ စွယ်စုံကျမ်းထက်ပင် ထူပေလိမ့်မည်။ အတွဲလိုက် အတွဲလိုက်ပင် ထွက်ပေလိမ့်မည်။

ချစ်ခြင်းဟူသော သမုဒယသည် ထိုမျှလောက်ကိုပင် သတ္တဝါတို့ကို အပူပွားစေလေ၏တကား၊

ထို့ကြောင့်ပင်လျှင် ချစ်သူပျောက်ကို ရှာရင်းမှ သွက်သွက်ခါ အရူးကြီးရူးရသော မဒ္ဒါဓာရီသည် ဝိပဿနာကိုတွေ့သွားရခြင်းဖြစ်၏။

သူတို့အားလော့ နှစ်ပြင့်စာရီ၊ မိမိကိုယ်ကို ထိန်းသိမ်းပါလေ



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားသခင်၏ အေးချမ်းသိမ်မွေ့သော အသံ၏ တန်ခိုးတော်ကြောင့် ကြားရုံလေးလောက်မျှပင် ပဋာစာရီ၏ စိတ်တို့ ငြိမ်သက်သွား၏။ အရှက်မျှကိုပင် မထိန်းနိုင်သော ဟင်းလင်းဖြစ်နေသော ကိုယ်ဖြင့် တရားနာပရိသတ်ထောင့်တွင် ရပ်နေမိသော ပဋာစာရီသည် တရားနာသူတစ်ယောက် လှမ်းပေးသောအဝတ်ကို ကိုယ်မှာလွှမ်းရုံကာ မြတ်ဘုရား၏ သတ္တဝါ သခါရတို့၏ မမြဲခြင်းတရားကို ဆက်လက်နာယူ၏။

စင်စစ်တော့ အဖြေသည် ဤနေရာတွင်တွေ့၏။ စိန်ကတုံးကြီး ခေတ်ကောင်းစဉ် ပဋာစာရီ ဇာတ်ထုပ်ခင်းလျှင် ပရိသတ်သည် မိုးလင်းသော်မှ ထ,မပြန်ကြပေ။

တရားကို တွေ့နေသောကြောင့် မဟုတ်။ တုံးလုံးကျွတ် ပဋာစာရီ၏ကိုယ်လုံးကို ဟိုတုန်းကမြန်မာ့မျက်လုံးယဉ်ကျေးမှုနှင့်ကိုက်အောင် အသားကပ် အင်္ကျီများဝတ်၍ ပဋာစာရီလုပ်သော မင်းသမီးသည် မြတ်စွာဘုရားသခင်၏ကျောင်းကို အရောက် ကန့်လန့်ကာက အချလိုက်တွင် စိတ်ကတုံးကြီး၏ ဇာတ်အဆုံးသတ် သယ်ပုံကောင်းသောကြောင့် မိုးလင်းသော်မှ ပရိသတ် ထ,မပြန်ဟု ကြားခဲ့ရဖူးပါသည်။ စိန်ကတုံးသည် သူ့ဇာတ်ကို ပရိသတ်စွဲအောင် ထိုသို့ဆွဲခဲ့၏။

တကယ့်ဇာတ်လမ်းအဆုံးက ပဋာစာရီသည် ကိုယ်တုံးလုံးနှင့် ရပ်မနေ 'ယောကျ်ားမှာလဲ အသည်းနှလုံး' နှင့် သီချင်းထဲကလို မြတ်စွာဘုရားသခင်၏လောကုတ္တရာ တရားနှင့်လည်း စိတ်ကိုဖြေရုံသာ ဖြေနေခြင်း မဟုတ်ပေ။ သတ္တဝါ သခါရ





တို့၏ ခဏမစဲဖြစ်ပြီးတိုင်း ပျက်စီးသွားရသဖြင့် မမြဲသော သဘောကို တရားနာရင်း ရှုသိနေသောကြောင့် တရားအဆုံးတွင် သောတာပန် ဖြစ်ခြင်းဖြစ်၏။

ဤနေရာတွင် အဖြေတွေ့သည်ဟု ရေးခဲ့သည်မှာ ဝေဒနာကို ဖြေနေရုံနှင့်မရ။ ကျမ်းကြီးကျမ်းငယ်ကို လိုက်ဖတ်၍လည်း ပြေမည်မဟုတ်။ ဆောင်းတစ်ရာ၊ အလွမ်းတစ်ထောင် စာအုပ်များရေးသော်လည်း ချစ်သူပျောက် ရှာပုံတော်က ဆုံးမည် မဟုတ်။

'ကျင့်လျှင် ချမ်းသာရတတ်ပါ၏' ဟူသော စကားအတိုင်း ကိုယ်တိုင်ကျင့်မှသာ ရပါ၏ဟု ကျွန်မ ပြောချင်ပါသည်။ ချစ်သူပျောက်နေသူ သောကရှင်တို့အားလည်း၊ သီလတရားကတော့ ကာယကံနဲ့ ဝစီကံ မကျူးလွန်မိအောင် စောင့်နည်း ကိုယ်နဲ့နှုတ်က မကောင်းမှုကို မကျူးလွန်အောင် တားမြစ်နိုင်ပါတယ်။

'စိတ်တကယ် ချမ်းမြေ့အောင် မနှောက်တော့ မဖြစ်ပေါ် နိုင်အောင်ကတော့ ဝိပဿနာတရားကို လက်တွေ့ အားထုတ် အလုပ်လုပ်မှ သောကမှာဖြစ်ထဲ့ စိတ်ဒုက္ခဝေဒနာ အားလုံးကို ပယ်သတ်နိုင်ပါတယ်' ဟု ပြောပြလိုချင်းပင် ဖြစ်ပါ၏။

ကျွန်မလည်း ဆရာတော် ဦးဩဘာသလို လောကမှ ကြွယ်ဝသော အသုံးအနှုန်းနှင့် စာရေးတတ်ပါလျှင် ခင်ဒေဝီ၏ ဟိမဝန္တာချီးမွမ်းခန်းလို စာတစ်အုပ်ထပ်၍ ဖွဲ့ချင်ပါသည်။ လိမ္မာပါးနပ်သော မဒ္ဒီသည် ချစ်သူမဲ့သော 'မယ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်ဇာတ်လမ်း'ဖြင့် အထီးကျန်၍ နန်းစည်းစိမ်ခံစားကာ၊ မနေရစ်လို၊ ဖုန်အလိမ်းလိမ်ကပ်သောကိုယ်ဖြင့်ဟိမဝန္တာတောရိပ်တွင် ချစ်သူနှင့်အတူ တောသူပုံစံနှင့်ပင် နေပါရစေဟု ဆိုချင်သည်ကို ယောက္ခမသိဥ္စည်းမင်းကြီးနှင့် ဖုသာတိမိဖုရားတို့အား လှည့်ပတ်၍ လျှောက်ထားပါသောကြောင့် ဟိမဝန္တာ ချီးမွမ်းခန်းသည် မြန်မာ့စာကဏ္ဍတွင် ကျောက်တိုင် တစ်တိုင် စိုက်ထူခဲ့ခြင်း ဖြစ်သည်။

မဒ္ဒီလို နန်းစည်းစိမ် အပြည့်အစုံနှင့် ယောက္ခမဖြစ်သူဘုရင်တွေက အရိပ်လိုမိုးနေသူတောင် ချစ်သူမှတစ်ပါး အခြားကိုးမရှိဟု ခံယူချက်ရှိခဲ့ပါသေး၏။ ကျွန်မတင်မူ အပေါ်ကြည့်လျှင် အရိပ်လိုမိုးသူ၊ ထီးသဖွယ် အားကိုးလိုသူတို့အလည်း မရှိတော့။ ခြေထောက်ဖြင့် မှီရတည်ရာမထစီမြေကြီးလို ချစ်သူကလည်း ပျောက်တော့မှ အားကိုးရာကိုကြောက်အားလန့်အားနှင့် ရှာမိ၏။ ကျွန်မသည် သတ္တိကောင်းသူမဟုတ်ပါ။

မဟာစည်ဆရာတော်ဘုရား၏ အရိပ်ကို ပြန်လည် ခိုမိသောအခါမှ ကျွန်မ၏အားကိုးရာသည် ရတနာသုံးပါးမှတစ်ပါး တခြားမရှိတော့ကြောင်းကို ကောင်းကောင်းကြီးသဘောပေါက်လာပါတော့သည်။

ဤခန္ဓာကိုယ်ကို မှီ၍တည်၍ ဖြစ်ပေါ်သော ဝေဒနာအား ခန္ဓာကိုယ်ကို ရှုးစိုက်ရှုမှတ်မှ ပျောက်သည်။



စိတ်သောကပူပန်မှုကို မှီ၍တည်၍ ဖြစ်ပေါ်သော စိတ်ဝေဒနာကိုလည်း ရှုမှတ်သောသတိဖြင့် ထိန်းချုပ်ပယ်သာတ်ပါမှ စိတ်နှလုံးက အေးချမ်းမည်။ စိတ်အေးသော၌မျက်နှာ၏ အလှသည်လည်း လှဆေးတစ်ရာ ခြယ်ထားသောမျက်နှာ၏ အလှအတုထက် အဆပေါင်း သာပါသော အလှစစ်အလှမှန်၊ တိမ်စင်သာသော စန္ဒာမင်းလို အလှပါပင်တည်း။

'ခန္ဓာနှင့်ဝိညာဉ်(တစ်နည်း) စိတ်နှင့်ကိုယ်၏ငြိမ်းချမ်းရာတရားစစ် တရားမှန်ကို ပြပေးသော မြတ်စွာဘုရားသခင်အား ရိုသေစွာ ကန်တော့ပါ၏။

ထိုတရားတို့ကို မပြတ်လေ့လာ၍ ချစ်သူပျောက်၊ ပစ္စည်းပျောက်ကို ရှာဖွေနေရပါသော သမုဒယအရှုံး တကျော့ကျွန်တို့ကို တရားဟောပြ ဆုံးမတော်မူသော မြတ်ဘုရား၏သားတော် သံဃာတော်တို့အားလည်း ရိုသေစွာရှိခိုးပါ၏။

လောကမီး အလျှံတို့ကသော့ ဘဝရှိနေသမျှ သတ္တဝါဟူသမျှကို လောင်မည်ဖြစ်၏။

ဘုရားလောင်း ယုန်မင်းသည် မိမိခန္ဓာကိုယ်ကို သွန်ချင်သော သဒ္ဓါစိတ်ဖြင့် မီးပုံအလယ်သို့ ခုန်၍ပင် ချသော်လည်း ရှင်သန်သော ပါရမီအစွမ်းက မီးလျှံကို တားမြစ်ပါသောကြောင့် ယုန်မင်း၏ မွေးညှင်းတစ်ပင်ကိုသော်မှ မီးမလောင်။

www.burmeseclassic.com

www.burmeseclassic.com



ပါရမီကံနည်းသူ ကျွန်မတို့တွင်လည်း သောကမီးရှိန်က ယခင်လို နှလုံးသားကို ဟပ်သော်လဲ ဝိပဿနာတရားနှင့် တားနိုင်သောအခါ သည်းအိမ်၏အနာကို အပူမပွားတော့ပါ။ ထိုမျှ အမှတ်သတိ ထိန်းချုပ်မှုလေးဖြင့်တောင် မိတ်အေးဆေးမှုကို ပေးပါသော ဤတရားတော်ကိုလည်း ရှိသေစွာ ကန်တော့ပါ၏။

ယခုသော်....

'ပြောစမ်းပါ ဘုရား၊ မိန္နမ်းကို မကြင်လေသလား၊ ဘုံကြီမ်းကို မခင်လေသလား၊ စကားတွေ ထွေထွေဆက်ပါလို့၊ တစ်သက်မှာ တစ်ခါရှူးတာပဲ၊ မရှက်သာ ပဋ္ဌာလူးသည်သို့၊ ကိုရှိရာ အပြတ်ကူးခဲ့မယ်၊ လွှတ်လိုက်လေ ကိုယ်သက်မှူးရယ်လို့ 'ရင့်ကျူးကာ ဖြစ်တင်ရက်တောင်မှ မရှက်ပေါင်၊ တငွေ့ငွေ့ မန္တမ်းပါရစေနဲ့၊ သည်းတမြည့်မြည့်ကျွမ်းပါတဲ့ (သခင်ရယ်)ပွဲတွေအလွမ်း' ဟူသော ကဗျာကို စပ်ဆိုခဲ့ပါသော ခင်နှင်းယုအား ယခု ဘာကဗျာကို စပ်ဆိုပါသလဲဟု မေးလျှင်....

စင်စစ် သေချာစွာ တွေးကြည့်လျှင် ဝိပဿနာထိုင်အားထုတ်နေဆဲမှာ မဂ္ဂင်ရှစ်ပါးသည် အထူးကျင့်ကြံ စောင့်ထိန်းနေဖို့မလို။ အားထုတ်ရင်း ရှစ်ပါးစလုံးက အလိုလို ပြည့်စုံနေ၏။ ရိုပ်သာမှထွက်၍ အပြင်လောကာ ဖြန့်အထွက်တွင်





တော့ အားလုံးနှင့် ညီအောင်စောင့် ဝိပဿနာသတိက ထိန်းချုပ်နေမည်သာ ဖြစ်သည်။

မဂ္ဂင်ရှစ်ပါးလမ်းစဉ်ကို သဘောပေါက် သိရှိနားလည်ပြီးလျှင် လောကီတွင် အများဆုံး အကျိုးသက်ရောက်နိုင်ပေသည်။ ခေါင်းဆောင်ကြီးများ၊ သိပ္ပံပညာရှင်ကြီးများသာမဟုတ်၊ ကုန်သည်ဆိုလျှင်လည်း....

'ငါလုပ်နေတာဟာ ကောင်းသော ကုန်သွယ်ခြင်းဖြစ်ဖို့လိုတယ်။ ဝိသမလောဘ ဖောက်ပြန်တဲ့စိတ်နဲ့ အမြတ်ရဖို့ တစ်ခုတည်းသာ ရှေးရှုရင် ငါ့ပတ်ဝန်းကျင်ရော၊ ငါ့တိုင်းပြည်ရော ငါးပါးမှောက်နိုင်တယ်။ သမ္မာအာဇီဝ ကောင်းသော အသက်မွေးမှုဖြစ်အောင် ငါကြိုးစားရင် ငါရော ငါ့ပတ်ဝန်းကျင်ရော၊ ငါ့တိုင်းပြည်ရော အကျိုးရှိနိုင်မယ်' ဟူသော သတိတရားသည် ကုန်သည်တို့ကိုလည်း ထိန်းချုပ်မှု ဖြစ်၍ လာနိုင်ပေသည်။

လယ်ကွင်းပြင်တွင်လည်း လယ်သမားတစ်ယောက်သည် ဝိပဿနာတရားကို အားထုတ်ဖူးခဲ့ပါက ဝိပဿနာ သတိက အမြဲယှဉ်ကာ ထိန်း၍ ကပ်၍ လာမည် ဖြစ်၏။ ထိုအခါ လယ်သမားကလည်း....

'ငါလုပ်နေတာ ငါတစ်ယောက်တည်း ထမင်းစားဖို့ မဟုတ်ဘူး။ ငါ့အတွက်ချန်ပြီး ပိုလျှံသမျှ တိုင်းပြည်စားဖို့



www.burmeseclassic.com

www.burmeseclassic.com



အများအတွက်ပါလား၊ ကောင်းသော လယ်လုပ်ခြင်းဖြစ်အောင် ငါအားထုတ်ရမယ်။ ငါ လယ်လုပ်နိုင်ဖို့အတွက် ရင်းနှီးမှု ထုတ်ပေးသူတွေကိုလဲ ငါ ကျေးဇူးတရားသိစွာနဲ့ ရင်းနှီးငွေကို အမတော်ကြေး ပြန်လည်ပေးဆပ်ရမယ်' မှန်စွာ ပြုလုပ်မှုသည်လည်း လယ်သမားတွင် ကောင်းစွာ နှလုံးသွင်းမိပြီဖြစ်၍ လယ်ယာမြေ ပြဿနာသည်လည်း အေးချမ်းစွာ ပြေလည်လာနိုင်မည်ဖြစ်သည်။

စက်ရုံတွင်း ရောက်လာပြန်တော့လည်း မဂ္ဂင်ရှစ်ပါး လမ်းစဉ်နှင့် ယှဉ်သော ဝိပဿနာသတိ၏ ထိန်းချုပ်မှုသည် အလုပ်သမားတို့၏စိတ်ကို မြင့်မြတ်လာအောင် ဖန်တီးပေးနိုင်ပေသည်။ ဥပမာ....ရက်ကန်းသည်တစ်ယောက်ပင် ဖြစ်စေဦး....

'ငါ့ချည်တစ်ထုပ်မှာ လုံချည်ဆယ်ကွင်းရအောင် သက်ဆိုင်ရာက ရက်ခိုင်းတယ်။ ချည်စာများများကျွေးပြီး ဆယ့်တစ်ထည်ရအောင် ရက်ရင် ချည်တစ်ထုပ် ကုန်တိုင်း အပို ငါ လုံချည်တစ်ကွင်းရမယ်၊ ချည်ဆယ်ထုပ်ကုန်ရင် ငါ လုံချည်ဆယ်ကွင်း အပြင်ထုတ်ပြီးရောင်းစားရင် ငါ့ဖို့လဲကျန်၊ သက်ဆိုင်ရာကိုလဲ လုံချည်တစ်ရာအပ်နိုင်တယ်' ဆိုသော စဉ်းလဲသောကိုယ်ကျိုးကြည့်မှုစိတ်၏အစား 'ငါ ခါတိုင်းလိုလုပ်ရင် သက်ဆိုင်ရာကတော့ ချည်ကို အလေးချိန် ပြန်ချိန်တယ်လို့ လက်ခံပေမယ့် ဝတ်ဆင်ရမယ့် တိုင်းချစ်ပြည်သားမှာ ဇာစ်ခါ





တည်းရေလျှော့လိုက်ရော လုံချည်လဲ ချည်စာကျွေးထားတာ တွေကုန်ပြီး လျော့ရဲကုန်ရော၊ ငါ့တစ်ကိုယ်ကောင်း ကောင်း ကျိုးအတွက် ဝတ်ရသူ အများပြည်သူမှာ ထိခိုက်နိုင်တယ်။ သက်ဆိုင်ရာကမသိလဲ ငါ့ကိုယ်စောင့်နတ်ကသိမယ်၊ တစ်ဦးချင်းရဲ့စိတ်ယုတ်ညံ့မှုဟာ အများကိုကူးစက်မှုကြောင့် တို့ကုန်ပစ္စည်းတွေဟာ အရည်အသွေး ညံ့ဖျင်းလာပါကလား၊ ငါ ဒီလို တစ်ကိုယ်ကောင်းမလုပ်သင့်ဘူး' ဆိုသော ထိန်းချုပ်မှု သတိတရားသည် ရက်ကန်းတစ်စင်တွင်မက စက်ရုံ တစ်ရုံလုံးကိုပါ ထိန်းချုပ်လာနိုင်ပေမည်။

ထို့အတူ မျိုးပါချို့၍ ပျက်စီးသွားနိုင်သော လူငယ်များ ပြဿနာတွင်လည်း ကျောင်းပိတ်ရက်အားလပ်ချိန်တွင် အချိန်ရသလောက် ဝိပဿနာတရားကို အားထုတ်လာခဲ့လျှင် ထိုလူငယ်တို့မှာ အပြင်လောကီကိစ္စတွင် မဂ္ဂင်ရှစ်ပါးနှင့်အညီ ကြိုးစားအားထုတ်လာမည်ဖြစ်သည်။ ကောင်းသော နှလုံးသွင်း ဆင်ခြင်မှုက လူငယ်တို့ စာရိတ္တကို ထိန်းသိမ်းလာမြဲ ဖြစ်သောကြောင့် ဆေးခြောက်၊ ဆရာကြီးပင့် ပြဿနာက အစ လမ်းသရဲပြဿနာအထိ အလိုလို ပြေလည်သွားနိုင်မည်။

ဤတိုင်းပြည်မှာ သန်းပေါင်းများစွာ လူဦးရေများပြားလှသည့် တိုင်းကြီးပြည်ကြီး နှစ်ပြည်ကြားတွင် ညှပ်၍နေရပါသော သန်းနှစ်ဆယ်ကျော်သာရှိသော တိုင်းပြည်ငယ်ကလေး တစ်ခုသာဖြစ်၏။ လက်နက်များပါအင်အားကို ကျေးရေနှင့်ပင်



www.burmeseclassic.com

www.burmeseclassic.com



မျိုမလား၊ ဝါဒရေးရာအားဖြင့်မျိုမလား။ အကျင့်စာရိတ္တ ပျက်ပြားအောင် သူတို့ယဉ်ကျေးမှုတွေနှင့် အစားထိုးကာ လူငယ်တို့ကို ပျက်စီးအောင် ဖျက်ဆီးခြင်းဖြင့် ဤတိုင်းပြည်ကို မျိုမလား။ အစားငတ်၊ အဝတ်ငတ်နေသောအမျိုးသမီးတို့ကို လက်ထပ်ယူခြင်းဖြင့် သူတို့ဘာသာကို သိမ်းသွင်း၍ပင် မျိုမလား၊ (မြန်မာအမျိုးသမီး ဆိုသည်ကလည်း စစ်ပြီးစက ချောကလက်ထစ်ထုပ်၊ ဘီစကစ်တစ်ချပ်၊ လေထီးတစ်စနှင့်ပင် မိမိကိုယ်ကို လဲလှယ်ကာ ကပ္ပလီ၊ နီဂရိုးကို ယူဖြစ်အောင် ယူလိုက်သေးသည်။)

'အမျိုးပျောက်မှာ စိုးကြောက်လှပါသည်။ ကြာလျှင် နစ်မွန်းမည်' ဆိုသော ကျွန်မ ငယ်ငယ်တုန်းက သီချင်းလေးကို ပြန်လည်ကြားယောင်နေမိပါသည်။ ယခုလည်း မြန်မာနိုင်ငံ၏ အရှေ့နယ်စပ်နှင့်အနောက်နယ်စပ် ခေါင်လျောက်လုံးကို ခရီးဆန့်ကြည့်လျှင် မြင်တတ်သည့် သူအဖို့ အိပ်မပျော်နိုင်အောင်၊ တိုင်းပြည် အနာဂတ် အရေးသည် ရင်လေးစရာပင်တည်း။

အကယ်၍သာ လေးလေးနက်နက် ခံယူချက်ဖြစ်သော ဤမဂ္ဂင်ရှစ်ပါး လမ်းစဉ်အရ ဝိပဿနာ သတိက အစဉ် ထိန်းချုပ်ထားလျှင် အမျိုး၏ ပင်မ မိခင်ဖြစ်ရမည့် အမျိုးသမီးတိုင်းက 'ငါ အဝတ်ကလေးတစ်စ ဝတ်ချင်မှုအတွက်၊ အစားတစ်လုတ်အပေါ်" အာလာယ မဖြစ်နိုင်တဲ့အတွက် ငါ ခန္ဓာ





ကိုယ်ကို တရှတ်, ကုလားလက် အပ်လိုက်မိရင် မကြာခင် ငါ့လူမျိုးရော၊ ငါ့ဘာသာရော ပျက်တော့မှာပါလား' ဟူသော ဆင်ခြင်မှုက မလွဲမသွေ ပေါ်လာမည် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဗုဒ္ဓ၏အဘိဓမ္မာ (တရား) သည်ကသာလျှင် မည်သည့်ဝါဒ ဘာသာရေး၏ ထိုးနှက်မှုကိုမဆို စမ်းသပ်မှု၊ ထိုးဖောက်မှုများကို ခံနိုင်စွမ်းရည် ရှိသောကြောင့်ပင်တည်း။

ရုရှားပြည်တွင် သမ္မတကြီးကအစအနိမ့်ဆုံး တံမြက်လှည်း အလုပ်သမားအထိ တစ်နှစ်တွင် တစ်လ အနားယူခွင့်ရကြိုက်ရာပုံစံနှင့် အနားယူနိုင်၏။ ယခုလည်း သက်ကြီးရွယ်အိုများထက် လူငယ်သားသမီးများကို မိခင်တိုင်း လိုလိုကသာ သာသနာ့ရိပ်သာသို့ ပို့သင့်၏။ တစ်နှစ်တွင် အနားယူချိန်အထဲမှာ သင့်လျော်သော ကျောင်းပိတ်ရက်တစ်ချိန်ချိန်တွင် ဖြစ်သည်။

ယခုတလော လူငယ်များ အလုပ်သမားများ စိတ်ဓာတ်ကြွခိုင်ရန် 'ဖောင်ကြီး' သင်တန်းကို သက်ဆိုင်ရာက တက်စေ၏။ ဖောင်ကြီး၏ စည်းကမ်းစနစ်သည် လူငယ်များနှင့် အလုပ်သမားတို့အား လိုအပ်သော စည်းကမ်းစိတ်ဓာတ်ကို ပေးအပ်သော ရည်ရွယ်ချက်ကောင်းသည့် လောကီသင်တန်း ဖြစ်၍ မြင့်မြတ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



သာသနာ့ရိပ်သာသည်လည်း လောကီရေး၊လောကုတ္တရာ ပါ မိမိတို့ သားသမီးများကို မည်မျှထိန်းချုပ်၍ စည်းကမ်း ကျနစွာ ထိန်းသိမ်းပြုပြင်သည်ကိုခေတ်မီသူ မိခင်တိုင်း (သူတို့ သားသမီးများကို ရိပ်သာသို့ပို့ပြီးသော မိခင်တိုင်း) သိရှိနား လည် လာခဲ့ကြပေသည်။

'ကရူးဆိတ်စစ်ပွဲဟာ ဘာသာရေးကြောင့်။ ဒါကြောင့် ဘာသာဆိုတာ မရှိတာ ကောင်းတယ်' အဖျားဆွတ်ကာ ကိုယ်လိုချင်တာ ကိုယ်စွတ်ပြောသော သူတို့ကြောင့် ဘာသာ ရေးမှာ နာမည်ပျက်ခဲ့ရ၏။ ခရစ်တော်သည် မေတ္တာရှင်သာ ဖြစ်၏။ ဂျေရုဆလင်ကို လောဘမဆတ်နိုင်သော လူသားတို့ သူတို့ဘာသာ မြေလိုချင်မှုကြောင့် ဖြစ်ရသော စစ်ပွဲကို ဘာသာရေးကို ပုံမချသင့်ပါ။ ခရစ်တော်ကိုလည်း အပြစ် မတင်သင့်ပါ။ ကိုယ့်ဘာသာကို ကရူးဆိတ် စစ်ပွဲအကြောင်း ကို စေ့စေ့လေ့လာပါလျှင် စစ်ဖြစ်ရခြင်း အကြောင်းရင်းသည် အထင်းသား ပေါ်လာမည်ဖြစ်သည်။ ဘယ်အခါ မဆို ဘယ် ရှုထောင့်သမိုင်းမဆို လက်တွေ့ အဖြစ်အပျက် အကြောင်း အပေါ် တစ်ခုတည်း ကောက်ချက်ချ၍ ပြော၍မဖြစ်ပါပြီ။ (Remote Cause) နှင့် (Emergency Cause) ခေါ် စစ်ကို ဖြစ်ပွားစေသောအကြောင်း အတိတ်ဖြစ်ရပ်များနှင့် လောလောဆယ် အရေးပေါ် ကောက်၍ ဖြစ်လာသော အကြောင်းနှစ်ရပ်ကို သေချာစွာလေ့လာမှ စစ်စုံတစ်ခု ဖြစ် ရခြင်းအကြောင်းရင်းကို သိရှိနားလည်နိုင်မည်ကို ရာဇဝင် သုတေသီတိုင်း သိရှိပြီး ဖြစ်သည်။





မြန်မာပြည်တွင်တောင် မိမိဘာသာ ပုတီး မစိပ်လို၊ သီလ မထိန်းလိုသည်နှင့် စကားအရမ်းပြောကာ 'မြန်မာပြည် နယ်ခွဲ့သမားလက်ရောက်တာ မင်းတုန်းဘုရင်ကြီး ပုတီးစိပ် နေလို့' ဟူ၍ စွပ်စွဲပါသည်။

အရှေ့တိုင်း ရာဇဝင်တွင် အမည်းစက် မပျောက်နိုင်အောင် ယခုတိုင် အသည်းနာဖွယ်ကောင်းသည့် တရုတ်ပြည်ကြီး ဖရဲသီး အခွဲခံရသလို ခံရခြင်း 'ဇာတ်လမ်း' နှင့် အရှေ့တောင် အာရှ တစ်ခုလုံးလိုလို ပြင်သစ်နှင့် အင်္ဂလိပ်နယ်ခွဲ့သမား လက်အောက် ရောက်ရခြင်းမှာရော၊ ထိုတိုင်းပြည်ရှိ ဘုရင် များ အားလုံး ပုတီးစိပ်နေ၍လားဟူ၍ မေးလျှင် ဘယ်ကဲ့သို့ ဖြေမည်နည်း။

ဗုဒ္ဓ၏ အဘိဓမ္မာအရ ဆိုသော် အကြောင်းရင်းခံကို သေချာစွာ စေ့ငုလျှင် ဖြစ်ပေါ်သော ဆိုးကျိုးကောင်းကျိုး တို့၏ ဖြစ်ရင်းကို သိလာမည်ဖြစ်၍....

'ဝိပဿနာတရား အားထုတ်ပြီးလျှင် လောကီမှာ အနုတ် ပြမှာလား' ဟူသော သံသယမှာ ယခု ကျွန်မ ဒါလောက် တင်ပြရုံနှင့်ပင် ပြေလည်နိုင်ပါသည်။

မိုးဒူးနဲ့ထိုက်မတတ် နှစ်ဖက်စွန်းသို့ ရောက်တတ်သော 'မိချို' ၏ စိတ်အား ယခုသော် ဝိပဿနာ နဖားကြိုးက အမြဲ



www.burmeseclassic.com

www.burmeseclassic.com



ထိန်းပါသောကြောင့် ကျွန်မ အလယ်အလတ် နှလုံးသွင်း တတ်လာပြီကို လက်တွေ့ ပြောပြရခြင်းသာ ဖြစ်ပါသည်။ မယုံလျှင် လက်တွေ့စမ်းသပ်အားထုတ်ကြည့်ပါလေ။

'လာလှည့်ကုန်၊ အားထုတ်လှည့်ကုန်၊ စမ်းသပ်လှည့်ကုန် အခါမလင့်အကျိုးပေး၍မည်သည့်စစ်ဆေးစမ်းသပ်မှုကိုမဆို လက်တွေ့ခံနိုင်ရည်ရှိသော တရားဖြစ်သည်' ဟူ၍ တရားတော် မြတ်ဂုဏ်တော်တွင် မြတ်စွာဘုရား တိတိလင်းလင်း ရဲရဲကြီး အာမခံထားသော တရားဖြစ်ပါသည်။

မိမိကိုယ်တိုင်က ဝီရိယကို ထိပ်တန်းတင်၍ အစအဆုံး ကြိုးပမ်းအားထုတ်ဖို့ ဇွဲတော့ လိုသည်ကို သူတော်သိတို့ သတိချပ်သင့်၏။

* * *

မျိုးဆက်တစ်ခုမှာ ရာမပြည့် သေးသော်လဲ ညှိုရမွက် လွှမ်းနော အသားပျက်ဆွေးတွေက နှလုံးမှာ ဆန်ခါကွက် လေးလိုပ၊ မြေးယှက်လို့ ရာထောင်ချီ။

'မယ့်သည်းအိမ် ဘာနှင့် ဆေးပါမလဲ' တဲ့၊ ဆေးမတွေ့ အထင်ရှိသူက၊ ကူမည့်ဟန် ကရုဏာဖြင့် မေးပြန်တော့ လမ်းကလေးသာသာမှာ၊ ပန်းဖွေးဖွေးကမ္ဘလာလို့ ထပ်ခါ မက်ရင်ဖြင့်၊ ဆက်လိမ့်မည် သံသရာကြောင့် ထန်ပါမြဲဘုရား





သမား အကျော်အမော်က၊ အပေါ်ယံ အနာကျက်ဆေး တွေနဲ့ အေးပါစေ သဒ္ဒါနှင့်ပေးသော်လဲ၊ သည်အဆွေး သည်အနာက ပြည်တည်ရာ လိုက်ကာစားပြီမို့၊ လောကီဟန် ကုကာစားပေမယ့် ပွားလို့ဖြင့် ရှင်မကြည်။

'သူ့အာဒမးမယ့် အဖြေ မပြေတဲ့ သည်စကား 'တရား တကယ်မြင်တော့ ပျက်အစဉ် ဖြင်ခဏပေပ၊ စိတ်အလျှင်ကို အတိတ်တွင် အမျှင်သတ်ပါလို့ ယှဉ်သမျှ သမုဒယ အညှို ဆက်ရှည်လို့ မေမပွား၊ အဖြစ်အတည်ရယ်လို့လဲမေမထား။

'အနာဂါမ်ခယ် မဟုတ်ပါဘုရား၊ ကမ်းလက်ကို မမဆုပ်သည်က၊ ပစ္စုပ္ပန်အနေချုပ်ပြီမို့ သည်းပုပ်နာ ပြည် စိုစိုနဲ့ ချစ်တေးကို မဆိုချင်ဘု၊ လမ်းအိုတွင် မန်းညိုကောက် ပါတော့၊ မလှမ်းသာ အလှမ်းတစ်ရာ အနာပြည့်သော်လဲ အသည်းတမြည့်မြည့် ကျွမ်းအောင် အမှတ်မမှားတော့ ပါဘူး (သခင်ရယ်....) ပွဲတွေ့ အမြတ်အရေး မျှသော ကဗျာကို စပ်ဆိုမည် ဖြစ်ပါသတည်း။

ရိပ်သာတွင် တရားအားထုတ်စဉ် ဆရာတော်ဦးသုဇာတ၊ မကွေး၊ ဦးအိုဇ္ဈ- တန်းလင်းကြီးဆရာတော် ဦးဝိဇယာနှင့် ဆရာတော် ဦးဇနကတို့အား 'ပဋ္ဌာစာရီဟာ ရှုးသင့်ပါတယ် ဘုရား' ဟု ပဋ္ဌာစာရီအတ်မှ စိတ်ထဲကနေ၍ ရွှေနေလိုက် ခိုမိခြင်း၊ တပည့်တော်ကိုမှ အရှင်ဘုရားတို့ ဖောင်း၍ တရား



www.burmeseclassic.com

www.burmeseclassic.com



ဟောလေသလားဟု ပြစ်မှားမိခြင်းတို့ကို ခွင့်လွှတ်ပါရန် ဤစာတမ်းဖြင့် တောင်းပန် ကန်တော့ပါ၏။ ဤစာတမ်း ရေးရသောကုသိုလ်သည် နိဗ္ဗာန်ရောက်ကြောင်း အထောက် အပံ့ ဖြစ်ပါစေသတည်း။ ။

အားလုံးသောသတ္တဝါများ
ချမ်းမြေ့ရွှင်လန်းပါစေ

ခင်နှင်းယု

(သာသနာ့ ရိပ်သာတွင် အေးချမ်းစွာ တရား အားထုတ်ခဲ့ရပါသော ဇာရပ်၏အစ်မ ဒေါ် အေးကြည်၊ ဒေါ်တင်ရီနှင့် ညီမသဖွယ် ယုယပြုစု ပါသော ဒေါ်ဒေါ်အေး၊ ဒေါ်မမလေးတို့အား ကျေးဇူးစကား ဆိုပါ၏။)

www.burmeseclassic.com